
www.burmeseclassic.com

# ပဏ္ဏမိ

## အပြစ်ရှိပါသည်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ပုဏ္ဏမိ


အပြစ်ရှိပါသည်

စာမူခွင့်ပြုချက်အမှတ် - ၇၃၅/၂၀၀၃ ( ၅ )

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၁၁/၂၀၀၃ ( ၆ )

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC .com



**နိုင်ငံတော်၏ အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် ( ၄ ) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် ( ၄ ) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် ( ၄ ) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ပုဏ္ဏမိ

# အပြစ်ရှိပါသည်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

"ပို့"ဘဝမှာ မလိုလားဆုံးနဲ့ အခံရ အခက်ဆုံး ဖြစ်ရပ်တစ်ခုကို ပြပါဆိုလျှင် "မင်းကြောင့်"ဟု လက်ညှိုးထိုး အပြစ်ချခံရခြင်း ... ဆိုတဲ့ အဖြစ်ကို မနှစ်သက်မိဆုံးပါ ... ဟု မဆိုင်းမတွပင် အဖြေပြန်ပေးမိမည် ဖြစ်ပါသည်။

"**အပို**"ဟုမည်သော နာမည်တစ်ခုကို ပိုင်ဆိုင်ထားရပြီ ဆိုကတည်းက ပိုဟာ ဒီလူ့လောကကြီးထဲကို ကောင်းကောင်းမွန်မွန် စိတ်ချမ်းချမ်းသာသာနှင့် ဝမ်းပန်းတသာ ခေါ်ဆောင်ခြင်းခံခဲ့ရသူတစ်ယောက် မဟုတ်မှန်း နာမည်နှင့်ပင် သိသာထင်ရှားလို့နေပြီ။

"နင့်ကြောင့် ငါ့ဘဝမှာ ပညာရေးလည်း ဆုံးခန်းမတိုင်လိုက်ရဘူး ... ရလာနိုင်တဲ့ အခွင့်အလမ်း မှန်သမျှလည်း အား



www.burmeseclassic.com

www.burmeseclassic.com



လုံးပျက်စီး ပျောက်ပျက်သွားခဲ့ရတယ် ... နင့်ကြောင့်ပဲ ဘဝကို ပင်ပင်ပန်းပန်းနဲ့ ရုန်းကန်ခဲ့ရတယ် ... နင့်ကြောင့်ပဲ ဘယ်တော့မှ လူရာမဝင်နိုင်တော့ဘဲ မျှော်လင့်ချက်တွေအားလုံးလည်း ဆုံးရှုံးခဲ့ရတယ် ...

နင်နဲ့ ပတ်သက်တဲ့ အိပ်မက်တွေကို ထပ်မက်ဖို့ ကြိုးစားကြည့်ပြန်တော့လည်း ... အဲဒါတွေဟာ စိတ်ကူးယဉ်သက်သက် ဘဝနဲ့ပဲ ပြီးဆုံးသွားခဲ့ရပြန်တယ် ... နင့်ကြောင့်ပဲ အိပ်မက်ကအစ အကောင်အထည် ပေါ်မလာနိုင်အောင် ဖြစ်ခဲ့ရတယ် ..."

ပိုနှင့် အသက်ဆယ့်ရှစ်နှစ်မျှသာ ကွာသော ပို့မေမေဟာ လူမှန်းသိတတ်စ အရွယ်လောက်ကတည်းကစလို့ ... အဲဒီလို လက်ညှိုးတစ်ငေါက်ငေါက်နဲ့ "နင့်ကြောင့်" ... "နင့်ကြောင့်" ဆိုတာတွေကို တရစပ် နေ့တိုင်းလို ပြော,ပြောလာခဲ့တတ်တာဟာ ပို မေမေ့အိမ်ကနေ ခွဲခွာလာခဲ့တဲ့ အချိန်အထိ ...။

အေးလေ ... မဟုတ်ပါဘူး ...။ ခုလည်းပဲ သားအမိနှစ်ယောက် ဆုံဖြစ်ကြသော အလွန်နည်းပါးလှသည့် အကြိမ်အရေအတွက်ကလေးတို့မှာလည်း ... မေမေ့ရဲ့ လက်ညှိုးတငေါက်ငေါက် ... "နင့်ကြောင့် ... နင့်ကြောင့်"ဟာ ရပ်တန့်သွားခဲ့တယ်လို့မှ မရှိဘဲ ...။

"မိဘကို ဘယ်တော့မှ ဂုဏ်မတက်စေခဲ့တဲ့ သမီး ..."





ပိုကတော့ ကိုယ်ထိလက်ရောက် ... ကိုယ့်ဆန္ဒ ... ကိုယ့်လုပ်ရပ်တွေနဲ့ မိဘရဲ့ဂုဏ်ကို ဘယ်ဘက်ကမှ မချမိဘူးလို့ ထင်တာပါပဲ ...။ သို့သော် ... မေမေကတော့ ... ပို့ကြောင့် ... ပိုဟာ သူ့ဂုဏ်သရေကို အဘက်ဘက်က လှည့်ချနေသော သမီးမျိုးဟုသာ မြင်လေသည်။

"မိဘလုပ်သူကတော့ ... ကိုယ့်တုန်းကလည်း ပညာရေးမပြီးခဲ့ရတော့ ဒီသမီးတစ်ယောက်ကို ဆရာဝန်မကြီး ... အင်ဂျင်နီယာမကြီး ... ပညာတတ်ကြီး အဖြစ်နဲ့ မြင်ခွင့်ရမလား မှတ်ပါတယ် ... သူကတော့ ဆယ်တန်းလောက်အောင်ရုံနဲ့ ... အိမ်ထောင်ပြုပစ်လိုက်သတဲ့တော် ... ဘဝမှာ ဘာရည်မှန်းချက် တစ်ခုခုကိုမှ ကြီးကြီးမားမား မထားတတ်တဲ့ မိန်းမ ...

ကိုယ်လည်း ဂုဏ်ရှိ ... ကိုယ့်မိဘလည်း ဂုဏ်တက်ရအောင် ... တစ်ဖက်ဘက်မှာ အောင်မြင်အောင်ကလေးများ ကြိုးစားကြည့်ပါဦးလားလို့ ... ခုတော့ ..."

မေမေက ဒီလိုဆိုရင်တော့ ပို့မှာ ဘာပြန်ချေပရမလဲဆောင် မသိနိုင်လောက်အောင် ပါးစပ်အဟောင်းသားနှင့်ပင်ငမ်းနည်းနာကျင်ရလေသည်။ ပို အိမ်ထောင်ပြုဖြစ်ခဲ့တာဟာ ...ငယ်ငယ်ရွယ်ရွယ်နဲ့ ပို ကိုယ်တိုင်က ဆတ်ဆော့ ... အနေအထိုင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မတတ်ခဲ့လို့လား ...။ ကာယကံရှင်ထက် ဘေးပတ်ဝန်းကျင်ရဲ့ ပယောဂကသာ ပိုများနေခဲ့လို့လား ...။ မေမေလည်း သိ,သိကြီး ဖြစ်ပါရက်နဲ့ ...။

"မိဘဂုဏ်ကို မဆည်ဘူး ... တစ်ဖက်ဘက်မှာ အောင်မြင်အောင် မကြိုးစားဘူး"ဆိုတဲ့ စွပ်စွဲချက်ကိုလည်း ပိုက နည်းနည်းလေးလောက်တော့ စောဒက တက်ကြည့်ချင်ပါသေးသည်။ ခုမှသာ "ပညာတတ်ကြီး အဖြစ်နဲ့ မြင်ချင်တာ ..."ဟု ကြွေးကြော်နေသော မေမေဟာ ... တကယ့်တကယ်တမ်းက တော့ ... ပို ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းလောက်ကတည်းက ပညာရေးထက် ... ဘာကိုပဲ ဦးစားပေး တိုက်တွန်းနှားချလို့ နေ ခဲ့သလဲ ...။ မေမေလည်း အသိ ...။

အရွယ်နဲ့မလိုက်အောင် လှပဖွံ့ဖြိုးလို့ နေခဲ့တဲ့ ဒီ သမီးတစ်ယောက်ကို "ရုပ်ရှင်မင်းသမီး" တစ်ယောက်အဖြစ် ဖျပ်ဖျပ်လူး ဆန္ဒရှိခဲ့တာ မေမေပဲ မဟုတ်လား ...။ ဟိုကဒီက သတင်းကြားနဲ့ အိမ်တိုင်ရာရောက် ... ပေါက်ချလာကြသော ဒါရိုက်တာ၊ ပရိုဂျူဆာ ဆိုသူများရဲ့ စကားရေလျှင်ကြောမှာ မေမေပဲ အမျောကြီး မျောပါကာ ... တစ်စက်ကလေးမှ ဝါသနာ မပါ ... မလုပ်ချင်ခဲ့တဲ့ ပို့ကို ရိုက်မောင်းပုတ်မောင်းမတတ် တိုက်တွန်း နှားချဖူးခဲ့တာလေ ...။





"အဲဒီ ပေါက်တတ်ကရ ... ဝါသနာဆိုတာကြီးကို စကား ထဲ ထည့်ပြောမနေစမ်းပါနဲ့ ... ဘာဝါသနာလဲ ... ဝါသနာ ဆိုတာ ဘာမှအရေးမကြီးဘူးဟဲ့ ... လုပ်သင့်တာကိုသာ ဦးစားပေးရမှာ ... မိဘလည်း ဂုဏ်တက် ... ကိုယ်လည်း ကောင်းစားမဲ့ အခြေအနေကြီးက အိမ်အထိ ကြွလာတာ တောင်မှ အဲဒီအရေးမပါတဲ့ စကားလုံးကြီးနဲ့ စတန့်ထွင် မနေချင်စမ်းနဲ့ ...

နင့်ဝါသနာက ဘာလဲ ... မိုက်လည်းမပြည့် ... ဘာဂုဏ်တက်စရာမှလဲ မရှိတဲ့ ... ရေကူးတာကိုမှ ပေါက် ပေါက်ရှာရှာ ဝါသနာပါရသတဲ့တော် ... နင့်ရဲ့ သုံးစားမရ တဲ့ ဝါသနာက အသားမည်းရုံအပြင် ဘာမှ အကျိုးရှိလာ စရာလည်း မမြင်ဘဲနဲ့များ ..."

မေမေ့ကို မလွန်ဆန်နိုင်ခဲ့တဲ့ ပိုဟာ အဲဒီ ဒါရိုက် တာ ... ပရိုဂျူဆာများရဲ့ အဲလိုကျ ဖလင်စမ်း (Film Test)ခဲ့ရ တာလည်း အကြိမ်ကြိမ် ...။ ဒါပေမဲ့လည်း ရုပ်ကလေးတစ်ခုသာ ရှိပြီး ... ဝါသနာအရင်းခံလည်း မရှိ ... ဘာမှလဲ မလုပ်တတ်ခဲ့ တဲ့ ပို့ကို ဘယ်သူကများ အခါခါ စိတ်ရှည်နိုင်ကြမှာလဲ ...။

သုံးမရမှန်း သိသွားကြချိန်မှာ လူအလာ ရှဲသွားခဲ့ တာမို့ မေမေ့မှာ ယမ်းပုံမီးကျနှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"နင်က ငါ့ကို တမင်သက်သက် အရွဲ့တိုက်ပြီး ဖြစ်အောင် လုပ်မပေးတာပေါ့လေ … အေး … ငါ လိုလားတာကို ဖြစ်အောင် လုပ်မပေးနိုင်ရင် နင့် ဝါသနာဆိုတာကိုလည်း ယတိပြတ်သာ ဖြတ်ပေတော့ … ဒီနေ့ကစပြီး အဲဒီ နင့် ဝါသနာ ဆိုတာကြီးကိုဖြတ် … မဟုတ်လို့ကတော့ နင်နဲ့ ငါနဲ့ အကြီးအကျယ်ကို တွေ့ပြီသာမှတ်"

ဒါပေမဲ့လည်း ပိုဟာ အဲဒီအချိန်တုန်းကတည်းက ကိုယ်ဝါသနာပါတဲ့ တစ်နေရာမှာ "ချန်ပီယံ"ဆိုတဲ့ အဖြစ်ကို ရရှိပြီးနေပြီဖြစ်ရာ … မေမေက ပိတ်ပင်တားမြစ်ပစ်လိုက်လိုပေမဲ့ … မြို့နယ်က၊ တိုင်းက တာဝန်ရှိသူ လူကြီးတွေ အိမ်ပေါက်ချလာခဲ့ကာ …

"ဒီကလေးက တိုင်းအဆင့် ချန်ပီယံ ဖြစ်နေပြီ … မကြာခင် တစ်နိုင်ငံလုံးအဆင့် လက်ရွေးစင်ထဲ ပါရတော့မှာ … မိဘတစ်ယောက် အနေနဲ့ ဒီလိုတော့ မပိတ်ပင်လိုက်စေချင်ဘူး … ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး အကျိုးအတွက်လည်း ကြည့်ဦးမှပေါ့ … ကလေးက အောင်မြင်ရင် မိဘ လုပ်သူမှာလည်း တိုင်းပြည့်ဂုဏ်ဆောင်အဖြစ် အလိုလို ဂုဏ်ရှိရမှာပဲ မဟုတ်လား …"

မေမေဟာ အားလုံးကို မလွန်ဆန်နိုင်လို့သာ အောင့်သက်သက်နဲ့ ပြန်ခွင့်ပြုပေးခဲ့ရတာပါ။ အဲဒါကြောင့်ပဲ "**ကိုကို**"နဲ့





ပိုတို့ အကြားမှာ မေမေ ဘယ်လိုအဆုံးအဖြတ် ဝင်ပေးပြီး ဘယ်လိုဘက်ပင်းခဲ့သလဲ …။ တစ်ချိန်က "အောင့်သက်သက်"ကို မေမေ ဘယ်လိုပြန်ဖြေ အနိုင်ပိုင်းခဲ့သလဲ … မေမေလည်း သိရက်နဲ့ …"

ကိုကိုနဲ့ ပိုတို့ … ပို့ တက္ကသိုလ်ကျောင်းသူလေးဖြစ်ကာစ ပထမနှစ်ကျောင်းသူဘဝမှာပဲ စတွေ့ခဲ့ကြတော့ … ပိုက "နင့်ကြောင့်"ဆိုတာကြီး ရောက်မလာခင် … မေမေ့ကို ပထမဆုံး အသိပေး တိုင်ပင်ခဲ့တာလေ။

"ဘယ်ကလဲ … ဘယ်သူလဲ … ကျောင်းသားလည်း မဟုတ်တော့ဘဲနဲ့ ဘယ်လိုလုပ် တွေ့ကြသလဲ … အသက်ကလည်း နင့်ထက် ဆယ်နှစ်ကျော်တောင် ကြီးနေရသလား … ဘယ်လိုဖြစ်တာလဲ …"

သူဌေးသား မဟုတ်တော့တဲ့ … ကိုယ်တိုင် သူဌေးပေါက်စ လုပ်ငန်းရှင် … ပညာတတ် … မျိုးရိုးကောင်း … တည်တည်ကြည်ကြည် ဆိုတဲ့ အချက်တွေဟာ ပို့ အပေါ် မေမေ ဘယ်လိုမှ အပြစ်ထပ်မြင်လို့ မရနိုင်တော့လောက်တဲ့ အခြေအနေကြီးတွေ ဖြစ်နေခဲ့သည်လေ။

နောက်ဆုံးတော့ နှစ်မဲ … တစ်မဲနဲ့ သိပ်စိတ်ညစ်ခဲ့ရတဲ့ ပို့ကို မေမေရော ကိုကိုပါ နှစ်ယောက်ပေါင်းပြီး ဘယ်လို အနိုင်နဲ့ ပိုင်းလိုက်ကြသလဲ …။ ပို့မှာ ပထမနှစ်စာမေးပွဲ ပြီးရုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပညာရေးကိုလည်း အပြီးတိုင် ကျောခိုင်းခဲ့ရ ...။ ကိုယ့်ဝါသနာနဲ့ အောင်မြင်ထင်ရှားနေခဲ့ပြီဖြစ်တဲ့ "နိုင်ငံ့လက်ရွေးစင်"ဆိုတဲ့ အဖြစ်ကိုလည်း မျက်စိမှိတ်ပြီး စွန့်လွှတ်ခဲ့ရ ...။

"ကိုယ်က အသက်ကြီး အချိန်တန်နေပြီ ... ပိုက သိပ်ငယ်ပြီး သိပ်လှလွန်းနေတယ် ... အဲဒီအချက် နှစ်ချက်နဲ့ပဲ ... ကိုယ်တို့ရဲ့ ကိစ္စကြီးကို ဘာအကြောင်းကြောင့်မှ အချိန်ထပ်မဆွဲသင့်တော့ဘူးလို့ ကိုယ် ထင်တယ် ..."

အဲဒီတုန်းကတော့ အပြင်ပန်း အချက်အလက်တွေ သင့်တော် ကောင်းမွန်လွန်းလှတဲ့ ကိုကို့ အကြောင်းကို ဘာတစ်ခုမှလဲ ထဲထဲဝင်ဝင် အသေးစိတ် မသိရှိရသေးဘဲနဲ့ "သူဌေးယောက္ခမ"ဆိုတဲ့ တစ်ချက်ကလေးကိုပဲ မေမေက မျှော်မှန်းမြင်ယောင်ခဲ့ကာ ... ကိုကို ပြောသမျှ အားလုံးသည် အမှန် ...။

(-----)ဝန်ကြီးဌာနမှာ ဌာနလက်ရွေးစင်၊ တိုင်းလက်ရွေးစင် အဖြစ် အားကစားသမား ဝန်ထမ်းတစ်ယောက်ဖြစ်နေခဲ့ပြီဖြစ်တဲ့ ပို့အတွက် ဒီတစ်ခါမှာတော့ သက်ဆိုင်ရာလူကြီးတွေလည်း ဘာမှမတတ်နိုင်ကြတော့ ...။ "(-----)နိုင်ငံမှာ စခန်းသွင်းပြီး လေ့ကျင့်ပျိုးထောင်ပေးဖို့ စီစဉ်နေပြီးသား" ဆိုတဲ့ စကားဟာလည်း မေမေရော ကိုကို့ကိုပါ ဘယ်လိုမှ တိုးမပေါက်စေနိုင်တော့ ...။ မေမေ့အတွက်က သမီး နိုင်ငံခြားသွားရမှာထက် ... သူ ... "သူဌေးယောက္ခမ"ဖြစ်ရေးက ပိုအရေးပါနေ





နိုင်သလို ... ကိုကို့ အတွက်ကလည်း ... ပိုက ဒီထက်ပိုအောင်မြင် ထင်ရှား နာမည်ကြီး ရေပန်းစားလာမှာကို သူက လက်သင့်မခံနိုင်တော့ဘူးလေ ...။

အဲဒီတော့ မေမေရယ် ..."ဘဝမှာ ရည်မှန်းချက်ကြီးကြီး မထားဘဲ ... ဆယ်တန်းလောက် အောင်ရုံနဲ့ အိမ်ထောင်ပြုပစ်လိုက်သတဲ့"ဆိုတဲ့ ပြစ်တင်စကားဟာ ပိုနဲ့ ထိုက်တန်ပါရဲ့လား ...။

အဲဒီတော့ ကိုကိုရယ် ... "Graduate (ပညာတတ်ဘွဲ့ရ) တစ်ယောက်လည်း မဟုတ် ... အသက်ကလည်းကွာတော့ ... ဘာတစ်ခုမှာမှ အမီလိုက်မလာနိုင်ဘူး ဖြစ်နေတာပေါ့ ... ကျွန်တော့်မိန်းမကတော့ တကယ့် သာမန်အိမ်ရှင်မ သက်သက်လောက်ပါပဲ ..." ဆိုတဲ့ စကားကကော ... ပို့ အပေါ်မှာ ကိုကို ဒီလို ပြောထွက်သင့်ပါသလား ...။ အစတုန်းကတော့ ကိုကိုပဲ ...

"ကိုယ့်မှာ အပြင်ထွက် အလုပ်လုပ်ပြီး ပိုက်ဆံရှာနေမဲ့ မိန်းမမျိုး မလိုဘူး ... အိမ်မှာပဲ အိမ်ရှင်မကောင်း ... ဇနီးကောင်း ... မိခင်ကောင်းတစ်ယောက် လိုအပ်တယ် ... ကိုယ်က တစ်ကောင်ကြွက်ဆိုတော့ ... ကိုယ်အလုပ်ကပြန်လာလို့မှ အိမ်မှာ ဆီးကြိုနွေးထွေးမဲ့သူ မရှိ ဖြစ်နေရင် ... အိမ်ထောင်ပြုရတာ ဘာမှအဓိပ္ပာယ်ရှိမှာ မဟုတ်ဘူး ...

ပို့အနေနဲ့ ကျောင်းဆက်တက်စရာ ... အပြင်ထွက်အလုပ်လုပ်နေစရာထက် ကိုယ့်ဇနီး ... အိမ်ရှင်မကောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖြစ် မြင်ရရင်ပဲ ကိုယ့်မှာ အားလုံးပြည့်စုံပြီ ... ကျေနပ်ပြီ ...” ... ဆို ...။

ယောက္ခမဖြစ်သူနှင့် သမက်ဖြစ်သူက အသက်ချင်း ဆယ်နှစ်ပြည့်အောင်မှ မကွာတဲ့အဖြစ်မို့ ... ဒီအမေနှင့် ဒီသမီး နှစ်ယောက်တည်းရှိကြတဲ့ ဘဝပေမဲ့ မေမေက သူ့သဘောနှင့်သူ ပို့ နောက်သို့ လိုက်ပါမလာခဲ့တာပါ ...။ သို့သော် ကာလကြာ မြင့်စွာ တစ်ကောင်ကြွက် ဖြစ်ခဲ့ရသူ ကိုကိုရဲ့ Selfish ဖြစ် (အတ္တကြီး)မှုများစွာကို တွေ့ကြုံလာခဲ့ကြရချိန်မှာတော့ ... သူမျှော်မှန်းသလို “သူဌေးယောက္ခမ”အဖြစ် ထင်သလောက် ဟန်မကျနိုင်တဲ့ မေမေက ...

“ဒီသမီးတစ်ယောက် လူဖြစ်ဖို့ ကိုယ့်မှာတော့ ဒုက္ခတွေ ခံလိုက်ရတာလေ ... သူ့ကြောင့်ပဲ ကြုံလိုက်ရတဲ့ အဖြစ်အပျက်တွေ ... သောကတွေကလည်း အမျိုးမျိုး ... ဟော... သူ့အလှည့်ကျတော့ ... သူဌေးတစ်ယောက်နဲ့ ကောက်အိမ်ထောင်ပြု ... ငေါက်ခနဲ ပါသွားလိုက်တာ ... ဖုတ်ဖက်ခါ ထသွားသလား မှတ်ရတယ် ... အမေ ဆိုတာကို တစ်ပတ်တစ်ခါလောက်မှ သတိရရင်တောင် ကံကောင်း...”

မေမေ မျှော်မှန်းသော မေမေ့သမီး “သူဌေးကတော်” ဟာ လစဉ် တိုင်းထွာတွက်ချက်ပြီးမှ ထုတ်ပေးသော အိမ်သုံး စရိတ်ကို စာရင်းမှတ်ပြီးမှ သုံးရရှာတဲ့ ... (အိမ်ရှင်မထက်) အိမ်





စိုးမကြီး တစ်ယောက်အဖြစ်ပဲ ဖြစ်နေခဲ့တာ ...။ ကိုယ့်အမေ ကိုယ် ပေးကမ်းထောက်ပံ့ ပြန်ကန်တော့ဖို့ကိုတောင် ... ခိုးဝှက်စုရမဲ့ အဖြစ်ဆိုရင် ... အမေဖြစ်သူကတော ... လင်ယောကျ်ား ဖြစ်သူကပါ မကျေနပ်နိုင်ဘဲ ငြူစူတတ်ကြတာ ...။

“ငွေဆိုတာ ရှာတတ်မှ သုံးတတ်တာ ပို ... ကိုယ့်ကို သူဌေးဆိုပြီး ဖြုန်းလောက်အောင် ချမ်းသာနေလိမ့်မယ်လို့တော့ မထင်စေချင်ဘူး ... ပို့အမေကို ကန်တော့ချင်ရင် လစဉ် သတ်သတ်မှတ်မှတ် ဘယ်လောက်ဆိုပြီး ကိုယ်သီးသန့်ပေးမယ် ... ဒီပြင်တော့ ပို့ဘက်ကလည်း စည်းကမ်း ရှိစေချင်တယ် ...”

ကိုကို့ရဲ့ လစဉ်သတ်သတ်မှတ်မှတ် သီးသန့်ဟာ ... ကိုကို့အတွက်တော့ “ဒီလောက်ကြီးများတောင်”ဖြစ်ပြီး ... မေမေ့အတွက်ကျတော့ “ရယ်ပွဲဖွဲ့စရာ”အဖြစ် အမြင်ချင်း ကွာခြားလို့နေသတဲ့ ...။

“မင်းကြောင့်တော့ ခက်တယ် ... အဲဒီတစ်ယောက်ရဲ့အိမ်ကို သွားပေးပါ ... သူ့မိန်းမနဲ့ အဆင်ပြေရင် ကိုယ့်အတွက် အကျိုးရှိဖို့ချည်းပဲ ဆိုတာလည်း အဆင်ပြေပြေ ဖြစ်လာအောင် မလုပ်တတ် ... မင်းကြောင့် ကိုယ့်ဘဝမှာ တိုးတက်သင့်သလောက် မတိုးတက်ရသလိုတောင် ဖြစ်နေပြီ ... ဟိုတစ်ယောက်ဆို သူ့သမီးနဲ့ ကိုယ့်ကို ရည်မှန်းထားတာ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကြောင့် မင်းပေါ်လာလို့ဆိုပြီး … ကိုယ်နဲ့ အဆက်အသွယ်တွေလည်း ပျက် …

စီးပွားရေးသမား တစ်ယောက်ရဲ့ မိန်းမဆိုတာ … အလိုက်အထိုက်နဲ့ နေတတ်ရတယ်ကွ … ခုတော့ မင်းကြောင့်ပဲ ကိုယ့်မှာ မျက်နှာပျက်ရတာလည်း အကြိမ်ကြိမ် … ရသင့် ရထိုက်တာတွေကိုလည်း လက်လွှတ်လိုက်ရတာ အကြိမ်ကြိမ် …”

မင်းကြောင့် … မင်းကြောင့် … မင်းကြောင့် …။

စွပ်စွဲချက်တွေက ကြီးမားပြင်းထန်လိုက်တာ ကိုကိုရယ် …။ ကိုကိုပဲ အပြင်မထွက်တဲ့ အိမ်ရှင်မတစ်ယောက်ကိုပဲ လိုတယ် … ပြည့်စုံပြီဆို။ ရေကူးကျွမ်းကျင်တဲ့ အားကစားသမားတစ်ယောက် ဖြစ်ဖူးခဲ့တာကလွဲရင် လူတောထဲတောင် သေချာမတိုးရသေးတဲ့ … အရွယ်မရောက် … ဥမမယ်စာမပြောက်ကို … ကိုကိုပဲ ကောက်ယူခဲ့တာလေ …။

အိမ်တွင်းပုန်းကုလားမ တစ်ယောက်လို နေရင်း … တိုင်းထွာတွက်ချက်ပေးသော လစဉ်စရိတ်ကို လိပ်ပတ်လည်အောင် စာရင်းပြု သုံးစွဲတတ်တာလေး တစ်ခုကိုပဲ အလုပ်ကြီး အကိုင်ကြီး အဟုတ်ကြီး ထင်နေရရင်း … အမွေးသပ်ချခံလိုက်ရတဲ့ ဘူးသီးနုနုတစ်လုံးလို … အစွမ်းအစတွေလည်း တဖြည်းဖြည်းချင်း တုံး,တုံးလို့ လာခဲ့ရတာ …။





ပို ကြားဖူးတာကတော့ လူတစ်ယောက်မှာ မသင်ဘဲ တတ်မြောက်နိုင်တာဆိုလို့ မွေးမွေးချင်း နို့စို့တတ်တာရယ် … အချိန်တန် အရွယ်ရောက်ရင် “အချစ်” ဆိုတဲ့ အရာကို ကိုယ့်ဘာသာ သိတတ်နားလည်လာကြတာရယ် … နှစ်ခုသာရှိသတဲ့။ ဒီတော့ အမှီပါလာစေချင်ရင် … အဲဒီအမွေးတုံးနေတဲ့ ဘူးသီးကလေးကို လက်တွဲသင်ပေါ့ ကိုကိုရယ်။

ခုတော့ မေမေက “နင့်ကြောင့်” …၊ ကိုကိုက “မင်းကြောင့်” …။ ပို တကယ် မလိုလားတဲ့ အဲဒီစွပ်စွဲသံတွေကြားမှာပဲ ထာဝရ လွတ်ငြိမ်းချမ်းသာခွင့် မရှိရတော့မဲ့ “အပို”ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ … ပစ္စုပ္ပန်နဲ့ အနာဂတ်ဟာ … ဘာလဲ …။

ပို့ကို အမြဲ လက်ညှိုးထိုး စွပ်စွဲတတ်ကြသော ထိုနှစ်ယောက်ဟာ … ပို့ဘဝမှာ ပို့ဘက်ကလည်း အချစ်ခင်ရဆုံး … သံယောဇဉ် အတွယ်ရဆုံး လူသားနှစ်ယောက်ဖြစ်ကာ … သူတို့ဘက်ကလည်း ပို့ အပေါ် ထပ်တူမျှသော “ချစ်မြတ်နိုးခြင်း”တွေနှင့် ရှိနေမှာပါ … ဆိုတာကပဲ … ချောင်ပိတ်မိနေသော ပို့ အတွက် … တစ်ခုတည်းသော စိတ်ဖြေရာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ပဲခူးမြို့က သိပ်အကျယ်ကြီးလည်း မဟုတ်လှပါဘူး … ကျွန်တော်တို့ချင်း ခုမှ တစ်ယောက်နဲ့ တစ်ယောက်ဆုံဖြစ်ကြတာ အံ့သြဖို့တောင် ကောင်းတယ်”

“ကျွန်မက မြို့ပေါ်မှာ အမြဲနေနေရတာမှ မဟုတ်တာ … သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး … ဆိုတာ များသော အားဖြင့် ကျေးလက်တွေနဲ့ သစ်ပင်တွေ သစ်တောတွေ ကြားထဲမှာပဲ နေနေရတတ်တာလေ …”

**“မြမဟာ”**ရဲ့ စကားကြောင့် **“ရန်နိုင်”**က ခေါင်းကို တစ်ချက်ဆတ်ကာ ညိတ်ပြလိုက်ပါသည်။ အဲဒီလို ခေါင်းတစ်ချက်အညိတ်ကလေးအစ တိကျသေသပ်လို့နေကာ ကြည့်ကောင်းလွန်းလှသော ဤယောကျ်ားကို မြမဟာက စိတ်ထဲမှာ တစ်စုံတစ်ခု မသိုးမသန့်ကြီးနှင့် ဘာကိုမှန်းလဲမသိ မယုံချင်သလိုလိုကြီး ဖြစ်နေမိပါသည်။

ပဲခူးမှာ အနေမများရပေမဲ့ … ပဲခူးမြို့ပေါ်မှာပဲ အခြေစိုက်ရုံးခန်း ဖွင့်ထားကာ သွားလာလှုပ်ရှားနေရသော မြမဟာအတွက် … ဤမျှလောက် ကြည့်ကောင်းရှင်းသန့်ကာ … အရာ ပိုင်နိုင်တိကျ … နေရင်းထိုင်ရင်းက အစွမ်းအစတွေ ထွက်နေသလို ဖြစ်နေသည့် ယောကျ်ားမျိုးကို တစ်ခါမှ မဆုံ … မကြုံဖူးဘူးဆိုတာ … ဖြစ်နိုင်ချေ ရှိပါ့မလား …။ သူ့လိုဝတ်စားဆင်ပြင်ဟန်နှင့် သူဌေးဂိုက် … လုပ်ငန်းရှင်ဂိုက် ပေါက်နေသော သူတစ်ယောက်ဟာ ပဲခူးမှာမပြောပါနဲ့ … ရန်ကုန်မှာ ဆိုရင်တောင် … လူသိများသော လက်တစ်ဆုပ်စာ အရေအတွက်ထဲ ပါနေလောက်ဖွယ်ရာ ဖြစ်နေတယ် မဟုတ်လား …။





သူနဲ့ မြမဟာတို့ ဆုံဖြစ်ကြပုံကတော့ ရိုးရိုးစင်းစင်းကလေးပဲ ဖြစ်သည်။ သူက ပဲခူးမြို့လယ်ကောင်မှာ လူနေအိမ်ခန်း၊ ဆိုင်ခန်း၊ ရုံးခန်းတွေပါသော အဆင့်မြင့်အဆောက်အအုံကြီး တစ်ခုကို တည်ဆောက်နေသော လုပ်ငန်းရှင်တစ်ယောက်ဖြစ်ကာ … မြမဟာကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး NGO (Non Govermental Organization) အုပ်စုတစ်ခုမှ လခစား ဝန်ထမ်းတစ်ယောက် ဖြစ်ရာ … မြို့ပေါ်မှာရော အနီးအနားရွာငယ်ကျေးလက် … သစ်တော ဧရိယာတွေမှာပါ … စက်ဘီးတစ်စီးနှင့် ချောင်းပေါက်အောင် မပြင်ချင် အဆုံး ဖြစ်နေရသူ …။

တစ်နေ့မှာ မြမဟာရဲ့ စက်ဘီးကလေးက သူ့ရဲ့ ဆောက်လက်စ အဆောက်အအုံကြီးရှေ့က အဖြတ် … သူ့အလုပ်သမားတွေရဲ့ လုပ်ငန်းခွင်ပေါ့ဆမှုကြောင့် ငြမ်းဆင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံးတစ်ချောင်းဟာ မြမဟာရဲ့ စက်ဘီးရှေ့သို့ "ဖြောင်း"ခနဲ ပြုတ်ကျလာခဲ့လေသည်။ "စက်ဘီးရှေ့"ဟု ဆိုနိုင်လိုက်တာဟာ မြမဟာရဲ့ စက်ဘီးကို တစ်စုံတစ်ယောက်က နောက်ဘက်ကနေ လျှပ်တစ်ပြက် ဆောင့်ဆွဲထားလိုက်လို့ပါပဲ ...။ နို့မို့ဆိုရင်တော့ "ဒါရိုက်ဟစ်"ဟု စကားလုံးပြောင်းသုံးရပေတော့မည်။

အဲဒီနောက်က ဆွဲထားလိုက်သူကတော့ ... သူ ... ရန်နိုင် ...။

"I am sorry'. I want to apologise for this ......"

ထိတ်လန့်တကြား ဖြစ်သွားခဲ့ရတာကိုပင် မေ့လျော့ပြီး မြမဟာက တကယ့်ကို ဟက်ဟက်ပက်ပက်ကြီး ရယ်ချလိုက်မိပါသည်။ "စိတ်မကောင်းပါဘူး ... ဒီကိစ္စအတွက် တောင်းပန်ချင်ပါတယ် ..."ဟု ဆိုလိုက်သောသူမှာ မြန်မာစစ်စစ်ကြီးမှန်း မြမဟာဘက်က သေချာနေသောအခါ ... သူ့ဘက်ကသာလျှင် မြမဟာကို မြန်မာဟု မထင်မှတ်တာပဲ ဖြစ်ရတော့မည်ပေါ့ ...။

မြမဟာရဲ့ ရယ်သံကြောင့် အနည်းငယ် ကြောင်သွားသော သူက ချက်ချင်းပင် ရှုံးတိုးရှုံ့တန့် မျက်နှာကို အရယ်နှင့် ပြန်လည်ဖုံးကွယ်ပစ်လိုက်ကာ ...

"ဂျပန်လူမျိုး တစ်ယောက်လို့ ထင်လို့ပါ ..."

"ကျွန်မ အလုပ်ထဲမှာတော့ ဂျပန်တွေ အများကြီးပဲ ... ဒါပေမဲ့ ကျွန်မကတော့ မြန်မာလူမျိုးပါ ..."





တီရှပ်အဖြူ၊ ဇင်သားဘောင်းဘီပွပွအဖြူ၊ ကင်းဗတ်(စ)ဖိနပ်အဖြူနှင့် ... Cap မပါသော ဦးထုပ်ဝိုင်းအဖြူကလေးတို့ကြောင့် အသားဖြူဖြူ ... ပိန်ပိန်သွယ်သွယ်နှင့် မြမဟာက တကယ်ပဲ ဂျပန်မကလေးတစ်ယောက်နှင့် တူနေနိုင်ပါသည်။

"ဒီဝတ်စုံတွေက ကုမ္ပဏီရဲ့ ယူနီဖောင်းသဘောမျိုးပါ ... လုပ်ငန်းခွင်မှာ လှုပ်ရှားရ လွယ်ကူအောင် ဒီလိုပဲ ဝတ်ဆင်ကြရပါတယ် ... ဒါပေမဲ့ ကျွန်မကတော့ မြန်မာမိန်းကလေးပါပဲ ..."

"ရပါပြီ ... တစ်ခါတည်းပဲ ပြောလည်း လုံလောက်ပါတယ်"

မြမဟာက အနည်းငယ် ရယ်လိုက်မိပြန်ကာ ...

"နေပါဦး ... ရှင်က ကျွန်မကို ဒီဝါးလုံးနဲ့ မထိအောင် ဝင်ကူညီလိုက်တဲ့သူ မဟုတ်လား ... ရှင်ကလည်း ကူညီသေး ... ရှင်ကလည်း တောင်းပန်သေး ဆိုတာက ..."

"ကျွန်တော်က ဒီအဆောက်အအုံကြီးရဲ့ပိုင်ရှင် ... ကန်ထရိုက်တာပါ ..."

"ဪ ..."

မြမဟာက အဆောက်အအုံကြီးကို ဟိုးထိပ်အထိ လှမ်းမျှော်မော့ကြည့်လိုက်ပြီး ...

"ဒါဆိုရင်တော့ ဆွေးနွေးစရာလေးတွေ ရှိလာပြီ ... ရှင်ဟာက ဥပဒေနဲ့မှ ညီရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ ... ခင်ဗျားက ဘယ်သူပါလိမ့် ... ကျွန်တော်က ခင်ဗျားကို ဒီအဆောက်အအုံနဲ့ ပတ်သက်တဲ့ ဆောက်လုပ်ခွင့်တို့ ... ရေသွယ်ခွင့်တို့ ... မိလ္လာကန်ပါမစ် ... အဆောက်အအုံ မီးသွယ်ခွင့် မီးသုံးစွဲခွင့် ပါမစ်တွေ အကုန်ထုတ်ပြနေရဦးမှာလား"

"အဲဒါတွေကို ပြောနေတာ မဟုတ်ပါဘူး ... အဲဒီကိစ္စတွေက ကျွန်မနဲ့လည်း ဘာမှမဆိုင်ပါဘူး ... ကျွန်မ ဆိုလိုတာက ခုပဲကြည့်လေ ... ရှင်တို့အနေနဲ့ လုပ်ငန်းခွင်ပေါ်ဆမှုကတော့ ရှိကို ရှိနေပြီပဲ ... တကယ်ဆိုရင် ဒီလောက်မြင့်တဲ့ အဆောက်အအုံ တစ်ခုကို ဝါးလုံးတွေနဲ့ ငြမ်းဆင်နေမဲ့အစား Scaffoldings ကိုသာ သုံးသင့်တယ်လို့ ရှင် မထင်ဘူးလား ... ပြီးတော့ ငြမ်းရဲ့ အပြင်ဘက်မှာလည်း ... လူတို့ ပစ္စည်းတို့ ပြုတ်ကျလာနိုင်တာကို အထိုက်အလျောက် ကာကွယ်ပေးနိုင်တဲ့ ... ကြိုးပိုက်ကွန်တို့ ဘာတို့ ... အကာအရံတွေ ... ရှိသင့်တယ်လေ ..."

သူက မြမဟာကို မျက်ခုံးပင့်ပင့် ခပ်ပြုံးပြုံးနှင့်ကြည့်ကာ ...

"အောက်ဘက်မှာ Scaffoldings (သံငြမ်း)တွေ ပါပါတယ်၊ ဟိုးအမြင့်ကိုသာ ဝါးလုံးနဲ့ ..."

"မြင့်လေ ... ပိုဂရုစိုက်သင့်လေ မဟုတ်ဘူးလား ..."





"ဒါပေမဲ့ ဒါက မြန်မာနိုင်ငံ ဖြစ်နေတယ် ..."

"ဘာဆိုင်လဲ ... ရှင့်စကားက ... ကိုယ့်မြန်မာပြည်တွင်းမို့ ဂရုစိုက်စရာ မလိုပါဘူး ... စိတ်ကြိုက်ပေါ့ဆခွင့်ရှိတယ် ဆိုတဲ့ သဘောလား ..."

"ကျွန်တော်တော့ ခင်ဗျားလုပ်တာနဲ့ ခဏကြာရင် ... 'ကျွန်တော် ဥပဒေနဲ့ မညီညွတ်တာတွေ ... လုပ်မိ ပြောမိနေလို့ပါ'ဆိုပြီး ကိုယ့်ဘာသာ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ် ... သွားအဖမ်းခံလိုက်ရတော့မလို ဖြစ်နေပြီဗျ ... ကျွန်တော် ဆိုလိုတာက ... ကျွန်တော်တို့မှာ ဈေးကွက်အခြေအနေကို ကြည့်ပြီး ... ကိုယ့်ဘက်က ငွေကုန်ကြေးကျနည်းနိုင်သမျှနည်းအောင် ..."

"အမြတ်အစွန်းကို များနိုင်သမျှ များများကျန်အောင် ..."

"ဟုတ်ကဲ့ ... ထားပါ ... လူဆိုတာကတော့ အဲဒီအမြတ်အစွန်းကိစ္စအတွက်ပဲ ကြိုးစားလှုပ်ရှားနေကြတဲ့သူချည်း မဟုတ်လား ..."

"ရှင် ပြောတာ မှားတယ် ... ကျွန်မဆို ခုအလုပ်လုပ်နေတဲ့ NGO အဖွဲ့အစည်းမှာ ... ရတဲ့လခက တကယ့်ကို နည်းနည်းကလေးနဲ့ ဝင်အလုပ် လုပ်နေတာပါ ... ဒါကို ကျွန်မက နိုင်ငံခြားသားတွေက ငါ့ရဲ့လုပ်အားကို မတရား



www.burmeseclassic.com

www.burmeseclassic.com



အမြတ်ထုတ် ညှစ်ယူပြီး လခကိုကျတော့ နည်းနည်းကလေးပဲ ပေးထားပါလားလို့ မမြင်ဘူးရှင် ...

သူတို့အနေနဲ့ လခကို ပေးသည်ဖြစ်စေ ... မပေးနိုင်သည်ဖြစ်စေ သူတို့ရဲ့လုပ်ရပ်တွေဟာ ကျွန်မတို့တိုင်းပြည်အတွက် ကောင်းကျိုးတစ်ခုခုကို ပေးနိုင်ဖို့ချည်းပဲ ဆိုရင် ... ကိုယ်က ဒီနိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ လခက များမှုဖြစ်မယ်ရယ်လို့ အမြတ်အစွန်းကိစ္စကို ရှေ့တန်းတင်နေလို့ ဘယ်ဖြစ်မလဲ ..."

"ဟုတ်ပါပြီ ... ဒါပေမဲ့ ခင်ဗျားလည်းပဲ ကိုယ့်အတွက် တစ်ကိုယ်ကောင်း အမြတ်အစွန်းကို ကြည့်မနေရင်တောင် ... ကိုယ့်နိုင်ငံ ကိုယ့်တိုင်းပြည်ရဲ့ အမြတ်အစွန်း ကိစ္စအတွက်ကိုတော့ မျှော်လင့်ကြိုးစားနေတာပဲ မဟုတ်လား ..."

မြမဟာက သတိလက်လွတ် အနေအထားနှင့် သူ့ဘက်သို့ မျက်စောင်းကြီး တစ်ချက်ကို ချိန်ရွယ်လိုက်မိလျှင် ... သူက သဘောတကျ "တဟားဟား" အသံထွက် ရယ်လိုက်ခြင်းနှင့် မြမဟာတို့ကြားမှာ ရင်းနှီးမှုတစ်ခု ခပ်မြန်မြန် ဖြစ်ထွန်းသွားသကဲ့သို့ ရှိလေသည်။

"ကျွန်တော် ရန်နိုင်ပါ ..."

"မြမဟာပါ ..."





"ပဲခူးကပဲလား ..."

"ဟုတ်ကဲ့ ... ဘုရားလမ်းမှာ ကျွန်မတို့ အဖွဲ့အစည်းရဲ့ ရုံးခန်း ရှိပါတယ် ..."

ဘာကြောင့်မှား ... အမှန်အတိုင်း တိတိကျကျ မပြောဖြစ်လိုက်သလဲ ဆိုတာ ... မြမဟာက ခုထက်ထိ ကိုယ့်ကိုယ်ကိုယ် သဘောမပေါက်လှသေးပါ...။ တကယ်ဆိုရင် မြမဟာက ဒီပဲခူးသို့ အလုပ်ကိစ္စ အတွက်သာ လာရောက်နေရသော ... တချို့စနေ၊ တနင်္ဂနွေတွေမှာ အားလပ်ရက်ရရင် ရသလို မိဘရပ်ထံ ပြန်တတ်သော ရန်ကုန်သူတစ်ယောက်ပဲ မဟုတ်လား...။ မြမဟာကတော့ သူ့ကို "ပဲခူးကပဲလား" ဟု ပြန်မမေးမိပါ ...။ သို့သော်...

"ကျွန်တော်လည်း ဒီကပါပဲ ... ဒီအဆောက်အအုံကြီးရဲ့ နောက်ဘက် ကျောင်းချင်းကပ် လမ်းထဲမှာ နေတယ် ... ဟိုဘက် ညာဘက်ဘေးက ဝင်ရတယ် ... အိမ်အမှတ်(--)"

ကိုယ်တိုင်က အမှန်ကို ဝန်မခံဖြစ်လိုက်လို့လားတော့ မသိပါ ...။ အဲဒီကတည်းက သူ ပဲခူးသား ဆိုတာကိုပဲ ... စိတ်ထဲမှာ တစ်စုံတစ်ခု မသိုးမသန့်ကြီးနှင့် ဘာကိုမှန်းလဲ မသိ ... မယုံသလိုလိုကြီး ဖြစ်နေမိသည်။

နောက်ပိုင်းမှာ မြမဟာနှင့် ရန်နိုင်တို့ ခဏခဏတွေ့ဖြစ်ကြသော်လည်း ... ပထမဆုံး စတွေ့စကလို စကားတွေများ



www.burmeseclassic.com

www.burmeseclassic.com



များကြီး ပြောဖြစ်ကြတော့တာ မဟုတ်ပါ ...။ သွားရင်းလာရင်း ခရီးသွားဟန်လွှဲ ဖျတ်ခနဲ တွေ့မြင်လိုက်ကြလျှင် ... လက်လှမ်းပြကြ ... မေးဆတ်ပြုံးကာ နှုတ်ဆက်ကြ ... ဒီလောက်သာပါပဲ ...။

ဒါပေမဲ့ ခရီးသွားဟန်လွှဲ သွားရင်းလာရင်း ဆိုတာတွေဟာ ... မြမဟာရဲ့ စက်ဘီးကလေးကသာ သူ့ရဲ့ဆောက်လက်စ အဆောက်အအုံကြီးရှေ့သို့ ရောက်,ရောက်သွားမိတာမျိုး ဖြစ်နေမှန်း... မြမဟာတို့ရဲ့ ရုံးခန်းတည်ရှိရာ ဘုရားလမ်းရှေ့မှာ တစ်ခါမှ ခရီးသွားဟန်လွှဲ ဖြစ်မနေမှန်း မြမဟာက ကိုယ်တိုင် သတိပြန်ထားလိုက်မိသောအခါ ... အဲဒီ "သွားရင်းလာရင်း"ဆိုတဲ့ ကိစ္စကြီးကို မြမဟာက ရုတ်တရက် ဖြတ်တောက် ... လမ်းကြောင်းပြောင်းလိုက်မိပါတော့သည်။

မြမဟာတော့ ကြာရင် ခြေသလုံးတွေ ဒီထက်ဒီ ... ပိုပိုကြီးလာတော့မလားပင် ...။ (ကိုယ့်ရဲ့မသိစိတ်ကနေ) ခရီးသွားဟန်လွှဲ မဖြစ်,ဖြစ်အောင် သူ့အဆောက်အအုံကြီးရှေ့က ဖြတ်,ဖြတ်နေမိတုန်းကလည်း တကယ်သွားလာလှုပ်ရှားရမဲ့ လမ်းကြောင်းတွေထက် ပိုရှည်နေခဲ့သော ခရီးတွေ ဖြစ်နေသလို ... "ခရီးသွားဟန်လွှဲ" ဖြစ်မှာစိုးလို့ ရှောင်ရှားနေမိပြန်တော့လည်း ... မလိုလားအပ်တဲ့ ကွေ့ပတ်ရှောင်နေရသော လမ်းကြောင်းတွေမှာ ... ကိုယ့်စိတ်ရဲ့ဒဏ်ကို ကိုယ့်ခြေသလုံးတွေကပဲ ခံနေရတော့တာပါပဲ ...။





တစ်နေ့မှာတော့ နိုင်ငံခြားသားတွေ အကုန်လုံး နယ်ဆင်းသွား၍ ရုံးထိုင်အဖြစ် ရုံးခန်းထဲ တစ်ယောက်တည်း ငုတ်တုတ်ကျန်ရစ်ရသော မြမဟာရဲ့ ရုံးခန်းရှေ့လမ်းမပေါ်သို့ "နေနတ်သား"တစ်ပါး "ဘွား"ခနဲ ကိုယ်ထင်ပြသလို ရန်နိုင်က ပေါက်ချရောက်ရှိလာခဲ့ကာ ...

"ခင်ဗျား စက်ဘီးကလေး ... အနားယူထားတာ ကြာပြီလား ..."

သူ ဘာကိုဆိုလိုမှန်း မြမဟာက ချက်ချင်းပင် သိပါသည်။

"နယ်ဆင်းနေရလို့ပါ ... ကျွန်မတို့က 'ဘုရားကြီး'ဘက်လည်း အမြဲသွားနေရတာလေ ... ဒီနေ့ကတော့ ရုံးထိုင်ပေါ့ ... ဘာကိစ္စလဲ ... သတင်းပေးချင်လို့လား ..."

"သတင်း ... ခင်ဗျားနဲ့ စကားပြောရရင်တော့ အဆန်းချည်းပဲ ..."

"နယ်တွေဘက်က တချို့တွေက ကျွန်မတို့အဖွဲ့ကို သူတို့လိုအပ်သမျှ ဘာမဆို လုပ်ပေးနိုင်တဲ့သူတွေလို့ ထင်နေကြတာလေ ... နားမလည်ကြဘူး မှတ်လား ... ရေလိုအပ်ရင်ရေ ... ထင်းတို့ မီးသွေးတို့ လိုရင်လည်း လာပြော ... တစ်ခါတလေကျတော့ ဘယ်ကောင် ... ဘယ်ကောင်က အမ်လိုက်ထွက်ပြီး ... ငှက်ဘယ်နကောင်တောင် ပစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တာပါလို့ လာတိုင်တဲ့ သူကလည်းရှိ ... တစ်ချို့ကျတော့လည်း လူမှုရေးကိစ္စတွေတောင် လိုက်ဖြေရှင်းပေးနိုင်မယ် ထင်နေတတ်ကြတာ ... ဒီနေ့ ကျွန်မရဲ့တာဝန်က ရုံးထိုင်ကျွန်ရုံစ်ပြီး သတင်းလက်ခံလေ ...”

“ဒီလိုလား ... ဒါဆိုရင် ကျွန်တော်ပေးမဲ့ သတင်းက ... ကျွန်တော့်ဆောက်လက်စ အဆောက်အအုံတစ်ခုလုံးမှာ ဝါးငြမ်းတွေအစား Scaffoldings (သံငြမ်း)တွေချည်းပဲ ပြောင်းလဲတပ်ဆင်ပြီးပါပြီ”

မြမဟာက ရွှင်ပျစွာ တစ်ချက်ရယ်လိုက်မိကာ ...

“ရှင့်အမြတ်အစွန်းတွေ နည်းကုန်ပါဦးမယ်ရှင် ...”

“မြမဟာတောင် တစ်ကိုယ်ရည် အမြတ်အစွန်းထက် နိုင်ငံအတွက်ကိုပဲ ပိုကြည့်နေသေးရင် ... ကျွန်တော်တို့လည်း ...”

“ပြီးကျမှ ... စာရင်းပိတ်ကြည့်လိုက်တော့မှ ... မြမဟာကြောင့် ... မြမဟာကြောင့် ... လို့ တနုံ့နုံ့ ဖြစ်မနေမိစေနဲ့ပေါ့ရှင် ...”

သူက “မတတ်နိုင်ဘူး”ဟူသော ပုံစံနှင့် ပခုံးကို တွန့်ပြလိုက်ကာ ...

“တစ်ခုခု သွားစားကြဖို့ ဖိတ်ခေါ်ရင် ဖြစ်နိုင်မလား ...”

“ရန်ကုန်မှာ လိုက်ကျွေးမှာလား ...”





မြမဟာက တစ်ချက်တောက်ပြီး ကလိကြည့်လိုက်သည်။

“ဟာ ... ကျွန်တော်က ကိုယ့်ကိုယ်ပိုင် ပုဂ္ဂလိက လုပ်ငန်းပဲ ... ဖြစ်တယ်နော် ... မြမဟာကသာ အများအကျိုးတွေအားကြီးမာန်တက် သယ်ပိုးရမဲ့သူ ဖြစ်နေတာ ... အလုပ်က အကြာကြီးခွာသွားလို့ ရလို့လား ...”

“ကျွန်မကိုယ် ကျွန်မလည်း ... အဲဒီလောက် တမွန်တမြတ်ကြီးထားပြီး မပြောမိခဲ့ဖူးဘူးလို့ ထင်တာပါပဲ ...”

“ရန်ကုန်ရက်(စ)တောရင့်မှာ ကျွေးပါ့မယ် ... ဟုတ်ပြီလား”

သူရော မြမဟာပါ ခပ်ရွှင်ရွှင်တွေ ရယ်လိုက်မိကြပါသည်။ မြမဟာရဲ့ စိတ်ထင် ... ကျောင်းပြီးခဲ့ကတည်းက ... အဲဒီလို ရွှင်ရွှင်ပျပျတွေ မရယ်မိခဲ့တာ အတော်ကြီး ကြာနေခဲ့ပြီထင်ပါရဲ့ ...။ မရယ်မိဘူး ဆိုလို့ ဝမ်းနည်းစိတ်ညစ်နေတာမျိုးလား ဆိုရင်တော့လည်း မဟုတ်ဘူးပေါ့နော် ...။ ကိုယ်ဂါသနာပါရာ အလုပ်ထဲမှာ ပျော်မွေ့နေရတာမျိုးပဲ ဆိုတော့ ဝမ်းနည်းစိတ်ညစ်စရာလည်း ဘာအကြောင်းမှ မရှိပါဘူး ...။

ဒါပေမဲ့ ကျောင်းသူဘဝတုန်းကလို ခင်မင်ရင်းနှီးစွာ တရင်းတနှီးကြီး သဘောထား ပေါင်းသင်းရမဲ့ သူမျိုးတွေနဲ့ ဝေး



www.burmeseclassic.com

www.burmeseclassic.com



ကွာနေရကာ ... ဘာမှမဟုတ်တဲ့ ကိုယ့်ကို အရာရာလုပ်ပေးနိုင်စွမ်းတဲ့ ကယ်တင်ရှင်ကြီးလို့ ထင်နေကြတဲ့သူတွေ ... အလုပ်သဘောအရ အပြန်အလှန် အလေးထားကာ ဆက်ဆံရမဲ့သူတွေနဲ့ချည်းပဲ ဆုံနေရဖန်များလာတော့ ... ရန်ကုန်အိမ်သို့ ပြန်ရင်တောင် ... မိဘနှစ်ပါးက ... "ငါတို့သမီးကလေးလည်း ဒီအလုပ်ထဲ ဝင်လိုက်ပြီးမှ ... အရယ်အပြုံးနဲ့ စကားလည်း အတော်နည်းသွားတယ် ..."ဟု မှတ်ချက်ချ ခံခဲ့ရတဲ့ အထိလေ ...။

"မြမဟာက စကားပြောရင် အပြုံးလေးတစ်ခု အမြဲပါတယ်... ခင်ဗျားတို့ အဖွဲ့အစည်းက ခင်ဗျားကို ရ,ထားတာ ဒီတစ်ချက်နဲ့တင် သိပ်တန်နေပြီလို့ ဆိုရမယ် ... ခင်ဗျားတို့ NGO အလုပ်တွေ ဆိုတာက အပြုံးကလေးတစ်ခု လက်ကိုင်ထားနိုင်လေ ... အောင်မြင်လေပဲ မဟုတ်လား ..."

မြမဟာကဖြင့် ကိုယ့်ကိုယ်ကိုယ် မရယ်မပြုံးမိတာကြာပြီ ... ဟု တွေးနေမိတုန်း သူက အဲလိုဆိုလိုက်တော့ ... လူကို အသားလွတ်ကြီး ဂလိုလာထိုးလိုက်သလိုပဲ ဖြစ်သွားတော့တာပေါ့ ...။ ဘာမှ စကားမပြန်ဖြစ်တော့ဘဲ ရယ်သာနေလိုက်မိလျှင် ... သူ့ဟာနဲ့သူ ... သူ ထင်ရာမြင်ရာတွေကိုပဲ အမိပ္ပာယ်ပေါက် နားလည်နေဟန်ရှိတဲ့ ရန်နိုင်က ခေါင်းတညိတ်ညိတ်နှင့် ...





"တခြားလူ တစ်ယောက်ဆီက ... ကောင်းကွက်လေးတစ်ခုတည်းကိုဖြစ်ဖြစ် ... အတုလိုက်ခိုးထားနိုင်ရင် ... ကြာကြာနေတော့ ကိုယ့်ဆီမှာ အကျင့်ကောင်းလေးတွေချည်း စုမိနေရော ... ခင်ဗျားဆီကတော့ ရယ်တတ် ပြုံးတတ်တဲ့ အကျင့်ကို ကျွန်တော် အတုခိုးမယ် ..."

ထိုနေ့က နေ့လယ်စာ စားအပြီး လမ်းခွဲကြခါနီး ... ရန်နိုင်က ...

"ခင်ဗျားရဲ့ စက်ဘီးကလေး ... ကျွန်တော့်လုပ်ငန်းကြီးရှေ့က ပြန်ဖြတ်ပါ ... လုပ်ငန်းခွင် အန္တရာယ်လည်း မရှိနိုင်တော့ပါဘူး ... လက်ပြ၊ ပြုံးပြ၊ ခေါင်းညိတ်နှုတ်ဆက်ကြရုံနဲ့လည်း ... ကိုယ့်အချင်းချင်းမှာရော ... အများတကာရဲ့ စိတ်ထဲမှာပါ ... အမြင်ရှိုင်း၊ အနေရှိုင်းနေစရာ ဘာအကြောင်းမှ မရှိလောက်ဘူး ထင်ပါရဲ့ ..."

ထိုအခါမှာ မြမဟာ ခမျာ ... အရယ်အပြုံးလေးမှ မပြန်နိုင်အောင် တစ်မျိုးကြီးပဲ ဖြစ်သွားခဲ့ရဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအမေနဲ့ ကိုယ် တွေ့ခဲ့သေးတယ် ..."

ပိုက ... ကိုကို့ကို ဖျတ်ခနဲ မော့ကြည့်လိုက်ပါသည်။

"သူ့ကို မင်း ပေးနေကျ တစ်လစာကို ... ကြုံတုန်း ကိုယ်က ထုတ်ပေးလိုက်တာ ... မင်း အပြင်ထွက်ရ တစ်ခေါက်သက်သာလည်း နည်းလားဆိုတဲ့သဘောနဲ့ပဲ ... မင်းအမေက ဘာစတန့်လည်းတော့ မသိဘူး ... လက်ခံမသွားဘူး ... သူ့ဘေးမှာလည်း လူတစ်ယောက်နဲ့ ... ပုံစံကတော့ သိပ်မပီပြင်လှဘူး ... ကိုယ်တော့ သဘောမကျဘူး ..."

ပိုက သက်ပြင်းလေးတစ်ချ အသာကျိတ်ချလိုက်မိပါသည်။ ပိုတော့ မေမေနဲ့တွေ့ဖြစ်ရင် ... "နင့်ကြောင့် ... နင့်ကြောင့်"ဆိုတဲ့ လက်ညှိုးတွေကို အတော်များများကြီး လက်ခံရတော့မလား မသိ ...။ ကိုကို့ရဲ့ ထောက်ပံ့မှုကို "မဖြစ်စလောက်" ဟု ထင်နေသော မေမေက ... ပိုကတစ်ဆင့် မဟုတ်ဘဲ ... ကိုကို့ထံမှ တိုက်ရိုက်ကြီး ရောက်ရှိလာမှာကို ဘယ်လိုမှ နှစ်သက်လက်ခံချင်မှာ မဟုတ်မှန်း အရမ်းကို သေချာသည်လေ။

ပြီးကျတော့ ဘေးမှာလည်း ဘယ်သူမှန်းမသိတဲ့ သူစိမ်းအဖော်တစ်ယောက်နဲ့တဲ့ ...။ ပိုဆိုးတော့မပေါ့ ...။ နှစ်





ယောက်တည်းဆိုရင်တောင် တစ်မျိုးလေ ... ခုကျတော့ သူစိမ်းတစ်ယောက်ရှေ့မှာဆိုတော့ ...။

ပိုက တမင်ပဲ နှုတ်နည်းအောင် နှုတ်ဆိတ်ထားကာ မျက်နှာသေလေးနှင့် ရှိနေလျှင် ကိုကိုက ပို့ကို မျက်မှောင်ကုတ်ကုတ်နှင့် ကြည့်ကာ ...

"မင်းရဲ့အဲဒီ မထုံတက်တေး မျက်နှာပေးကို ကိုယ်သိပ်အသည်းယားတာပဲ ... အသည်းယားတယ် ဆိုတာ ချစ်စနိုးလေး ပြောနေတာလို့ မထင်လိုက်နဲ့ဦး ... တကယ့်ကို အသည်းကယားတက်နေတာ ... ငိုချင်ငို၊ ရယ်ချင်ရယ် ... ပြုံးချင်ပြုံး ... မဲ့ချင်မဲ့ပေါ့ ... ခုတော့ကွာ ... မင်းကြောင့် ငါ့မှာ ပါးစပ်ထဲ လက်ထည့်ပြီး ကုပ်လို့လည်းမရ ... အခံရခက်လိုက်တာ"

ငိုချင်ငို ... မဲ့ချင်မဲ့ ဆိုပေမဲ့ အဲဒီလို ငိုမဲ့နေပြန်ရင်လည်း "မင်းကြောင့် ငါ့အိမ်မှာ ကျက်သရေတုံးလိုက်တာကွာ" လို့ ကိုကိုက ပြောဦးမှာပဲ မဟုတ်လား ...။

"မင်းပုံစံက စက်ရုပ်တစ်ရုပ်နဲ့ပဲ တူနေတယ် ... အဲဒါပြင်ဖို့လည်း စဉ်းစားဦး ... စက်ရုပ်တစ်ရုပ် ကိုယ့်ရှေ့ရောက်နေတာကို ဘယ်သူမှ ကြာရှည်ကြာများ စိတ်ရှည်နိုင်မှာ မဟုတ်ဘူး ဒေါ်ပိုပို ..."

'လွတ်လွတ်လပ်လပ် 'ကလေး' လုပ်ခွင့် ...၊ မိဘ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း အပေါင်းအဖော်တွေနဲ့ ပျော်ရွှင်လွတ်လပ်ခွင့်၊ ဘာ
တစ်ခုကိုမှ များများစားစား မရရှိလိုက်တဲ့ မိန်းကလေးတစ်ယောက်
အဖို့ ... စက်ရုပ်တစ်ရုပ်နဲ့ သွားတူနေတာက ... တခြားရလဒ်
ဆိုးတွေနဲ့စာရင် အကောင်းဆုံး အဖြေတစ်ခု မဟုတ်ဘူးလား
ကိုကိုရယ် ...။

မေမေနဲ့ နေရတုန်းကမှ "နင့်ကြောင့်"တွေ များပေ
မဲ့ ... ကျောင်းသူဘဝမို့ သူငယ်ချင်းအဖော် ...၊ အားကစားသမား
တစ်ယောက်မို့ ဝါသနာတူ လေ့ကျင့်၊ ပြိုင်ဘက်အဖော်မျိုးတွေနဲ့
လွတ်လပ်ပျော်ရွှင်ဖွယ်ကောင်းသော ထွက်ပေါက်တစ်ခု ရှိကိုရှိခဲ့
တဲ့ "အပို"အဖို့ ... စက်ရုပ်တစ်ရုပ်ထက် ... စိတ်ဝင်စားစရာကောင်း
တဲ့ မိန်းမပျိုလေးတစ်ယောက် အဖြစ်ပဲ ရှိခဲ့လိမ့်မပေါ့ ...။ အဲဒီတုန်း
ကတော့ အားကိုးတွယ်တာချင်စရာကြီး ဖြစ်နေတဲ့ ရည်းစားဦး တစ်
ယောက်နဲ့ ပျော်ရွှင်ခဲ့ရတဲ့ အချိန်တွေကလည်း အများကြီးလေ ...။

ကိုကို့ဆီ ရောက်ခဲ့ရတော့ ... "နင့်ကြောင့်"တွေက
ရုပ်ဆိုင်းမသွားတဲ့အပြင် .... "မင်းကြောင့်"တွေကပဲ ထပ်ပိုလာ ...
ရွယ်တူသူငယ်ချင်းတွေက လွတ်လပ်ပျော်ရွှင်စွာ ကျောင်းသူက
လေးတွေပဲ ဖြစ်နေကြဆဲမှာ ကိုယ်ကတော့ ... ဈေးသွားတာ
တစ်ခုကလွဲရင် အိမ်ထဲက အိမ်ပြင် သိပ်မထွက်ရတော့တဲ့ ...
ပျဝ်းရိခြောက်ကပ်လို့နေသော အိမ်တွင်းပုန်း ကုလားမကြီး တစ်
ယောက်ပဲ ဖြစ်နေရ ...။





လူဆိုတာ ဘာမှမလုပ်ရတာ ကြာလာရင် ... ဘာမှ
လုပ်တတ် ... ဘာမှ မလုပ်ချင်တော့တဲ့ အစွမ်းအစတုံး ... ပျင်း
ချင်းကြီးတွေပဲ ဖြစ်လာတတ်ကြသတဲ့။ ခုတောင် လူစင်စစ်ကနေ
စက်ရုပ်တစ်ရုပ်နဲ့ တူလာပြီဆိုရင် ... ကြာကြာနေရင်တော့ အဲဒီ
စက်ရုပ်တစ်ရုပ်လောက်တောင်မှ အသုံးမဝင် ... လမ်းတောင်မှ
ကောင်းကောင်း လျှောက်တတ်ပါတော့မလား ဆိုတာ သိပ်မသေ
ချာလှတော့ချေ ...။

ကိုကိုတို့များ ... "မင်း အပြင်ထွက်ရ တစ်ခေါက်
သက်သာလည်း နည်းသလား ..."တဲ့။ အမှန်ကတော့ ပို့ကို
သက်သာစေချင်တဲ့ စေတနာထက် ... အပြင်ထွက်တာကို မကြိုက်
တဲ ချုပ်ချယ်လိုက်ချင်တဲ့ စိတ်ထားကသာ ပိုနေမှန်း ... ပို့က
သိနိုင်တာကျလို့ ...။ စက်ရုပ်ကြီးနဲ့ တူနေတာကို "ပြင်ဖို့လည်း
ခဲ့ဦးစားဦး"တဲ့ ...။

"တကယ်တော့ ပြင်ရမှာက ကိုကိုပါ"လို့များ
ဆိုလိုက်ရင် ... ဖျပ်ဖျပ်လူး ထွက်လိုက်မဲ့ ဒေါသဆိုတာ ...။
အများ ရိုက်မလားတောင်မှ မဆိုနိုင် ...။ ကိုကိုပဲ စဉ်းစားကြည့်
ပါလ ...။ ကိုကို မေတ္တာရှိလှပါတယ် ... ဆိုတဲ့ မိန်းကလေးဟာ
ကိုကိုနဲ့ စတွေ့ကြတုန်းက ဒီလိုပုံမျိုးကြီးလားလို့ ...။ တက်ကြွ
ရွှင်လန်းနေသော တက္ကသိုလ်ကျောင်းသူ အသစ်ကလေး ...။ နိုင်ငံ့
သက်ရွေးစင် အားကစားသမား တစ်ယောက်အဖြစ် ... ကျောင်း


www.burmeseclassic.com

www.burmeseclassic.com





မှာရော ... ပြင်ပအသိုင်းအဝိုင်းမှာရော ... ကိုယ့်မိခင်ဌာန(...)တာမျိုးကလွဲရင် ... အကြီးအကျယ် ကန့်ကွက်ပြိုင်ငြင်းရကောင်း
ဝန်ကြီးဌာနမှာပါ ... မျက်နှာပွင့်လန်း ... နာမည်ကြီး ... လူ[illegible] လုံးလုံးကို မသိနားမလည်ခဲ့ ...။
လူခင် များလှသော ... မိန်းကလေးငယ်တစ်ဦးပဲ မဟုတ်ခဲ့[illegible] လုံးဝကို လှောင်အိမ်ကြီးတစ်ခုထဲ ကျရောက်သွားခဲ့
လား ...။ [illegible]သလိုမို့ ... မှန်နေခဲ့မိတဲ့ ကောင်မလေးရဲ့ အနည်ထိုင်ချိန်က ...

ခုမှ စက်ရုပ်ကြီးတစ်ရုပ် ဖြစ်သွားခဲ့ရတာ ပို့သဘော[illegible]အပ်တာထက် ပိုမြန်သွားခဲ့မိတာ ထင်ပါရဲ့ ...။ ဝါသနာနဲ့ ဗီဇ
ပို့ဆန္ဒနဲ့တော့ ဘယ်နည်းနဲ့မှ မဟုတ်ပါဘူး ကိုကိုရယ် ...။[illegible]တာကလည်း စွန့်နိုင်ခဲ့သားလေ ...။ တကယ့်ကို အနည်ထိုင်

"ရေကူးတာများ ဝါသနာမပါစမ်းပါနဲ့ ... ပို့ပြိုင်ပွဲတ[illegible]ာက်ကပ်လို့ နေပါပြီဆိုမှ ... ကိုယ်လွယ်လင့်တကူလေး မျက်စိ
မှာ ဝမ်းသာအားရ လက်ခုပ်လိုက်တီးနေကြတဲ့ သူတွေဟ[illegible]တ် စွန့်လွှတ်ပစ်ခဲ့တဲ့ ... ကိုယ့်ရဲ့ဝါသနာနဲ့ အောင်မြင်မှုကို
အားကစားစိတ်ဓာတ်တွေချည်း ပြည့်ဝနေကြလို့,လို့မ[illegible]ယ်ဘက်က ဘယ်လောက် မက်မောတွယ်တာမိသလဲ ... ဆိုတာ
ထင်နေသလား ... လူပဲ ကွက်ကြည့်ပြီး ကျိတ်ပစ်မှာ[illegible]ပါ ဝမ်းပန်းတနည်းကြီး သိခွင့်ရလိုက်ပြီ ...။ ဒါပေမဲ့ အချိန်
ကြမဲ့ကောင်တွေမှ တစ်ပုံကြီး ... ကိုကို လုံးဝကန့်ကွ[illegible]လည်း နှောင်းနေပြီ ...။ ဘယ်လိုပြန်မြှုပြင် ကြိုးစားလို့များ
တယ် ... ကိုယ့်မိန်းမကိုယ် ရေထဲချပြပြီး ... ဒုဿန[illegible]င်ဦးမှာတဲ့လဲ ...။

စိတ်ထားတွေ တစ်ပုံကြီး ဖြစ်ပေါ်စေနေတဲ့ ဓာတ်လမ်း[illegible]
ကို ... ကိုကိုက ဘာကြောင့် ခွင့်ပြုရမှာလဲ ... အမိပ္ပာယ်[illegible]
တာ ..."

ထိုသို့သော စကားမျိုးကို ... ထိုစဉ်အချိန်ကတော့[illegible]
"မှန်လိုက်တာ ... ဟုတ်လိုက်တာ" ဟု မေမေက ဝမ်းသာအာ[illegible]
လက်ခုပ်တီး ထောက်ခံခဲ့ကာ ... အချစ်တွေမှန်နေပြီး ... သူ[illegible]
ပြောတာပဲ ဟုတ်နိုးနိုး ထင်မှတ်နေခဲ့သည့် ကောင်မလေး [illegible]
ယောက်ကလည်း ... ကိုယ့်ဝါသနာကို စွန့်ရတော့မှာမို့ စိတ်[illegible]



"အားနေတယ် ဆိုတာမျိုးဟာ ... မအား,အားအောင် နေ
နေကြတဲ့ တချို့ ခပ်ပျင်းပျင်း လူတွေရဲ့ အကျင့်ဆိုးပါ
အပိုရယ် ... အိမ်ကြီးတစ်ခုလုံးမှာ ငါ တစ်ယောက်တည်း
ဆိုတာမျိုးကလည်း အဲဒီလို အားနေလို့ ပေါ်လာတဲ့ အား
ငယ်စိတ်ပေါ့ ... လူဆိုတာ ကိုယ့်ကိုယ်ကိုယ် မအားရအောင်
အလုပ်တွေ ပေးထားနိုင်ရင် ဘယ်တော့မှ မအားဘူးမှတ် ...

မင်းအနေနဲ့ မြန်မာမိန်းကလေး အိမ်ထောင်ရှင်မ
တစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ဆိုတာမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်နေကုန် အိမ်မှာတစ်တောက်တောက် လုပ်နေရ
ကိုပဲ ... မိုးလင်းရာ မိုးချုပ် တစ်စက်မှ အားလိုက်ရမှာ
မဟုတ်ဘူး ... ဒါ ကိုယ်ကပြောရပြီးရော လျှောက်ပြော
တာ မဟုတ်ဘူးနော် ... ကိုယ့်အမေဆို အဲဒီလိုပဲ ... အိ
ရှင်မကောင်းတစ်ယောက် သိပ်ပီသခဲ့တာ ... သူ ရှိစဉ်တု
က ကိုယ် အကဲခတ်ကြည့်မိဖူးတယ် ... သူ့မှာအားချိန်
တာ ရှိကိုမရှိဘူး ...

မေမေ ငုတ်တုတ်ကြီး ထိုင်နေတာမျိုး ကိုယ်တစ်
မှ မတွေ့ဖူးလိုက်ဘူး ... နေ့လယ်လည်း မအိပ်တတ်ဘူး
တီဗီတို့ ဗီဒီယိုတို့လည်း သူ ဝါသနာမပါဘူး ... ဘာမှလု
စရာမရှိတော့ရင် စာဖတ်နေတယ် ... သီးမွှေးထိုးနေတယ်
အင်္ကျီအဟောင်းတွေ ရှာဖွေပြင်ချုပ်နေတယ် ... ယောက်
ဝေယျာဝစ္စ ... သားဝေယျာဝစ္စ လုပ်တယ် ...

မင်းနဲ့ မေမေနဲ့ မဆုံဖြစ်လိုက်တာ ... ကိုယ့်အတွ
အင်မတန် ဝမ်းနည်းဖို့ကောင်းတဲ့ အချက်ပဲ ... ကိုယ့်မေ
သာ ... မင်းကို လေ့ကျင့်သင်ကြားပေးပြီးမှ ဆုံးပါးခဲ့
ကိုယ့်ဘဝကြီးက ဒီ့ထက် သာယာနာပျော်ဖွယ် ရှိမယ်ထ
တယ် ..."တဲ့ ...။

ဘယ်လောက် အတ္တကြီးလိုက်တဲ့ စကားပါလဲ
ဆုံးသွားပြီးတဲ့ လူကိုတောင် ... ဂျူတီချိန်း ... တာဝန်လွှဲအပ်ပြီ





မဆုံးလို့တဲ့ ...။ ပိုကလည်း ကိုကို့ကို ပြောပြောနေသော သူ့မေမေ
နှင့် မဆုံဖြစ်လိုက်တာကိုပဲ သူ့လောက်နီးနီးကို စိတ်မကောင်းပါ။
အဲဒီလောက် တော်ခဲ့သည်ဆိုသော ... ယောက္ခမကြီးနှင့်သာ ဆုံ
လိုက်ရရင် ပို့ဘဝကြီးကလည်း ဒီ့ထက် သာယာနာပျော်ဖွယ်ဖြစ်
လာနိုင်သည်ဟု ပိုကလည်း ထင်နေမိပါသည်။

"နောက်တော့လည်း ကလေးပါ ရလာရင် ... မင်း ဒီလို
ပျင်းတယ် အားတယ်တွေ အော်နေချိန် ရှိမှာတောင်
မဟုတ်ပါဘူး ... ကိုယ်က ကလေးကို နာနီလက်ထဲ ထိုး
ထည့်ပြီး အလကားနေ ပျင်းနေ အားနေတဲ့ မိခင်မျိုးတွေ
ကို တစ်စက်မှ လက်သင့်မခံနိုင်ဘူး ..."

ပိုလည်း အလကားနေ အိမ်ရှင်း၊ ကြမ်းတိုက်၊ သိုး
မွှေးထိုး၊ စာဖတ်တာမျိုးတွေကို ရှာကြံကို လုပ်နေတာပါပဲ ...။
ဒါပေမဲ့ ဝါသနာဆိုတာ တကယ့်ကို အရေးပါမှန်း ကိုကို သဘော
ပေါက်သင့်သည်နော် ...။ ဝါသနာမပါဘဲ အချိန်ကုန်အောင်၊
အားလပ်မနေအောင် မိုတ်ကျိုတ်လုပ်နေရတဲ့ အလုပ်တွေ ကြားမှာ
လူက ... ကြာလာတော့ ကိုကို ကြည့်မရတဲ့ စထ်ရုပ်မကြီးပဲ ဖြစ်
လာတော့တာပေါ့ ...။ ပိုက တစ်ခါတလေတော့ ... ဇွတ်မိုတ်
ပူဆာကြည့်လို့များ ရမလားလို့ ...။

"ကိုကို့ အလုပ်ထဲကို လိုက်ပြီး အလုပ်ကူလို့ မရဘူးလား"

"မင်း ဘာလုပ်တတ်မှာမို့လဲ ... အလုပ်ထဲကို အိမ်ကမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ပါခေါ်လာပြီး ရှုပ်နေ၊ ညဏ်ဓာပေးနေ၊ ကပ်နေတော့တာ မျက်စိကိုနှောက်နေတာပဲ ဆိုတဲ့ အပြောမျိုး ကိုယ်မခံနိုင်ဘူး ... ကိုယ်လုပ်သင့်လုပ်ထိုက်တာတွေ ကိုယ့်အိမ်ထဲမှာတင် တစ်ပုံကြီး ရှိနေရက်နဲ့ ... ကြားဖူးနားဝတွေ လိုက်စိတ်ကူးယဉ်နေတာမျိုး ကိုယ်မကြိုက်ဘူး အပို ..."

ကဲ ... နောက်ဆုံးကျတော့ ... အပိုဟာ တကယ့်ကို အပိုသက်သက်ဘဝနဲ့ ငပေါ်တုတ်ကြီး (ဒါမှမဟုတ်) ခတ်တတ်ကြီးပဲ ဆက်လက်ရှင်သန်နေခဲ့ရပြန်ရော ...။

"ကဲ ... ဘယ်လိုလဲ ... ဒေါ်စက်ရုပ် ... မတ်တတ်ကြီး စက်ပျက်သွားတာလား ... ဒါမှမဟုတ် ... ဆီကုန်သွားတာလား ... ကျွန်တော်မျိုး ထမင်းစားဖို့အတွက် ခင်ဗျားကို နောက်ထပ် ဘယ်နှနာရီလောက် ဆက်ပြီး သည်းခံစောင့်ဆိုင်းပေးနေရဦးမလဲ ..."

အဲဒီလိုအပြောမျိုး တစ်ခွန်းတလေလောက်နဲ့ ဆိုရင်တော့ ဝင်္ဂမကောင်းတဲ့ စက်ရုပ်မကလေးခမျာ ခပ်သွက်သွက်ကလေး ပြန်လည်လှုပ်ရှားတက်ကြွလို့ လာရပြန်ရောပေါ့နော် ...။

"ပိုက မေမေ့ဆီ စိတ်ရောက်သွားလို့ပါ ကိုကို ..."

"မရောက်နဲ့ ... မင်း အမေ လုပ်ပုံကို ကိုယ်မကြိုက်လိုက်တာ ... ဘာမှန်းမသိတဲ့ သူ့အပေါင်းအသင်းဆိုတဲ့ ငနဲတစ်ကောင်ရဲ့ ရှေ့မှာ ကိုယ့်ကို မျက်နှာခပ်တင်းတင်းနဲ့





ငြင်းပစ်လိုက်တာများ ကိုယ် ဘယ်လောက်ခံရခက်တယ် မှတ်သလဲ ... အမှန်က မင်းအမေလို ပုံစံမျိုးနဲ့ မိန်းမတစ်ယောက်ကို ကိုယ်က ဘယ်တုန်းကမှ ... ကိုယ့်မိတ်ဆွေ အဖြစ်နဲ့တောင် လက်ခံနှစ်သက်ခဲ့ဖူးတာ မဟုတ်ဘူး ... ခုတော့ကွာ ... မင်းကြောင့် ... မင်းနဲ့ရမှ ..."

"သူ့သမီး လိုချင်ရင်တော့ သူ့အမေ ကိုယ့်ယောက္ခမခဲ့ ကောင်းကျိုး ဆိုးကျိုး ဟူသမျှကို ဒီလောက်တော့ ဝေမျှခံစား ဗျာပေါ့ ... ဒါမျိုး ဒဏ်မခံချင်ရင် အစောကတည်းက သူ့သမီးကို ယူခဲ့နဲ့ပေါ့ ..." ဆိုတဲ့ စကားမျိုးကို ... "မယားနေစ ကြောင်သမှ"ဆိုတဲ့ စကားနဲ့အညီ စကတည်းက ဦးကျိုးသေဝပ်ခဲ့ပြီးသား ပိုက ကိုယ့်ထက် ဆယ်နှစ်တောင် အသက်ကြီး၊ (အသိဉာဏ်သည်းကြီးမည်ဟု ထင်မိ)သော ယောကျ်ားမျိုးကို ဘယ်ပြန်ပြောအာဒကတက်ဝံ့မှာတဲ့လဲ ...။

"ပြီးရင် သူက ကိုယ့်ဆီက မယူလိုက်တဲ့ အဲဒီပိုက်ဆံကို ... သူ့သမီးဆီကကော တကယ်ပဲ မယူဘဲ နေမှာမို့လား ... နည်းသေးတယ်တောင် ထင်နေဦးမှာများ ... အဲဒါသက်သက် မဟုတ်က ဟုတ်က အချိုးမျိုးကို ချိုးတာ ..."

အမှန်ကတော့ ... "သူ့လုပ်ရပ်တွေကြောင့် ကိုယ့်မှာစက်ရုပ်မကြီး ဖြစ်မှန်းမသိ ဖြစ်လာခဲ့ရတာပါပဲ ..." ဆိုတာတွေကို အတွေးလွန်နေမိတာပါ ...။ သို့သော် အဖြစ်မှန်ကို မပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေတော့ ... ပါးစပ်ထဲ တွေ့မိတွေ့ရာ ... "မေမေ့အကြောင်း" ရယ်လို့ဖြစ် ...။ အဲဒီတော့မှ ... သူကိုယ်တိုင်တောင် မေ့တော့မလိုလို ဖြစ်နေသော ကိစ္စတစ်ခုကို ပြန်ဆွအစဖော်လိုက်မိသလိုဖြစ် ...။ အင်း ... ဒီနေ့အဖို့တော့ မိပို တစ်ယောက်တော့ ကံမကောင်းပါလား။

"အဲဒါ ... တစ်နေ့တော့ မင်းနဲ့ ကိုယ်နဲ့ တစ်နေကုန် အချိန်ယူပြီး ဆွေးနွေးရဦးမယ် ..."

"ဘာကိုလဲ ကိုကို"

"မင်းအမေနဲ့ ပတ်သက်လို့လေ ... မင်းကြောင့် ကိုယ့်အလုပ်အကိုင်ထဲမှာ တိုးတက်သင့်သလောက် မတိုးတက်တာကို ကိုယ်တိုင်ဆုံးဖြတ်ပြီး ယူခဲ့တဲ့ မိန်းမမို့ ဒီအချက်တော့ ကိုယ်က သည်းခံနိုင်တယ်ထား ... မင်းအမေကြောင့် ကိုယ့်ရဲ့ လူမှုရေးအသိုင်းအဝိုင်းထဲမှာ တစ်နည်းတစ်ဖုံ လာရိုက်ခတ်ပြီး ကိုယ်ပါ ရောနာမည်ပျက်ရမှာမျိုးတော့ ကိုယ်ဘယ်လိုမှ သည်းညည်းခံနိုင်မှာ မဟုတ်ဘူးနော် ... ကိုယ်ကြိုပြောထားတယ် ..."

"မေမေက ..."

"မေမေက ဘာလုပ်နေလို့လဲလို့ ပြန်မမေးနဲ့ ... မင်းအမေ ဘာလုပ်လုပ် ကိုယ့်မျက်စိထဲတော့ မတွေ့လှတာချည်းပဲလို့ သာမှတ် ..."





ကဲ ... ဘာပြောနိုင်ဦးမှာလဲ ...။ စကားမပြန်ရင်လည်း မထုံတက်တေးနဲ့ အသည်းယားစရာကောင်းသော စက်ရုပ်မကြီး ဖြစ်ရဦးမည်။ စကားပြန်မိပြန်တော့လည်း ကိုယ့်စကားမှ မဆုံးခင် ဖြတ်ချခံလိုက်ရပြီး ဆွေးနွေးဖြေရှင်းခွင့် ဆိုတာကတော့ လုံးဝဥဿုံကို မရှိဘူးပဲ မဟုတ်လား ...။

"ကြာကြာနေရင် မင်းကိုပါ ထိခိုက်လာမယ် ..."

"ရှင် ..."

"မင်းကိုယ်တိုင်ကို ကိုယ်စိတ်ပျက်ရတာထက် ... မင်းအမေကြောင့် မင်းကိုပါ စိတ်ပျက်လာရတယ် ဆိုတာက ပိုဆိုးလိမ့်မယ်လို့ ကိုယ် ထင်တယ်"

ပိုက ကိုကို့ကို ထိတ်လန့်တကြား မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်လိုက်မိပါသည်။ ဘယ်လောက်မှ မကြာသေးဘူးလေ ကိုကိုရေ ...။ တစ်နှစ်ကျော်ကျော် ... တစ်နှစ်ခွဲလောက်ရှိရုံ ... နှစ်နှစ်မပြည့်သေးတဲ့ အတိုင်းအတာဆိုတာ ... ယောကျ်ားတစ်ယောက်အတွက် ကိုယ်ချစ်ခင်နှစ်သက်မြတ်နိုးလို့ကို အတင်းအကျပ် လက်ထပ်ယူထားသော မိန်းကလေးတစ်ယောက် အပေါ် စိတ်ပျက်သွားဖို့ လုံလောက်တဲ့ အတိုင်းအတာ ပမာဏတဲ့လား။ "မင်း သိပ်လှလွန်းတာပဲ ပို ... ကိုကိုတော့ ဘယ်လိုမှ စိတ်ချလက်ချ မျက်စိမှိတ်မထားနိုင်လို့ ... အမြန်ဆုံးပဲ လက်ထပ်ကြရအောင် ပို ..." ဆိုတာဟာ ခုလို ခပ်မြန်မြန်ကြီး ပြန်လည်စိတ်ပျက်သွားစေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖို့အတွက် အစပျိုးခဲ့တဲ့ သဘောမျိုးကြီးလား ...။

ပို့မှာ မျက်လုံးကြီး ပြူးနေရုံအပြင် ဘာမှလဲ ပို တတ်နိုင်မဲ့သူ မဟုတ်ပါဘူး ကိုကိုရယ် ...။ ပို့ရဲ့ တစ်ခုတည်းသော စိတ်ဖြေရာဟာ ... "ကိုယ့်အပေါ် အားမလို အားမရမှုတွေ ရှိနေနိုင်ပေမဲ့ ... ကိုကို့ရဲ့ ချစ်မြတ်နိုးခြင်းကိုတော့ ပို ပိုင်ကိုပိုင်နေသေးတာပဲ ..."ဆိုတဲ့ ယုံကြည်နိုင်ခြင်း တစ်ခုသာပါ ...။

အဲဒါကိုမှ ဆက်လက် မယုံကြည်နိုင်တော့ဘဲ ... ချစ်မြတ်နိုးခြင်းအစား စိတ်ပျက်ခြင်းဆိုတာတွေကိုသာ အစားထိုးလက်ခံရရှိရတော့မည်ဆိုရင်တော့ လှောင်အိမ်ကြီးတစ်ခုထဲမှာ အဖော်ကင်းမဲ့နေရသော မိန်းမတစ်ယောက်အဖို့ ... ခပ်မြန်မြန်ကလေးခါးနဲ့အထိုးခံလိုက်ရတာကမှ သက်သာလိမ့်ဦးမည်ထင်သည်။

ကိုကိုကတော့ ထမင်းဝိုင်းမှာ စားကောင်းလျှင်လည်း တစ်ပန်းကန်ခွဲ ...၊ စားကောင်းသည့်ပုံ မရလျှင်လည်းပဲ တစ်ပန်းကန်ခွဲ ...။ ကိုကိုဟာ သူကောင်းဖို့အတွက်ကိုတော့ဖြင့် အင်မတန်မှကို သိကာ ... အတိအကျ လိုက်နာနိုင်သူတစ်ယောက်လည်းပဲ ဖြစ်ပါသည်။ ပို့မှာတော့ တို့ကနန်း၊ ဆိတ်ကနန်းနှင့် ... ထမင်းကို နှစ်လုပ် သုံးလုပ်မျှသာ စားဝင်လည်း ... ကိုကိုကတော့ ... အသေးစိတ် လိုက်ကြည့်သိရှိကာ ... စိတ်ဝင်တစားမေးမြန်းပူပန်ပေးမည့်ပုံလည်း မရှိ ...။





## အခန်း(၂)

အသက်ကလည်း နည်းနည်းရလာ၍ ဒူးနာ၊ ခါးနာ အစုံဖြစ်ချင်နေသော မေမေ့အတွက် ... မြမ့ဟာက သမီးလိမ္မာလေး တစ်ယောက် ဖြစ်လိုမိပေရာ ... တစ်ခါတစ်ရံသော စနေ တနင်္ဂနွေတွေမှာ အိမ်ပြန်ခွင့်ရလျှင် မြမဟာသည်သာ ... ဤအိမ်အတွက် ဈေးအဝယ်တော် ...။

သူ့သမီးရဲ့ အင်မတန် ရွှတတ်မှုနဲ့ ဈေးဝယ်ပျင်းတတ်တဲ့ အကျင့်တို့ကို သိထားပြီးသား မေမေကတော့ "ဒီအပတ် မြမဟာ ဈေးဝယ်ထားပေးခဲ့မယ်" ဆိုလျှင် ..."သာဓုပါတော် ... သာဓုပါ"ဆိုတဲ့ ဆုတောင်း ထောပနာသံတွေက မပြီးနိုင်တော့ပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲရောက်လျှင်တော့ မြမဟာက မေမေ့လို တနလာ့ ... ဘာ ...။ အင်္ဂါ ... ဘာ ...။ အစီအစဉ်အကွက်တွေ ချကာ ဈေးမဝယ်တတ်ပေါင် ...။ မျက်စိထဲတွေ့ရာ အသားငါး ပုစွန် ခုနစ်မျိုးလောက်နဲ့ ဟင်းသီးဟင်းရွက် ဆယ်မျိုးလောက်ကို သိမ်းကျုံးဝယ်ပစ်လိုက်လျှင် ... ဒါ တစ်ပတ်စာ အိုကေပြီ ...။

"ဟာ ... အစ်မ ... အစ်မ ... အစ်မ ..."

သားငါးက ခုနစ်မျိုး မပြည့်တတ်သေး၍ ငါးပုစွန်တန်းကို တတိယအကြိမ်မြောက်အဖြစ် ပတ်အလျှောက် ... ရုတ်တရက် အော်ဟစ်သံတွေ ဆူညံသွားကာ ... မြမဟာမှာ တစ်စုံတစ်ယောက်ရဲ့ ဆောင့်ဆွဲလိုက်သလို ခံစားမှုနှင့် ချော်လဲကျမတတ် ပက်လက်ကြီး ယက်ကန်ယက်ကန် ဖြစ်သွားပြီးလျှင် ... နားထဲ၌လည်း "ဗို"ခနဲ ...။

"အား ..."

တစ်ဈေးလုံးပင် ဝိုင်းအော်လိုက်ကြသလား မသိနိုင်သော အာမေဋိတ်သံ ကျယ်ကျယ်ကြီးတစ်ခု အပြီးမှာတော့ ... "ဒုတ် ... ချွမ်"ဟူသော ဘာမှန်းမသိသည့် အသံတွေကိုပါ ဆက်တိုက်ကြားလိုက်ရပါသည်။ မြမဟာက ကိုယ့်ရဲ့နောက်ဘက်ကို ခပ်မြန်မြန်ကြီး လှည့်ကြည့်လိုက်မိပြီးမှ ကိုယ့်ခြေထောက်တွေကိုလည်း ကိုယ်ပြန်ငုံ့ကြည့်လိုက်မိပါသည်။





ဈေးထဲမှာ ခြေထောက်အပေအရေ သက်သာအောင် ဒေါက်ဖိနပ် ခပ်မြင့်မြင့်ကိုမှ တမင်ရွေးစီးလာသည့် မြမဟာ၏ ခြေထောက်တစ်ဖက်ဟာ ခပ်တည်တည် စတိုင်တက်းတင်းနှင့်ပင် ... တခြားမိန်းကလေးတစ်ဦး၏ ခြေဖမိုးပေါ်၌ ...။

"ဟာ ... ဆောရီး ... ဆောရီး ..."

မြမဟာက ကိုယ့်ခြေထောက်ကိုယ် အမြန်ဆုံး ပြန်လည်ရုပ်သိမ်းကာ နောက်ဘက်သို့ သေချာကြီးလှည့်ပြီး ထိုမိန်းကလေးကို အားနာလွန်းစွာ တောင်းပန်လိုက်မိသည်။ သူ့ခမျာ ... နာလည်းနာ ... ပေလည်းပေ ...။ မြမဟာ ကိုယ်တိုင် ခံစားရမည်ဆိုရင် ဘယ်လိုမှ နှစ်ခြိုက်ကျေနပ်နိုင်မှာ မဟုတ်တဲ့ အခြေအနေကြီးနဲ့လေ ...။

"ရပါတယ် အစ်မရယ် ... ပိုကတော့လေ ... အစ်မတော့ ဓားကြီးထိပါပြီ ဆိုပြီး ..."

သူ ပြောမှပင် ဖြစ်ပျက် ရုပ်ယှက်ခတ်သွားသော အခြေအနေတစ်ခုကို စတင်စပ်စုကြည့်ဖို့ မြမဟာက သတိရတော့သည်။

"ဘာဖြစ်တာလဲဟင် ... ခုနက ..."

"ဟင် ... အစ်မ မသိလိုက်ဘူးလား ... အစ်မကို ပိုလှမ်းဆွဲလိုက်တာလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်သလိုပဲ ... အဲဒါ လှမ်းဆွဲလိုက်တာလား ... တို့ဘာသာ ခြေချော်သွားတာ မဟုတ်ဘူးလား ..."

"ဘယ်ကလာ အစ်မကလဲ ... ဟိုငါးကြင်းသည်ကြီး ... ဓားကြီးမြှောက်ပြီး သူ့ငါးကို ဆောင့်ခုတ်ချလိုက်တာ ... ဓားက ဓားလက်ကိုင်ကနေ ကျွတ်ထွက်ပြီး အစ်မဘက် 'ဗိုု'ခနဲ ပြေးလာတာရော ... အစ်မသာ နောက်မလန်ကျသွား ... ရင် အထိပဲ ... အခုတော့ အစ်မကို ဖြတ်ပြီး ဟိုးရှေ့ ... ဈေးသည်တစ်ယောက်ရဲ့ ဘေးကတိုင်မှာ 'ဒုတ်'ခနဲ သွား ... စိုက်ပြီးမှ အောက်က သမံတလင်းပေါ် ပြုတ်ကျသွား ... တာ ..."

ရုတ်တရက်မှာ ရယ်သံတွေရော ဆဲသံတွေပါ မွှန် ... သွားပြန်သည်။ ဓားပိုင်ရှင် မိန်းမကြီးက သူ့ဓားသူ ပြန် ... အကောက်မှာ သူ့ဆိုင်တိုင်ကို ဓားမှန်ခံရပြီး သူကိုယ်တိုင်လည်း ... သီသီကလေး လွဲခဲ့ရသော ဈေးသည်မကြီးတစ်ယောက်က လှ ... ဆဲထည့်လိုက်ခြင်း ဖြစ်လေသည်။ ဒီတော့မှ ငါးကြင်းသည် မိန်း ... ကြီးရဲ့ လက်ထဲက ဓားမကြီးကို ကြည့်မိပြီး မြမဟာ တစ်ယော ... ဘုရားတ ... ရင်ဘတ်ဖိရတော့မလို ဖြစ်သွားပါတော့သည်။

ကြာကြာကြီး ဆက်ကြောင်မနေသင့်ပါ ...။ လ ... က ပိုက်ဆံအိတ်ကို အမြန်ဖွင့် ... တစ်ရှူးစက္ကူအိတ်ကို ဆွဲ ... ပြီး ကျေးဇူးရှင် ကောင်မလေးရဲ့ ခြေထောက်နားမှာ ဖျ ...





ဆိုင်ချပစ်လိုက်သည်။ သူ့ခမျှာ ကယ်လည်း ကယ်ရသေး ... နာ သည်းနာ ... ပေလည်း ပေရသေး ...။

"ဟာ ... အစ်မ ... အစ်မ ... ဘာလုပ်တာလဲ ... ဩော် ... ရပါတယ် ... ခြေထောက်ကို မကိုင်နဲ့လေ ... အယ် ... ကန်တော့ ... ကန်တော့ အစ်မ ... ရတယ်"

ပို့မှာ ကိုယ့်ခြေသလုံးကို ကောင်းကောင်းဆုပ်ကိုင် ... ာ ခြေဖမိုးကို ပယ်ပယ်နယ်နယ် စနစ်တကျ သုတ်နေတော့သော ... စ်မကြီးကြောင့် မနေတတ် မထိုင်တတ်ကြီးနှင့် ခြေမကိုင်မိ၊ ... က်မကိုင်မိ ...။

"အစ်မ ... ရတယ် ... ရတယ်ဆို ... တော်ပြီ ..."

"ပြီးပြီပဲ ... သုတ်မဲ့သုတ် စင်အောင်သုတ်တာက ကောင်းတာပေါ့ ... ကြည့်စမ်းပါဦး ... နီရဲပြီး ချိုင့်သွားတာပဲ ..."

"ရတယ် ... ကိစ္စမရှိဘူး ... မနာဘူး ..."

"ဘယ်လိုလုပ် မနာဘူး ဖြစ်နိုင်မလဲ ... ရရဲ့လား ... လျှောက်ကြည့်ပါဦး ... တစ်ခါတလေကျ ခုအကောင်း ... တော်တော်ကြာကျမှ ရုတ်တရက် ထိုးနာတက်လာပြီး ကျိုးတာပြုတာတွေ ဖြစ်တတ်တယ် ..."

"ဟင်း ဟင်း ... ကျိုးတော့ မကျိုးနိုင်ပါဘူး ..."

"ကြည့် ... ဒီလောက် နီရဲနေတာတောင် ရယ်နေနိုင်သေး တယ် ... ရရဲ့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ရပါပြီ ..."

"ဈေးဝယ်လိုက ပြီးပြီလား ... ဆေးခန်းတစ်ခုခု သွားမလား

ဟင်"

"အစ်မကလည်း ရပါတယ်ဆို ... ဈေးလည်းဝယ်လို့ပြီး

ပါပြီ ... ပြန်ရုံပဲ ..."

'ဝယ်ပြီးပြီ'ဟု ဆိုသူရဲ့ခြင်းတောင်းထဲမှာ အသား

ဖြစ်ဟန်တူတာလေးက ခပ်သေးသေး နှစ်ထုပ်လောက်၊ ဟင်းရွက်

ကလေး နှစ်မျိုး သုံးမျိုး တစ်စီးစီနှင့် တခြား ဘူလိနတ်စ

အနည်းငယ်နှင့်မို့ ခြင်းတောင်းကြီးနှစ်ခု အပြည့်မောက် လျှံနေ

တောင် မပြီးသေးသည့် ကိုယ့်အဖြစ်ကိုယ် မြှမဟာက စိတ်ပျက်

လက်ပျက်နှင့်ပင် ရယ်ချင်သလို ဖြစ်သွားရရင်း ...

"တို့ကတော့ မပြီးသေးဘူး ... စိတ်ကုန်ပါတယ် ... ဒါ

တော်ပြီ ... တော်လိုက်တော့မယ် ... ညီမမှာ ကားပါ

လား ... မပါရင် တို့ ပြန်လိုက်ပို့ပေးမယ်"

"ကားမပါပါဘူး ... ဒါပေမဲ့ ပိုက ဟိုဘက်နှစ်လမ်းကျော်

တင်နေတာ ... လမ်းပဲ လျှောက်ပြန်မှာပါ ... အစ်မလိုက်

မပို့ပါနဲ့ ... ကိစ္စမရှိဘူး ..."

"ကားမပါရင် လိုက်ပို့မယ်လေ ... ဒီခြေထောက်ကြီးနဲ့ ..."

"ဒီခြေထောက်ကြီးက ဘာမှမှ မဖြစ်တာ အစ်မရဲ့ ..."





ပိုက ခေါင်းကို ခပ်သွက်သွက်လေး ယမ်းခါလိုက်

ပါသည်။ ကားစီးပြီး အိမ်ကို ရွှတ်ခနဲ ပြန်ရောက်သွားမှာမျိုး

ဖြစ်ချင်လို့ပါ အစ်မရယ် ...။ နှစ်လမ်းကျော်လောက် အကွာ

အဝေးကို လမ်းကလေး လျှောက်ရင်း ... သွားလာလှုပ်ရှားနေ

ကြတဲ့လူတွေ ကားတွေထဲ ကိုယ်ပါ ခဏတဖြုတ် စိတ်လွတ်

ကိုယ် လွတ် ရှိလိုက်ရတဲ့ အရသာလေးကို ဘာနဲ့မှ မလဲနိုင်လို့

ပါ ...။

"အစ်မသာ ခြင်းကြီးနှစ်လုံးနဲ့ ... တစ်ယောက်တည်း နိုင်

ရဲ့လား ... ကားက ဘယ်မှာရပ်ခဲ့တာလဲ ... ကားအထိ

ပို ကူဆွဲလိုက်ပို့မယ်လေ ..."

"အမယ်လေး ... ရှာရှာကြံကြံ ... ခြေနာတဲ့လူကပဲ တို့ကို

ပြန်ကူနေရဦးမယ်လို့ ..."

"ခြေမနာပါဘူးဆို ... အစ်မကလည်း ဒါပဲပြောနေတယ် ...

အစ်မတို့အိမ်က လူများလို့လား ... အများကြီးပဲနော် ...

ဈေးဝယ်ရတာ ..."

"မများပါဘူးကွယ် ... နှစ်ယောက် သုံးယောက်ပါ ... ဈေး

ဝယ်ရတာ သိပ်အဆင်မပြေလို့ တစ်ခါ တစ်ခါ ဝယ်ရင်

တစ်ပတ် ဆယ်ရက်စာ ဝယ်ထားတာပဲ ..."

"ပိုကတော့ နေ့တိုင်း ဈေးလာတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ချက်မှာတော့ ကိုကိုဟာ ပို့ရဲ့ ဉာဏ်နီဉာဏ်
နက်လေးကို သိပ်လိုက်လို့ မမီရှာ ...။ "ရေခဲသေတ္တာ ရှိ
တစ်နေ့စာ တစ်နေ့ ဈေးဝယ်မှ အစစ်အမှန် လတ်ဆတ်ချိုမြ
အရသာကို ရရှိနိုင်မည်" ... ဟု ဆိုလိုက်ရုံရှိသေး ... ကိုယ်ကော
ဖို့အတွက်ကျ ကိုယ်သိပ်သိတတ်သော ကိုကိုက ... "ဟုတ်တယ်
မေမေလည်း အဲဒီလိုပဲ ပြောခဲ့ဖူးတယ်"ဟု ဆိုကာ ... "နေ့တိုင်
ဈေးဝယ်ထွက်စေ"ဟု အမိန့်ကျလေသည်။ ပို့မှာတော့ နေ့တိုင်း
ကားတွေ လူတွေနဲ့ ထိတွေ့ ...၊ လွတ်လပ်သောလေကို၅။

"ပိုက ... တစ်နေ့စာ တစ်နေ့ ဈေးဝယ်ရတာကို ကြို
တာလေ ..."

ရင်းရင်းနှီးနှီးကလေး ပြုံးကာ ပြောလိုက်သော
စကားကြောင့် မြမဟာမှာ "ဖြစ်ရလေ ..."ဟုပင် ဖြစ်ရပါသည်
မြမဟာရဲ့ စိတ်ထဲမတော့ "လူတွေဟာ အစားလေးတစ်
အတွက် အင်မတန် ဓာချဲ့အပင်ပန်းခံတတ်ကြတာမျိုးလည်း
ရှိသေးတာကိုး ..."ဟု အောချချင်စိတ်ပင် ပေါ်မိတော့သည်။

"တို့ကတော့ ဈေးလာရတာ သိပ်မုန်းတာ သိလား
တခြားအလုပ်တွေပဲ အမျိုးတစ်ရာလောက် တစ်ခါတည်း
လုပ်ချပစ်လိုက်ချင်တယ် ... ဈေးတစ်ခေါက် မလာချင်
ဘူး ..."





"ပိုကတော့ အဲဒီလို လမ်းကလေးလျှောက်ပြီး ဈေးလာ
ဝယ်ရတာကိုပဲ အရသာ သိပ်တွေ့တာ အစ်မရဲ့ ..."

"ဆန်းပြားလိုက်တာကွယ် ..."

ပိုက ရယ်ချင်ပက်ကျိ ဖြစ်သွားကာ 'တခိခိ' ရယ်
မိပါသည်။ အေးပေါ့လေ ... ပို့ရဲ့ ဖြစ်အင်ဆိုးကို မသိနိုင်
တဲ့ သူစိမ်းတွေကတော့ ပို့ရဲ့ "အရသာ" ဆိုတဲ့ ကိစ္စကို ဆန်း
ပြားပြားပဲ ဖြစ်နေကြတော့မှာပေါ့။

ပိုနှင့် မြမဟာတို့ စကားတပြောပြောနှင့် မြမဟာရဲ့
ရပ်ထားခဲ့ရာ နေရာဆီသို့ ရောက်လာကြပါသည်။ မြမဟာ
ကားလေးက တံခါးသော့ခတ်ကာ ပိတ်ထားပြီး မောင်းသူ
ဘော ပါမလာဘဲ ... မြမဟာကိုယ်တိုင် မောင်းလာတာပါလား
သိလိုက်ရလျှင် ပို့ရဲ့မျက်ဝန်းကလေးတို့ဟာ အားကျစိတ်တို့
တလက်လက် ...။

"ကဲ ... လမ်းသိပ်လျှောက်ချင်နေတဲ့ ကလေးမလေး ...
ကားနဲ့ လိုက်ပြန်ပို့ပေးစရာ မလိုဘူး ဆိုတာ တကယ်ပဲ
သေချာသလား ..."

ပိုက ခေါင်းကလေးကို ဆတ်ခနဲပဲ ညိတ်ပြလိုက်
သည်။ ပြီးလျှင်တော့ မြမဟာ တစ်ယောက် ဘယ်လိုပင်တား
... ဈေးဆွဲခြင်းကြီးများကို မြမဟာရဲ့ ကားနောက်ဖုံးထဲ
င်းဝိုင်းကူ ထည့်ပေးနေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“လမ်းသိပ်လျှောက်ချင်နေတယ် ဆိုပေမဲ့ ... အစ်မငယ် ကိုယ့်ကားလေး ကိုယ်မောင်းပြီး သွားလာနေရမယ် ဆိုရင်တော့ ပိုပြီးကြိုက်တာပေါ့ အစ်မရယ် ...”

“ဟော ... ဒါဆို ပေါ်ပြီ ... လမ်းလျှောက်ရတာကို တကယ် ကြိုက်တာ မဖြစ်နိုင်ဘူး ... တို့ကို အားနာနေတာပဲ ဖြစ်ရမယ် ... လာ ... လာ ... ငြင်းမနေနဲ့တော့ ... သိပြီ...”

“အာ ... မဟုတ်ဘူး အစ်မရဲ့ တကယ်ပြောတာပါ ... အစ်မ လိုက်ပြန်ပို့မှာနဲ့ စာရင်တော့ လမ်းလျှောက်ရတာကိုပဲ ပိုကြိုက်ပါတယ် ... ဟို ... ဘယ်လိုပြောမလဲ ... ကလေ ... တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနေချင်တာပါ ... လမ်းလျှောက်တာ ... ကစီးတာက အဓိက မဟုတ်ဘူး ... ပို တစ်ယောက်တည်း လမ်းထွက်ပြီး သွားလာနေရရင် ပြီးရော”

မြမဟာရဲ့ စိတ်ထဲ “ဘယ်လို ကောင်မလေး... လိမ့် ...”ဟုပင် ထင်လိုက်မိပါသည်။ မြမဟာထက် ငါးနှစ်လော... ငယ်နိုင်သော ဒီကလေးမဟာ ... ကျောင်းသူအရွယ်လောက်က... နှင့် ... စိတ်က တည်ငြိမ်မှု မရှိနိုင်သေးဘဲ ... စိတ်လေချင်နေ... မျိုးလား ...။ “အပြင်ထွက်ရတာ ကြိုက်လို့ နေ့တိုင်း အပင်ပန်း... ခံပြီး ဈေးလာတယ်”ဆိုတာကြီးကတော့ သိပ်နှစ်သက်လက်ခံ... စရာ အလုပ်မဟုတ်လှပေ ...။ သူတို့သမီးကလေး စိတ်လေချင်... ဖြစ်နေတာကို သူတို့အိမ်က လူကြီးမိဘတွေခများ သိမှသိကြပါ ...သား ...။





“တို့ နာမည်က မြမဟာတဲ့ ... ရော့ ... ဒါတို့ရဲ့ Visiting card ... တို့လိပ်စာရော ... အလုပ်လိပ်စာပါ ပါတယ်နော်... ညီမလေးက တို့ရဲ့အသက်သခင် ကျေးဇူးရှင်လို့ဆိုတော့... တို့စိတ်ထဲ အလိုလိုနေရင်း ရင်းနှီးသွားမိသလိုပဲ ... တစ်ခုခု အကူအညီ လိုအပ်တာ ... တို့ လုပ်ပေးနိုင်တာရှိရင် တို့နဲ့ ထပ်ဆက်သွယ်ပါနော် ... တို့ဘက်ကလည်း တစ်ခုခုပြန်ပြီး ကျေးဇူးဆပ်ခွင့် ရချင်ပါသေးတယ် ...”

“ဟာ ... အစ်မကလည်း ... ခရီးကြုံ လမ်းကြုံ မဆိုစလောက်လေး လုပ်ပေးလိုက်ရတာကိုပဲ ... ကျေးဇူးရှင်ကြီးရယ်လို့ ... ရှက်စရာကြီး ...”

မြမဟာရဲ့ ကြော့ရှင်းသပ်ရပ်နေသောပုံစံ ...၊ ကားနဲ့ ...နဲ့ သိပ်လိုက်ဖက်လှတဲ့ စတိုင်နဲ့ဟန်ပန် ...၊ ဘာမှန်းမသိ ... ...ကျမှ အတော်ကြီး ... ကြိုးစားပမ်းစားကြီး ဖတ်ယူရဦးမည် ...သော အင်္ဂလိပ်စာတန်းတွေ တစ်ပုံကြီးနှင့် လိပ်စာကတ်တို့ကို ...ကြည့်ပြီး ... ပို့မှာ အားတွေကျကာ စိတ်လှုပ်ရှားလို့ ...။

“ညီမနာမည် ပြောဦးလေ ...”

“ ‘အပို’ပါ ... ပိုကတော့ အစ်မကို ပြန်ပေးစရာ ... အစ်မလို ဒီလိုကတ်တွေ ဘာတွေလဲ မရှိဘူး ...”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … တို့က လူကြီး …၊ အလုပ်နဲ့ အကိုင်နဲ့ ဖြစ်နေရပြီဥစ္စာ … ညီမတို့အရွယ်လေးကတော့ … ကျောင်းသူတွေပဲဟာ … Visiting Card တွေ ဘာတွေ ဘယ်ရှိနေနိုင်ပါ့မလဲ …"

"ပိုက ကျောင်းသူလည်း မဟုတ်တော့ပါဘူး …"

မြမဟာက တစ်မျိုးကလေးပင် ဖြစ်သွားရကာ … "အပို" ဟူသော ကလေးမလေးကို အကဲခတ် ကြည့်လိုက်မိပါသည်။ မှုန်အစ်အစ်ကလေးနှင့် အဖော့်ကို လုပချောမောသည်ဟု ဆိုနိုင်သော ကောင်မလေးမှာ … နှစ်လမ်းကျော်ကဈေးကိုလာသည်ဆိုသော်လည်း အတော်ကြီး ကောင်းမွန်အဆင့်မြင့်နေသော အဝတ်အစားများနှင့် … ထမင်းချက်၊ အိမ်အလုပ်သမားပုံစံလည်း မဟုတ်ပါဘူး …။ ဒီနားတစ်ဝိုက်က ရပ်ကွက်တစ်ခုလုံးဟာလည်း … ရန်ကုန်မြို့မှာတော့ အထင်ကရ နာမည်ကျော် ရပ်ကွက်မျိုးဖြစ်ရာ … ကောင်မလေးရဲ့ အခြေအနေဟာ… ဒီအရွယ်လေးနဲ့ … "ကျောင်းသူ မဟုတ်တော့ပါဘူး" ဟု ဆိုရလောက်အောင်လည်း မပြေမလည်ထဲက မဟုတ်တန်ရာ။

အတော်ကြီး စိတ်ဝင်စားဖို့တော့ ကောင်းနေပြီ။ အခြေအနေ မြင့်မြင့်ထဲကပဲ ဖြစ်တန်ရာသည့် ကောင်မလေးရဲ့ လူကြီးမိဘတို့ဟာ … ဒီအရွယ် ဒီလိုစိတ်ကလေး ခပ်လေလေ သမီးငယ်မျိုးကို ဒီလိုပဲ လုပ်ချင်ရာလုပ်ဖို့ တစ်ယောက်တည်း





လွှတ်ထားပေးသလား …။ ပညာဘက်မှာ မလိုက်နိုင်လို့ ဆက်သင်ယူနိုင်တော့တာမျိုး ဆိုရင်လည်း အကျိုးရှိ အသုံးဝင်မည့် တစ်ခုခုကို စီစဉ်ပေးလိုက်ကြတာမျိုး မရှိကြဘူးတဲ့လား …။

"သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအလုပ်" ဆိုသမှ နယ်တွေဆင်းတိုင်း … ကြုံကြိုက်ရသမျှ လူတန်းစားပေါင်းစုံတို့ရဲ့ လူမှုရေးကိစ္စ အဝဝကိုပါ ကိုယ်တတ်နိုင်ရင် တတ်နိုင်သလို လိုက်လုပ်ပေးနေရသည့် မြမဟာမှာ … သာမန်တော့ဖြင့် မဟုတ်သော … တစ်မျိုးကလေး ဖြစ်နေသော ဒီကောင်မလေးကို … အတော်ကြီးပဲ စိတ်ဝင်စားသွားမိရပါပြီ။

"ပို့မှာ အသိမိတ်ဆွေ တစ်ယောက် တိုးရတာ ဝမ်းသာပါတယ် … ပို အစ်မဆီကို ဖုန်းဆက်မယ် သိလား …"

"တို့က ရန်ကုန်အိမ်မှာတော့ ရှိခဲ့တယ် … နှစ်ပတ်တစ်ခါ စနေ၊ တနင်္ဂနွေမျိုးတွေမှ ပြန်လာတတ်တာ … ပဲခူးက အလုပ်လိပ်စာမှာ ရှိတာ များတယ် … ဒါပေမဲ့ အဲဒီက ဖုန်းဆက်ရတာတော့ ခက်တယ် … မဆုံချင်လို့ တမင်ပြောနေတာ မဟုတ်ဘူးနော် … တို့က ပဲခူးမှာ ရှိနေချိန်ဆိုရင်လည်း နယ်တွေ ဆင်းနေတာကပဲ များနေတော့ … ဒီလိုလုပ်ပါလား၊ ညီမအိမ်လိပ်စာနဲ့ ဖုန်းနံပါတ်လည်း ရှိရင်ပေးထားလေ … တို့ ရန်ကုန်ပြန်ရောက်တိုင်း ဆက်သွယ်လိုက်မယ် … တွေ့ကြတာပေါ့ …"



www.burmeseclassic.com

www.burmeseclassic.com



ပို့ ခမျာ မျက်နှာကလေး ခပ်ငယ်ငယ်နှင့် ဖြစ်သွားရပါသည်။ ပို့မှာ ကျောင်းတုန်းက သူငယ်ချင်းလေး နှစ်ယောက်သုံးယောက် … ဌာနက အားကစားသမား သူငယ်ချင်းနှစ်ယောက်သုံးယောက်လောက်ကလွဲရင် အမြဲ ဆက်သွယ်ပေါင်းဖော်နေဖြစ်သည့် မိတ်ဆွေသူငယ်ချင်း ဆိုတာမျိုး တကယ့်ကိုပဲ ရှားပါးလှတာပါ …။

ထိုရှားရှားပါးပါးသော သူငယ်ချင်းတို့သည်လည်း ကိုကိုနှင့် အိမ်ထောင်ပြုလိုက်ပြီးသည့်အခါမှာ … သူတို့ဘက်က ဆက်သွယ်တိုင်း ကိုယ်က မသွားနိုင် … မပါနိုင်နဲ့ … ကိုကို့ပုံစံကလည်း သူတို့တွေအပေါ် အဖော်ရွေကြီး မဟုတ်လှသောအခါ … ရှိသလောက်လေးနှင့်တောင် ပြတ်စဲနေကြသလို ဖြစ်နေတာပါ …။

ဒီလိုမျိုး အားကျစံထားစရာ ကောင်းသည့် အစ်မကြီးမျိုးနှင့် အသိမိတ်ဆွေ တိုးရမှာမျိုး … ပိုက ဘယ်မကြိုက်ဘဲ … မလိုချင်ဘဲ ရှိပါ့မလဲ …။ ဒါပေမဲ့ ကိုကိုက ဘာပြောဦးမည်မသိ …။ သူ မကြိုက်တာရှိရင် မှိုင်းမှုန်ပြီး မျက်ထောင့်နီနေတတ်တဲ့ ကိုကိုဟာ … အရင်ကတည်းက ရှိနှင့်ပြီးသား အသိအကျွမ်းမျိုး မဟုတ်ဘဲ … ခုမှ ဈေးလာရင်း ခရီးသွားဟန်လွှဲ … မိတ်ဆွေသစ်တစ်ယောက် ရောက်ရခဲ့သည်ဆိုရင် … သူ ကြိုက်မှ ကြိုက်နိုင်ပါ့မလား။

သူ့လိပ်စာတွေ ဖုန်းနံပါတ်တွေပါပေးကာ … အိမ်လာလည်ခိုင်း … ဖုန်းတဂွမ်ဂွမ်ဆက်ခိုင်း ဆိုတာမျိုးကိုရော …





မကျေနပ်နိုင်ဘဲ … "မင်းကြောင့် … ကိုယ့်အိမ်မှာ ရှုပ်တီးရှုပ်ယှက်ကွာ …" ဟု ဆိုချင်နေတော့ဦးမှာလား …။

"ပိုပဲ ဆက်သွယ်လိုက်ပါ့မယ် အစ်မရယ် … အစ်မ ဒီအပတ် ပြန်ရောက်လားလို့ ရန်ကုန်အိမ်ကိုပဲ ဖုန်းဆက်, ဆက် မေးကြည့်နေမှာပေါ့ … ပို့ကိုတစ်မျိုးတော့ မထင်ပါနဲ့နော် … လူစိမ်းတစ်ယောက်ကို လိပ်စာတွေ၊ ဖုန်းနံပါတ်တွေပေးရင် ရမလားဆိုတာ … အိမ်မှာ ပြန်မေးကြည့်စုံစမ်းရဦးမှာမို့ပါ …"

မြမဟာ တစ်ယောက် မျက်လုံးများပင် ပင့်တင်လိုက်မိအောင် အံ့သြသွားရပါတော့သည်။ ကျောင်းသူအရွယ် ဆိုသော်လည်း … ဒီအရွယ်ကြီး ရှိနေပြီဟာ … သူစိမ်းတစ်ယောက် ဆိုတာကလည်း မိန်းမချင်း …။ ဒါကိုပဲ ခင်လို့ရမရ … လိပ်စာဖုန်းနံပါတ် ပေးခွင့် ရှိမရှိ အိမ်ပြန်မေးရဦးမယ်လို့ပဲ …။ ဒီခေတ်ကြီးထဲမှာ ထူးထွေတည့်အံ့ရာသော်။

သို့သော် … လူဆိုတာက … ကိုယ့်အကြောင်းနဲ့ကိုယ် … သူ့အကြောင်းနဲ့သူလေ …။

"အိုကေလေ … ဒါဖြင့် ညီမပဲ ဆက်,ဆက်နေပေါ့ ဟုတ်လား …"

"ဟုတ်ကဲ့ … အစ်မ … ပိုက အစ်မနဲ့ ခင်ချင်ပါတယ် …"

"ဟုတ်ပါပြီ … ဒါဆို တို့ သွားလို့ရပြီလား …"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

မြမဟာရဲ့ ကားကလေး လိမ့်ထွက်သွားလျှင် ပိုသည် နေရာတင် အတန်ကြာအောင် လက်ကလေး တပြပြနှင့် ကျန်ရစ်လေသည်။

(၅)

မြမဟာက မစ္စတာကာဆိဂီနှင့် စကားလက်ဆုံကျနေကြရာမှ ရုံးခန်းအပြင်ဘက် လမ်းမပေါ်၌ ... အကျွမ်းတဝင်ဖြစ်လာသည့် ပုံရိပ်တစ်ခုကို မျက်စိထောင့်စွန်းမှာ ဖျတ်ခနဲမြင်လိုက်ရလျှင် ... လမ်းမဘက်သို့ ဆံပင်လေး ဝဲသွားအောင် ခေါင်းလည်ပြန်၍ ကြည့်လိုက်ပါသည်။

ရန်နိုင် ...။

ရန်နိုင်က မြမဟာရဲ့ အကြည့်ကြောင့် ... လက်ပြခေါင်းဆတ်ကာ ... "ရပါတယ် ... အေးဆေးပါ ... လုပ်စရာရှိတာဆက်လုပ်ပါ" ဆိုတာကို လက်ဟန် ခြေဟန်နှင့် သိစေလိုက်ပါသည်။ မြမဟာက တစ်ချက် ပြန်ပြုံးပြလိုက်ကာ မစ္စတာကာဆိဂီနှင့် ပြန်လည်ရင်ဆိုင်လိုက်၏။





"ကျွန်မ ဆိုလိုတာက ဒေသခံတွေကို စည်းရုံးတဲ့နေရာမှာ ... နှုတ်နဲ့ချည်း မအောင်မြင်နိုင်တာ ကျွန်မလည်း သိတယ် ... ဒါပေမဲ့ ဒေသခံတွေအနေနဲ့ သူတို့ ဘာလိုအပ်လိုအပ် ... ကျွန်မတို့မှာ တာဝန်ရှိတာပဲ ဆိုတဲ့ အမြင်မျိုးကြီးအထိတော့ မဖြစ်သင့်ဘူး ... ကျွန်မပြောတာ ရှင်းရှင်းကလေးပါ ... ကျွန်မတို့တွေကို ... ကိုးကွယ်ပူဆာလို့ရတဲ့ နတ်မိစ္ဆာကြီးတွေလို သူတို့ မမြင်ပါစေနဲ့ ..."

မစ္စတာကာဆိဂီဟာ အလွန်တရာ သဘောကောင်းသလောက် အင်မတန်မှလည်း ခေါင်းမာလှသော အဘိုးကြီးဖြစ်ပေရာ ... ဒီလိုကိစ္စမျိုးမှာ သူနဲ့ တင်းတင်းကျပ်ကျပ် အတိုက်အခံ လုပ်မထားရင် ... နောင် အရှည်သဖြင့် လုပ်ငန်းပိုင်းဆိုင်ရာမှာပါ အနှောင့်အယှက်တွေ ဆက်တိုက်ဆိုသလိုပင် ကြုံကြိုက်လာဖို့ များသည်လေ ...။

"ဒါဖြင့် မင်း သဘောမတူဘူးပေါ့ ..."

"ကျွန်မ လုံးဝသဘောမတူဘူး ..."

သူက ကိုယ့်ရဲ့ဆရာသဘော ... အထက်ကလူကြီးဖြစ်ပေမဲ့ နိုင်ငံခြားသားဆိုတာမျိုးက အဲဒီလို တိတိကျကျ ပြတ်ပြတ်သားသား ဆက်ဆံနိုင်မှ နောက်ပိုင်းမှာ အားလုံး ကိုယ့်ခေါင်းပေါ်ပဲ ပုံကျနေတော့သည့် အဖြစ်ဆိုးမျိုးမှ ကင်းနိုင်မည်လေ ...။

"အိုကေ ... ဒါဖြင့် နောက်မှ ဆက်ဆွေးနွေးကြတာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သဘောထားကတော့ တစ်သမတ်တည်းပါ ..."

မစ္စတာကာဆိဂိက မြမဟာကို နှုတ်ဆက်ကာ ... မြမဟာရဲ့ ဘီးကလေးဘေးမှာ ယှဉ်ထောင်ထားသော သူ့ဘီးကို ဆွဲယူနင်းထွက်သွားလေသည်။ မြမဟာက ရုံးခန်းလေးရဲ့ပြတင်းနှင့် တံခါးပေါက်များကို လိုက်ပိတ်ကာ ... အဲကွန်း(Air-Con) နှင့် မီးကိုပါ လိုက်ပိတ်လိုက်သည်။

"ဒီနေ့ အလုပ်ပိတ်ရက်များလား"

"မဟုတ်ပါဘူး ကိုရန်နိုင် ... မြမဟာတို့ ဒီနေ့ နယ်ဆင်းရမယ် ..."

"အား ... ဒါဖြင့် စကားလက်ဆုံကျဖို့ ... နေ့လယ်စာစားဖို့ ဖိတ်လို့မရဘူးပေါ့ ..."

"ကိုရန်နိုင် အားရင် ... ပြီးတော့ စက်ဘီးနင်းနိုင် ... နင်းချင်ရင် ... ပြီးကျတော့ မြမဟာတို့ရဲ့ အလုပ်တွေကိုပါ စိတ်ဝင်တစားနဲ့ လေ့လာချင်မယ်ဆိုရင် ... မြမဟာနဲ့အတူ ရွာတွေကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါရစေရှင် ... နေ့လယ်စာကိုတော့ ဟိုရောက်မှ အဆင်ပြေသလို စားကြတာပေါ့"

"စိတ်ဝင်စားစရာ သိပ်ကောင်းမှာပဲ ... ဒါဖြင့် ... ဒီဘီးက ကျွန်တော် နင်းခဲ့ရမှာလား ... မြမဟာကရော ... ဘယ်မှာ ထိုင်မှာလဲ ... ဪ ... နောက်ဘက်မှာ ကယ်ရီယာတော့ ပါသားပဲနော် ..."





မြမဟာက ရန်နိုင့်ကို မျက်လွှာလေး လှန်မပင့်ကာ ကြည့်လိုက်ပါသည်။

"ရုံးခန်းနဲ့ကပ်ရက် ဂိုဒေါင်ထဲမှာ စက်ဘီးတွေ ရှိပါတယ် ... ကိုရန်နိုင်နဲ့ အဆင်ပြေနိုင်တာ တစ်ခုခု ကိုယ့်ဘာသာပဲ ရွေးလိုက်ပေါ့ ..."

မြမဟာ လှမ်းပေးနေသော သော့တွဲကို လှမ်းယူလိုက်ရသည့် ရန်နိုင့် မျက်နှာက တစ်မျိုးကြီး ဖြစ်နေပါသည်။ မြမဟာက ကိုရန်နိုင် ဘာဖြစ်သွားတာလဲ ဆိုတာကိုပါ ရိပ်မိသိရှိလိုက်တာမို့ ... ကိုယ့်စက်ဘီးရဲ့ ကယ်ရီယာပေါ်ကို ရေခဲပုံး ... ဖော့ဘူးအဖြူ ခပ်ကြီးကြီး,ကြီး တစ်ခုကို တင်လိုက်ကာ ... ပြုတ်မကျအောင် ကြိုးနှင့်လိုက်ချည်နေရင်း ...

"ကျွန်မက ယူသွားစရာ ပစ္စည်းတွေလည်း ရှိနေသေးလို့ ..."

"ဘာမှ သယ်စရာမပါရင်လည်း မြမဟာ,ဟာ ကျွန်တော်နဲ့ စက်ဘီးလေးတစ်စီးတည်း အတူတွဲပြီး လိုက်မစီးဘူးဆိုတာ သေချာပါတယ်ဗျာ ... အဲဒါမျိုးကို ကျွန်တော်က ခေါင်းထဲမှာ ဘာမှမရှိဘဲ ပြောလိုက်မိတာ ... ဆောရီး ..."

"တောင်းပန်စရာ မလိုပါဘူး" ဘာညာနှင့် မြမဟာက ဆက်ပြောမနေတော့ပါ ...။ တစ်ခါတလေကျတော့ စကားအရှည်ကြီးတွေ ဆက်ပြောနေတာက အခြေအနေကို ပို,ပိုဆိုးသွား



www.burmeseclassic.com

www.burmeseclassic.com



စေတာမျိုးလည်း ရှိနေတတ်တာပဲ မဟုတ်လား ...။ ကိုဒေါင်တံခါး ဖွင့်သံပိတ်သံများနှင့် ... စက်ဘီးတစ်စီးနှင့်အတူ ကိုရန်နိုင် ပြန် ပေါ်လာတော့ ... မြမဟာက တရင်းတနှီးနှင့်ပင် လက်ဆွဲအိတ် တစ်လုံးနှင့် ကြိုးတစ်ချောင်းကို လှမ်းပေးလိုက်ကာ ...

"ကိုရန်နိုင့် ကယ်ရီယာမှာ ဒါကို ချည်သယ်လာပေး နော် ..."

"ခုနက ဆရာကြီးက ဘာမှလဲ သယ်သွားမပေးပါလား ... ကျွန်တော်သာ မပါရင် ပုံးတစ်ပုံး ... အိတ်တစ်လုံးနဲ့ မြမဟာ တစ်ယောက်တည်း ဘယ်လိုလုပ်မှာလဲ"

"မဟုတ်ပါဘူး ... သူက ဈေးဘက်ဝင်ဦးမှာ ... ဈေးမှာ သူမှာထားတဲ့ ပစ္စည်းတွေမှ တစ်ပုံကြီး ... ဒီထက်တောင် မှ များဦးမယ် ... ကိုရန်နိုင်သာ ရောက်မလာရင် မြမဟာ က အဲဒီအိတ်ကို ကျောပိုးပြီးဖြစ်ဖြစ် ... ဒီပုံးမှာထပ်ကာ ချည်ပြီးတော့ပဲဖြစ်ဖြစ် ... သယ်မှာပေါ့ ... ကျွန်မတို့တွေ ဒီလိုပဲ သွားလာနေကြရတာပါပဲ ..."

ရန်နိုင်က ဣန္ဒြေတစ်ခုနှင့်ပင် ဖျတ်လတ်နေသော မြမဟာရဲ့ ပုံစံကို သဘောကျသလို ပြုံးကြည့်ရင်း ...

"မြမဟာတို့ အလုပ်ကို ကျွန်တော် တကယ်သဘောကျ လာပြီ ..."





"ဟင် ... ဘာမှတောင် မလေ့လာရသေးဘဲနဲ့ ..."

"နေရင်းထိုင်ရင်း အနစ်နာခံပါမယ်ဆိုတဲ့ ပုံတွေဟာ မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်လောက် အချိန်ကလေးအတွင်းမှာ ဆိုလည်း သိသာနေတာပဲဟာ ... ဟိုအဘိုးကြီးရဲ့ မျက်နှာ ထားဆိုလည်း ကျွန်တော် ကြိုက်တယ် ..."

"သူကပျော့တယ် ... လိုအပ်တာထက် ပိုနေတော့ ... သူ နဲ့ ဆက်ဆံမိတဲ့လူတိုင်းကို စိတ်ဓာတ်ရေးရာပိုင်းတွေမှာ လိုက်ဖျက်ဆီးနေသလိုကို ဖြစ်နေတော့တာပေါ့ ..."

"မြမဟာကတော့ ကိုယ် လက်သင့်ခံ ယုံကြည်ထားတဲ့ အချက်တစ်ခုအတွက် လွယ်လွယ်နဲ့ လျှော့မဲ့ပုံ မရဘူး နော် ... ခုနက မြမဟာတို့ စကားပြောကြတာ ကျွန်တော် ကြားနေရတယ် ... ခင်ဗျားက ပိုပြီး ခိုင်မာနေသလိုပဲ မြမဟာ ... ပြီးတော့ ခင်ဗျားရဲ့ အင်္ဂလိစ်(ရှ်)ကလည်း တော်တော်ကောင်းတယ်နော် ..."

"အဲဒါ ကျွန်မက တမင်စိတ်ပုပ်တာ ... ကျွန်မ ဂျပန်လို လည်းရပါတယ် ... ဒါပေမဲ့ သူ့ဘာသာစကား ဖြစ်နေတော့ အပြိုင်ပြောကြကြေးဆိုရင် သူက စကားလုံး ပိုကြွယ်ဝရင် ... အကြောင်းအရာ မခိုင်လုံပေမဲ့ စကားလုံးနဲ့ အနိုင်ယူမှာစိုး လို့ ... ကြားခံတစ်ဘာသာကို တမင်သုံးတာ ... အင်္ဂလိစ်(ရှ်) ကျတော့ ကျွန်မက သူတို့ထက် ပိုပိုင်နေရော ... ဟင်းဟင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါမှာတော့ မြမဟာရဲ့ ပုံစံက ကလေး...
တစ်ယောက်နှင့် ပိုတူသွားပါသည်။ မျက်နှာပြင်ပေါ်မှာ ညစ်ကျ...
ကျယ်ဟန်ကလေးပါ အရိပ်အယောင်သမ်းလာတော့ ရန်နိုင့်ထံ...
သဘောတကျနှင့် ရယ်သံများက မရပ်နိုင်တော့ပေ။

"ကျွန်တော်က မိန်းကလေးဆိုရင် အဲဒီလိုမျိုးမှ ... ယောက်...
လေးတွေနဲ့အပြိုင် ရင်ဘောင်တန်းပြီး တော်နေထက်နေ...
မိန်းကလေးမျိုးဆိုရင် တကယ့်ကို တလေးတစားနဲ့ သဘော...
ကျတယ်ဗျ ..."

မြမဟာက ရန်နိုင့်ဘက်ကို မျက်ခုံးပင့်ပြီး လှ...
မကြည့်မိအောင် မနည်း စိတ်ထိန်းထားလိုက်ရပါသည်။

"ဒီခေတ်ကြီးထဲမှာ မိန်းကလေးတွေ တော်တော်များများ...
တော့ လုပ်ငန်းခွင်တွေထဲမှာ အဲဒီလိုပဲ ဖြစ်လာကြပါပြီ...
ဒါပေမဲ့ ကျန်သေးတယ် ... ကျွန်တော်တို့ အဘွားတို့ အ...
တို့ခေတ်က အိမ်ရှင်မမျိုးဆိုတာတွေ ကျွန်တော်တို့ နိုင်...
မှာ အများကြီး ကျန်နေသေးတယ်ဗျာ ... ကျွန်တော်ဖြစ်ချ...
တာက အဲဒါတွေ အားလုံးပါ တစ်ပြိုင်နက် ထွက်လာ...
ချင်တယ် ..."

"တစ်အိမ်တက်ဆင်း ... တစ်ယောက်ချင်း လိုက်ဆွဲထု...
ပေါ့ရှင့် ..."





မြမဟာက စ,လိုက်လျှင် ရန်နိုင်က မချင့်မရဲ အသံနှင့် ...။

"စေတနာထက် ဝေဒနာဖြစ်ပြီး တောင်တန်းကျမှ အလုပ်မျိုးပဲ ..."

"အရင်ဆုံး ကျွန်မအမေနဲ့ တွေ့သွားရင် ... သနပ်ခါးတုံးနဲ့ အခေါက်ခံရမယ် ... မေမေက ဖေဖေ့အိမ်ရှင်မအလုပ်ကလွဲရင် တစ်သက်လုံး တခြားဘာအလုပ်မှ မလုပ်ခဲ့ဖူးဘူးလေ ... အမြဲတမ်း ကြည့်လိုက်ရင် သနပ်ခါးခြေဆုံးခေါင်းဆုံးက ဘယ်တော့မှ မပျက်ဘူး ... နည်းနည်းလေးပျက်ပြီထင်တာနဲ့ ကိုယ်လက်သုတ်သင်ပြီး ချက်ချင်းပြန်ကောက်လိမ်းလိုက်ရော ... သူ့သမီးနဲ့တော့ အကွာကြီး ကွာတာပေါ့ ...

အမေက မွေးကြိုင်တင့်တယ် နေချိန်မှာ သူ့သမီးက မျက်နှာမှာ သနပ်ခါးမရှိ ဘာမရှိ ... ချေးတလုံးလုံး ဖုန်တွေ သဲတွေနဲ့ စက်ဘီးတစ်စီးနဲ့ အရပ်တကာလည်နေတာ ... မေမေက မြမဟာကို တော်တော်လေးကို ကြည့်မရဘူး ကိုရန်နိုင်ရဲ့ ... ပြောမရလို့ လွှတ်ထားတဲ့သဘောပဲ ..."

"ဒါပေမဲ့ သူ့သမီးက မှန်မြတ်တဲ့အလုပ်တွေ လုပ်နေတာလေ ... သူ့အမေက နားလည်ပေးသင့်တာပေါ့ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ... မေမေကတော့ ကမ္ဘာကြီးတစ်ခုလုံးကို ညည်းတို့လူလေး ငါးယောက်လောက်နဲ့ ဖြုပြင်ချင်လို့ရမ လားတဲ့ ... အလကား အပိုအလုပ်တွေလို့တောင် ထင်နေ သေးတာရှင့် ... ကုန်နေတဲ့ အချိန်တွေမှာ တခြားအကျိုးရှိမဲ့ အလုပ်တစ်ခုခုကို ပြောင်းလုပ်ပါတော့လား ... လို့တောင် ပြောဖူးတာ ..."

"ဟောဗျာ ... ဟား ဟား ..."

တကယ်တမ်းကျတော့ ရန်နိုင် တစ်ယောက်မှာ မြမဟာလောက် စက်ဘီးကို ခရီးလမ်းရှည်ရှည်ကြီး ကြာရှာကြာ များ ခပ်သွက်သွက် မနင်းနိုင်လှတာ မြမဟာက သတိထားမိလာ ပါသည်။ အကျင့်မှမရှိဘဲ ... မြမဟာတို့လို စက်ဘီးတစ်စီးနှင့် တစ်မြို့လုံး ပတ်နေရုံမကသေး ... ပတ်ဝန်းကျင် ကျေးလက်ဒေသ တွေဆီပါ ခုနစ်မိုင် ရှစ်မိုင်လောက် နင်းချသွားနိုင်တာမျိုး ... ဤ သူ့ဒွေးပုံစံနှင့်လူမှာ ကြုံဖူးမှာမှ မဟုတ်ဘဲ ...။

မြမဟာက 'နေ'အခြေအနေကို တစ်ချက်မော့ကြည့် လိုက်သည်။ နေသိပ်မမြင့်လှခင် မြမဟာတို့ သွားကြရမည့် ပထမဦးဆုံးသော တစ်နေရာဆီသို့တော့ ရောက်စေချင်မိလေသည်။ မြမဟာကလည်း မြမဟာ ... ရန်နိုင်ကလည်း ရန်နိုင်ပင် ...။ မြမဟာကလည်း ကိုယ့်မှာ အားလပ်ရက်လည်း မဟုတ်ပါဘဲနှင့် ... အလုပ်ကိစ္စရှိရာသို့ သွားရမှာကိုများ အပျော်ခရီးထွက်သလို ...





မိတ်ဆွေတစ်ယောက်ကိုပါ ... ခရီးဖင့် ... အလုပ်ဖင့် ခေါ်ချလာ ရောလား ...။

ရန်နိုင်ကလည်း ကိုယ့်မှာ အလုပ်ကြီးတစ်ဖက်နှင့် ကိုယ့်အလုပ်ကို ပစ်ပြီးများ ... ဘယ်နှမိုင် ဘယ်ခရီးမျိုးကို သွား ကြမှာလဲ ... ဟု တစ်ခွန်းတလေမျှပင် မမေးမစမ်း ... "လိုက်ခဲ့ပါ လား"ဟု တစ်ခွန်းခေါ်ရုံနှင့် ကောက်ခနဲ လိုက်ချလာစရာ လား ...။ ဒီနှစ်ယောက်လုံးတော့ မဟုတ်သေးပါဘူး ...။ ခက်တော့နေ ပြီ ...။

ခက်တာကတော့ အဟုတ်ကို ခက်နေပြီ။ ယောက်ျား ဘန်မဲ့ "ဟောဟဲ"ဆိုက်နေမှာ စိုးတာကို ဟန်ဆောင်နှုတ်ခမ်းပိတ် ပြုထားနိုင်ပေမဲ့ ... မသွက်တော့ပြီဖြစ်သော ခြေထောက်တွေကို တော့ ခပ်သွက်သွက် ပုံစံမျိုး တမင်ဟန်ဆောင်ပြထားလို့ မရနိုင် သ ...။ မြမဟာမှာ ကိုယ့်ရဲ့နှုန်းကို ဒီထက် နှစ်ဆခန့် ထပ်မြှင့် နိုင်သေးပေမဲ့ ... ရုတ်တရက်ကြီး ရှိခနဲ ကျော်ထွက် အလှမ်းကွာ သွားမှာမျိုးကိုတော့ ရန်နိုင် တင်မက ... မြမဟာ ကိုယ်တိုင်က လိုလားနိုင်ပါ။

ဒီတော့ ကိုယ့်ရဲ့စံချိန်ကိုလျှော့ကာ ပေါ့ပေါ့ပါးပါး ကလေးနှင်း ...။ ဒီပုံအတိုင်း ဆိုရင်တော့ နေ့လယ်စာကို ရွာ မရောက်နိုင်ဘဲ လမ်းဘေးက အဆင်ပြေရာ ကြုံရာ တစ်နေရာမှာ ထိုင်ဝယ်စားလိုက်ရတော့မဲ့ သဘောပါပဲ။ ပြီးတာနဲ့ သူ့ကိုနှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ခိုင်းရင် ကောင်းမလား ...။ ကောင်းပါ့မလား ...။ ကောင်း ကောင်း ... မကောင်းကောင်းဟာ ...။ ကိုယ်သာ ဇွတ်နှင်မလွှတ်ရင် ... ရန်နိုင့်လို လူမျိုးဟာ ... နောက်တစ်နေ့မှာ ခေါ်းရုံသာ တန်းတင်ရင် တင်ရမည် ... "ပြန်ချင်ပြီ"လို့ စပြောမည့်သူမျိုးမှ မဟုတ်ပါဘဲ ...။

ခုချက်ချင်းတောင် သူ့ကယ်ရီယာပေါ်က လက်ဆွဲအိတ်ကို ကိုယ်ပဲ ပြန်တောင်းလိုက်ရင် ကောင်းမလား ...။ တော်ကြာကျ ... ယောက်ျားမာနကို ထိပါတယ် ... ဆိုပြီး စိတ်ဆိုးသွားရင်ကလည်း အခက် ...။

"ရှေ့နားမှာ ထမင်းဆိုင်ကလေးတစ်ခု ရှိတယ် ... ဒီတစ်ခါ ကျွန်မက ထမင်းစားပြန်ဖိတ်တယ်နော် ..."

လူသူကင်းပြတ်စ ပြုလာပြီဖြစ်သည့် အိမ်ခြေရာခြေကျဲတောက်တောက် လမ်းတစ်လျှောက်မှာ ထမင်းဆိုင်ဆိုတော့ ... သူက အံ့ဩသလို လှည့်ကြည့်ကာ ...

"ထမင်းဆိုင် ... ! ... ကောင်းပါ့မလား ..."

"မကောင်းဖို့ကတော့ ရာနှုန်းပြည့်လောက်ပဲပေါ့ရှင့် ..."

"ဗျာ ... ဒါဆို ဘာဖြစ်လို့များ ..."

"လိုအပ်ပြီ ထင်လို့ပါ ... ထမင်းစားပြီးရင် ..."

"ဟုတ်ကဲ့ ... ဘယ်ထပ်သွားရဦးမလဲ ... အတော်လိုသေးလား ..."





"မဟုတ်ပါဘူး ... ရှင် ပဲခူးပြန်တော့လို့ ပြောမလို့ပါ ... ခုလောက်ထိ လိုက်လာပြီး စကားပြော အဖော်လုပ်ပေးတာ ကျေးဇူးတင်ပါတယ်ရှင် ... ဒီလောက်ဆိုရင် ရပါပြီ ..."

ရန်နိုင်က မြမဟာကို နားမလည်သလို အဖြေရှာ ...မ်းလိုဟန်နှင့် လှမ်းကြည့်စဉ်မှာ မြမဟာက သူ့အကြည့်တွေ ...ကို လုံးဝမမြင်သယောင်ကြီး ခပ်အေးအေး မျက်နှာလွှဲထားဖြစ် ...သည်။ နားမလည်ပေမဲ့ ...၊ ပြန်သွားလို့ ကောင်းပါ့မလားလို့ ... ...ွားနေပေမဲ့ ... ရှင် ကျိတ်တော့ ပျော်သွားတယ် မဟုတ်လား ...ရန်နိုင်ရဲ့ ...။ သိပါတယ် ...။

"ကျွန်တော်က မြမဟာရဲ့ အလုပ်မှာ လိုက်ရှုပ်မိသလို ဖြစ်နေတယ် ထင်တယ် ... အားနာစရာကြီးကို ဖြစ်နေပြီ ..."

ပြောပါစေ ...။ ပြောရှာပါစေ ... အဲလိုပြောပြီး အားနာသယောင်ယောင်နဲ့ လှည့်ပြန်မှ ... သူ့ခမျာ အနေရအထိုင် ... သက်သာစရာ အခြေအနေမှာ ရှိမှာပေါ့ ...။ မြမဟာက ခပ် ...ပြုံးပဲ ကြည့်ကာ စကားမပြန်။

"ဖြစ်ပါ့မလား ... တစ်ယောက်တည်း ဖြစ်ရဲ့လား ..."

ယောက်ျားဆိုတော့လည်း ဒီစကားမျိုးဟာ မပြော ...ဖြစ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရန်နိုင်ရယ် ... မြမဟာက ကိုရန်နိုင်နဲ့ မခင်မင်ကြခင် ကတည်းက ဒီခရီး ... ဒီခရီးတွေကို တစ်ယောက်တည်းပဲ သွားခဲ့တာပါ ... မဖြစ်ဘူးရယ်လို့ ဘယ်ရှိပါ့မလဲ ..."

သူ့ကို ဆက်လက်ပြီးလည်း မပင်ပန်းစေချင် ... ယောကျ်ားတစ်ယောက် ဖြစ်နေတာမို့ "ခံနိုင်ရည် မရှိရကောင်းလား"ရယ်လို့ အနေရ အထိုင်ရတွေလည်း ခက်မနေရအောင် မြမဟာက တမင် ... "ထမင်းစားကြတော့မည်"... ဟု ထွင်လိုက်တာမှန်း ခုမှပင် သူ့ခမျာ ရိပ်မိသွားတော့သောအခါ ... ရန်နိုင်တစ်ယောက် မျက်နှာက ခပ်နီနီနှင့် ...။

တောလမ်းနံဘေးက ထမင်းဆိုင်ကလေးဟာ လက်ရာလည်း မကောင်းသလောက် ... သန့်ရှင်းမှုကလည်း မရှိပါ ...။ မြမဟာရော ... ရန်နိုင်ပါ ဘယ်လိုနည်းနဲ့မှ စားလို့မဝင်ကြ ...။

"ရှင် လိုက်ကျွေးတုန်းက ဒီ့ထက်ပိုကောင်းခဲ့တယ်နော် ... ဆောရီး ..."

မြမဟာက ရန်နိုင့်ကို စ,လိုက်သည်။ ထမင်းစားလို့ မဝင်ပေမဲ့ ထိုဆိုင်ကလေးမှာ ခရီးကြို ပစ္စည်းတစ်ခု ဝင်ပေးသော ဂျစ်ကားတစ်စီးက ပဲခူးသို့ပြန်မည် ဆိုသောအခါ ... မြမဟာက ဖွတ်အတင်းပင် ဝင်စီစဉ်ကာ တောင်းပန်ပြောဆိုပြီး ... ရန်နိုင်ရော စက်ဘီးပါ ပဲခူးသို့ လမ်းကြို ... ဂျစ်ကားနှင့် ပြန်တင်လွှတ်လိုက်ပါတော့သည်။





"နောက်တစ်ခါ ဆိုရင်တော့ အနည်းဆုံး တစ်ရွာလောက် အထိဖြစ်ဖြစ် လိုက်နိုင်အောင် ကြိုးစားထားပါ့မယ် ..."

ရန်နိုင်က သူ့အဖြစ်သူ ဝန်ခံသလို အောက်သိုးသိုးနှင့် နှုတ်ဆက်သည်။

"ရှင် ... အိမ်ထဲက မိန်းမတွေ လိုက်ဆွဲထုတ်ဖို့ အစီအစဉ် ရှိသေးရဲ့လား ... အားလုံး ဒါမျိုးချည်း ဖြစ်ကုန်ကြရင် အခက်ပဲနော် ..."

မြမဟာထက် အသက်ပိုကြီးသေးမှန်း သေချာသော ရန်နိုင် တစ်ယောက် မြမဟာရဲ့ ရှေ့မှာ တကယ့်ကလေးလေး တစ်ယောက်လို စူကောက်ကောက် ဖြစ်ချင်သည့် ပုံစံနှင့် ဖြစ်သွားပါသည်။

လူကြီးလူကောင်း တစ်ယောက်လို၊ အောင်မြင်သော လုပ်ငန်းရှင် သူဌေးတစ်ယောက်လို၊ အမြဲတစေ ကြည့်ကောင်းလှသော နေနတ်သားတစ်ပါးလို ... တွေ့လိုက်တိုင်း ကြွားကြွားလွှင့်လွှင့်နှင့် ... လူ့အထက်စီးကပဲ နေတော့မယောင်ယောင် ... ရန်နိုင့်ကို ဒီလိုပုံစံနှင့် တွေ့လိုက်ရလျှင် ... ခုတလောမှာ အရယ်သန်နေသည့် မြမဟာ တစ်ယောက်ရဲ့ ရယ်သံတွေက လွှင့်ပျံလို့မဆုံးနိုင်တော့ပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



"နင် ရောက်လာသေးတာကိုး ..."

မေမေက ပို့ကို စိမ်းဆတ်ဆတ် အပြောနှင့် ဆီးကြို လိုက်သည်။

"ပြီးခဲ့တဲ့ တစ်ပတ်လုံး ကိုကိုက နေမကောင်းလို့ဆိုပြီး တစ်ပတ်လုံး အလုပ်မသွားဘူး မေမေ ..."

"လင်နား ကပ်ပြုနေရတာနဲ့ အမေ့ဆီတောင် မလာနိုင်ဘူး ဆိုတဲ့ ၊သဘောပေါ့ ..."

ပို့က ဘာမှ ပြန်မပြောလိုက်တော့ပါ။ ကိုကို အိမ်မှာရှိနေချိန်တွေကျ ပို အပြင်သို့ ထွက်လေ့မရှိတော့တာ ...။ မနက် ဈေးဝယ်ထွက်သည့် တစ်ခေါက်ကလွဲပြီး ... ကျန်တစ်နေကုန် ဘယ်မှ ထပ်မထွက်ဖြစ်တော့တာ ... မေမေလည်း သိရက်နဲ့မေမေ ရယ်။ ဒါဟာ လင့်နား ကပ်နေချင်လွန်းလှလို့တော့ ဘယ်ဟုတ် ပါ့မလဲ ...။

"အပြင်မထွက်နဲ့"လို့ အဲဒီလို အတိအကျကြီး တစ်ခါမှ မပြောဖူးပေမဲ့ ... ပို အပြင်ထွက်တာ သူ ကြိုက်မှာမဟုတ် ဘူးဆိုတဲ့ အလိုဇ္ဇိုသိစိတ်က ... ပို့ကို သူ မရှိချိန်တွေကျမှ ခိုး





ထွက်နေရတဲ့ဘဝ မရောက်,ရောက်အောင် တွန်းပို့ထားသလို ဖြစ်နေတော့တာကိုး ...။

အဲဒီလို စာဒက ပြန်တက်ပြန်လျှင်တော့ "လင် ကြောက်မ"ဆိုတဲ့ နာမည်ခပ်ဆိုးဆိုးကြီး တစ်ခုကို လက်ခံရရှိရဦး မည်။

"နင့်ယောက်ျားလုပ်ပုံက သိပ်မဟုတ်လှသေးဘူးနော် မိပို ... ငါ့မှာ နင့်ကြောင့် တစ်နှယ်ငင် တစ်စင်ပါ ဆိုသလို နင့် ယောက်ျားရဲ့ အစော်ကား အမိုက်ရိုင်းကို တွဲခံနေရမယ် ဆိုရင် လူကြားလို့မှ မကောင်းဘူး ..."

ပို့က ပြီးခဲ့တဲ့လက မေမေ ကိုကို့ဆီက ယူမသွားသော ကန်တော့ငွေစာအိတ်လေးနှင့် ဒီလအတွက် ကန်တော့ငွေစာအိတ် နှစ်ခုပေါင်းကို စားပွဲထောင့်စွန်းပေါ်သို့ အသာသွားတင်ထားလိုက် သည်။ မိုးလေဝသ အခြေအနေက သိပ်မကောင်းတော့ လက်ထဲ တိုက်ရိုက်မပေးရဲ ...။ စိတ်တိုတိုနှင့် ဆွဲဆုတ်လွှင့်ပစ်လိုက်ရင် ... ကိုကို့ဆီက ဒါမျိုး နှစ်လစာ ထပ်ထွက်လာအောင် ပို့က ဘယ်လို မှ ကြံဖန်တတ်တော့မှာ မဟုတ်ချေ ...။

ပြီးခဲ့တဲ့လက မေမေနှင့် ကိုကိုတို့ တွေ့ဖြစ်ခဲ့ကြသည့် အဖြစ်အပျက်အတွက် ကိုကို့ဆီက "မင်းကြောင့်၊ မင်းကြောင့်"တွေ ကိုတော့ ပို့က လက်ခံရရှိခဲ့ပြီးပါပြီ။ ဒီတစ်ခါမှာတော့ မေမေ့ဆီ က "နင့်ကြောင့်"၊ "နင့်ကြောင့်" အလှည့်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"သမက် ဖြစ်သူက မိုက်ရိုင်း၊ မောက်မာ ... သမီးဖြစ်သူက အိမ်ထောင်ကျလိုက်ပြီးတာနဲ့ တစ်ခါတည်း လင့်ဘက်ပါ ... လင်ပြောသမျှ အမှန် ... သူ့လင်ဆိုရင် ကြောက်လိုက်ရတာများ ပျာလို့ ... အမေက အကျိုးအကြောင်းပြောရင်တော့ မခံချင်သလိုနဲ့ မျက်နှာက မထုံတက်တေး ... ညည်းလည်း တစ်နေ့ သားသမီးတွေ မွေးဦးမှာပဲ ... ညည်းကျပ်ကျပ် သတိထားပါ ... ညည်း တစ်နေ့တော့ ဝဋ်လည်မှာပဲ ..."

ပိုက စိတ်မကောင်းခြင်း ကြီးစွာနှင့် မျက်နှာလေးအောက်ချကာ ငြိမ်ငြိမ်လေးပဲ ထိုင်နေမိသည်။ ကိုကို့ နေပုံထိုင်ပုံကို မေမေ မကြိုက်နိုင်တာ ပိုက နားလည်ပါသည်။ သို့သော် အဲဒီလိုဖြစ်တာနဲ့ပဲ ... ဘာမှ မတတ်နိုင် ... ကြားမဝင်နိုင်တဲ့ ပိုက အလိုလိုနေရင်း ဝဋ်လည်ခံရရောတဲ့လား ...။

"အို ... ဝဋ်များ နောင်ဘဝ မကူးပါဘူး ... တစ်နေ့တော့တွေ ဘာတွေ လှမ်းမျှော်နေစရာလဲ မလိုဘူး ... ညည်းအခုကို ဝဋ်လည်နေပါပြီ"

ပို့ ခေါင်းကလေး ဆတ်ခနဲ မော့တက်လာကာ မေမေ့ထံ မျက်လုံးပြူးကြီးများနှင့် ကြည့်လိုက်မိပါသည်။

"နင့်ယောကျ်ားကို မိန်းမတစ်ယောက်နဲ့ တွေ့လိုက်တယ်လို့ ငါ့သူငယ်ချင်း ဒေစီက ပြောတယ် ... ဒေစီ့ဆီက





သတင်းက ဘယ်တော့မှ မမှန်တာ မရှိဘူး ... ဒီမိန်းမက လိမ်လည်လီဆည်ပြီးလည်း မပြောတတ်ဘူး ..."

ပို့ ရင်ထဲမှာ "ဒုတ် ... ဒုတ်"နှင့် နှလုံးခုန်သံကျယ်ကျယ်ကြီး တစ်ခုက ရုတ်တရက် မြည်ဟီးကာ ရင်ဘတ်တစ်ခုလုံး ဖြောင်းဆန်ကာ လှုကာ အန်ချင်သလိုလိုကြီး ဖြစ်လာသည်။

"အလုပ်ရှုပ်နေရတာပဲ ... မိန်းမတစ်ယောက်နဲ့ တွဲတွေ့တာအဆန်းလားလို့ မမေးနဲ့ ... အဆန်း ... မီဒေစီတို့က အံကို တိုမနေတာ ... မြင်လိုက်ရင် ဆန်းသလား ရိုးသလားတန်းခနဲ သူသိနိုင်တယ် ... အဲဒါပဲ ... တစ်နေ့ တစ်နေ့ယောကျ်ားမျက်နှာပဲ ထိုင်မော်ဖူးပြီး ... ယောကျ်ားမျက်နှာတစ်ကမ္ဘာ ထင်နေတဲ့ မိန်းမမျိုးတွေဟာ နောက်ဆုံးကျဒီလမ်းချည်း ရောက်ရတတ်တာပဲ ... နင့်ကို ငါ အစတည်းက ... အစောကြီးတည်းက ပြောတယ် ... ဒီလောက်အောက်မကျို့နဲ့ ... ဒီလောက် ဟုတ်ပါ့ဘုရား ... မှန်ပါ့ဘုရား ... မလုပ်နဲ့ ... လို့ ..."

"မေမေ"

ပိုက ငိုသံပါကြီးနှင့် ခေါ်လိုက်လျှင် မေမေက စိတ်ပျက်လှသလို ... "ခုမှ အဲဒီလိုမျိုးကြီးတွေ ထ,ဖြစ်မနေနဲ့ ..." ဟု ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါ ... တကယ်ပဲလား မေမေ ..."

"ဒေစီက မလိမ်တတ်ဘူးလို့ ငါ ပြောခဲ့ပြီးပြီ ..."

"အန့်တီဒေစီကို မယုံတာ မဟုတ်ပါဘူး ... ဒါပေမဲ့ ... ဒါ ... ဒါ ... အဲဒီလိုမျိုး တကယ်ပဲ ဖြစ် ... ဖြစ်တတ်ရဲ့လား ..."

"ဒါကတော့ နင့်ဘာသာလည်း လိုက်ပြန်စုံစမ်းကြည့်ဦးပေါ့ ..."

"ဟုတ်နေရင်ကော မေမေ ..."

ပို့မေမေက ပို့ကို ခပ်မှဲမှဲ တစ်ချက်ကြည့်ကာ ... "မဟုတ်ရင်ကောလို့ ဘာဖြစ်လို့ ရဲရဲတင်းတင်း မပြောနိုင်ရတာလဲ"ဟု မျက်စပစ်ကာ ဆိုလေသည်။ ပို အင် ... မှ ဝမ်းနည်းရပါသည်။ ပို့အမေဟာ ဒီလိုကိစ္စမျိုးကို ဟုတ်သည်ရှိ ... မဟုတ်သည်ရှိ ... ပြောခွင့်ရလိုက်တာကိုပဲ ပို့ အပေါ်မှာ အနိုင်နဲ့မိုင်းခွင့် ရလိုက်သလိုလို ... ကျေနပ်သလိုလိုကြီး ဖြစ်နေရတာက ဘာ့ကြောင့်လဲ ...။

တကယ်ဆိုရင် ဒီသတင်းမျိုးကို ကြားရုံနဲ့ ... ဟုတ်တာ မဟုတ်တာ အပထား ... မိခင်တစ်ယောက်ဟာ သမီးတစ်ယောက်ကို အကောင်းဆုံး နှစ်သိမ့်ဖျောင်းဖျကာ ... သင့်တော်မည့် အကြံဉာဏ်မျိုးကို ဝိုင်းကူ စဉ်းစားပေးနေရမည့် အချိန်ပဲ မဟုတ်လား ...။





မဟုတ်ခဲ့ရင်လည်း ပြီးရော ... ဟုတ်နေခဲ့ရင်လည်း ကာယကံရှင်နဲ့ ဒီသမီးအပေါ် အပြစ်ဖို့နေဖို့ထက် ဘယ်လိုဖြေရှင်းကြရင် ကောင်းမလဲ ဆိုတာကိုသာ ဆုံးမညွှန်ကြားနေရမည် မဟုတ်လား ...။

"ပို ဘာလုပ်ရမလဲ မေမေ ..."

ပိုက ဖျစ်ညှစ်ပြီး မေးကြည့်လိုက်သည်။

"ဘယ်သိမလဲ ..."

ပို့ရင်ထဲ အမြောက်ဆံတစ်ခု ပစ်မှန်လိုက်သလို "ဒိန်း"ခနဲ ဖြစ်သွားရပါသည်။

"အဲဒီတစ်ယောက်နဲ့ ညည်းကို ငါ ပေးစားခဲ့တာမှ မဟုတ်တာ ... နင့်ဘာသာနင် ချစ်ကြိုက်ပြီး မိဘကိုတောင် ပြန်လှည့်မကြည့်နိုင်လောက်အောင် ကောက်ကောက်ပါသွားခဲ့တာ ... နင့်ဘာသာ ဆုံးဖြတ်ပေါ့ ... နင့်ကြောင့် ... နင့်ယောက်ျားကြောင့် ငါ့နာမည်ကိုတော့ မထိခိုက်စေနဲ့ ... ကျန်တာတော့ နင်ထင်သလိုလုပ် ... ကြိုက်သလိုသာဆုံးဖြတ် ... ညည်း ရွေးခဲ့တဲ့လမ်းက ... ဒါပဲဟာ ..."

ပိုက ချက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ကာ ကျုံ့ကျုံ့ပါအောင်ပင် ငိုချလိုက်မိပါတော့သည်။ မေမေဟာ ပို့ကို တကယ့်ကိုပဲ နာကြည်းမုန်းတီးနေတော့တာလား ...။ ယူပြီးမှသိရတဲ့ ကိုကို့ရဲ့အဖွွာတွေကြားမှာ မပျော်သာတော့တဲ့ ဒီသမီးကို ခုနိုး



www.burmeseclassic.com

www.burmeseclassic.com



ချက်နဲ့နှမ်းထွက် မကိုက်တော့တဲ့ မေမေ့ အနေနဲ့ ဒီလောက်ပဲ နာကျင်ခါးသီးနေစရာ ဖြစ်နေရောတဲ့လား ...။ ကိုကို့ရဲ့အတ္တတွေ... မောက်မာ မာနကြီးမှုတွေဟာ ပိုနဲ့မှ ဘာမှမှ မဆိုင်ဘဲ မေမေရယ် ... ပို ကိုယ်တိုင်လည်း ဒါတွေကို တွန်းလှန်နိုင်ခဲ့တာမှ မဟုတ်ဘဲ ...။

ပိုက ရုတ်တရက် ထိုင်ရာမှထကာ ဝုန်းခနဲ ထွက်ပြေးခဲ့လျှင် အံ့သြစရာကောင်းလှသော ပို့မေမေသည် ထိုင်နေရာမှာ နေရာမပျက်ပင် ဆက်ထိုင်၍ ကျန်ရစ်ခဲ့ပါသည်။ ပိုကား ... သတိလက်လွတ်ကြီး ... ဆက်၍ ဆက်၍ပြေး ...။ နောက်ပြန်လှည့်လို့ မရတော့သော အခြေအနေကြီး တစ်ခုမှာ ရှေ့ကိုချည်း ကမူးရှူးထိုး ပြေးနေဖို့သာ ရှိတော့သည် ... ဟု ယုံကြည်လိုက်မိသလိုကို ... စွတ်ရွတ်ကာ ပြေးနေမိပါတော့သည်။

"အာ ... ဘယ်လို ဖြစ်တာလဲ ... ဟယ် ... သေတော့မှာပဲ ..."

လမ်းတစ်နေရာမှာ လူတစ်ယောက်ယောက်နှင့် ထိထိမိမိကြီး ဝင်တိုက်လိုက်မိတာကို ခံစားသိရှိလိုက်ရပြီးလျှင် ... ပို့ တစ်ကိုယ်လုံး တစ်ပတ်ပင် လည်ထွက်သွားတော့ကာ ... ကားလမ်းမထက်သို့ပါ လည်ပြီးကျသွားတော့မလိုရှိသော ပို့ကို ခုနက ပိုဝင်တိုက်မိသည့် တစ်ယောက်ကပဲ ဖျတ်ခနဲ လှမ်းဆွဲထားလိုက်ပါသည်။

"ဟင် ... အစ်မ ..."

"ပိုပို ... ဘယ်လိုဖြစ်တာလဲ ..."





ပိုက ပို့လက်ကို ဆွဲထားသည့် မြမဟာကို ရုတ်ချည်းပင် အားကိုးတကြီးနှင့် ကျုံးဖက်လိုက်မိပါတော့သည်။ ပို့ရဲ့တစ်ဟုန်ထိုး အရှိန်ကြောင့် နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ဆုတ်ကာ ဟန်ချက်ထိန်းလိုက်ရလောက်အောင်ပင် ယိမ်းယိုင်သွားရသည့် မြမဟာကလည်း ... ချက်ချင်းဆိုသလိုပင် ပို့ရဲ့ကျောပြင်ကို ပြန်လည်သိမ်းဖက်ပစ်လိုက်လျက် ...

"ဘယ်လို ဖြစ်လာတာလဲ ညီမရယ် ... ဘာဖြစ်လာလဲ ဟင် ..."

"အစ်မ ... အစ်မ ... အီး ..."

မြမဟာရဲ့ နွေးထွေးလှသော အပွေ့အဖက်မှာ ပို တစ်ယောက် ပိုလို့ ပိုလို့ပင် ဝမ်းနည်းလာတော့ကာ "အီး"ခနဲ အကျယ်ကြီး အော်ငိုပစ်လိုက်သည်။

"လမ်းမကြီးမှာ ညီမရယ် ... ကဲ ... ကဲ ... ငိုချင်ရင် အစ်မကားပေါ် တက်လိုက်နော် ... ဒီတစ်ခါတော့ လမ်းပဲ လျှောက်သွားချင်တယ်လို့ မပြောနဲ့တော့ ... ဒီလိုငိုယိုပြီး လမ်းထွက်သွားလာနေရတာကတော့ နှစ်သက်ချင်စရာ ကောင်းတဲ့ ဝါသနာ ဖြစ်နိုင်မယ် မထင်ပါဘူးကွယ် ..."

မြမဟာက ပို့ကို လက်ဆွဲခေါ်ကာ ... မလှမ်းမကမ်းမှာ ရပ်ထားသော ကားရှိရာသို့ လှမ်းလာလိုက်သည်။ ပို့ကိုတမင်ပင် ကားနောက်ဘက်ခန်းထဲ ဝင်စေလိုက်သောအခါ ပိုကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမဆန် ဝင်ထိုင်လိုက်ရင်း ဆက်လက်ပြီး "တအိးအိး..." ခဝ်ကျယ်ကျယ်ကြီး အော်ငိုလျက် ...။

"ပို ... ပို့ကို တို့ စတွေ့တဲ့ နေ့ကတည်းက ပိုဟာ ပုံမှန် ... သာမန်ကလေးမလေး တစ်ယောက်တော့ မဖြစ်နိုင်ဘူးလို့ တို့ ထင်နေခဲ့မိတယ် ... ခု တို့နှစ်ယောက် တွေ့ကြတာမှ ဒါဟာ ဒုတိယအကြိမ်ပဲ ရှိသေးတာပါ ... ဒါပေမဲ့ ပို့မှာ ရှိနေတဲ့ ငိုကြွေးစရာတွေကို ... တို့ ပို့ ရင်ထဲအထိ ဝင် စပ်စုကြည့်ခွင့် ရှိမယ်လို့ ... တို့ကိုယ်တို့ ယုံကြည်နေမိပြီ ... ပို တို့ကို ပြောပြမလား"

ပိုက ရှိုက်ကြီးတငင် ငိုကြွေးနေရာမှ ... ရှေ့ခန်းမှာ ကားမောင်းနေသည့် မြမဟာကို ခပ်မဲ့မဲ့လေး မော့ကြည့်လိုက်သည်။ မြမဟာကလည်း နောက်ကြည့်မှန်မှတစ်ဆင့် ပို့ကို ခပ်စိုက်စိုက် ပြန်ကြည့်နေလေသည်။

"တို့ကို သိပ်စွက်ဖက်လွန်းတာပဲလို့ မထင်ပါနဲ့ ...။ ဒါပေမဲ့ ... ပို့မှာ ရင်ထဲရှိတာအားလုံး ထုတ်ပြပြီး တိုင်ပင် အကြံတောင်းရမဲ့ အမေလို ... အစ်မလို မိန်းမတစ်ယောက် ယောက် ရှိမနေဘူး ဆိုရင်တော့ ... အဲဒီနေရာကို တို့ ဝင် ယူလို့မရနိုင်ဘူးလား ..."

မြမဟာရဲ့ စကားက ပို့ရဲ့ ပစ္စက္ခ အခြေအနေကို တိုက်ရိုက်ကြီးပဲ ချိန်ရွယ်ပြီး ပြောလိုက်သလိုလို ... ပို့မှာ အရှိုက်





ထိ အငိုက်မိလို့ သွားခဲ့ရလေသည်။ ပိုဟာ ကိုယ့်မိခင်ရင်းကိုတောင် ဆုတ်ဖော်တိုင်ပင် အကြံကောင်းတောင်းခွင့် မရခဲ့သူပါ အစ်မ ရယ် ...။ အစ်မဟာ ခုချိန်မှာ လုံးဝမယုံကြည်အပ်တဲ့ ရန်သူ ဆော်တစ်ယောက် ဆိုရင်တောင်မှ ပို့မှာ အစ်မရဲ့ကမ်းလှမ်းချက်ကို ငြင်းပယ်နိုင်တဲ့ အင်အားစိတ်မာတ်မျိုး မရှိတော့ပါဘူး။

"အစ်မ စားသောက်ဆိုင် တစ်ခုခုကိုပဲ မောင်းလိုက်မယ် နော် ... အခန်းတစ်ခန်း ယူလိုက်ရင် အစ်မတို့အတွက် ဣန္ဒြေရရနဲ့ လုံခြုံဆိတ်ငြိမ်မှုလည်း ရှိမှာပါ ... ပိုအချိန် ပေးနိုင်တယ် မဟုတ်လား ..."

ပိုက ခေါင်းကို ဆက်တိုက်ကြီးပင် ညိတ်ပြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ဒီလောက် ငယ်ငယ်ရွယ်ရွယ် ကလေးမလေးက အိမ်ထောင်သက် တစ်နှစ်ခွဲကျော်ကျော်နှင့် ... ကိုယ့်အိမ်ထောင်အတွက် စိတ်ညစ်စရာများနှင့် ရင်ဆိုင်ခဲ့ရပြီ ဆိုသောအခါ မြမဟာမှာ ခေါင်းများပင် ကိုက်ချင်သွားရပါသည်။

"မိဘပေးစားတာလားဟင် ..."

"ဟင့်အင်း မ,ရယ် ... ချစ်ကြိုက်ပြီး ယူကြတာပါ ..."

"ညီမရယ် ... ငယ်ငယ်ကလေးပဲ ရှိသေးတဲ့ဟာကို ..."

"မို တကယ်ပဲ ငြင်းခဲ့ပါသေးတယ် ... လက်မခံချင်ခဲ့ပါဘူး ဆိုတာ ခုချိန်ကျတော့ ယုံတမ်းစကားတစ်ခုလိုပဲ ဖြစ်သွားပြီ ... မ,ရဲ့ ... သူ့ရဲ့အဓိကပြဿနာကတော့လေ ... ပိုလှလွန်း ချောလွန်းလို့တဲ့ ... ပိုက နိုင်ငံနဲ့အဝှမ်း လူသိနေပြီဖြစ်တဲ့သူမို့တဲ့ ... စိတ်မချဘူးတဲ့ ..."





မြမဟာက ပို့ မျက်နှာကလေးကို စိုက်ကြည့်ကာ ... "ပိုက"ဟု ဆိုလိုက်လျှင် ...

"ပိုက နိုင်ငံ့လက်ရွေးစင် ရေကူးချန်ပီယံတစ်ယောက်ပါ မ,ရယ် ... ပိုက (---)ဝန်ကြီးဌာနကပါ ... နိုင်ငံခြားအထိတော့ တစ်ခါမှ သွားမပြိုင်လိုက်ရပေမဲ့ ... ဒီမှာလာပြိုင်တဲ့ နိုင်ငံခြားပွဲတွေတော့ အများကြီး နွှဲဖူးပြီးပါပြီ ... ပို့ကို ဌာနက (---)နိုင်ငံကို ပို့တော့မဲ့ ဆဲဆဲပါ ..."

"ဟယ် ... ကြည့်စမ်း ... အဲဒါကြောင့် တို့ သိပါတယ်ထင်နေတာ ... အစစ်ပဲ ... ပို့ပုံကို တို့ အားကစားစာစောင်တစ်ခုထဲမှာရယ် ... သတင်းစာထဲမှာရယ် မြင်ဖူးခဲ့တာပဲ ... ဟုတ်တယ် ... အဲဒီတုန်းက တို့တောင်မှ ငယ်ငယ်ကလေးနဲ့ တော်လိုက်တာ ... ချောလိုက်တာ ... လို့ ပြောမိခဲ့သေးတယ်"

သူ အောင်မြင်ခဲ့ရာ အခြေအနေတစ်ခုကို သိရှိသတိတရ ဖြစ်နေသူတစ်ဦးရဲ့ရှေ့မှာ ပို့ရဲ့မျက်နှာလေးက ... ညစ်ညူးနေရာမှ ရုတ်တရက် ပြုံးယောင်ယောင်လေးပင် ဖြစ်သွားပါသည်။

"နှမြောစရာ ကောင်းလိုက်တာ ..."

"မ,ပြောလိုက်မှ ပိုတောင် ကိုယ့်ကိုယ်ကိုယ် အရမ်းနှမြောသွားပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဝန်ကြီးဌာနက လက်ခံမယ်ဆိုရင် အိမ်ထောင်ကျပြီးသွားလည်း အားကစားသမားတစ်ယောက်အဖြစ် ဆက်ရပ်တည်လို့ ရနေသေးတာပဲ ညီမရယ် ... ဌာနကလူကြီးတွေကို ပြောကြည့်ပါဦးလား"

"ကိုကိုက ခွင့်မပြုတာပါ မ,ရယ် ..."

မြမဟာရဲ့ မျက်နှာက မှုန်ကုပ်ကုပ် ဖြစ်သွားရပါသည်။

"မင်း ကိုကိုက တစ်ကိုယ်ကောင်း ဆန်လှချေလား"

ပြောပြီးမှ "သူများလင်မယားကြား"ဟု သတိရလိုက်မိသော မြမဟာက ပို့ဘက် လှည့်ကြည့်လိုက်မိရာ ... သူကိုယ်တိုင် အဲဒီလိုကြီး အတိအလင်း တစ်ခါမှ နှုတ်ကထုတ်မပြောခဲ့ဖူးသေးသည့် ပို့က သူများတကာရဲ့ ခပ်ဆတ်ဆတ် ဝေဖန်မှုကိုတော့ သဘောကျလှသလို ခေါင်းလေးတညိတ်ညိတ် ...။

"ဒီလောက် ငယ်နေသေးတဲ့ ကျောင်းသူလေး တစ်ယောက်ကိုလည်း အတင်းတိုက်တွန်း ကောက်ယူပစ်လိုက်သေး ... ပြီးကျတော့ ကျောင်းလည်း ဆက်မတက်ရ ... အောင်မြင်နေတဲ့ ဝါသနာတစ်ခုကိုလည်း ရပ်ခိုင်း ... ပြီးတော့ အိမ်ထဲကအိမ်ပြင် ထွက်တာတောင် သိပ်မကြိုက်လှဘဲ ... သူအလှကြည့်ဖို့ သူ့ရှေ့ ငုတ်တုတ်ထိုင်ပြနေရမဲ့ အရုပ်ကြီးတစ်ရုပ်လို ထားထားတယ် ဆိုတာကတော့ ..."





"ပြီးကျတော့ မင်းက စက်ရုပ်ကြီးနဲ့ တူနေတယ် ... ငါ မကြိုက်ဘူးတဲ့ မ,ရယ် ..."

မြမဟာရဲ့ ရင်ထဲမှာ မဆီမဆိုင်ပင် ခံပြင်းမှုတွေနှင့် တစစ်စစ် ဖြစ်ရကာ ...

"ပို့ကရော အဲဒါတွေကို ဘာကြောင့် လက်သင့်ခံနေရတာလဲ"

"ဟင် ..."

"တကယ်ဆို ပို့ ကျောင်းဆက်မတက်ချင်ဘူးလား ..."

"တက်,တက်ချင်တယ် ..."

"ရေကူးတာရော ..."

"သူက မကြိုက်ဘူးတဲ့ ..."

"ရေကူးတာ ... ကျောင်းတက်တာဟာ ... ကိုယ်ကျင့်တရားပျက်ပြားတာလည်း မဟုတ်ဘူး ... အိမ်ထောင်ရေးဖောက်ပြန်တာလည်း မဟုတ်ဘူး ... အဲဒီအတွက် ကိုယ့်အိမ်ထောင်ဖက် တစ်ယောက်ကို ဘယ်လိုမှ မထိခိုက်စေနိုင်တဲ့ကိစ္စ ... ဘာကြောင့် ခွင့်မပြုရမှာလဲ ... ဘာအဓိပ္ပာယ်မှ မရှိဘူး ..."

"စိတ်မချတာတဲ့"

"ဘာလို့ စိတ်မချရမှာလဲ ... ပို့က သူ စိတ်မချချင်စရာ တစ်ခုခု ..."



www.burmeseclassic.com

www.burmeseclassic.com



"အို ... မရှိပါဘူး မ,ရယ် ... ပို ဒီနေ့ ဒီအချိန်ထိ ... ဘုရားမကြိုက် ... မိဘမကြိုက်မဲ့ ဘာမကောင်းမှုမျိုးမှ မကျူးလွန်မိသေးပါဘူး ..."

"ဒါဖြင့်ရင် ... ဒါ သက်သက်မဲ့ ချုပ်ချယ် ... ဗိုလ်ကျတာပေါ့ ... ပိုက ဘာဖြစ်လို့ မတောင်းဆိုသလဲ ... လင်မယားချင်း ရန်တိုက်ပေးနေတာ မဟုတ်ဘူးနော် ... ဒါ ဆွေးဆွေးနွေးနွေး ပြေပြေလည်လည်နဲ့ ရအောင်တောင်းဆိုယူနိုင်ရမဲ့ ကိစ္စမျိုးတွေပဲ ..."

ပိုက တိတ်တိတ်ကြီး နှုတ်ပိတ်နေလျှင် မြမဟာက တစ်ချက်ပြုံးကာ ...

"ပို ဘာဖြစ်လို့ မတောင်းဆိုဘူးလဲ သိလား ... ပို့ကိုကိုရဲ့ လွှမ်းမိုးမှုတွေအောက်မှာ ပိုက တစ်စထက်တစ်စ ကိုယ့်ကိုယ်ကိုယ် အယုံအကြည်ကို မရှိတော့တာ ... အဲဒီလို ဖြစ်လာလေ ... သူကလည်း ပိုလွှမ်းမိုးလေပဲ ... ကြာကြာနေတော့ ပိုက ဘာမှမဟုတ်တော့ဘူး ဖြစ်လာတယ် ...

လောကကြီးမှာလေ ... လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့ ... ငါဟာ တစ်ဦးတစ်ယောက်ပါလား ... တစ်နေရာရာမှာတော့ အသုံးကျ အောင်မြင်နိုင်တဲ့ လူဟုတ်တစ်ယောက်ပါလား ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေဖို့ တကယ်လိုတယ် ပို ..."





ပို တစ်ခါမှ မကြားဖူးသော စကားမျိုးတွေမို့ ပိုက မြမဟာကို မျက်လုံးကြီးပြူးကာ ကြည့်နေမိသည်။

"ဆင်းရဲချမ်းသာမရွေး ... လူဆိုတာ ကိုယ့်ရဲ့အသုံးကျမှုကို ကိုယ်ပြန်ကျေနပ် ဂုဏ်ယူနေနိုင်တဲ့ သူမျိုးမှ လူဖြစ်ရကျိုးနပ်တာ ... နို့မို့ဆိုရင်တော့ အလကားပဲ ... ကိုယ့်ကိုယ်ကိုယ်မှ မယုံကြည်ရတော့ရင် အဲဒါကို ကိုယ်သိသလို ... ဘေးလူကလည်း သိကိုသိတာပဲ ... ပို့ကိုကိုကလည်း အဲဒါကိုသိလို့ ... ပိုပိုဆိုးလာတာ ... ပိုက ဒီလောကကြီးထဲမှာ 'ငါဟာ တစ်ဦးတစ်ယောက်'ဆိုတဲ့ အဖြစ်က ပျောက်ဆုံးနေပြီကိုး ..."

"အဲ ... အဲဒါကြောင့် ... သူ ... သူက နောက်မိန်းမ ..."

"အဲဒါက ခဏထား,ထားလို့ ရသေးတယ် ... ဒါ့သတင်းကြားပဲ ရှိသေးတာလေ ... တကယ်ဟုတ်ချင်မှ ဟုတ်မဲ့ကိစ္စတစ်ခုကို လိုက်အရေးသယ်နေရတာထက် ... ကိုယ့်မှာ တကယ်လိုအပ်နေတဲ့ ... 'တစ်ဦးတစ်ယောက် ဖြစ်လာဖို့' ကိစ္စကသာ ပိုအရေးမကြီးဘူးလား ..."

ပိုက ခပ်မဆိတ်ကလေး လုပ်နေလျှင် ... မြမဟာက ပို့ရဲ့ပါးကလေးကို တစ်ချက်လိမ်ဆွဲလိုက်ကာ ...

"အချိန်မမီလိုက်ဘဲ လက်လွှတ်ဆုံးရှုံးလိုက်ရမှာလားလို့ ကြောက်နေလို့လား ... တကယ် ဟုတ်နေပြီးပါပြီဆိုရင် ...



www.burmeseclassic.com

www.burmeseclassic.com



ပို အခုချက်ချင်း ထလှုပ်ရှားရင်ကော ဒါကို အချိန်မီပါပြီ လို့ ပြောနိုင်လို့လား ... မဟုတ်သေးဘူး ဆိုရင်လည်း ... ပို့အနေနဲ့ ကိုယ့်ယောကျ်ားကိုယ် ဒီလောက် မပိုင်မနိုင် မပြောမဆိုနိုင်ပုံနဲ့ ... ဒီကိစ္စဟာ ဆက်လက်ပြီး ဟုတ်ဖို့ မဟုတ်ဖို့ ဆိုတာ သူ့စိတ်သူ့သဘော တစ်ခုပေါ်မှာသာ မူတည်တာပဲ ... ပို့အနေနဲ့ ဘာများ အချိန်မီတားဆီးထား နိုင်မယ်များ ထင်လို့လဲ ...”

“ဟုတ်တယ်နော် ...”

“ဟုတ်တာပေါ့ ပိုရယ် ... ပို့မှာ တကယ်တမ်း လိုအပ်နေ တာက ခုချိန်ကစပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်တွေ ပြန်ရှိလာဖို့ ... ပြီးတော့ နောက်တစ်ဆင့် ပိုဟာ ဘာမှ မဟုတ်တဲ့ သူတစ်ယောက် မဟုတ်ဘဲ ... တစ်ခုခု တစ်နေ ရာရာမှာ စွမ်းဆောင်နိုင်မှုရှိတဲ့ လူဟုတ်တစ်ယောက် ... တစ်ဦးတစ်ယောက် ဖြစ်လာဖို့”

“အဲဒါက ဘယ်လိုလုပ်ရမှာလဲ ... ပိုက ဘာမှ ကိုယ့်ဟာနဲ့ ကိုယ် တတ်လာမှာ မဟုတ်ဘူးထင်တယ် ... ပိုက သင် ပေးမဲ့လူရှိမှ ဖြစ်မှာ ... အဲဒါကြောင့် ကိုကို့ကိုတောင် သူ့ အလုပ်ထဲမှာ လက်တွဲသင်ပေးပါလားဆိုတော့ ... လိုက်မရှုပ် နဲ့တဲ့ ...”

“ပို့ဟာက ခုအချိန်မှာများ မပြောကောင်း မဆိုကောင်း ...





မင်းကိုကိုသာ ရုတ်တရက် ခေါက်ခနဲ ဖြစ်သွားရင် ... ပို ဟာ ဒီသူဌေးတစ်ယောက်ရဲ့ သူဌေးကတော် တစ်ယောက် ဖြစ်ပါတယ်ဆိုတဲ့ အချက်ကတောင်မှ မသေချာနိုင်တော့မဲ့ သဘောပဲ ... အဲဒီလောက်အထိတောင်မှ ကိုယ့်ရဲ့အနာဂတ် တစ်ခုလုံးကိုပါ ကြိုပြီး မျက်စိမှိတ် ပုံအပ်ထားရသလား ပိုရယ် ... ပိုက ဘာမှမတတ်ဘူးဆိုတဲ့ စကားမျိုးကိုလည်း မပြောစမ်းပါနဲ့ ... အဲဒါကိုက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိတာကို ပြတာ ... ဘာမှမတတ်ဘူး ဆိုတဲ့ လူဆိုတာ လောကမှာ ရှိကို မရှိဘူး”

ပို့ခမျာ ... “ကိုယ့်ဟာ ဘယ်ဘက်မှာများ ဘာတွေ တတ်ကျွမ်းနေသလဲ” ဆိုတာကို အပြေးအလွှား ဖျစ်ညှစ်စဉ်းစား ကြည့်ပါသော်လည်း အဖြေတစ်ခုက အောင်မြင်စွာ ထွက်မလာ နိုင်ပါ ...။

“ပို ... ပို မသိဘူး ...”

“ပို သိပါတယ် ... အနည်းဆုံးတော့ ပိုဟာ ခုချိန်မှာ အိမ် ရှင်မကောင်းတစ်ယောက် အဖြစ် အောင်မြင်နေတာပဲ မဟုတ်လား ...”

“မအောင်မြင်လို့ ခုလို ဖြစ်တာပေါ့ ... မ,ရဲ့ ...”

“ဒါဆိုရင်လည်း ပိုဟာ နိုင်ငံ့လက်ရွေးစင်တောင်ဖြစ်လောက် အောင် ရေကူးပညာမှာ ကျွမ်းကျင်အောင်မြင်ခဲ့တယ်လေ...”



www.burmeseclassic.com

www.burmeseclassic.com



"ဒါကလည်း အတိတ်မှာ ကျန်ခဲ့ပါပြီ မ,ရယ် ... ခုချိန်မှာ ကိုကိုက ရုတ်တရက် စိတ်ကောင်းတွေဝင်ပြီး ... 'ကဲ ... ခွင့်ပြုပြီဟေ့' ဆိုရင်တောင် တစ်နှစ်ခွဲကြီးလုံးလုံး ကန့်ထဲတစ်ခေါက်မှ ပြန်မရောက်ဖူးတော့တဲ့အတွက် ... အရင်အခြေအနေမျိုး ... ပို ဘယ်လိုမှ ပြန်မရနိုင်တော့ပါဘူး ... ကန့်ထဲဆင်းလိုက်ရင် 'စွပ်'ခနဲ မမြုပ်သွားရင် ကံကောင်း ..."

"မြုပ်သွားရင်လည်း ကူးပြီး ပြန်တက်ခဲ့လိုက်ပေါ့ ... ဒီမှာ ပို ... ပိုနဲ့ တို့နဲ့ တွေ့ကြတာ ဒီတစ်ခါပါမှ နှစ်ကြိမ်ပဲ ရှိကြသေးတာပါ ... ဒါပေမဲ့ တို့ဘက်ကတော့ အရင်းနှီးဆုံးလို့ သဘောထားပြီး ဝင်ခွက်ဖက် စီစဉ်ပေးရင်ကော ... ပို့ဘက်က လက်ခံနိုင်မလား ..."

ပိုက မြမဟာကို အငေးသားလေးပင် ကြည့်လိုက်မိပါသည်။ ပို့အနေနဲ့ကတော့ မြမဟာကို အားကျစရာကောင်းသော ... စံထားဖွယ် ဖြစ်သော အစ်မကြီးတစ်ယောက်အဖြစ် ပထမဦးဆုံးအကြိမ် စ,စတွေ့ချင်းကတည်းကပင် သတ်မှတ်လက်ခံထားပြီးသားပါ။ ရေသေအိုင်တစ်ခု အတွင်းမှာ စုံးစုံးကြီး နစ်မြုပ်နေရသလို ... ပို့ဘဝဟာ မြမဟာရဲ့ ကူညီမှုတွေအောက်မှာ ပြောင်းလဲတိုးတက်လို့များ လာလေမလား ...။ ပိုရင်ခုန်ချင်လာသည်။

"အစစအရာရာမှာ ချုပ်ချယ်ထားချင်တဲ့ ပို့ကိုကို ဆိုတဲ့လူကိုတော့ ပထမပိုင်းမှာ အသိပေးမထားသေးဘဲ ခိုးဝှက်





လုပ်နေရသလိုမျိုးတော့ ဖြစ်နေမှာပဲ ... အသိပေးလိုက်ရင် ... သူက တားမယ် ... ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတဲ့ ပို့အနေနဲ့မှာလည်း ဖွတ်တိုးရဲတော့မှာ မဟုတ်ဘူး ... အဲဒီတော့ တို့ ဝင်ခွက်ဖက် စီစဉ်မယ်ဆိုတဲ့ အရာကြီးက စောစောပိုင်းမှာတော့ ခိုးကြောင်ခိုးဝှက် သဘောပါ ဆန်နေလိမ့်မယ်နော် ... အဲဒါကိုလည်း ထည့်စဉ်းစား ...

ပို့ဘာသာ ယုံကြည်မှုတွေနဲ့ ပိုင်နိုင်လာပြီ ... ရဲဝံ့ပြတ်သားရဲလာပြီဆိုမှ မြို့မထားချင်တော့ဘဲ အတိအလင်းဖွင့်သတင်းပေးလိုက်ရင်တော့ တစ်မျိုးလေ ... မဟုတ်ဘူးလား ..."

ပိုက ခေါင်းကို ဖြတ်ခနဲ ညိတ်ချလိုက်ပါသည်။

"ပို လုပ်မယ် ..."

မြမဟာ ကိုယ်တိုင်လည်း တစ်ချက်တော့ ရင်ခုန်သွားရသည်။ မြမဟာ ... ဟာ ကိုယ်နဲ့လည်း သိပ်ရင်းနှီးကျွမ်းဝင်မှုမရှိလှတဲ့ ... သူ့တစ်ပါး လင်မယားကြားထဲသို့ မနေနိုင် မထိုင်နိုင် ဝင်ပါဖြစ်အောင် ပါတော့မည်လေ ...။

"တို့နဲ့ခင်တဲ့ နိုင်ငံခြားသား နှစ်ယောက်နဲ့ ... သူတို့ရဲ့အသိတွေကိုပါ ပေါင်းလိုက်ရင် ... နိုင်ငံခြားသား သုံးလေးယောက်လောက် တို့စုပေးနိုင်တယ် ... တို့အပါအဝင်ပေါ့လေ ... အဲဒီလူတွေ အားလုံးဟာ အချိန်ပိုင်းနည်းပြတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သတ်သတ်မှတ်မှတ် ... သီးသန့် ... ရေကူးသင်ချင်တာမျိုး အားလုံးရဲ့ စိတ်ထဲမှာ ရှိနေကြတယ်လေ ... ပို သင်ပေးနိုင်မလား ...”

“ဟင်”

ပိုက တဒိန်းဒိန်း အခုန်မြန်လာသော ကိုယ့်ရင်ဘတ်လေးကိုယ် လက်ကလေးနှစ်ဖက်နှင့် စုံဖိထားလိုက်မိကာ ...

“ဖြစ် ... ဖြစ်ပါ့မလား ...”

“ဘာလို့ မဖြစ်ရမှာလဲ ... ရေကူးကန်ပဲ ရှိပြီး ထရိန်နာ (Trainer) မရှိတဲ့ ဟိုတယ်ကြီးတစ်ခုမှာ တစ်နာရီ ဘယ်လောက်ဆိုပြီး ‘ကန်ခ’ပေးပြီး သင်နိုင်အောင်လည်း တို့ပြောပေးနိုင်တယ် ... အဲဒီဟိုတယ်က သဘောကျသွားရင်တောင် နောက်ပိုင်းမှာ ပို့ကို သူတို့ကန်ရဲ့ ထရိန်နာအဖြစ်တောင် ကမ်းလှမ်းပြီး အလုပ်ဆက်ဖြစ်လာနိုင်တယ် ...”

“ဟို ... ကိုကိုက ...”

“သူအလုပ်သွားတတ်တဲ့ အချိန်တွေမှာပဲ သင်ဖြစ်အောင် ... မဖြစ်,ဖြစ်အောင် စီစဉ်ကြည့်ရမှာပေါ့ ...”

“ပိုက အင်္ဂလိပ်လိုလည်း မပြောတတ် ... ဘာ,ဘာသာစကားမှလဲ နောက်ထပ်မပြောတတ်တော့ဘူး ဆိုတော့ ...”

“စိတ်သာ အဓိကပါ ပိုရယ် ... ဘာသာစကားတစ်ခုဆိုတာ လူတွေအတွက် ... တတ်မထားလို့ မဖြစ်တော့ဘူးဆိုတဲ့





အခြေအနေမျိုး ဖြစ်လာရင် ... ဖွတ်ကြီးစားရင်းနဲ့ အလွယ်တကူ တတ်သွားနိုင်တဲ့ ပညာရပ်တစ်မျိုးပါမဲ့ ... မတတ်သေးဘူးဆိုတာ ... တတ်ဖို့ သေရေးရှင်ရေးတမျှ အရေးမကြီးသေးလို့ပါ ...

တို့တိုင်းပြည်မှာ ဟိုး ကျေးလက် ဇနပုဒ်တွေကတောသူတောင်သားကြီးတွေ ... အင်္ဂလိပ်ခေတ် ... ဂျပန်ခေတ်က အင်္ဂလိပ်စကား ... ဂျပန်စကားတွေကို မွှတ်နေအောင် ပြောတတ်ခဲ့ကြတာပဲ ... အဲဒီလူတွေထဲမှာ ပို့လောက်တောင် စာမသင်ဘူးတဲ့သူ ... လုံးလုံးကို စာမတတ်ခဲ့ကြတဲ့သူတွေ ပါနေတာပဲ ... ဒီလိုမှ မပြောတတ်ရင် ... သူတို့ မရှင်သန်နိုင်ဘူး ဆိုတော့ ... လိုအပ်လာတဲ့အခါမှာ ... ထမင်းစားရေသောက်လောက်တော့ လူတိုင်းပြောတတ်ခဲ့တာပဲ ... ပိုလည်း ဖြစ်သွားမှာပါ ...”

ပို့မှာ ... ကိုယ်တကယ် ဝါသနာပါသော ... ကိုယ့်ရဲ့ ...စ်ခုတည်းသော ကျွမ်းကျင်ပိုင်နိုင်မှုဖြစ်သော ဒီအလုပ်ကို ဖျပ် ...ပ်လူး ခုပင်ပြေးပြီးတော့လည်း လုပ်ချင် ... “ဖြစ်ပါ့မလား”ဆို ... စိတ်နဲ့ ... “ကိုကိုသာ သိသွားရင်တော့ ပွဲကြီးပွဲကောင်းပဲ” ...တဲ့ စိုးရိမ်စိတ်ကလည်း လွန်ဆွဲ ...။

ကိုယ့်မိခင်ရင်းဆီကပင် မရရှိခဲ့ရသော အားတက် ...ရော ... တရင်းတနှီးကြီး ထောက်ပံ့ကူညီမှုကိုလည်း ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



အားရနှင့် မငြင်းဆန်ချင် ... မငြင်းဆန်ရက် ...။ အို ... ပိုတော့ ... အလင်းရောင်ပျပျ မြင်နေရပြီဖြစ်တဲ့ ဒီထွက်ပေါက်ကသာ ဖွတ်တို့ မထွက်လိုက်နိုင်လျှင် ... နောင် ... ဘယ်တော့မှ ဒီလိုလမ်းစမျိုး ထပ်မမြင်လာနိုင်တော့ဘူးပဲ ထင်ပါရဲ့ ...။

ရေသေအိုင်ထဲက ဖွတ်ရန်းထွက်ချင်စိတ် ... ပို့မှာ တကယ်ပဲ ရှိသလား ...။ မရှိဘူးလား ...။ ဆုံးဖြတ် ... မြန်မြန် ဆုံးဖြတ်လေ ...။

"တို့ မနက်ဖြန် တစ်ရက်တော့ ရန်ကုန်မှာ ရှိဦးမှာပါ ... ပို ဒီတစ်ည စဉ်းစားရင် စဉ်းစားလိုက်ဦးလေ ... မနက်ဖြန် မနက်စောစောလောက် အဖြေထွက်နိုင်ရင်တော့ တို့မပြန်ခင် တစ်နေကုန် လိုက်စီစဉ် ဆက်သွယ်ပေးခဲ့လို့ ရတာပေါ့ ..."

"ပို လုပ်မယ် ..."

မြမဟာက "ဒီလိုမှပေါ့ ..."ဟု နှစ်ထောင်းအားရ အော်လိုက်မိပါသည်။ ချက်ချင်းပင် ဆုံးဖြတ်ချက် ချပစ်လိုက်နိုင်သော ပိုကတော့ ကိုယ့်ကိုယ်ကိုယ်လည်း အတော်ကြီး သဘောတကျ ဖြစ်သွားသည့်ဟန်နှင့် မျက်နှာကလေးပေါ်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ရဲရင့်သော အရိပ်အယောင်တို့လည်း ခုကတည်းက စတင်ပြီး ယှက်သန်းလို့ လာရသည်။

"ကြည့်စမ်း ... ဘာမှတောင် မကြိုးစားကြည့်ရသေးဘူး ... ပို့ပုံစံလေးက အရင်ကထက် ... ခုနကထက် အများကြီး





ပိုပြီးကြည့်ကောင်းလာပြီ ... တို့ ရဲရဲပြောရဲတယ် သိလား ... ရှေ့လျှောက်မှာ ပို့ ဒီထက်ပိုပြီး လူဖြစ်ရကျိုး နပ်လာသလို ... ဘဝမှာ နေပျော်လာစေရမယ် ... ဘာမှ မဟုတ်တဲ့လူ အဖြစ်ကနေ ... "တစ်ဦးတစ်ယောက်ပါလား"ဆိုတဲ့ အရသာက ပို့ကို ကောင်းကောင်းကြီး ပြောင်းလဲပေးလိုက်လိမ့်မယ် ... သိလား ..."

မြမဟာက လက်ကမ်းပေးလိုက်လျှင် ပိုက ... လက်ပြန်ကမ်း လက်ဆွဲနှုတ်ဆက်ဖို့ထက် ... မြမဟာရဲ့ ကမ်းလာတဲ့လက်ကို ဆွဲယူသိုင်းဖက်ပစ်လိုက်ကာ ... ပို့ရဲ့ရင်ခွင်ထဲမှာပဲ ခပ်ကျစ်ကျစ် ဖက်ထားဖြစ်လိုက်ပါသည်။

"ရှေးရေစက်ဆိုတဲ့ စကားဟာ အလကားနေရင်း ပေါ်ပေါက်လာတာမျိုးတော့ မဖြစ်နိုင်ဘူးနဲ့ တူတယ် ... နော် ... ပို"

"ဟုတ်တယ် ... မ, ... ပိုလည်း ရှေးရေစက် ဆိုတာကို ယုံတယ် ..."

မြမဟာက လွတ်နေသေးသည့် နောက်လက်တစ်ဖက်နှင့် ပို့ ကျောပြင်လေးကို သိုင်းဖက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတလော ... မြမဟာ ပျောက် ... ပျောက်နေတယ် နော် ..."

မြမဟာက ရန်နိုင့်ကို မထေ့တထေ့ အပြုံးကလေးနှင့် ကြည့်လိုက်ကာ ...

"ပျောက်တယ်လို့ ဘယ်သူက ပြောလို့လဲ ... နယ်ဆင်းနေတာ ဖြစ်မှာပေါ့ ..."

"မဟုတ်ပါဘူး ... ကျွန်တော် မြမဟာတို့ ရုံးခန်းရှေ့လည်း ရောက်နေတာပဲ ... မြမဟာတို့ရဲ့ အဖွဲ့ကလည်း ပဲခူးမှာ နာမည်ကြီးပဲ ... ဒီအဖွဲ့ ဒီနေ့ ဘယ်ရွာရောက်နေသလဲ ဆိုတာလည်း ... မြို့ပေါ်မှာတင် စုံစမ်းလိုက်လို့ ရပါတယ် ... တစ်ချို့နေ့တွေကျ ... မြို့ပေါ်လည်းမရှိ ... ဘယ်ရွာမှလဲ မဆင်း ... ပျောက်ကို ပျောက်နေတာလေ ..."

မြမဟာက ရန်နိုင့်ကို မကြည့်တော့ဘဲ ကိုယ့်ဘာသာပဲ သဘောတကျလေး ကျိတ်ပြုံးနေမိပါသည်။ ရုံးခန်းရှေ့လည်းရောက်ရောက်လာသတဲ့ ...။ ဒီအဖွဲ့ ဘယ်ရောက်နေသလဲ ဆိုတာကိုလည်း လိုက်စုံစမ်းသတဲ့ ...။ ကျွန်မတော့ ... အဲဒီစကားတွေမှာ ... သူငယ်နှပ်စားလေး တစ်ယောက်လို ... သဘောတွေကျပြီး ...





ကျေနပ်ပီတိတွေ ဖြစ်ချင်လာပြီနော် ... ကိုရန်နိုင် ...။ ဒါမှမဟုတ် ... "ရှင် ဘာကြောင့် အဲဒါမျိုးတွေ လုပ်ဖြစ်နေရတာလဲ" လို့ ကိုယ့်ဘာသာ တစ်ယောက်တည်း ရှည်ရှည်ဝေးဝေးတွေ ဆက်တွေးပြီး စိတ်ကူးယဉ်ပစ်လိုက်ရတော့မလား ...။

"ရန်ကုန် သွားနေရတယ် ..."

မြမဟာက မပွင့်တပွင့် အဖြေ ပြန်ပေးလိုက်သည်။

"ရန်ကုန် ... ဘာကိစ္စလဲ ... အလုပ်ကိစ္စပဲလား ..."

"ဟင့်အင်း ... မြမဟာတို့ အဖွဲ့ထဲကပဲ ... သုံးယောက် ... ရန်ကုန်မှာ ရေကူးသင်နေကြတာ ..."

"ရေကူးသင်တယ် ..."

ရန်နိုင်က မျက်မှောင်ခပ်ကုပ်ကုပ်နှင့် ဆိုသည်။

"ဟုတ်တယ် ... လိုအပ်တယ် ကိုရန်နိုင်ရဲ့ ... အခြေအနေဆိုတာက ပြောနိုင်တာ မဟုတ်ဘူးလေ ... မြမဟာတို့ အလုပ်မှာ မြစ်ကူး ချောင်းကူး သွားလာနေရတဲ့ အခါတွေလည်း ရှိတော့ ... ရေကူးလေး တတ်ထားရင် ... လုံးဝမတတ်တာနဲ့ စာရင်တော့ ကိုယ့်မှာ နည်းနည်းပိုပြီး လုံခြုံနိုင်တာပေါ့ ..."

"တကယ်တမ်း တစ်ခုခုဆိုရင် ... တတ်ထားလည်း ဘာမှတောင် သိလိုက်မှာ မဟုတ်ပါဘူးဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … နည်းနည်းတော့ တော်သေးတာပေါ့ ကိုရန်နိုင်ရဲ့ …"

ရန်နိုင်က မျက်နှာရှုံ့ရှုံ့နှင့် ခေါင်းခါပြသည်။

"ကိုရန်နိုင်ဖြင့် မသိဘဲနဲ့ … မြမဟာက ရေနစ်ဖူးတယ် …"

"ဟုတ်လား … ဒီမှာ အလုပ်လုပ်ရင်းနဲ့လား …"

"မဟုတ်ပါဘူး … ငယ်ငယ်လေးတုန်းက မိဘတွေနဲ့ ပေလီသွားရင်း ကမ်းခြေမှာပဲနစ်တာ … သိပ်ရယ်ရတာပဲ … ကမ်းစပ်မှာ ရေကဖြင့် တိမ်တိမ်လေး … အဲဒါကိုပဲ … လှိုင်းတွေ တစ်လုံးပြီးတစ်လုံး အရိုက်ခံရပြီး ထ,ကိုပြန်မထနိုင်တာ … သေသာသွားရင်တော့ ရေတိမ်နစ်တယ်လို့ သတင်းက ထွက်မှာပဲ … ဟင်း ဟင်း …

ခု ပြန်ပြောရင်သာ ရယ်ရတာ … အဲဒီတုန်းကတော့ တကယ့်ကို သေပြီမှတ်လို့ … ရေနစ်သေရတယ် ဆိုတာ တကယ့်ကို ကြောက်စရာကြီးပါလား ဆိုတာ အဲဒီအတွေ့အကြုံနဲ့တင် … တစ်ခါတည်းနဲ့ သိသွားတာပဲ … အဲဒီနောက်ပိုင်းမှာ မြမဟာက ရေဆို တစ်ခါတည်း လန့်သွားတာ … အပျော်ခရီး ထွက်ရင်တောင် ရေထဲမဆင်းတော့ဘူး … ဒီအလုပ်ထဲ ဝင်တော့လည်း လိုအပ်တယ်ဆိုတာ သိပေမဲ့ … ကိုယ့်ကိုယ်ကိုယ်ရော … သင်ပေးမဲ့ ဆရာကိုပါ မယုံလို့ ခုအချိန်ထိ မသင်ဖြစ်ခဲ့တာ …"





"ခုတော့ ယုံရမဲ့သူ ပေါ်လာပြီပေါ့ …"

သူ့စကားက ဘာလိုလိုရယ် …။ မြမဟာက စိတ်ထဲမှာကျလိကျလိနှင့်ပင် … "ဒါပေါ့ …"ဟု ပြန်ဖြေလိုက်သည်။ မျက်မှောင်ကုတ်ကို ပြန်ဖြေဖို့ စိတ်ကူးရှိဟန် မတူတဲ့ ရန်နိုင့်မျက်နှာက မြမဟာရဲ့ "ဒါပေါ့"ကြောင့် ပိုပြီးတော့ပင် ခပ်အိုအိုဖြစ်သွားရကာ …

"တစ်သက်လုံး စွဲလာတဲ့ အစွဲကိုတောင် အလွယ်တကူ စွန့်ပစ်ပြီး ယုံကြည်တယ် ဆိုတော့ ထူးဆန်းသားပဲ … ယောက်ျားလား … မိန်းမလား … မသိရဘူးလား …"

ကိုရန်နိုင်ရေ … အဲဒါ … "သဝန်တိုတယ်"ဟူသော စကားရဲ့ အဓိပ္ပာယ်ကို တဖြည်းဖြည်း တစ်စစနဲ့ ဖော်ကျူးဖို့ ကြိုးပမ်းနေတာများလား။

"ဩော် … မိန်းမပါရှင် … ရှင်ကလည်း …"

မြမဟာက ဘာမှ အရေးမကြီးလှသည့် လေသံနှင့် ပြောလိုက်သော်ငြား ရန်နိုင်က ကျေနပ်သွားသလို ခေါင်းကိုဆတ်ခနဲ တစ်ချက်ညိတ်ကာ …

"မြမဟာက လွယ်လွယ်နဲ့ ယုံကြည်အားကိုးတယ် ဆိုရင်တော့ ယောကျ်ားမဟုတ်နိုင်ပါဘူးလို့ ထင်သားပဲ …"

"အမယ် … အဲဒီလိုမျိုး အဓိပ္ပာယ်ရတဲ့ စကားမျိုးကို ကျွန်မ ပြောခဲ့မိလို့လား … မဆိုင်ဘူးနော် … ဒါ ရှင့်အာ



www.burmeseclassic.com

www.burmeseclassic.com



သာ သတ်မှတ်တာ … ကျွန်မက အဲဒီလို ဟုတ်ချင်မှ ဟုတ်မှာပေါ့ … အမယ်လေး … ယောက်ျားထုကြီး တစ်ရပ်လုံးနဲ့ ရန်တိုက်ပေးသလို ဖြစ်နေပါဦးမယ် ကိုရန်နိုင်ရယ် …”

“ခင်ဗျားပုံစံ ကြည့်ရတာကိုက အဲဒီလိုပုံ ထွက်နေတာပဲဟာ …”

“လုပ်ပြန်ပြီ …”

“ထားလိုက်ပါ … သင်မဲ့ဆရာက မိန်းမဆိုပေမဲ့ ရုံးကလူတွေနဲ့ အတူသင်တာ ဆိုတော့ … သင်မဲ့အထဲမှာတော့ ယောက်ျားတွေ ပါမှာပေါ့ …”

“ပါတယ်လေ … မစ္စတာကာဆိဂိ ပါတယ် … မစ္စတာကီမူရာ ပါတယ် … ကျွန်မတို့ ရုံးကမဟုတ်ပေမဲ့ မစ္စတာကီမူရာရဲ့ အသိလင်မယားစုံတွဲ နှစ်ယောက် ပါတယ် …”

“ဟာကွာ …”

“ဘာဖြစ်တာလဲ …”

“မြန်မာ မိန်းကလေးတစ်ယောက် အနေနဲ့ … နိုင်ငံခြားသားတွေ ဒီလောက်တစ်ပုံကြီးရှေ့မှာ …”

မြမဟာကား ရယ်ချင်လွန်းလှသော်လည်း တမင်ပင် မျက်နှာထားကို ခပ်တည်တည် လုပ်ပြထားလိုက်ကာ …

“အိုး … ဒါက အားကစားလုပ်တာပဲဟာ … သူ့အချေ





အနေနဲ့ လိုက်ဖက်တဲ့ ဝတ်စားဆင်ယင်မှုမျိုးကတော့ ရှိရမှာပေါ့ ကိုရန်နိုင်ရဲ့ … မြန်မာမိန်းကလေး ပီသအောင်ဆိုပြီး … မြမဟာက အင်္ကျီလက်ရှည် ချိတ်လုံချည်ကြီးနဲ့ ရေထဲဆင်းရမှာလား …”

“အဲဒီလိုတော့ ဘယ်ရမလဲ … အဲဒါကြောင့် ဒီရေကူးကို အစောတည်းက သင်ကိုမသင်တော့ရင် …”

“ဟုတ်တယ် … ဟိုးတောနက်နက်တွေထဲသွားပြီး မြစ်ကူးချောင်းကူးမှာ ရေနစ်နေရင် … ကိုရန်နိုင်ရေ … ကိုရန်နိုင်ရေ … လို့ အော်,တတော့ရော … ရှင်က ကြားပြီး လာကယ်နိုင်မှာမို့လို့လား …”

“ကျွန်တော်က ရေကို မကူးတတ်တာ …”

မြမဟာက ရန်နိုင့်ကို မျက်စောင်းဖြင့် ရွယ်လိုက်သည်။ ရန်နိုင်က မြမဟာရဲ့ မျက်စောင်းကို လိုက်ကြည့်နေပြီး … နှုတ်မှ လွှတ်ခနဲ …

“သဝန်တိုတယ် …”

မြမဟာက မျက်လုံးလေးဝိုင်းကာ ဆတ်ခနဲ ဖြစ်သွားလျှင် ရန်နိုင်က ခေါင်းကုပ်သလိုလို … နားရွက်ကုပ်သလိုလိုနှင့် မြမဟာဘက် လုံးဝကိုလှည့်မကြည့်တော့ကာ … ခုနကစကားကို သူပဲ မပြောသလိုလို …. နှုတ်ခမ်းကိုပါ တင်းတင်းစေ့ပိတ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမယ် … ဘာဖြစ်ရတာလဲ ဒါကာ …။ မြမဟာမှာ ရယ်ချင်လွန်းလှသော်လည်း ရယ်လိုက်လျှင် ကိုယ်ကပဲ စတင်ကာ လမ်းဖွင့် မြောင်းဖောက်ချင်ရာ ကျတော့မည်မို့ … လုပ်လက်စ အလုပ်ကိုသာ အဆက်မပြတ် ဆက်လုပ်နေရင်း … စိတ်ထဲကတော့ သူ့ကို ကျိတ်မေတ္တာပို့နေမိတော့သည်။

သူဘယ်လိုလူလဲ …။ အသက်ပဲ သုံးဆယ်ဝန်းကျင် ယောကျ်ားသားတစ်ယောက် ဖြစ်နေပါရက် …။ ဒီလိုအရွယ် … ဒီလိုအခြေအနေ … ဒီလိုရုပ်ရည်နှင့် အောင်မြင်တင့်တယ်(နေပုံရ)သော စီးပွားရေးလုပ်ငန်းရှင် … ယောကျ်ားတစ်ဦးဟာ ဒီထက်တော့ ကိုယ့်ကိုယ်ကိုယ် ပိုင်နိုင်ယုံကြည်စွာ နှုတ်ရဲနေသင့်သည် မဟုတ်လား။

ပြောကလည်းပြောချင် … ကြောက်ကလည်းကြောက်မို့ … ဒီလို လွှတ်ခနဲ ပြောသလိုလိုနှင့် … ပြီးကျမှ ကိုယ်ပဲမပြောသယောင်ယောင် ဟန်ဆောင်တတ်ကြသည်မှာ … ခုမှ အရွယ်ရောက် လူလားမြောက်ကာစ ဆယ့်ခြောက်နှစ်သားကလေးတွေလောက်ပဲ … လုပ်တတ်ကြတဲ့ … ဟာသမြောက်ဖွယ် လုပ်ရပ်ကြီး မဟုတ်လားကွယ် …။

ဒီလောက်အခြေအနေနှင့် ဒီလောက် ကြည့်ကောင်းလွန်းလှသော ယောကျ်ားတစ်ယောက်ဟာ … ဒီစကားမျိုးတွေကို မိန်းကလေးတစ်ယောက်ထံ ပထမဦးဆုံးအကြိမ်အဖြစ် လာ





ပြောနေရခြင်းမျိုး ဆိုတာကတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူးပဲ မဟုတ်လား။

ပြီးကျတော့ … စစတွေ့ချင်း အချိန်ကသာ … မြမဟာဘက်ကချည်း စက်ဘီးကလေးတစ်စီးနဲ့ “ခရီးသွားဟန်လွှဲ” တွေ များနေခဲ့မိတာကလွဲရင် … မြမဟာ ကိုယ်တိုင် ကိုယ်ရှိန်သတ်၊ အသိဉာဏ်ကလေး သွင်းလိုက်ပြီးတဲ့နောက်မှာ … ရှင်ချည်းပဲ တဝဲဝဲ တလည်လည် ဆိုသလို … ခရီးကြုံလိုက် … တမင်ကို ပေါက်ချလာလိုက် …။ အဲဒီလိုမျိုး … မိန်းကလေးတစ်ဦးဆီကို ယောကျ်ားလေးတစ်ဦးက အရောက်အပေါက် များနေရတဲ့အဖြစ်ကို … ရှင်က “ဘာ့ကြောင့်”လို့ ဆင်ခြေပေး … နာမည်ကောင်းရှာတပ်ချင်နေသေးလို့တုန်း …။

“မြမဟာဖြင့် … ထင်တောင်မထားဘူး …”

တိတ်တိတ်ဆိတ်ဆိတ်ကြီးနှင့် … ကြာလေ ပိုဆိုးလေဖြစ်တော့မည့် အခြေအနေကြီးကို မြမဟာကပဲ စတင်ကာ စကားတစ်ခွန်းနှင့် ဖြိုခွင်းပစ်လိုက်ပါသည်။ ပြီးလျှင်တော့ မြမဟာတို့ရုံးမှ ကျေးရွာတွေမှာဝေမည့် စာစောင် pamphlet စာရွက်မခေါက်ရသေးသည့် အပုံကြီးကိုပါ သူ့ဘက်ဆီ အနည်းငယ်တွန်းရွှေ့ပြီး … မေးပါ ငေါ့ပြလိုက်၏။

ပထမတော့ တစ်မျိုးဖြစ်နေသေးသည့် ရန်နိုင်က သူ့ကို တမင် အလုပ်ရှာခိုင်းထားလိုက်ပြီး ဘာမှ လုပ်စရာမရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်အအကြီး ဖြစ်နေရမည့် အဖြစ်ဆိုးမှ လွတ်မြောက်စေလိုက်တာမှန်း ... ရိပ်မိသွားသော အခါမှာတော့ ... မြမဟာ လုပ်ကိုင်နေသည့် စာရွက်ခေါက်ပုံ၊ ချိုးပုံတွေကို လိုက်ကြည့်ရင်း ... ခဏကြာသော် နှစ်ဦးသား စာရွက်အတူ ခေါက်ချိုးနေကြလျက် ...။

အခြေအနေက နည်းနည်းပြန်ပြီး ပြေလျော့သွားသလိုရှိမှ မြမဟာက ပြောလက်စ စကားကို ပြန်ဆက်လိုက်သည်။

"မြမဟာဖြင့် မထင်ပါဘူး ... မိန်းကလေးဆိုရင် ခေတ်နဲ့အညီ ... ယောကျ်ားလေးတွေနဲ့ ဒိုးတူဘောင်ဘက် ရင်ဘောင်တန်း အပြိုင်လိုက်နိုင်တဲ့ သူမျိုးကိုမှ သဘောကျတာဆိုတဲ့ ကိုရန်နိုင်က ... ဒီကိစ္စမျိုးမှာတော့ ဒီလောက်ပဲ ခေတ်နောက်ပြန်ဆွဲ ... အမြင်မကျယ်နိုင်ဘူးလား ..."

"ထားပါတော့ဗျာ ..."

"ဟင် ... ဝန်ခံတဲ့ သဘောပေါ့ ..."

"ဟင်း ဟင်း ... အဲဒီသဘောပဲ ထားပါ ..."

"ဟောတော့ ... ရှင်ဟာ တစ်ခါတလေကျတော့ ရှေ့စကားနဲ့ နောက်စကားလည်း မညီဘူးပေါ့ ..."

ရန်နိုင်က "ဟင်းဟင်း ... ဟင်းဟင်း"နှင့် "လူကြီးရှက်တော့ရယ် ..."ဆိုသည့် ရယ်နည်းအတိုင်း ... တစ်ယောက်တည်း "တဟင်းဟင်း"နှင့် ကျိတ်ရယ်နေကာ ... သူ့ရဲ့စိတ်ဝင်စားမှုနှင့်





မျက်လုံးများကိုတော့ pamphletစာရွက်များဆီသို့သာ အစွမ်းကုန်ပို့လွှတ်ထားပါသည်။

မြမဟာမှာတော့ ... ဒီကိုလူချောတစ်ယောက်ကို ... အသည်းပဲ ယားရမလိုလို ...။ ယောကျ်ားတွေရဲ့ စိတ်သဘောဟာ ဘယ်လိုပါလိမ့် ...။ မြမဟာတို့ရဲ့ အောင်မြင်ပျော်ရွှင်ဖွယ်ကောင်းသော ရေကူးသင်တန်းကလေးမှာ ... တကယ့်ကို ဖျက်လုပ်လိုက်တဲ့ အရုပ်လေးတစ်ရုပ်လို တက်တက်ကြွကြွ ... သွက်သွက်လက်လက်နှင့် ရှိနေတော့သော ... ဆရာမကလေး ဒေါ်ပိုပိုကိုပဲကြည့် ...။

သူ့ယောကျ်ားကလည်း သူ ရေကူးတာကို သဘောမကျပါဘူးတဲ့ ...။ ဟုတ်ဟုတ် မဟုတ်ဟုတ် ... သူ့မိန်းမရေကူးတာနှင့်ပဲ ပတ်ဝန်းကျင်က ရှိရှိသမျှသော ယောကျ်ားပေါင်းစုံတို့ဟာ ... ဒုဿနသော ပြစ်မှုကြီးကို ကျူးလွန်ကြတော့မည်ချည်းပဲ ထင်နေသတဲ့ ...။ အဲဒီတုန်းကတော့ "အင်မတန် သေးသိမ်သည့်စိတ်ထား ကျဥ်းမြောင်းမြောင်းကလေးနှင့်လူ ..."ဟု ရှုတ်ချချင်ခဲ့သော မြမဟာအဖို့ ... ကိုရန်နိုင့်လို လူမျိုးကပါ အဲဒီလောက်မဟုတ်ရင်တောင် ... အဲဒီလိုနီးပါးပဲ ... ဆိုတော့ကာ ...။

ကိုရန်နိုင့်ကိုတော့ လူပုံကြည့်ပြီး ... ခေတ်မီအမြင်ကျယ်သော ... နားလည်လွယ်သော ယောကျ်ားတစ်ယောက်ပဲဖြစ်မည် ထင်ခဲ့မိတာ ... ခုတော့ သူသည်လည်းပဲ ထိုနည်းလည်းကောင်း ...။ ဟုတ်လို့လား ...။ ကိုရန်နိုင့်ကို ဆိုလျှင် စမြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ အချိန်ကတည်းက ဘာတွေကို မယုံရတော့မှန်း မသိ … အပြည့်အဝကြီး မျက်စိမှိတ်ပြီး ယုံကိုမယုံချင်သလို ဖြစ်နေမိသော မြမဟာက ခုတစ်ခါမှာလည်း … ဘာကိုမှန်းမသိ … မယုံကြည်ချင်သလိုလိုကြီး ဖြစ်လာရပြန်ပါသည်။

သူ့လိုလူမျိုးဟာ … နှုတ်မရဲ နှုတ်နည်းမဲ့ပုံ၊ ရှက်တတ်မဲ့ပုံ … မိန်းကလေး အတွေ့အကြုံ လုံးဝမရှိမဲ့ ပုံတွေလည်း တစ်စက်မှ မရသလို … ခေတ်နောက်ပြန်ဆွဲကာ … သူတစ်ပါးရဲ့အခွင့်အရေးကို စွက်စွက်ဖက်ဖက် ဝင်ရောက်ချုပ်ချယ်တတ်မဲ့ပုံလည်း နည်းနည်းမှ မရပါဘဲနှင့် …

“ကိုရန်နိုင်ရော … ရေမကူးတတ်သေးဘူး ဆိုရင် ကျွန်မတို့နဲ့ အတူလိုက်သင်မလား … ဒါပေမဲ့ နိုင်ငံခြားသားတွေကို သင်တာဆိုတော့ … သင်တန်းခကတော့ FEC နဲ့ဖြစ်နေတယ် … ကျွန်မတစ်ယောက်ကတော့ ဖရီး(Free)လေ … ကိုရန်နိုင်ပါ သင်ချင်ရင် ကျပ်ငွေနဲ့ချေလို့ ရမလားလို့ ကျွန်မ ညှိကြည့်ပေးနိုင်တယ် …”

“တော်ပါပြီ … ဘယ်တုန်းကမှ စိတ်ကူးမရှိဘူး …”

ကိုရန်နိုင့်ရဲ့ ပုံစံက တကယ့်ကို ခါးခါးသီးသီးပါ …။ ခါးသီးလိုက်တာမှ … မသိရင် … သူ့မှာပဲ ရေကူးခြင်းနဲ့ ပတ်သက်တဲ့ ဆိုးဝါးသော အတိတ်ဖြစ်ရပ်မျိုးပဲ ရှိသလိုလို …။

“ပြီးရောပေါ့ …”





မြမဟာ ကလည်း ကလေးချင်း စိတ်ကောက်ကြသလို … ခပ်ဆောင့်ဆောင့်ပဲ ပြန်ပြောလိုက်သည်။ ဒီတော့မှပဲ တစ်ချိန်လုံး မှုန်ကုပ်ကုပ်ကတစ်မျိုး၊ မနေတတ် မထိုင်တတ်နှင့် တစ်မျိုးကြီး ဖြစ်နေရတာက တစ်သွယ် … မှုမမှန်လှသော မျက်နှာထားတွေနှင့် ဖြစ်နေသည့် ရန်နိုင့်ထံမှာ … မြမဟာရဲ့ ဆောင့်ကြီးအောင့်ကြီး ကလေးဆန်ဆန် ပုံစံကို သဘောကျသွားသလို အပြုံးတို့ တစ်စွန်းတစ်စ ပြန်ပေါ်လာလျက် …

“ဘယ်ဖော်တယ်လဲ”

“ဘာလုပ်ဖို့လဲ …”

“ရေကူးသင်တယ်ဆိုတဲ့ နေရာလေ … သိချင်လို့ မရဘူးလား …”

“သိသွားရင် ခရီးကြုံ လမ်းကြုံဆိုပြီး လှည့်ဝင်ဖြစ်နေဦးမယ် … ကိုယ်ဖြင့် သင်ချင်တာလည်း မဟုတ်ဘဲနဲ့ … တမင်သက်သက်ကြီး ဝင်လာတော့မှ … ရှင်ပြောသလို … အားကစား လာလုပ်တာလည်း မဟုတ်ဘဲ တမင်ငုတ်တုတ် လာထိုင်တဲ့ သူ့တစ်ယောက်ရှေ့မှာ … မြမဟာက …”

“ကျွတ် … ခင်ဗျားက စကားကို ဘယ်လိုပြောတာလဲ…”

ရန်နိုင့်က ခပ်ငေါက်ငေါက် တစ်ချက် အော်လိုက်ပြီးမှ … ချက်ချင်းပင် လေသံကိုလျှော့ချ … မပွင့်တပွင့်လည်း ပြီးလိုက်သေးကာ …



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလို ... အရမ်းကြီး မိန်းမ မဆန်ဘူးလို့ ကျွန်တော် ထင်ထားမိတဲ့ မိန်းကလေးမျိုးဆီမှာလည်း စိတ်ကောက်ချင်တာတွေ ဘာတွေ ရှိနေတတ်သားပဲနော် ..."

"လာပြန်ပြီ ... သူ့အထင်ချည်းသက်သက် ... ကျွန်မက မိန်းမ မဆန်ဘူးလို့ ရှင့်ကို ဘယ်သူကများ ပြောထားလို့လဲ ... ကျွန်မ စိတ်ထဲမှာတော့ ကျွန်မက လုံးဝမိန်းမဆန်တယ် ... အဲဒီလို ဖြစ်ရတာကိုလည်း ကြိုက်တယ် ... ကျေနပ်တယ် ..."

ရန်နိုင်က သူ ခေါက်ထားသော pamphlet စာစောင်ပုံကြီးကို မြမဟာဘက် ပြန်တွန်းရွှေ့ပေးလိုက်ပြီး ... "ပြန်တော့မယ်" ဟု ပြောကာ ထိုင်ရာမှ ရုတ်တရက် ထရပ်ပစ်လိုက်သည်။ ပြီးမှ မြမဟာဘက် ခပ်ကိုင်းကိုင်းနှင့် ...

"ရန်ကုန် ... ဇော်ဘွားကြီးကုန်းမှာ PVC ပိုက်တွေ သွားသယ်စရာရှိတယ် ... ရန်ကုန်ဘက် ကားကြုံနေတယ် ... လိုက်ဦးမလား ..."

မြမဟာက တမင်ပင် "သူ မကြိုက်ဘူး" ဟု ပြောထားသည့် အကြောင်းအရာနှင့် ဆက်စပ်ကာ ... "ရေကူးသင်တန်းက ဒီနေ့မရှိဘူး" ဟု ပြန်ဖြေလိုက်ပြီးမှ ...

"အားလည်း မအားတော့ဘူး ... ဒီမှာ ရှင်တစ်လွဲတွေ





လျှောက်ခေါက်ထားတဲ့ pamphlet ပုံကြီးကို အစကအဆုံး ပြန်ပြင်ရတော့မယ် ..."

ရန်နိုင်က မြမဟာကို မျက်လုံးကြီးပြူးကာ ကြည့်လာရင်း ...

"အမိကံ,ကတော့ ခေါက်ပုံခေါက်နည်းထက် ... လူတွေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ဆိုင်တဲ့ အသိတွေ ပေးနိုင်ဖို့က လိုရင်း မဟုတ်ဘူးလား"

"ဒါဖြင့် ရှင် ဘာလို့ ရှင့်အဆောက်အဦကြီးကို အလှအပ အပြင်အဆင် Decoration တွေ လုပ်နေသေးလဲ ... ရေ၊ မီး၊ ကြမ်းခင်း၊ အမိုး၊ ဘေးကာပါရင် ... လည်း လူနေလို့ ရသားပဲ မဟုတ်လား ..."

ဒီလူတစ်ယောက်နှင့် ဒီကနေ့ စကားပြောဆိုရတာ အပေါက်လမ်းကို မတည့်ပေ ...။ မြမဟာကပဲ ကိုယ့်ရည်ရွယ်ရင်းကို တော်ရုံနဲ့ မရောက်နိုင်လို့ စိတ်မရှည်နိုင်တွေ ဖြစ်နေမိတာလား။ (ဟာ ... ဘာအတွေးကြီးလဲ ... တောက် ... အောက်လိုက်တာ ... သွားစမ်း ... အဓိပ္ပာယ်မရှိတဲ့ ဒီအတွေး) မဟုတ်ဘူး ...။ လူပုံစံနဲ့မှမလိုက် ခေတ်မမီ အမြင်ကျဉ်းနေတာတွေ ... လူပုံစံနဲ့မှမလိုက် ... နှုတ်မရဲ့ပုံကြီး ဖမ်းထားတာတွေကို မြမဟာက အချဉ်ပေါက်သွားမိတာ ဖြစ်မှာပါနော် ...။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ကျွန်တော် အဲဒါတွေ သဘောကျတာ ... ကျွန်တော်က ကျွန်တော့်ကို အဲဒီလို ချက်ကျလက်ကျနဲ့ ပြန်နှက်ထည့်လိုက်နိုင်တဲ့ မိန်းမမျိုးကိုမှ ..."

ဘာဖြစ်သလဲ ... တောက် ... စိတ်တိုလာပြန်ပြီ နော် ...။ "သဘောကျတယ်" ဆိုတဲ့ စကားလုံးကို သိပ်ကိုရိုးသားစွာနဲ့ နေရာတကာမှာ ရေလဲသုံးလို့ ရတယ်လို့များ ... သူ့ကို ဘယ်ဘုရားက ဟောကြားထားပါလိမ့် ...။

"သာမန် တော်ရုံမိန်းကလေးမျိုးကတော့ ... ယောကျာ်းလေးဘက်က အနိုင်နဲ့ပိုင်းပြီး ပြောဆိုလိုက်ကြရင် ... ပါးစပ်ကြီးပိတ် ... ကျိတ်ကောက်ပြီး ... ဝမ်းတွေနည်းနေတတ်ကြတာက များတယ်လေ"

"မြမဟာဟာ သာမန်တော်ရုံမှ မဟုတ်တာ ... နတ်ပြည်က လာတာ"

ရန်နိုင်ကဲ အူနာလှသလို ဗိုက်ကိုတောင်ကိုင်ပြီး "တဟားဟား" အော်ရယ်ကာ ထွက်ခွာသွားလေတော့သည်။ သူ့ ISUZU DOUBLE CAB ကား နောက်မီးကို လိုက်ငေးကြည့်နေမိရင်း မြမဟာရဲ့ ခေါင်းထဲမှာ အတွေးညစ်တွေ ဝင်ရပြီ ...။

ပဲခူးမှာ အလုပ်နဲ့ လာနေရစဉ် ခဏတဖြုတ် ... စကားပြောကောင်းရုံ၊ မပျင်းရရုံ ... အပေါင်းအသင်းမျိုးကို လာရှာဖွေထားတာလား ...။ ဒါမှမဟုတ် ... မြမဟာလို မိန်းကလေး





တို ကြွက်ကလေးတစ်ကောင်ကို လက်သည်းလေးနဲ့ ပုတ်ပုတ်ပြီး ကစားနေလို့ ရနိုင်တယ်လို့များ ... စားနေကျ ကိုကြောင်ပုပ်ကြီးက သူများကို အထင်သေး ... ကိုယ့်ကိုယ်ကိုယ်ကျတော့ အထင်ကြီး နေတာများလား။

[illegible]

"ချစ်" ခန်း တံခါးဖွင့်သံကို ကြားလိုက်ရလျှင် ... [illegible] အားကစားဝတ်စုံကြီးတစ်ခု ကိုင်ရက်တန်းလန်းနှင့် အချိန်မမီတော့ပြီဖြစ်သော "အပို" က ... တံခါးဘက်သို့ လုံးဝ လှည့်မကြည့်မိအောင် စိတ်ထိန်းထားလိုက်ပါသည်။

[illegible] မမြမဟာက ပြောဖူးတယ် ...။ ခိုးကြောင်ခိုးဝှက် ဆန်သော အလုပ်တစ်ခုခုကို လုပ်တော့မယ်ဆိုရင် ... "ဟန်ကိုယ့် [illegible]" ဆိုတဲ့ စကားလုံးဟာ ကိုယ့်အတွက် အင်မတန်မှကို အရေး ကြီးသတဲ့ ...။ ကိုယ်ခိုးဝှက်လုပ်နေရသော အလုပ်ကို ကိုယ်မသိ [illegible]ချင်သူက သိသွားချိန် ... သူနဲ့မှ တည့်တည့်ကြီး တိုးချိန်တွေ [illegible] ... "ရမိစိုက်ပါဘူး" ဆိုတဲ့ ဟန်ပန်ကို ကိုယ့်ဘက်က အရင် [illegible]အောင် ... ပြည့်စုံအောင် ဖမ်းထားနိုင်လေလေ ... တစ်ဖက်လ



www.burmeseclassic.com

www.burmeseclassic.com



လူမှာ ... ဘာလုပ်လို့ လုပ်ရမှန်းမသိ ... ဆုံးဖြတ်ချက် ခပ်ပြ
ပြတ်တစ်ခုခုကို ရုတ်တရက် ချမှတ်လို့ကို မရနိုင်လေလေတ

ခုလည်း ကိုကို ရေချိုးခန်းဝင်နေတာ ကြာဦးမည်
ဟု ပိုက ... ဟိုတယ်ရှိ Fitness Centre မှ မစ္စစ်မက်ဂေါ်(
လက်ဆောင်ပေးထားသော ... Body Beauty ကစားသည့် ဝတ်
လေးကို ထုတ်ယူပြီး ကိုယ်မှာ ကပ်ကြည့်နေကာမှ ... ရေ
ပြောင်စင်အောင်မှ ချိုးခဲ့ရဲ့လား မသိသော ကိုကိုက ... ရေချိုးခန်း
မှ ဆောလျှင်စွာကြီး ထွက်လာခဲ့ပြီ။

ပိုက သူ့ဘက် လုံးဝမကြည့်ဘဲ နံရံကပ်ဗီရိုကြ
ကိုယ်လုံးပေါ်မှန်ကြီးကိုသာ ဆက်လက်စူးစိုက်ကြည့်နေတာ
ရေချိုးခန်းထဲမှ ထွက်ထွက်လာချင်း နေရာတင် ခြေစုံရပ်သွားေ
ကိုကိုက ...

"မင်းဟာက ဘာလဲကွ ..."

ပိုက ကိုကို့ကို အသာကလေး ငဲ့ကြည့်လိုက်
သည်။

"လက်ထဲကဟာက ဘာလဲ ..."

"အားကစား ဝတ်စုံလေ ..."

"ရေကူးဝတ်စုံလား ..."

"ရေကူးဝတ်စုံ ဆိုရင် ဒီလက်ရှည်ကြီးနဲ့ အသားကပ်ဘော
ဘီရှည်ကြီးက တွဲရက်ကြီးပါနေပါ့မလား ကိုကိုရဲ့ ...





ပို့လေသံကြောင့် ကိုကို့ မျက်ခုံးများ မြင့်တက်သွား
ပါသည်။

"ဒါပေမဲ့ ကိုယ်မြင်သလောက်ကတော့ မင်းဟာက ရေကူး
ဝတ်စုံမှာ လက်ရှည်နဲ့ ဘောင်းဘီရှည်နဲ့ လာကပ်ချုပ်ထား
သလိုပါပဲ ..."

"အဲဒါ Body Beauty ကစားတဲ့ ဝတ်စုံလို့ ခေါ်တယ် ..."

"ဘယ်ကရတာလဲ ..."

ကိုကို့ အသံက ဝေါက်ဆတ်ဆတ် ဖြစ်လာသည်။

"ဟိုးတုန်းတည်းက ရှိတာပဲ ..."

"ဘာ ..."

"အစတည်းက ရှိတာပဲ ..."

ကိုကိုက ပိုကို မယုံသင်္ကာသလိုကြည့်ကာ ... ပို့
လက်ထဲက ဝတ်စုံကို လာဆွဲလု ... ဟိုဘက်ဒီဘက် လှည့်ပတ်
ဖြန့်ကြည့်ပြီး ... ဝတ်စုံကို အဝတ်တန်းပေါ်လေးဘက် ပစ်ပေါက်
ဆတ်လိုက်ရင်းက ...

"တစ်ခါမှ မမြင်ဖူးပါဘူး ..."

ပိုက ဘာမှ ပြန်မပြောတော့ဘဲ နေလိုက်သည်။ ဖြေ
ရှင်းခြင်းအားဖြင့် ... သိပ်ကြီးအလိမ်အလည် အလှည့်အပတ် မကျွမ်း
ကျင်လှသေးသည့် ပို့အနေနှင့် မပိမရိ ဖြစ်သွားနိုင်သလို ... ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ပြောသည့်မှာ စကားနက်ကို "မှားကြီးပါသည်ချွန်မှန်ပါသည်" ဟု အတင်

ကြီး လိုက်ဖြေရှင်းနေရရာလည်း ကျမည်။ [illegible]

[illegible] ... ဇ

[illegible] အခန်

နှစ်ခုအစပ်မှာ ရေစက်လက် ဖြစ်ကျန်ရစ်သည်တိုတိုင ... အဝ

"[illegible]" ကိုကို

တော့ ပို ရပ်ခဲ့ရာ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ ဖြေနေရပါက လ

[illegible]

"မင်း ပြောင်းလဲလာတာလို့ [illegible] မလှပ်တလှ

ပုံစံ မဟုတ်တော့ဘူး ... မင်း ကြည့်ရင် လှုပ်ရှားရှား

တက်ကြွနေသလိုပဲ" ... [illegible] အရောင်လို မဟု

ပို ... [illegible] စကားပြော

[illegible]

[illegible]

ပြောင်းလဲမှာပေါ့ ...။ လှုပ်ရှားမှာ [illegible]

မှာပေါ့ ...။ အခု ပိုက ... "ဟိုလူဒီလူ [illegible]" ... အ

[illegible] အခိုရေးပါအရာ

[illegible]

[illegible]





... [illegible]

လို ... သူ့ရေကူးကန်ကို [illegible] REC [illegible]

ဘုန်းမိုးအေးချေပြီး [illegible] တင်တင်နဲ့

[illegible]

[illegible]

[illegible]

[illegible]

[illegible]

... [illegible]

လွဲထားကာ ... ဆရာဖြစ်သူက တပည့်သင်တန်းသားတွေကို ပြန်နိ

[illegible] သင်တန်း

[illegible]

[illegible]

[illegible]

[illegible]

[illegible] ...

... [illegible]

"[illegible]"

[illegible]

မဟုတ်တော့ဘဲ ... [illegible]



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ... တံခါးစောင့်က ကားတံခါး လာပြေးဖွင့်ပေးရတာနဲ့ ... ဟိုတယ်တံခါးမကြီးကို ကြိုဖွင့်ထားရတာနဲ့ ...။

သွားရေးလာရေးကကော ...။ အစပိုင်းကတော့ ... ဘတ်စ်နဲ့ဆိုရင် တင့်လည်းမတင့်တယ် ... အချိန်လည်း ကုန်လှတာမို့ ... အသွားအပြန် တက္ကစီငှားစီးရဖို့ကိုပင် ... ဈေးဖိုး၊ အိမ်စရိတ်၊ အသေးသုံးငွေများထဲမှပဲ အကြံအဖန် အတိုအလျှို လုပ်ရမလိုလို ...။ ခုကျတော့ ... မတရားသဖြင့် လာရောက်ချစ်ခင်နေကြတဲ့ သင်တန်းသားစုံတွဲတစ်တွဲက ... သူတို့ရုံးက ကားကို သွားလိုရာ ရှိလျှင် ခေါ်သုံးဖို့ ဖုန်းနံပါတ် ပေးထားကာ ... အိမ်ကထွက်ချင်လျှင် ... ဒရိုင်ဘာနှင့်ကားက အဆင်သင့် ...။

ကိုယ့်ဘာသာ ... "အသုံး"မဟုတ်ဘဲ ... ပေါက်စနီးပေါက်စန "အဖြုန်း"ကလေးတွေ လုပ်ချင်တာတို့ ...၊ ကိုယ့်မွေးမိခင်ကို သူ့ စိတ်ကျေနပ်လောက်တဲ့အထိ ထောက်ပံ့ချင်တာတို့ ... ပိုက်ဆံသုံးချင်စိတ် ရှိလာရင်တောင်မှ ... ယောကျ်ားမျက်နှာပဲကြည့်မရလား ...။ ကိုယ့်ယောကျ်ားပိုက်ဆံ ကိုယ်ပြန်တိုလျှိုနေရသော ... အောက်တန်းကျကျ အိမ်ရှင်မဘဝကို ရင်ဆိုင်ရမလား ... မဝေခွဲနိုင်ဘဲ စိတ်ညစ်ညူးခဲ့ရတဲ့ ဘဝကနေ ... ခုများတော့ ... ကိုယ့်လုပ်အားနှင့် ... ကိုယ့်စွမ်းဆောင်မှုနှင့် ... ပိုင်နိုင်စိတ်သန့်စွာ ကိုင်သုံးနိုင်သော ... ဝင်ငွေပိုက်ဆံပမာဏကလည်း အများကြီးလို့ မဆိုနိုင်ရင်တောင်မှ နည်းတော့ မနည်းလှ ...။





ကိုကိုရယ် ... "ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်တဲ့ သူတစ်ယောက်နဲ့ တူနေတယ် ..."တဲ့လား ...။ တူနေတာ ... ဟုတ်ရပါဘူး ...။ အဲဒီလို ထင်ကိုထင်နေတဲ့သူ တစ်ယောက်စ်ပဲ ဖြစ်နေခဲ့တာပါ။ လူဆိုတာ ... ကိုယ့်ကို ခင်မင် နှစ်လိုလေးထားနေသူတွေလည်းပေါ ... ကိုယ့်အလုပ်မှာလည်း ကိုယ်ာင်မြင်ကာ ... ဖူလုံခိုင်မာတဲ့ လခငွေကြေးတစ်ခုလည်း ပုံမှန်မွေနေနိုင်ရင် ... ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီဟု ထင်နေသူချည်း ... ပဲ ဖြစ်နေကြမှာပေါ့ ...။ မဟုတ်ဘူးလား ...။

မငြင်းပါနဲ့ ကိုကိုရယ် ... ကိုကိုရော ... ကိုယ့်ကိုယ်ယ် ဟုတ်လှပြီလို့ မထင်ဘူးလား ...။ အဲဒီလို ထင်လွန်းလို့ကို ... ကိုယ်ကိုယ် ထင်နေရုံမျှမက သူတစ်ပါးကိုပါ ... "ဘာမဟုတ်"လို့ တစ်ဆက်တည်း ဆက်တိုက်ကြီး မြင်တတ်လာတော့ပေါ့ ...။

"မင်းဘာဖြစ်နေသလဲ ... အပို ..."

"ကိုကိုက စက်ရုပ်ကြီးကို မကြိုက်ဘူးဆို ..."

ကိုကိုက နှုတ်ခမ်းလေးကို ဆတ်ခနဲတွန့်ကာ မဲ့လိုက်

"အဲဒါနဲ့ပဲ ဖျက်ပြီး အသစ်ပြန်လုပ်လိုက်တဲ့ နောက်ထပ်တစ်ရုပ်လို ... မင်းက တစ်တောက် ... တစ်တောက်နဲ့ ဖြစ်သွားရောတဲ့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ငဲ့ ... ဒါလည်း အရှုပ်နဲ့ တူပြန်တာပဲလား ..."

"တော်စမ်းပါကွာ ..." ကိုယ်က အဖြေမရှာနိုင်သေးလို့နော် မိပို ... မင်း တစ်စထက်တစ်စ ပြောင်းလဲလာတာတွေကို မသိဘူး ... မမြင်ဘူးလို့ မထင်နဲ့ ... ခုနကလည်း အဲဒီလို အကျီမျိုးကို မင်းမှာ အစောကတည်းက ရှိတယ်ဆိုတာ လုံးဝမဖြစ်နိုင်မှန်း ကိုယ်သိကိုသိတယ် ... မင်းကို ကိုယ် စောင့်ကြည့်နေတော့မယ် မိပို ... အဲဒါလေးတော့ မှတ်ထား လိုက် ... ကြားလား"

ပိုက သင်္ခတန်းမှာ မမြမဟာက ပို့ကို "ကြောက်ပါသည်" ဟု ပြောချင်လျှင် လုပ်နေကျပုံစံ ... ပခုံးလေး တွန့်ဆတ် တွန့်ဆတ် လုပ်ကာ ပြုံးစိစိနှင့် (သတိမထားလိုက်မိဘဲ) ကိုကိုကို လှမ်းပြောင်လိုက်မိသော် ... ကိုကိုက မျက်လုံးကြီး ပြူးထွက်လာကာ ...

"ဟော ... အဲဒါကျတော့ ဘာပုံစံလဲ ... မင်းပုံစံက အရင်ကလို ဗိုင်းကောင်းကျောက်ဖိ ပုံစံမျိုးကို မဟုတ်ဘူး ..."

မတရားသဖြင့် လာတက်ဖိထားတဲ့ အဲဒီကျောက်တုံးကြီးကို ပို့က တိတ်တိတ် ... တဖြည်းဖြည်းချင်း ... နည်းနည်း နည်းနည်းစီ ... တွန်းလှန်ဖယ်ရှားပစ်မလို့လေ ... ကိုကိုရေ ...

"ကိုကို ... အလုပ်မသွားသေးဘူးလား ..."





"ကိုယ့်ဘာသာ သွားသွား ... မသွားသွား မင်းနဲ့ဘာဆိုင်သလဲ ... ဘာဖြစ်လို့ ဒီလောက်တောင်မှ သွားစေချင်နေတာလဲ ... ငါ အလုပ်သွားတာနဲ့ မင်းမှာ ဘာအကြံတွေရှိလို့လဲ ... မိုးလင်းရာ မိုးချုပ် ... ယောကျ်ားလုပ်သူက အိမ်ပြင်ထွက်ပြီး စီးပွားရှာနေရချိန်မှာ ... မင်းက ယောကျ်ား မျက်ကွယ်ရာမှာ ဘာမဟုတ်တာတွေ ကျိတ်လုပ်နေမှာလဲ ..."

ဟင်း ဟင်း ဟင်း ... အရသာရှိလိုက်တာ ...။

အရင်ကဆို ဒါမျိုးတွေကို တစ်နေ့ကုန် အိမ်မှာ ငုတ်တုတ်ထိုင်စောင့်ကျန်ရစ်ရသည့် ... မိန်းမလုပ်သူကပဲ ပူရပန်ရတာမျိုးပါ ...။ "ကိုယ် ဒီနေ့ အိမ်ပြန်မအိပ်နိုင်တော့ဘူး ပို့" လို့ တယ်လီဖုန်းသံများ ရောက်လာရင် ... အိမ်ကြီးတစ်လုံးလုံးမှာ ... အဖော်လေး တစ်ယောက်တလေမှ မရှိ ... ကိုယ့်တစ်ယောက်တည်းမို့ ဟိုဟာ ... ဒီဟာကို တွေးပူကြောက်ရွံ့ရတာက တစ်မျိုး ...။

ကိုယ့်ယောကျ်ားမှာ အိမ်တောင်မှ ပြန်မအိပ်နိုင်ရလောက်အောင် မနေမနား ... အလုပ်ကြီးစားနေတယ် ဆိုတာ ဟုတ်မှ ဟုတ်ပါလေစ ... ဘယ်ဆီများ ဆိုက်ရောက်နေလေမှာလဲ ... လို့ ပေါက်တတ်ကရမျိုးစုံကို တွေးမူရင်မောရတာက တစ်မျိုး ...။



www.burmeseclassic.com

www.burmeseclassic.com



အတ္တကြီးတဲ့ လင်ယောက်ျားကတော့ ... "ငါ့မိန်းမများ ... သူ့ရဲကြောက်မလား" ... "အိမ်များ သူ့ခိုးဝင်မလား" လည်း ပူဟန်မတူ ...။ အိမ်ထောင်ရှင် ယောက်ျားတစ်ယောက်အဖို့ ... ညရေးညာတာ ... ခဏခဏ အိမ်မပြန်တာ ကောင်းတဲ့အလားအလာ မဟုတ် ... ဆိုတာကိုလည်း တွေးမိဟန်မတူ ...။

ခုတော့ ပို့ပုံစံလေး နည်းနည်းပြောင်းလာတာနဲ့ ... သူက တစ်ပြန် ... "ဘာမဟုတ်တာတွေ ကျိတ်လုပ်နေမှာလဲ" တဲ့ ...။ ပူပြီ ... ပူပြီ။ ကောင်းလိုက်တာ ...။ အရသာရှိလိုက်တာလေ ...။

"ပြုံးစိစိနဲ့နော် ... မိပို ... တောက် ..."

"မပြုံးဘဲ မနေနိုင်လို့ ကိုကိုရဲ့ ... ပို အရမ်းပဲ ရယ်ချင်နေတယ် ... ကိုကိုက အဲဒီလိုဖြစ်လေလေ ... ပိုက ရယ်ချင်လေလေပဲ ... ပိုက ဒါမျိုး ဖြစ်ချင်နေတာ ... အရင်က အခြေအနေကတော့ ပျင်းစရာကြီးပဲ ... အခုတော့ ကိုကိုက ပို့ကိုမဲ ပူသလိုလို ... ဂရုတစိုက်ပဲ ဖြစ်ချင်သလိုလို ဖြစ်လာတယ် ... ပျော်စရာကြီးပဲ ..."

"ဘာပျော်စရာကြီးလဲ ... မင်းက ငါ့ကို ရွဲ့တာလား ..."

"ဘာလို့ ရွဲ့ရမှာလဲ ... တကယ် ပျော်လို့ ပျော်တယ်လို့ ပြောတာပဲဟာ ..."

"တောက် ... မင်း စကားပြောနေပုံကိုက မဟုတ်ဘူးနော် ... မဟုတ်သေးဘူး ..."





ကြာကြာနေရင် ကိုကိုနဲ့ ပိုနဲ့ ရန်ထ,ဖြစ်ချင်လည်း ဖြစ်ကြတော့မည် ...။ ဒါပေမဲ့ ပိုကတော့ တကယ့်ကို ပျော်ရွှင်မြူးတူးချင်နေပါသည်။ ကြည့်စမ်း ... ဒါမျိုး သူ့တစ်ပြန်ကိုယ်တစ်ပြန် အပြန်အလှန် ခွန်းတုံ့လှန်ပြီး သူလည်း သူမှန်တယ်ထင်ရာ ... ကိုယ်လည်း ကိုယ်မှန်တယ် ထင်ရာတွေကို ပြိုင်ပြောနေကြရင်လည်း ရတာပဲ ... ကြည့်ပါလား ...။

အရင်ကဆိုရင် သူကချည်း ... သူချည်း အမှန် ... ထင်ရာမြင်ရာတွေကို လျှောက်ပြောနေစဉ်မှာ ... ကိုယ့်မှာလည်း ကိုယ်မှန်တယ်ထင်ရာတွေကို ပြန်ပြောဖို့ ရင်ဘတ်ကြီးနဲ့ အပြည့်ရှိပါရက် ... ပြန်ပြောရကောင်းမှန်းလည်း မသိ၊ ပြောလို့ရမယ်လည်း မထင် ... ပြောလည်း မပြောရဲဘဲ ... အပိုတို့ ငုတ်တုတ်ဘ်ပိတ်ကို ငြိမ်ခံနားထောင်နေခဲ့ရတာ ...။

ပြန်ပြောတော့ ဘာဖြစ်လဲ ... ဘာမှလဲ မဖြစ်ပါဘူး ...။ သူကလည်း ငါ့ကို အာခံပြိုင်ပြောရကောင်းလားလို့ ထမချပါဘူး ...။ ဒါနဲ့များတောင် မိပိုတို့ ... အရင်က ဘာ့ကြောင့် ပြန်တောင်မပြောခဲ့သလဲ ...။ ဇနီးသည်တစ်ယောက် အနေနှင့် ကိုယ့်ခင်ပွန်းလင်ယောက်ျားအပေါ် တမင်ကြီး ရိုင်းစိုင်းနေတာမျိုး မဟုတ်ရင် ... အပြန်အလှန် ပြန်ပြောဆွေးနွေးခွင့် ရှိသည် ဆိုတာမျိုးကို ... ကိုယ့်ကိုယ်ကိုယ် တစ်စက်ကလေးမှ ယုံကြည်မှုမရှိ ... ကိုယ့်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အရှာမတွေ့တာပဲ တွေ့ခဲ့လို့လား) ... ဗိုက နားမလည် ... မတွေးတတ်ဖြစ်ခဲ့ရတာပေါ့ ...။

ခုတော့ အနည်းငယ်ကလေးမျှ ယုံကြည်ချက်ရှိလာတာလေးနဲ့တောင် ... ပိုဟာ တုန်းကရှည်ရှည်တွေးနေတတ်သော စိတ်ထားမျိုးကို ... ကိုယ့်ဘာသာ အလိုလိုပင် ထားတတ်ခဲ့ပြီ။ ကျေးဇူးတင်လိုက်တာ ... မမမြမဟာရယ် ...။

"ငါ ဒီနေ့ ဘယ်မှ မသွားတော့ဘူး ... အိမ်မှာပဲနေမယ်"

ကိုကိုက ပိုကို စေ့စေ့ကြည့်ကာ ... ပိုမျှား ထွန့်ထွန့်လူးအခံရခက်သွားလေမလားဟု ... စစ်ကြေညာသည့် စကားမျိုးကို ဆိုလိုက်ပါသည်။ အိုကြောလေး ... ရတာယ်လေး ကိုကိုရဲ့ ...။ ပိုတို့ ဒီသင့်တန်းကို စမြစ်ကြွစဉ်ကတည်းက မမမြမဟာရဲ့ ဦးနှောက်ကောင်းကောင်းကလေးက ကြိုတင်အကွက်မြင်၍ စီစဉ်မှုအရနှင့် ... "ဆရာရေ ... တပည့်တွေ ပါ ... သင်တန်းသို့ ဒီနေ့အဖို့ မလာနိုင်ဘဲ ရက်မျက်မည်ဆိုလျှင် ... ဟိုတယ်သို့ အနည်းဆုံး (၂) နာရီစောစော အကြောင်းကြားကြေး ... ဟိုတယ်မှအားလုံးသို့ လိုက်အကြောင်းကြားပေးကြေး" ရယ်လို့ လုပ်ထားပေးခဲ့ပြီး သားပါ ...။

ကိုကို့အလှစ်တစ်ချိန်ချိန်မှ ပိုက ဟိုတယ်မန်နေဂျာထံ တိုက်တိုက်ဆိုက်ဆိုက် ဖုန်းကြော့ဆက်လှည့်လိုက်ရုံ ...။





"ကောင်းတယ် ... ကောင်းတယ် ... နို့မို့ဆို ကိုကိုကအလုပ်ချည်းပဲ သွားနေရတော့ ပိုမှာ အဖော်မဲ့လိုက်တာ ... ဒီနေ့တစ်နေ့လုံး ပို အဖော်ရပြီပေါ့ ... ကိုကိုနဲ့ နေရာအနှံ့လျှောက်လည်ပစ်လိုက်မယ် ... နော် ..."

"ဟေး ... မိန်း ဘယ်နှစ်ခိုဖြစ်နေတာလဲ ... ငါ အလုပ်မသွားတာ မင်းရဲ့ ဒရိုင်ဘာကြီး တစ်နေကုန်လုပ်နေဖို့ မဟုတ်ဘူးကွ ..."

ကိုကိုက ပို့ကို အမြင်ကတ်လှသလို ခေါင်းရောလက်ပါ ... တရစပ် ... ယမ်းခါရင်း အော်ဟစ်လိုက်ပါသည်။ ကိုကို့ပုံစံကြောင့် ဗိုက "ခစ်" ခနဲ ရယ်မိလျှင် ... ကိုကိုက ဗိုက်ကို မျက်လုံးပြူးကြီးများနှင့် အဆက်မပြတ်ရှုစမ်းလျက် ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ဆရာ မလာဖြစ်လျှင် ရှိရှိသမျှ နိုင်ငံခြားသား အပေါင်းထံသို့ တစ်ယောက်ချင်း ဖုန်းလိုက်ဆက်ကာ ... "သင်တန်းမရှိပါ"ဟု ပြောပေးတတ်သော ဟိုတယ်မန်နေဂျာကြီးမှာ ... သင်တန်းသား အချင်းချင်းတို့ တစ်ယောက်နှင့် တစ်ယောက် ချိတ်ဆက်ချိန်းဆိုကာ ... "ဒီနေ့ သင်တန်းမရှိကြေး"ဟု မန်နေဂျာထံ အကြောင်းကြားခဲ့သော်လည်း ... ဆရာဖြစ်သူ ပို့ကိုတော့ သူက အရေးလုပ်ကာ အကြောင်းမကြားပေးခဲ့ပါ။

လူကိုမြင်လိုက်မှ ... "ဟာ ... သမီး ... အန်ကယ်မေ့သွားလို့ ..."တဲ့။ နိုင်ငံခြားသားတွေဆိုရင် သူ အဲဒီလိုမေ့ပါ့မလား ... ပြောပါ့မလားဟု တွေးမိသော်လည်း ... "သူမေ့လို့သာ ကိုယ်လည်း အိမ်ကထွက်ကိုထွက်ဖြစ်တာပေါ့ ..."ဟု ကောင်းတဲ့ဘက်က လှည့်တွေးပေးလိုက်တော့လည်း ပြီးသွားတာပါပဲလေ ...။





တနင်္ဂနွေနေ့ထဲက ရန်ကုန်ပြန်ရောက်နေသည့် မမမြမဟာကလည်း သင်တန်းမရှိတဲ့ရက်မှန်း သိသိနှင့် ... "ပို့တော့ရောက်လာမှာပဲလို့ ထင်နေလို့ ..."ဆိုကာ ဟိုတယ်မှာပဲ လာထိုင်စောင့်နေခဲ့သည်လေ။

"အေးဆေးစကားပြောကြရအောင်လို့ ... ဒီနေ့ ပဲနူးကိုပြန်မလာခဲ့သေးဘူးလို့ ... မစ္စတာကာဆီဂိုကိုတောင် လှမ်းအကြောင်းကြားထားလိုက်တယ် ... ဒီဟိုတယ်က ကော်ဖီဘားမှာပဲ ထိုင်ရအောင်နော် ..."

FEC နှင့် ချေရမည်ဖြစ်သော ကော်ဖီသောက်ခြင်းအမှုမှာ ... "ဒီ ပေးမယ်နော် မ,"ဟု ပိုင်ပိုင်နိုင်နိုင်လေး ပြောခွင့်ရလိုက်တာကိုပဲ ပို့မှာ ကိုယ့်အဖြစ် ကိုယ်ဂုဏ်ယူစွာ သဘောကျလို့မဆုံးနိုင်တော့ပါ ...။ မြမဟာကလည်း ပို့ရဲ့ အဲဒီခံစားချက်ကို ချက်ချင်းပင် ရိပ်မိလိုက်ဟန်နှင့် ခေါင်းပဲတစ်ချက်ညိတ်ပြကာ ... "တို့ပေးပါ့မယ် ... တို့က ဖိတ်ခေါ်တာပဲ ..." ဘာညာနှင့် ပြန်ပြိုင်ငြင်းမနေတော့ပါ ...။

မမမြမဟာနှင့် စကားထိုင်ပြောကြရမည် ဆိုလျှင် ပို့မှာ ပြောချင်သည့်စကားတွေ အများကြီးပဲ ရှိနေပါသည်။ အဓိက,ကတော့ ပြောင်းလဲလာတဲ့ ကိုကို့အကြောင်း ...။ ကိုကိုဟာ ပို့အပေါ် မသင်္ကာစိတ်တွေနှင့် အရင်ကနဲ့စာရင် ဆက်ဆံရေးတွေ အများကြီးပဲ ပြောင်းလဲလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့ပြီ ... ပြောင်းလဲ အသက်ဝင်လာသော သူ့
ရှုမီးရှားမှု မှန်သမျှဟာ ပို့အပေါ် တရားခံတစ်ယောက်လို ဆွဲခိုး
ခေါင်းချောင်း ... ချောင်ပိတ်ဖမ်းချင်တာမျိုးချည်းသာဖြစ်ပြီး ...
လင်ရယ် မယားရယ်လို့ ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင် မရှိလှ
တာကြာတော့ ... ဆူးခြားပြောင်းလဲလို့ မလာခဲ့ပါ ...။ ခုံရင်းက
ခုံရင်းအတိုင်း ...။ သူ့ရဲ့စိတ်ဝင်စားမှုက ... "ဒီဟာမကာလေး ငါ
ကို ကျော်ပြီး ဘာတွေများ မဟုတ်တာ လုပ်နေတာမလို့လဲ" ...
ဆိုတာမျိုးဒွိသာ အဆုံးသတ်နေခဲ့တာပေ ...။
အရင်ကဆိုရင် အဲဒါမျိုးလေးလောက်တောင်မှ မရ
ရှိခဲ့သူဆိုတော့ ... အဲလောက်လေး ပြောင်းလဲလာတာမျိုးကို ...
စစချင်းတုန်းကတော့ သိပ်ပျော် ... သိပ်ဟုတ်ပြီ ထင်ခဲ့တာပေါ့ ...
ခုကျတော့ လူမိုမို လောကကလည်း ထွက်တတ်ပါပြီဆိုတော့ ...
ဒီလောက်နဲ့ပဲ ရပ်တန့်နေပြန်တာကို သိပ်သဘောမကျချင်လှ
တော့ ...။ ပို့ရဲ့မေတ္တာက ပိုနဲ့ ကိုကိုတို့ ... သမီးရည်းစားတွေ
ဖြစ်ကာစ လေးငါးခြောက်လလောက် အတွင်းက ကိုကို့ကို ပြန်
လိုချင်တာ ...။ [illegible]
ပို့ရဲ့ အလှမှာ လုံးစေ့သုံကို ကျဆုံးယစ်မူးကာ ...
အကြင်နာတွေ ... အတွယ်အတာတွေနဲ့ ... တာကယ်ကို စိတ်
တိုင်းကျချင်မွယ်ရာ ... အားကိုးချစ်ခင် သံယောဇဉ်တွယ်လောက်
စရာ ... ယောကျ်ားသားကြီး တစ်ယောက် အဖြစ်မျိုးကိုပေ ...





"ပိုလေ ... မ,ကို ပြောစရာ တိုင်ပင်စရာတွေ အများကြီး ရှိနေတာ ..."

"အိုး ... အို ... ဒီတစ်နေ့တော့ သည်းခံပါကွယ် ... ဒီ တစ်နေ့တော့ ပို တိုက်တဲ့ ကော်ဖီကို သောက်ပြီး ... တို့ အလှည့်လို့ချည်း သတ်မှတ်ပေးပါ ... ဟုတ်လား ..."

"ဟောတော့ ..."

"တို့ ဘယ်သူ့ကို ရင်ဖွင့်ရကောင်းမှန်း မသိဘူး ... သူငယ်ချင်းတွေကို လိုက်ရှာပြီး ပြောပြန်ရင်လည်း ... ရှူး ရကောင်းလားလို့ ဝိုင်းဟားကြမှာပဲ ထင်တယ် ... ပိုက တော့ တို့ထက်လည်း အတွေ့အကြုံရှိ ... တို့ကိုလည်း ရှုတ်ချဟားတိုက်တာမျိုး မလုပ်ကောင်းဘူးထင်လို့ ..."

"ပိုကများ ... မ,ထက် အတွေ့အကြုံရှိရဦးမယ် ... ရယ် စရာကြီး"

"အဟုတ်ပြောတာ ... ကိုယ်ကိုယ်တိုင်က စိတ်ဝင်စားမိနေ တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အတွင်းစိတ်ကို ခန့်မှန်းတဲ့ နေရာမှာလေ"

ပိုက မြမဟာကို အံ့ဩထူးဆန်းစွာ ကြည့်လိုက်မိသည်။ အသက်အရွယ် ... အသိဉာဏ် အခြေအနေအရ ... ဆွေနတရာ တည်ငြိမ်ရင့်ကျက်ပြီး ... ဘယ်ယောကျ်ားသား ဦးတလေကိုမှ အလွယ်တကူ ခေါင်းထဲ ထည့်နိုင်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com



မထင်တဲ့ မမြမဟာလို မိန်းမတစ်ယောက်မှာလည်း ... ယောကျ်ား တစ်ယောက်ရဲ့ အတွင်းစိတ်ကို မမှန်းဆနိုင်စွာ တိုင်ပင်ဖော် တိုင်ပင်ဖက် တစ်ယောက် လိုအပ်နေတာမျိုး ရှိနေသေးသတဲ့ လား ...။ မိန်းကလေးတွေရဲ့ ဘဝဆိုတာ ဒါပဲလား ...။

ပိုက မြမဟာကိုတော့ နှမြောခြင်းကြီးစွာနှင့် ပို့လို ယောကျ်ားတစ်ယောက်ထံမှာ အလူးအလဲနှင့် နာလံမထူနိုင်အော လောက်အောင် ကျဆုံးနေရတော့တာမျိုးကြီး အထိတော့ မဖြ စေလိုပေ ...။ ပိုက မြမဟာရဲ့ အခြေအနေကို ကြည့်ပြီး ... သိ စိတ်ကူးယဉ် ဆန်နေပြီ ဆိုရင်တော့ သူ့ရင်ခုန်သံတွေကို ဒိုင်း ဖျက်ဆီး အတင်းရပ်တန့်ပစ်သင့် ပစ်ရမှာပဲ ... ဟု ဆုံးဖြတ်ထာ လိုက်သည်။

"ပို့ကို ပို့ကိုကိုဘက်က လာစတင်ခဲ့တုန်းက ဘယ်လို ဟင်"

"ဟင်း ဟင်း ... အဲဒီတုန်းက ပိုကဖြင့် ကလေးဆန် ကောင်းတုန်း ... သူငယ်ချင်းတွေနဲ့ပျော်ဖို့ ... ရေကူးဖို့ စာကျက်ဖို့ကလွဲရင် ဘာမှသိသေးတာ မဟုတ်ဘူး ... ဘယ်တုန်းက ကိုယ့်အနား ရောက်နေမှန်းတောင် မသိ ဘူး ... အဲဒီအချိန်မှာပဲ သူက ဖုန်းစားကြီး "ဘွား" ဆ ဘေးမှာ ပေါ်လာပြီး ... ဆိုင်းမဆင့် ဘုံမဆင့် ... ရုတ် ရက်ကြီးနဲ့ ... "မင်း သိပ်လှတာပဲဗို ... မင်းကို ကိုယ်ချ





တယ် ..."တဲ့ ...။ အဲဒီမှာတင် ပိုလည်း ရုတ်တရက်အငိုက် မိသွားခဲ့ရတယ် ဆိုပါတော့ ..."

"ဘာဖြစ်လို့လဲဟင် ..."

"ရုတ်တရက်ကြီးကိုး မ,ရဲ့ ... နည်းနည်းလေးမှ ကြိုမသိ ... ကြိုမမျှော်လင့်မိတာပဲဟာ ... ပြီးကျတော့ ... သူက သိပ် ကြည့်ကောင်းတာ ... ဟင်း ဟင်း ... ပို့ကိုကိုက ချော တယ် ... မ,ရဲ့ ..."

မြမဟာ ခမျာ ငိုင်တိုင်တိုင်လေး ...။ "နည်းနည်း လေးမှကို ကြိုမသိ ... ကြိုမမျှော်လင့်ထားမိတာ"တဲ့ ...။ မြမဟာ ခမျာတော့ ကြိုသိ ... ကြိုမျှော်ကြီး ဖြစ်နေပါရက်နဲ့ ...။

"ကြိုသိ ... ကြိုမျှော်လင့်နေမိတဲ့သူ ဆိုရင်ကော ..."

"သိဘူးလေ ... အဲသလို ဆိုရင်တော့ ... ပို့လောက်အဖြစ် ဆိုးချင်မှ ဆိုးမှာပေါ့ ... ကိုယ့်ဘက်က ကြိုပြင်ဆင်ပြီး ကိုယ့်တာကိုယ် လုံထားနိုင်မယ် ဆိုရင်တော့ ... ပို့လို စကတည်းက ယဉ်သလို ဆိုသလို အပိုးကျိုး ရှုံးနိမ့်သွား တာမျိုးကြီး မဖြစ်နိုင်ဘူး ထင်တာပဲ ..."

ဟုတ်လို့လား ...။ ကြိုမျှော်လင့်ထားချိန် ဆိုတာမျိုး ဆွေက လိုတာထက် ပို,ပိုကြာလို့ လာခဲ့တဲ့ အခါမှာ ... ဒီမိန်း ကလေးဟာ ကိုယ့်တာကိုယ်လုံအောင် ဆက်မှကာထားနိုင်ပါတော့ မလားလို့ ...။



www.burmeseclassic.com

www.burmeseclassic.com



"ပိုကတော့လေ ... ဘွားခနဲ ရုတ်တရက် အငိုက်မိလိုက်ရတာရယ် ... သူက သိပ်ချောလွန်းနေတာရယ် ... ဗြီးပြည့်စုံနေတဲ့ ယောကျ်ားတစ်ယောက်လည်း ဖြစ်နေပြန်တာရယ်နဲ့ ... ဘယ်လောက်မှ အချိန်မယူလိုက်မိဘူး သိလား ... ကိုယ့်ကို မလေးစားမှာတွေ ... တန်ဖိုးမထားမှာတွေလည်း ခေါင်းထဲကို ထည့်မတွက်မိပါဘူး ...

တစ်ဘဝလုံး မသေမချင်း အတူတူကြီး နေသွားရတော့မဲ့ သူစိမ်းကြီးတစ်ယောက်ရဲ့ အကြောင်းကို ... ဒီထက်တော့ အချိန်ယူပြီး အကဲခတ် လေ့လာသင့်တယ် ဆိုတာများ ... စဉ်းတောင်မစဉ်းစားမိခဲ့တာ ... ပိုက အရမ်းလည်း ငယ်သေးတယ်လေ ... အသိဉာဏ်မရှိတာပေါ့ ... မ,ရယ် ... တစ်ဖက်ကလူကတော့ အသိဉာဏ်ကြီးနဲ့ဆိုတော့ ... သူ့အနေအထားကို တစ်ချက်တည်းနဲ့ သဘောပေါက်ပြီး ထိုပ်တက်ထိုင်နေလိုက်တော့တာပေါ့ ..."

ဒါဖြင့် ... မြမဟာကရော ...။ ပိုက မြမဟာကို အားမလို အားမရပုံစံနှင့် တစ်ချက်အကဲခတ်ကြည့်ကာ... "သိလား ... မ ...၊ မ,ဘက်က ဘာကြီးဖြစ်နေနေ ... အဲဒီလို ဖြစ်နေတာကို တစ်ဖက်ကလူကို ချက်ချင်းကြီး ပေးမသိလိုက်နဲ့ ... တတ်နိုင်သမျှ ဖုံးဖိပြီး အချိန်သာဆွဲထား ... အဲဒီလိုလုပ်နိုင်လေ ... ကိုယ့်ဘက်မှာ





အရှုံးမရှိနိုင်လေပဲ ..."တဲ့ ...။ မြမဟာက ခပ်ရှက်ရှက်နှင့် တစ်ချက်ရယ်လိုက်မိပါသည်။

"ပိုရယ် ... တို့ အချိန်မဆွဲနိုင်ခင် ... သူကချည်း ဘာတွေချိန်နေမှန်းမသိ ... သူ့ဘက်ကအရင် အချိန်ဆွဲနေတယ်ဆိုရင်ကော ..."

"ဘယ်လိုလဲ ... မ ..."

"တို့နဲ့ လူတစ်ယောက်နဲ့ စသိကြတာ ... ခြောက်လနီးပါးရှိပြီ ... သူ ... တို့ကို စိတ်ဝင်စားတယ်လို့ တို့ ထင်တယ် ... သူ့နှုတ်ကတော့ သဘောကျတယ် ... လေးစားတယ် ... ဒါမျိုးမှ ကြိုက်တာ ဆိုတာတွေကို ဒီခြောက်လအတွင်း မရေမတွက်နိုင်တော့လောက်အောင်ကို ပြောတော့တာပဲ ..."

"ဟင် ... သဘောကျတယ် ... ကြိုက်တယ်ဆိုရင် ... ဒါ သူ့ဘက်က စတင်တာပဲ မဟုတ်ဘူးလား ..."

ပိုက မသိသလို မေးကြည့်လိုက်ပြီးမှ ... ကိုယ်တိုင် ဝေဇဝါ ပြန်ဖြစ်သွားရကာ ...

"ချစ်တယ် ... ဆိုတာမျိုးတော့ ခုထိမပါသေးဘူးပေါ့နော် ..."

ဖြူဝင်းသော အသားကလေး ရဲရဲနီရွေးသွားသည့် မြမဟာက ... ကိုယ့်မျက်နှာကိုယ် လက်ဝါးနှစ်ဖက်နှင့် ခပ်ကြမ်းကြမ်း ပွတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီခြောက်လအတွင်း ... သူက မ,ဆီ အဆက်မပြတ် ... ဂဒီးဂဒီး လာတယ်ပေါ့ ... သူ့ဘက်ကချည်း စဆက်သွယ်တယ်ပေါ့ ..."

"အင်း ..."

"ပြီးကျတော့ ... တစ်ချိန်လုံး သဘောကျတယ် ... ကြိုက်တယ်ချည်း ပြီးနေပြီး ... တကယ်အဓိကကျတဲ့ ချစ်တယ် ... လက်ထပ်ပါရစေ ဆိုတာမျိုးတော့ ခုထိ မပါသေးဘူးပေါ့ ..."

"အင်းလေ ..."

"မ,နော် ... လူလည်ကြီးများလား ... သက်သက်လူလည်ကျနေတာ ထင်တယ်နော် ..."

သိပ်လူရိပ်လူကဲ မကြည့်တတ်လှသေးသည့် ပိုက မြမဟာရဲ့ မျက်နှာထားကိုလည်း အကဲခတ်ကြည့်ဖို့ စိတ်ကူးမ လှဘဲ ...

"ကိုကိုဆိုရင်လေ ... ခုမှသာ ဘာဘာညာညာ က ကူတောက်တွေ ဖြစ်လာတာနော် ... စတွေ့တွေ့ချင်း မှ ခနဲ "ချစ်တယ်"လည်း ပြောပြီးရော ... နောက်တစ်ပ လည်း ကြာရော ... "ကိုယ်တို့ ဘယ်တော့လောက် လ ထပ်ကြရင် ကောင်းမလဲ"တဲ့ ... ကဲ ... ဒါမျိုး ဖြစ် မှာ မဟုတ်ဘူးလား ..."





"ဘာမဆို မြန်မြန်ကြီး ဆိုတာကတော့ အလွယ်သုံးဆယ်နိုင်လှပါတယ်ကွာ ..."

မြမဟာက ကိုယ့်အဖြစ်နဲ့ကျတော့ အလွဲကြီးလွဲနေတာကိုပဲ မနှာလို ဖြစ်ရတော့မလိုလို စိတ်ထားလေးနှင့် စောဒကတက်ကြည့်လိုက်ပါသည် ...။

"ကိုကိုကပြောတော့ ... ကိုယ့်မှာ အချိန်တန်နေပြီဆိုရင် ဘာအချိန်မှ ဆွဲနေစရာ မလိုဘူးတဲ့ ... အေးလေ ... ဒါကတော့ မ,ရဲ့လူက ဘယ်လိုမျိုးလဲ ..."

မြမဟာ ခမျာ မျက်နှာလေး ငယ်သွားရပါတော့သည်။ ကိုယ့်ရဲ့လူဟာလည်း လုပ်ငန်းကြီးတစ်ခုကို ဦးဆောင်ပိုင်နိုင်နေတဲ့သူ ...၊ အချိန်တန် အရွယ်ရောက်နေခဲ့တဲ့သူ ...၊ တအားကြီး အချိန်ဆွဲနေဖို့ မလိုတော့တဲ့သူမျိုးပါပဲကွယ် ...။

ပိုကခုမှပင် မြမဟာရဲ့ မျက်နှာငယ်ငယ် ... ပျက်ပျက်ကလေးကို စတင်ပြီး သတိထားမိတော့ကာ ... ဇက်ကလေးပင် အသာပုဝင်သွားမိရင်း ...

"ဒါပေမဲ့ မ,ရယ် ... အချိန်ယူတယ် ဆိုတာလည်း ကောင်းချင်ကောင်းနိုင်တာပါပဲ ... အဲဒီလို တွေးတွေးဆဆနဲ့ သေသေချာချာမှ လုပ်ချင်ကိုင်ချင်စိတ် ရှိတဲ့သူမျိုးဟာ အလွယ်တကူ ... ခပ်စောစောကလေးနဲ့ ပြန်ရိုးသွားတာမျိုး ... မဖြစ်နိုင်တော့ဘူးလို့ ထင်တယ်လေ ... ကိုကိုကကျတော့



www.burmeseclassic.com

www.burmeseclassic.com



မ,ပြောသလိုဘဲ ... ဘာမဆို မြန်မြန်ကြီးဆိုတော့ ... လက် ထပ်တာဖြင့် နှစ်နှစ်မပြည့်ခင် ... မြန်မြန်ကြီးပဲ ပြန်ရိုးအ သွားတဲ့သဘော ဖြစ်ချင်ဖြစ်မှာပေါ့ ... ဟုတ်လား ... မ, ...

"မသိတော့ပါဘူးကွယ် ... ပြောရမယ်ဆိုရင် ကိုယ့်ဘက်က ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေမိတာမျိုးလည်း ဖြစ်နိုင်တာ ပဲ ... ဟိုတစ်ယောက်က သူ့ဘာသာ ခင်လို့မင်လို့ လာ လည်နေပြီး ... အချိန်ယူ ... အချိန်ဆွဲနေတာမျိုး မဟုတ်ဘ တစ်သက်လုံး ဘယ်တော့မှ ဖွင့်ဟမလာတော့မဲ့ ... စိတ် ရိုးရိုး သဘောထားရှင်းရှင်းနဲ့ လူမျိုးလည်း ဖြစ်နေနိ တာပဲ ... နော် ... မဟုတ်ဘူးလား"

"ဟာ ... မ,ကလည်း ဒီအရွယ်ကြီးတွေ ... ပြီးကျော အပျိုနဲ့ လူပျိုလူလွတ် ...၊ စိတ်ရှင်းရှင်းကြီးနဲ့ လာခင်မ နေတယ် ဆိုတာတော့ မဟုတ်သေးပါဘူး ... သိပ်မကြ ဖူးဘူး ... ဟိုးငယ်ကတည်းက အတူကြီးခဲ့တာ ဆိုရင်တော တစ်မျိုးပေါ့ ... တိတိကျကျ လေ့လာချင်တဲ့သူမျိုး ထ ပါရဲ့ ... မ, အကြောင်းတွေကို တစ်ကစပြီး စုံစမ်းနေတ များလား ... မ,လည်း ငြိမ်မနေနဲ့ ... သူက စပြောမှ ကို ကစစုံစမ်းရရင် ပို့လို အချိန်မလောက်ဘဲ ... ဘာမှမ လိုက်ရဘဲ ဖြစ်နေမယ် ...

မ,လည်း ခုကတည်းက စပေတော့ ... သူနဲ့ကို





ဆိုတာ ဓာကယ့်သူစိမ်းကြီးတွေနော် ... မ ...၊ လက်မထပ် ဖြစ်ခင် အားလုံးသိထားနိုင်ဖို့ တကယ်လိုတယ်လို့ ပိုတော့ ထင်တယ် ... ပိုကတော့ ညံ့လို့ ထားတော့ ... မ,ကတော့ ဒီလောက် ထက်မြက်ပြီး ဉာဏ်လည်းကောင်း ... တော် လည်းတော်နေတာ ... မ,အဖို့ကတော့ အလွယ်ကလေးနေ မှာပါ ..."

ပိုလေးရေ ... ရှင်ကလေး အထင်ကြီးတဲ့ မြမဟာ, ဟာ ... "ကိုရန်နိုင် ... (---)လမ်း ... ပဲခူး"ဆိုတာထက် ဘာ တစ်ခုမှ ပိုသိမထားသေးတဲ့ သူဆိုရင် ... ရှင်ကလေးကတော့ ကျွန်မကို ... "ဟင် ... မ,ကလည်း ..."လို့ မကျေမနပ် ဖြစ်ချင် နေတော့မယ် ထင်ပါရဲ့ ...။ "ဒီခြောက်လအတွင်း ... မ,ဘာထိုင် လုပ်နေလို့လဲ ..."လို့ကော မေးချင်နေဦးမလား ...။

ပိချုးက "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ..." ရုံးခန်းကလေးထဲမှာ ထိုင်နေတဲ့ မိန်းကလေးတစ်ယောက်ဟာ ... လမ်းမကြီးပေါ်မှာ နေနတ်သားတစ်ပါး ဘွားခနဲ ကိုယ်ထင်လာ ပြရင်ပဲ အကျေနပ်ကြီး ကျေနပ်နေမိတော့တာပါဆိုရင် ... တို့ကို တော့ "လူတော်" ...၊ ကိုယ့်ကိုယ်ကိုယ်တော့ "ညံ့မကလေး" အဖြစ် သတ်မှတ်ထားတဲ့ ... ရှင်ကလေးအနေနဲ့ ..."မ,ရယ် ... ဖြစ်ရလေ ..."လို့လည်း သေချင်စိတ် အထိတောင်များ ဖြစ်သွား လေမလား ...။



www.burmeseclassic.com

www.burmeseclassic.com



"မ ..., သူ့ကို ပြန်လက်ခံမှာလား ..."

ပိုက ခပ်ပြုံးပြုံးလေးနှင့် စပ်စုလိုက်သည်။

"အမယ်လေး ... အဲဒီအဆင့်ကြီးအထိ ကျော်မတွေးစမ်းပါနဲ့ ပိုရယ် ... ဒီလိုမေးလိုက်တာ ... တို့ကိုပြောင်လိုက်တာထက်တောင်မှ ဆိုးနေဦးမယ် ... ရှက်ဖို့တောင်ကောင်းပါတယ် ..."

"အို ... စဉ်းစားထားရမှာပေါ့ ... သူ့ဘက်က စ,လာမှာပဲဟာ ... မကြာခင်ပဲ စတော့မှာပါ မ,ရဲ့ ..."

သူ့ကျေးဇူးရှင် အစ်မတစ်ယောက်ကို စိတ်ချမ်းသာနေတာပဲ မြင်ချင်သည့် ပိုကား ... ခုနက "လူလည်ကြီးများလား" ဟု ထုတ်ပြောထားမိတော့တာပဲ သူ မဟုတ်သလိုလို ... အမှတ်ပဲ မရတော့သလိုလို ...။

"သေချာနေလိုက်တာ ... ရှင်ကလေးက ..."

"အိုး ... လောင်းမလား ... ပိုဖြင့် မြင်ဖူးချင်လိုက်တာ ... အကဲခတ်ကြည့်ချင်လိုက်တာ ... အဲဒါဆို ဒီ့ထက်ပိုပြီး ပိုင်ပိုင်နိုင်နိုင် ပြောနိုင်မယ် ... ပို့ကို ပေးပြလို့ မရဘူးလား ..."

"ရှင်ကလေးက ကိုယ့်ယောကျ်ားကို တော်လှန်ပြီး ပဲခူးထိ လိုက်ကြည့်နိုင်မှာမို့လို့လား ..."

"ဩော် ... ပဲခူးကလား ... ဟား ဟား ... အဲဒါဆိုရင်တော့ မလွယ်ဘူး ... ဘယ်လိုလုပ်ကြမလဲ ..."





"ဘယ်လိုမှ မလုပ်တော့ဘူး ... ထားလိုက်တော့ ... ခုနက စကားတွေအားလုံး တို့ မပြောမိဘူးပဲ ထားလိုက်"

"အာ ... ဒီလိုတော့ ဘယ်ရပါ့မလဲ ... ပြောပြီးသွားပြီးပြီဥစ္စာ ... ဒီမှာနော် ... မ,နော် ... တစ်ခုခုဆိုရင် ပိုမသိလိုက်ရဘဲလည်း မဖြစ်စေနဲ့ဦး ... ပို့ကို ချန်မထားခဲ့နဲ့နော် ... ဟင်း ဟင်း ဟင်း ... ကိုကို လာစပြောလိုက်တဲ့ နေ့ကများ ... ပို့ရုပ်ဟာလေ ... ဖြစ်ပျက်သွားလိုက်တာ ... တကယ့်ကို ဟာသပဲတဲ့ ... ပို့သူငယ်ချင်းတွေကတော့ အဲဒီကတည်းက မိပိုတော့ ရှုံးပြီလို့ ကြိုနိမိတ်ဖတ်ထားကြတာ ... မ,အလှည့်ကိုလည်း ပိုကြည့်ချင်လိုက်တာ ... မ,ကတော့ ပို့လို ဟာသကြီး ဖြစ်နေမယ် မထင်ပါဘူး ...

ဒါပေမဲ့နော် ... ကိုယ်မနိုင်နိုင်အောင် ... ဘာမှမခံစားရသလို ရုပ်တည်ကြီးနဲ့လည်း မတုံ့ပြန်လိုက်နဲ့ဦးနော် သိလား ... ယောကျ်ားတွေ ဆိုတာကလေ ... ဆွဲဆောင်မှု မရှိတဲ့ စက်ရုပ်မကြီးလို့ သူတို့ထင်သွားကြရင် သွားရော ... သိလား ..."

"ပိုရယ် ... ရှုံ့ချည်နှပ်ချည်နဲ့ ... သူပဲ အမျိုးမျိုး ..."

"တစ်သမတ်တည်း ... မပြောင်းမလဲတဲ့ ရုပ်တည်ချက်တစ်ခုနဲ့ပဲ နေချင်တာပေါ့ ... မ,ရယ် ... ရှုံ့ချည်နှပ်ချည်နဲ့ ... ခံယူချက်တွေ သဘောထားတွေ ... ဟိုလိုဒီလိုပြောင်း,

www.burmeseclassic.com



ပြောင်းနေရတာမျိုး ဘယ်သူက ကြိုက်ပါ့မလဲ ... ဒါပေမဲ့ ပိုတို့က မိန်းကလေးတွေလေ မ,ရဲ့ ... မီးစင်ကြည့်ကတတ် ရမဲ့သဘောကို ... နောင်တော့ မ,လည်း အလိုလိုနားလည် လာမှာပါ ... အေးလေ ... မ,ကပဲ ကံအထူးကောင်းနေရင် တော့လည်း တစ်မျိုးပေါ့ ...”

“ကဲ ... တို့အကြောင်း တော်ပြီ ... ခုကစတင်ပြီး ပို့ အကြောင်း”

မြမဟာက စကားကို ဖွတ်ဖြတ်ပစ်လိုက်ပါတော့သည်။ ပို့လို ကိုယ်ကချည်း ကူညီအကြံပေးနေရသည့် ကလေးမလေးကို ဒီလောက်ထိ ဖွင့်ပြောလိုက်မိတာပင်လျှင် လွန်လှပြီ။ ဒါ ... မြမဟာ ... တကယ်ပဲ ထိနေပြီဆိုတာ ... သိပ်သိသာတယ် ကိုရန်နိုင်ရဲ့ ...။

“ပို့အကြောင်းလား ... ယောက်ျားက ပို့ကို ခုတလော သိပ်စိတ်ဝင်စားလာတယ်လေ ... ဟိုလိုဒီလိုတော့ မဟုတ်ဘူးနော် ... မိပို တစ်ယောက် ဘာတွေများ ခိုးလုပ်နေပြီလဲ ဆိုတဲ့ သဘောလောက်ပါပဲ ... မေမေ့သူငယ်ချင်း အန်တီဒေစီကတော့ ... မြို့ထဲမှာချည်း တွေ့ပြန်တာ နှစ်ခါရှိပြီ တဲ့ ... အခု ပိုက သတ္တိရှိလာပြီ ဆိုပေမဲ့ ... ကိုကိုနဲ့ မြို့ထဲမှာ တွေ့တွေ့နေရတဲ့သူက ဘယ်သူလဲဟင် ... လို့ ဖွင့်မေးနိုင်လောက်တဲ့ အထိတော့ သတ္တိက ကောင်းမလာသေးဘူး





မ,ရယ် ... ဟုတ်မဟုတ်မှ မသိနိုင်သေးတာ ... ဟုတ်နေခဲ့ ရင် ... မေးလိုက်ကာမှ ပိုဆိုးသွားပြီး အတိအလင်း ... ပွင့်ပွင့်လင်းလင်းကြီး ဖြစ်သွားမှာလည်း ကြောက်တယ် ...

တကယ်သာ ဆိုရင်တော့ ... သူနဲ့ တွဲနေတယ်ဆိုတဲ့ ဟာမက ... သူများတကာ ယောက်ျားကို ဒု,သ,န,သောပဲ မကြောက်တာလား ... အိမ်ထောင်သည် တစ်ယောက် ဆို တာကိုပဲ မသိတာလား မသိဘူးနော် ... မ ...”

“စမ်းကြည့်လိုက်ပေါ့ ပိုရယ် ...”

“အဲဒီလို မိန်းကလေးတစ်ယောက် တကယ်ရှိနေ မရှိနေ ဆိုတာတောင် ပို့အနေနဲ့ စုံစမ်းဖို့ မလွယ်တာ ... ရှိနေရင် အဲဒီမိန်းမက သိသိကြီးနဲ့လား ... မသိလို့ မှားနေတာလား ဆိုတာ အထိပါ ပို လိုက်သိနေနိုင်ဖို့ကတော့ အဝေးကြီး ပဲ ...”

“ပိုတို့ လက်ထပ်တုန်းက စေ့စပ်လက်စွပ် ... လက်ထပ် လက်စွပ် လဲတာမျိုး မရှိခဲ့ဖူးလား ...”

“ဟာ ... ရှိတာပေါ့ ... မေမေ့ကို အတင်းပူဆာပြီး ကိုကို့ အတွက် ရွှေမောင်းကွင်းတစ်ခု ပို လုပ်ခဲ့ပေးဖူးတာပဲ ... မေမေကလည်း အဲဒီအချိန်က ကိုကို့ဘက်သားကြီးလုံးလုံး ဖြစ်နေတော့ ... အိုကေပေါ့ ...”

“အဲဒါ သူက ခုမဝတ်ထားဘူးပေါ့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဟင် ... မ ... အဲဒါကို ချုတ်ထားရင် သေချာပြီပေါ့ ... ဟုတ်လားဟင် ..."

"မဟုတ်သေးပါဘူး ပိုရယ် ... ဟိုးတုန်းတည်းက ချုတ်ထားတာမျိုးဆိုရင် ... ရှုပ်လို့ ... ရွှေမဝတ်ချင်လို့လည်း ဖြစ်နိုင်တာပဲလေ ... ဒါပေမဲ့ အဲဒါကို ... ခု ... အေးအေးလေးနဲ့ ဖျောင်းဖျနားချပြီး ပြန်ဝတ်ခိုင်းကြည့်လိုက် ... ခေါင်းသုံးပြီး ကောင်းကောင်းမွန်မွန် ချိုချိုသာသာလေးနဲ့ မရ,ရအောင် ပြောနော် ..."

"ပြီးတော့ရောဟင် ... လုံးဝကြီး မဝတ်ချင်ဘူးလို့ ငြင်းပစ်ရင်ကော ... မ ..."

"ကိုယ်ကမရ,ရအောင် ပြောမှာပဲဟာ ... ဘယ်လိုမှပြောမရရင်တော့လည်း တစ်မျိုးပေါ့ ... ကြိုးစားကြည့်ပြီး အခြေအနေကို စောင့်ကြည့်ကြည့်ပါဦး ... ဟုတ်ပြီလား ..."

ပို့ မျက်ဝန်းထဲမှာ မြမဟာကို ... "တော်လိုက်တာ" ဟူသော အထင်ကြီး အားကျလေးစားမှုတွေ တဖျပ်ဖျပ် လင်းလက်ကာ မဖုံးနိုင်အောင်ပင် ပေါ်ထွက်နေပါသည်။ မြမဟာကတော့ အဲဒီအကြည့်တွေကို ခံယူနေခွင့် ရတာကိုပဲ အရှက်ကြီး ရှက်မိလို့ ...။

သူများတကာအတွက် ဆိုရင်တော့ ... အသုံးဝင်ပိုင်နိုင်တဲ့ အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်,ထွက်လာတတ်





တယ်နော် ...။ လူအထင်ကြီးစရာကြီးကို ဖြစ်လို့ ...။ ကိုယ့်အတွက်ကိုယ်ကျတော့ ...

"ရန်နိုင် ... (---)လမ်း ... ပဲခူး" ဆိုတာထက် ဘာတစ်ခုမှကို ပိုပိုသိလာအောင်လည်း အလိမ္မာကလေးနဲ့ မလုပ်တတ် ...၊ မလုပ်ရဲ ...။ ဒါလား ... အထင်ကြီးလောက်စရာ မိန်းကလေး ...။ ရှက်တတ်ရင် လဲသေချင်လောက်စရာတောင် ဖြစ်နေပါပြီ ...။

* * *

"ဝတ်ထားပါလား ကိုကိုရယ် ... အမှတ်တရကလေး ..."

ပိုက ဇွတ်အတင်းပင် ကိုကို့လက်ကို ဆွဲယူကာ ဘယ်ဘက်လက်သူကြွယ်မှာ ပို့ ရွှေမောင်းကွင်းကလေးကို အမြန်ဆုံး ဇွတ်ချုဝတ်ဆင်ပေးလိုက်ပါသည်။

"ဘာအမှတ်တရလဲကွ ... အဓိပ္ပာယ်မရှိတာကွာ ... ရှုပ်လိုက်တာ"

ကိုကို့ပုံစံ ကြည့်ရတာ စိတ်တိုသွားပုံ ရပါသည်။ သို့သော် ပို့ကို လှမ်းကြည့်လိုက်မိစဉ်မှာတော့ ကိုကို့ရဲ့စိတ်တိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ အရှိန်တောင် နည်းနည်းသေသွားသလား ထင်ရအောင် ပို့မျက်ဝန်းတွေကို ... ကိုကို အံ့သြသွားပုံရသည်။

"ဒီနေ့ ဘာနေ့လဲ ... ကိုကို မှတ်မိသလား ..."

ကိုကို့ မျက်ဝန်းထဲ တစ်စုံတစ်ခုသော အရိပ်အရောင်တစ်မျိုး ဖြတ်ပြေးသွားသည်။ ပြီးလျှင်တော့ ... ဦးနှောက်ကို အလုပ်ပေးကာ ခပ်မြန်မြန်ကလေး ဖျစ်ညှစ်စဉ်းစားလိုက်ပုံ ရလေသည်။ သို့သော် ... ခဏတွင်းချင်းမှာပင် ... "မသိရင်လည်း ဘာဖြစ်ရမှာလဲကွာ ..."ဟူသော ဂျစ်ကန်ကန် အတွေးနှင့် ဖျစ်ညှစ်စဉ်းစားနေရခြင်းတို့ကို ရပ်တန့်ပစ်လိုက်ဟန် ရှိသည်။

ဆက်မစဉ်းစားတာက ပိုမှန်တယ် ... ကိုကို့ရဲ့ ... ဘာလို့လဲဆိုရင် စဉ်းစားလည်း အဖြေက ထွက်မှာမှ မဟုတ်တာ ...။ "ဒီနေ့ ဘာနေ့လဲ"ဆိုရင် ... ဘာနေ့မှ မဟုတ်ဘူးလေ ကိုကို ...။ ဒါပေမဲ့ မမမြမဟာ ပြောဖူးသလိုပါပဲ ... ကိုယ့်ဘက်က သိပ်ကြီးပိုင်နိုင်ပုံကြီးကို ကြိုပြထားနိုင်ရင် တစ်ဖက်ကလူဟာ ရက်တရက်တော့ ... ဘာစောဒကတွေ ... အထွန့်တွေမှ တက်မနေရဲဘူးလေ ...။

"ပိုက အမှန်မှန် မျက်လုံးတအားလှတာပဲ ညီမလေးရဲ့ ... မျက်လုံးကြီးကြီးနဲ့ တအားလှနေတဲ့သူတွေဟာ မျက်လုံး 'အား'ကောင်းတဲ့သူတွေ ဖြစ်တတ်ကြတာ များတယ် ... တို့ပြောမယ် သိလား ... ပို့ခေါင်းထဲမှာ အဓိပ္ပာယ်ရှိတာ





တစ်ခုခုကို ရူးရူးနစ်နစ်နဲ့ တွေးပြီး တစ်ဖက်လူကို စိုက်သာကြည့်ပစ်လိုက် ...

သေချာပေါက်ပဲ ... တစ်ဖက်လူမှာ သူ့ရဲ့စိတ်စွမ်းအား အနည်းအများကို လိုက်ပြီး နည်းနည်းနဲ့ များများပဲကွာမယ် ... ပို့မျက်လုံးဒဏ်ကို သူ ခံကိုမခံနိုင်ဘူး ... ထိကို ထိသွားစေရမယ် ..."တဲ့ ...။

ကဲ ... ကဲ ... ကိုကို ထိပြီလား ...။ ဟိုလိုလို ဒီလိုလိုနဲ့ ပို့ကိုပဲ ရင်ဆိုင်မကြည့်ရဲတော့သလိုလို ဘာလိုလို ဖြစ်ပြီလား ...။ အနည်းဆုံးတော့ ... နှစ်ဦးသားကြားက အမှတ်တရနေ့တစ်ခုခုကို မေ့ပစ်မိသူအဖြစ် Guilty ဖြစ် (အပြစ်မကင်းသလိုခံစား)နေရပြီလေ ...။

"ရှုပ်လိုက်တာကွာ ..."လို့ နှုတ်က ဖွင့်ပြောရက်နဲ့ ကိုယ့်လက်သူကြွယ်ထက် အစွင့်သားလေး လာရောက်နေတဲ့ လက်စွပ်ကို ဆွဲမဖြုတ်ပစ်လိုက်ရဲသလို ဖြစ်နေတော့တာက ကိုကို့ရဲ့ Guilty ဖြစ်နေမှုအတွက် အကောင်းဆုံးသော သက်သေပဲပေါ့ ...။

"အရူးမ ..."

ကိုကိုက ဘာလိုလိုနှင့် တစ်ခွန်း ရေရွတ်လိုက်သည်။ အမှန်ကတော့ "ဒီနေ့ ဘာနေ့လဲ"ဆိုတာ လုံးဝစဉ်းစားလို့ မရတော့တာမို့ "အိမ်ထောင်သက်ပဲ နှစ်နှစ်နီးပါး ရှိနေပြီ ... ဒီလိုမျိုး အမှတ်တရနေ့မျိုးတွေကို ခေါင်းထဲ ထည့်သိမ်းကာ ... ကလေးဆန်

www.burmeseclassic.com



ချင်နေတုန်းလား … ရှုပါ …”လို့ ကိုယ် စဉ်းစားမရတိုင်း … “ဒီလိုနေ့မျိုးဟာ ဘာမှ အရေးမကြီးလှတော့ပါဘူးကွာ …”ဟု ဆိုလိုချင်တဲ့သဘောပေါ့ …။

ပို့ဖြင့် ရယ်တောင်ချလိုက်ချင်သည်။ ဒါပေမဲ့ မရယ်ရဲ … ရယ်လည်း မရယ်နိုင်သေးပါ …။ ဒီကနေ့ ပို့မှာ လုပ်စရာကိုင်စရာ ကိစ္စတွေ တစ်ပုံတစ်လှေကြီး ကျန်နေသေးသည်လေ …။ ပို ဘယ်လောက် ကြိုးစားထားရတယ် မှတ်သလဲ …။ မမမြမဟာ ဝယ်ပြီး လက်ဆောင်ပေးထားသော အင်္ဂလိပ်စကားပြောအခွေ စာအုပ်များထဲမှ … “ကားခဏလောက် ငှားသုံးလို့ ရနိုင်ပါမလား” အစချီတဲ့ ကားငှားသုံးခြင်းနဲ့ သက်ဆိုင်တဲ့ဝေါဟာရ … စကားစု တွေကို အားလုံး လိုက်ရှာထုတ် ကျက်မှတ်ထားခဲ့ရတာပါ …။

ပိုက ကိုကို့နောက် တိတ်တဆိတ် လိုက်ချောင်းမည်လေ …။ အန်တီဒေစီရဲ့ သတိပေးစကားတို့ကို ဟုတ်မဟုတ် အတိအကျလေး ဖြစ်သွားအောင် တတ်အားသရွေ့ စုံစမ်းမည်။ အဲဒီတော့ ပို့မှာ ကားလိုလာပြီပေါ့ …။ တက္ကစီကားကို တစ်နေကုန် ငှားစီးဖို့ ပိုက်ဆံအနေအထားမျိုးတော့ ရှိလာပြီဆိုပေမဲ့ … သူစိမ်းယောကျာ်းကြီးတစ်ယောက်ကိုတော့ အဲဒီလောက်ထိ တစ်နေကုန် နှစ်ယောက်တည်း မယုံကြည်ရဲသေး …။ ကိုယ့်ယောကျာ်းကို လိုက်ချောင်းနေရသော မိန်းမ … ဆိုတာ သူစိမ်းယောကျာ်းတစ်ယောက်အတွက် အထင်သေးချင်စရာ ဖြစ်ရင် ဖြစ်နေမှာလေ …။





ပို့ကို “ကားသုံးချင်ရင် ပြောပါ”ဟု ကမ်းလှမ်းထားကြကာ … သင်တန်းရှိတဲ့နေ့တွေမှာလည်း ကြို့ပို့ အသွားအပြန် စီစဉ်ပေးတတ်သော နိုင်ငံခြားသား လင်မယားစုံတွဲတို့ ရုံးက ဒရိုင်ဘာကြီးနဲ့ ဆိုရင်တော့ … ပိုက ရင်းလည်းရင်းနှီးပြီး ဖြစ်နေပြီ။ သူ့ကိုတော့ ပိုက … “ယောကျာ်းက ချုပ်ချယ်တတ်တာမို့ ယောကျာ်းဖြစ်သူ မသိအောင် သင်တန်းပေး … အလုပ်ခိုးလုပ်နေတာပါ …”လို့လည်း အမှန်အတိုင်း ဖွင့်ပြောထားပြီးပြီ …။

တော်ကြာကျ သင်တန်းသို့ အသွားအပြန် လမ်းမှာ ကိုကိုနဲ့မှ တည့်တည့်တိုးနေရင် … ဝန်းဒိုင်းကြဲချင်လည်း ကြဲပစ်နိုင်သည်ဖြစ်သော ကိုကို့ကြောင့် … ဒီလို ကြိုကြိုတင်တင် အမှန်အတိုင်းမှ ပြောပြမထားရင် … ပိုပဲ မျက်နှာပျက်ကာ အရှက်ရသည်။ အဲဒီဒရိုင်ဘာအဘိုးကြီးကလည်း စကားနည်းနည်း ခပ်အေးအေးနှင့် သဘောကောင်းပုံ ရသဖြင့် တော်ပါသေးသည်။

ကားရပြီ ဆိုရင်တော့ ပိုက ကြိုကြိုတင်တင်နှင့် အိမ်နားမှာ မနက်ရှစ်နာရီလောက်ကတည်းက လာထိုင်စောင့်ခိုင်းထားပြီးပြီ။

ပိုက ဘာမှစကားမဆက်တော့ဘဲ … ကိုကို့လက်ကနက်စွပ်လေးကိုသာ တကြည့်ကြည့်နှင့် လုပ်စရာ ကိုင်စရာရှိသော အိုကို့ဝေယျာဝစ္စတွေကိုသာ တတောက်တောက် သဲမဲပြီး လုပ်နေလိုက်လျှင် … အလျှော့ပေးရင် ငယ်ထိပ်ပေါ် တက်ထိုင်ချင်ပြီး …



www.burmeseclassic.com

www.burmeseclassic.com



(တင်းပြတာမျိုးတောင် မဟုတ်သေး) အနည်းငယ်ကလေးလော
အလျော့ရပ်လိုက်ရုံနှင့် သူ့အပြစ်မကင်းမှုနှင့်သူ တစ်မျိုးကြီး
နေသည့် ယောက်ျားက ... လက်စွပ်ကိစ္စကို ခေါင်းထဲ ဘာမှမထ
တော့ပုံနှင့် ... အေးအေးလူလူဟန်ကိုသာ ဖမ်းထားချေပြီ။

"ကဲ ... သွားပြီဟေ့ ... မိပို"

အမယ်လေး ... ဆန်းဆန်းပြားပြား ... ကျား
မိုးကြိုး ... အိမ်ကနေ ထွက်ကာနီး ... အလုပ်သွားကာနီးမှာ
တွေဘာတွေပင် ဆက်ကာ အသိပေးလို့ ...။ အခါမဟုတ်မိုး
တော့ ရွာကုန်တော့မှာပဲ။

ကိုကို့ကား ခြံထဲမှ ထွက်သွားပြီ ဆိုတာနဲ့
ပိုသည်လည်း စက္ကန့်မဆိုင်းပင် ... အိမ်ရှေ့ခါး၊ ခြံတံခါး
ပိတ်ကာ ... ဟိုဒရိုင်ဘာအဘိုးကြီး စောင့်နေမည့် လမ်းထိပ်
ဆီသို့ ခုန်းစိုင်းမတတ်ပင် ပြေးခဲ့ပါတော့သည်။

"အဘ ... ခုနက ကားအနက်ရောင် တွေ့လိုက်
မဟုတ်လား ... အဲဒီကားနောက် ကို လိုက် ... လိုက် အ
တစ်မျိုးမထင်နဲ့နော် ... အဲဒါ သမီးယောက်ျားကား သိ
သူ့ကို သမီးက ဒီနေ့ လိုက်ချောင်းမှာ ..."

အဘိုးကြီးခမျာ ရှုံ့ရှုံ့မဲ့မဲ့နှင့် ... "အေးကွယ်
အဘ မီအောင် မောင်းပေးပါ့မယ်"ဟု ဆိုရှာသည်။ ပြော
အတိုင်းပင် မျက်ခြည်လည်း မပြတ်ရအောင် ... အရမ်းကြီး





ပ်မသွားရအောင် ... ကျွမ်းကျွမ်းကျင်ကျင်နှင့် မောင်းပေးရှာ
သည်။

"မြို့ပြင်ထွက်တော့မယ် သမီး ... သမီးယောက်ျားက ခရီး
တွေ ဘာတွေ ထွက်မှာမျိုးလား ... အဲဒီလိုဆိုရင်တော့ ...
သမီးက ဘယ်လိုလုပ်မယ် စဉ်းစားထားသလဲ ... Mr.Lewis
တို့ကိုလည်း ဘာမှ မပြောခဲ့ရဘူး မဟုတ်လား ..."

"ခရီးသွားဖို့တော့ အစီအစဉ် မရှိပါဘူး အဘရဲ့ ... သမီး
သိသလောက်ကတော့ သူ အလုပ်သွားမယ် ဆိုပြီးပဲ
ထွက်သွားတာပါ ..."

"အလုပ်က မြို့ထဲမှာပဲ မဟုတ်ဘူးလား ... ဘယ်မှာမို့
လဲ ..."

"မသိဘူး အဘရဲ့ ..."

အဘိုးကြီးက သက်ပြင်းတစ်ချက်ကို သိသိသာသာ
ချပါသည်။ ကိုယ့်ယောက်ျားရဲ့ အလုပ်နေရာကိုတောင် ဘယ်မှာ
မသိသည့် အဖြစ်မို့ စိတ်မောသွားသည့်ပုံပင် ...။ အလုပ်
မသိသည့်အပြင် ... ဘာအလုပ်မှန်းတောင်မှ မသိ ...၊
မြတ်မှန်းလည်း မသိ ...၊ တစ်လဝင်ငွေ ဘယ်လောက်
... ကိုယ့်ယောက်ျားရဲ့ ပိုင်ဆိုင်ကြွယ်ဝချမ်းသာမှုက ဘယ်
က်မှန်းမသိ ဆိုတာထိပါ ဆက်သိလိုက်ရရင် အဘိုးကြီး
... သက်ပြင်းမက ... ငိုချင်းပါ ဆက်ချသွားမလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ပင် ... မမမြမဟာက "ခုနေ ကိုယ့် ယောကျ်ား ဖျတ်ခနဲ ... ခေါက်ခနဲ တစ်ခုခု ဖြစ်သွားရင် ... ဟာ သူ့ရွေးကတော်တစ်ယောက် ဖြစ်ပါတယ် ဆိုတာတောင် မသေချာနိုင်တော့မဲ့ အပေါက်မျိုးပဲ ..."တဲ့ ...။ ဟုတ်လိုက်လေ_ မှန်လိုက်လေ ...။

"သမီး ... ခုသူ့ရွေးထားတာတော့ ပဲခူးလမ်းပဲ ထင်တယ်_ ဒီလိုလုပ်မယ်လေ ... ပဲခူးအထိတော့ အဘတို့ လိုက်ကြ ကြတာပေါ့ ...အဲဒီထက်ကျော်ရင်တော့ Mr.Lewis အ မှာ အဘအနေနဲ့လည်း မကောင်းဘူး ... သမီးအနေနဲ့လည်း သိပ်မကောင်းဘူးပေါ့ကွာ ... နိုင်ငံခြားသားတွေ အပေါ် ကိုယ်က သိပ်အခွင့်အရေးယူရာ ကျမှာပေါ့"

"ဟုတ် ... သူ ပဲခူးကိုပါ ကျော်မောင်းဦးမယ် ဆိုရင် သမီးတို့ ပြန်ကြတာပေါ့နော် ... အား ... နေဦး အဘ _ ပဲခူးမှာ တစ်နေရာဝင်ချင်သေးလို့ကော ... ရမလား _

"အဲဒါကတော့ ရတယ်လေ ... ပဲခူးထိတောင် ရောက် နေပြီပဲဟာ ... ဝင်လိုက်ပေါ့ ... ပြီးမှ ပြန်ကြတာပေါ့_

ကိုကို့ကိစ္စ အကြောင်းမထူးလျှင် မမမြမဟာ ဝင်ပြီး ... "ဒီနေ့ ကိုကို လုပ်ပုံဟာ ဘာအချိုးများလဲ ..."ဟု ကြည့်ချင်ပါသည်။ ပို့ခမျာ အဖြစ်က ဆိုးချင်တိုင်းကို ဆိုးနေ





တာ ... ကိုယ့်ယောကျ်ား လုပ်ပုံကို ကိုယ်တိုင်က နားမလည်လို့ ... ဆရာမထံ ဝင်မေးရတဲ့ အဖြစ်မျိုးတဲ့ ...။ လုပ်ထားလိုက်ပေါ့ ကိုကိုရယ် ... နော် ...။ ကြည့်ရတာ ဒီပုံဒီပန်းဆိုရင်တော့ ... မပြောမဆို ခရီးထထွက်သွားတဲ့ လင်ယောကျ်ားက ဒီညလည်း အိမ်ပြန်မအိပ့်ပြန်ဘူးပဲပေါ့ ... ဟုတ်လား ...။

ပဲခူးသို့သာတိုင်တော့မည်။ ကားပေါ်မှာ ခုထိ သူ့ တစ်ယောက်တည်း ဆိုတာတော့ ပို့အတွက် နည်းနည်းစိတ်ချမ်း သာစရာလိုလို ...။ မပြောမဆို ခရီးထထွက်သွားတယ် ဆိုရင် တောင် ... ကားပေါ်မှာ ပိုမှဟုတ်တဲ့ တခြားမိန်းမတစ်ယောက် ယောက်ကိုပါ အဖော်ခေါ်မတင်သွားတာကိုပဲ ... ပို့မှာ ဝမ်းသာစရာ ကြီး တစ်ခုလို သဘောထားရမယ်ပဲ မဟုတ်လား။

တစ်ချက်ခုတ် ... နှစ်ချက်ပြတ် ဆိုသလို ... ကိုယ့် အကြောင်းလည်း နားပူနားဆာတိုက်ရင်း မမမြမဟာရဲ့ ... ပဲခူး သားကလေးဆိုတာ ... ကိုလည်း တစ်လက်စတည်း အကဲခတ်ပေး ခဲ့ပါဦးမည်။ ကိုယ်ကချည်း အကူအညီတောင်းနေရတာ ... သူ့ ဘက်က ကိုယ့်လိုလူကိုများ အားကိုးတကြီးနဲ့ ဖွင့်ပြောလာတဲ့ကိစ္စ... ကိုယ့်အနေနဲ့ တတ်တတ်မတတ်တတ် မမမြမဟာ စိတ်ချမ်းသာ နိုင်အောင်တော့ ကြည့်ကျက်မှန်းပေးခဲ့ရမှာပဲပေါ့ ...။

"ဟာ ... အဘ ... အဘ ... ရှေ့မှာကားရပ်လိုက်ပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ် သမီး ... ဆောက်လုပ်ရေးလုပ်ငန်းကြီးပါလား ... သမီးယောကျ်ားက ... Construction ဆောက်လုပ်ရေး ကန်ထရိုက်တာလား ..."

အဖြေပြန်မပေးနိုင်သေးခင် ... ဆောက်လက်စ အဆောက်အအုံကြီးရဲ့ အထပ်တိုင်းမှာ တလူလူ လွင့်နေသော Yan Naing Group Construction (ရန်နိုင်ဆောက်လုပ်ရေး)ဟူသည့် ပိတ်စကြီးများကို လှမ်းမြင်လိုက်ရလျှင်တော့ ...

"ဟုတ်တယ်လေ ... အဘရဲ့ ... သူ့နာမည်က ဦးရန်နိုင်လေ ... ဩော် ... သူ့အလုပ်က ဒီမှာကိုး ... သူက အလုပ်လာတာပဲ ... ဟင်း ဟင်း ဟင်း ..."

အဘိုးကြီးက ပို့ကို ..."ကလေးမနယ်"ဟု ရေရွတ်ကာ ... နောက်ကြည့်မှန်ထဲကနေ သဘောကျသလို ကြည့်လာပါသည်။ ပို့မှာတော့ သူက ကိုယ့်ကို သဘောကျတာထက် ... ကိုယ့်အဖြစ်ကို ကိုယ့်ဘာသာပဲ သဘောကျလို့ မဆုံးနိုင်တော့ကာ ... "ဟင်း ဟင်း ဟင်း" သံဝေစီလျက် အရယ်က မရပ်နိုင် ...။

ကြည့်ပါလား ...။ သူ့ဘာသာသူ အလုပ်လာတဲ့ ယောကျ်ားကိုပဲ ပို့က မသင်မကာနဲ့ ... မပြောမဆို ခရီးထထွက်သွားပြန်ပြီလို့ ထင်လိုထင် ... ဟင်း ဟင်း ဟင်း ဟင်း ...။

"နေဦးမှာလား သမီး ... ပြန်မှာလား ..."

"ပြန်မယ် အဘ ..."





ဒရိုင်ဘာကြီးကို အဖြေပြန်ပေးအပြီး ရုတ်တရက် ...ာ ပို့ရယ်သံများက တိခနဲရပ်ကာ ... မျက်လုံးလေးများလည်း ...င်းစက်သွားခဲ့ရပါသည်။ အကြောင်းကား ... ကိုကိုတစ်ယောက် ...ားပေါ်မှ အောက်သို့ဆင်းလိုက်စဉ်မှာပင် ... ဆောက်လက်စ ...ကို့တိုက်ကြီးထဲမှ ... တစ်ကိုယ်လုံး ခေါင်းအစ ... ခြေအဆုံးထိ ...ဆွတ်နေပြီး ... မျက်နှာပေါ်မှာကျတော့ ... ပါးတစ်ဝက်လောက် ...်အောင် အုပ်လုလု လှည်းဘီးလိုလို နေကာမျက်မှန်အနက်ဝိုင်း ...ကြီးကို ဝတ်ဆင်ထားခဲ့သူ မိန်းကလေးတစ်ယောက် ထွက်လာခဲ့ ...တည်း။ ထိုမိန်းကလေးက ကိုကို့ကို လက်လှမ်းပြလိုက်စဉ်မှာ ...လေးတင် ပို့အနေနဲ့ စိတ်ချလက်ချ ကြည်နူးလိုက်ရသော ပို့ ...ာကျ်ားက ဘာများလုပ်လိုက်သည် ထင်ပါသနည်း။

ပို ကိုယ်တိုင် ဇွတ်စွပ်ထည့်ပေးလိုက်သော ဘယ် ...ာ်လက်သူကြွယ်မှ လက်စွပ်ကို ဖျတ်ခနဲ လျင်မြန်စွာ ဆွဲချွတ် ...ကာ ... ကားထဲသို့ ... ရောက်ချင်ရာရောက် ... ဖြစ်ချင်ရာ ... သဘောထားကာ ဒိုင်းခနဲ ... ပစ်ပေါက်ထည့်ပစ်လိုက် ...။

အမယ်လေး ... မမြမြမဟာရယ် ...။ တော်ပါ ... ...းတတ်ပါ ...။ အဲဒီလို လက်စွပ်တစ်ကွင်းလေး စွပ်ပေးလိုက် ... ကိုယ့်ယောကျ်ားအကြောင်းကိုယ် ဘယ်လိုမျိုး အလွယ်တကူ ...သိနိုင်ပါ့မလဲ ... ရယ်လို့ ... ဉာဏ်မရှိတဲ့ မိပိုတို့က တွေးခဲ့ ...ားပါရဲ့ ...။ ခုတော့ ကွင်းခနဲ ထင်းခနဲပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကနေ ပဲခူးထိ တောက်လျှောက် ကားပေါ်မှာတော့ တစ်ပါတည်း ပါမလာခဲ့သော်လည်း ... သူ့ရဲ့တရားဝင်ဇနီးမယားတောင် သိခွင့်မရတဲ့ အလုပ်ဌာနမှာ လာကြိုစောင့်နေတဲ့ ... ဟိုမိန်းမကလေး တစ်ယောက်ကိုလည်း မြင်ရော ... ကိုယ့်ရဲ့လင်ယောကျ်ားဟာ ... "အိမ်ထောင်သည်ကြီး တစ်ယောက်ပါ" ဆိုတာကို အတိအလင်း သက်သေသက္ကာယ ဖြစ်စေနိုင်တဲ့ ထိုလက်စွပ်ကို အမြန်ဆုံး ဆွဲချွတ်ကာ ကားထဲသို့ ပစ်ပေါက်ထည့်လို့ ...။

ဒါဆိုရင်တော့ ဒီမိန်းကလေးဟာ ... ကိုကို့ကို သူတစ်ပါးရဲ့လင်ယောကျ်ားမှန်း မသိသေးလို့သာပေါ့နော် ...။

"သမီးလေး ... ဘာလုပ်မှာလဲ ... ဘယ်လဲ ..."

ခုနက ခပ်ပြုံးပြုံးနှင့် သဘောကျသလို ဖြစ်နေသော ဒရိုင်ဘာကြီးလည်း ပို့ရဲ့ အပူတွေ ကူးစက်ကာ ... မျက်နှာခပ်အိုအိုနှင့် ဆိုလာသည်။ လက်စွပ်ကို အမြန်ဆုံး ပစ်ပေါက်ချွတ်ထည့်ပစ်သည် ဆိုကတည်းက အန်တီဒေစီရဲ့ အတန်တန် သတိပေးချက်တို့ဟာ တကယ်ပဲ မှန်ကန်နေပြီ ...။ နှစ်ယောက်တွဲ ... လက်ပူးလက်ကြပ်ကြီးလည်း ဖြစ်နေပြီ ...။

သို့သော် ... ယခုအချိန်မှာ ပို့ဟာ ကားပေါ်ကနေ အမြန်ဆုံး ပြေးဆင်းသွားပြီး ... ကိုကို့လက်ကို ဖွတ်ချိတ်တွယ်ပစ်ကာ မဏ္ဍပ်တိုင်တက်ပြရင်း ပိုင်ရှင်မှန်း လူသိအောင် ကြေညာ





ပစ်တာမျိုး လုပ်ရဲလို့လား ...။ အဲဒီလိုမျိုး မလုပ်ရဲတဲ့အပြင် ... နေရာမှာတင် ချွေးတွေနဲ့ စေးကပ်ပြီး လှုပ်မရအောင်တောင်ဖြစ်နေတော့တာ ...။

အပြစ်ရှိသည့် နှစ်ယောက်က မားမားမတ်မတ် ... လိုက်ချောင်းရသည့်သူ ခများတော့ ကိုယ့်ကိုပဲ သူတို့တွေ တွေ့သွားကြမှာစိုးလွန်းလို့ ရဲရဲတောင် ထပ်မကြည့်ရဲဘဲ ... ကားနောက်ခန်းထဲမှာ အတတ်နိုင်ဆုံး ပုပုန်းကွယ်ထိုင်ကာ ... ကိုယ့်မျက်နှာကြီးကိုတောင်မှ ဝှက်ထားလိုက်မိသေးတာ ...။

ကိုယ့်ကိုယ်ကိုယ် ... ရဲရင့်လှပြီ ... ဟုတ်လှပြီ ... လုပ်နိုင်လှပြီ ထင်ပြီး ပဲခူးထိတောင် လိုက်ချလာခဲ့ပေမဲ့ တကယ်တမ်း ရင်ဆိုင်လိုက်ရတော့မှ ပို့ဟာ ဘာမှ မစဉ်းစားတတ်သေးသည့် ... အရင်ကထက် ဘာမှ ပိုမတိုးတက်လှသေးသည့် ကလေးမလေးပဲ ဖြစ်နေသေးမှန်း ကိုယ့်ကိုယ်ကိုယ် ရိပ်စားမိလိုက်ပါသည်။

ပို့နေရာမှာ မမမြမဟာ ဆိုရင်တော့ ဘယ်လိုချက်ချင်း ဆုံးဖြတ်လုပ်ဆောင်ပစ်လိုက်မလဲ မသိပါဘူး ...။ ပို့ရဲ့ဆုံးဖြတ်ချက်ကတော့ ကိုယ့်ကိုလည်း ဒီအချိန်မှာ ဘယ်သူကမှ မြင်နိုင်၊ သိနိုင်တာလည်း မဟုတ်ပါဘဲနှင့် ... အတင်းကြီး ပုန်းကွယ်ပစ်ကာ ... အကောင်းဆုံး အကြံဉာဏ် ... အားအရှိဆုံး နှစ်သိမ့်စကားတို့ကို အမြန်ဆုံး ကြားရနိုင်မည့် ... ဆရာမကြီးဆီသို့သာ ...။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ... ဘုရားလမ်းကို မောင်းပေးပါနော် ... မြန်မြန် ..."

ပို ... မြမဟာတို့ ရုံးခန်းလေးဆီရောက်တော့ ရုံးခန်းတံခါးဟာ သော့ပိတ်လျက် ...။ ရန်ကုန်ကကို ပြန်ရောက်မလာသေးတာလား ...။ နယ်ဆင်းသွားခဲ့တာလား မသိ ...။ ပို့မှာတော့ အားကိုးရာမဲ့သွားကာ ... ခုမှပင် "ဟိုက်"ခနဲကို ရင်ကွဲပက်လက် ဖြစ်သွားခဲ့ရတာပင်။

ရန်ကုန်သို့ အပြန်ခရီးဟာ တကယ့်ကို ဆိတ်ဆိတ်ကြီး ငြိမ်တိတ်လျက် ...။ ထိုနေ့ညနေမှာတော့ ပို့ရဲ့ ကြိုတင်ထင်မြင်ချက်တို့ မှားယွင်းပြန်ကာ ... ကိုကိုတစ်ယောက် အိမ်သို့ခပ်စောစောပင် ပြန်ရောက်လာခဲ့ပါသည်။ ရောက်ရောက်ချင်း အိပ်ခန်းထဲ တန်းဝင်ကာ ... အိပ်ရာပေါ်မှာ ခြေပစ်လက်ပစ် ... ပက်လက် ... မျက်စိပိတ်ရက်ကြီး ဆိုတော့ ... ဘယ်လို ပြန်ရင်ဆိုင်ရမှန်း မသိသေးသည့် ပို့မှာလည်း နေရထိုင်ရတွေ သက်သာကာ ... ကိုကို မသိအောင် ... သူ့ကားဆီသို့သာ တိတ်တိတ် ...။

ညဘက် ထမင်းအတူစားကြတော့ ပို အတန်တန်ထိန်းထားသည့်ကြားက ပို့ရဲ့ မျက်စိနှစ်လုံးတို့ဟာ သခင့်အမိန့်ကို မနာခံဘဲ ကိုကို့ရဲ့ ဘယ်ဘက်လက်သူကြွယ်ဆီသို့သာ တဝဲဝဲကြီးရှိလို့ ...။ ကြာကြာနေတော့ ကိုကိုလည်း ရိပ်မိသွားပုံရသည်။ စားလက်စ ဇွန်းခက်ရင်းကို အသာချကာ ...





"ဪ ... အေးကွာ ... အဲဒါ ပြောမလို့ ... မင်း လက်စွပ်က ချောင်နေသလား မသိဘူး ပို ... ပျောက်သွားတယ်ကွာ ... ကိုယ့်စိတ်ထင် အလုပ်ထဲမှာပဲ ..."

ပိုက စိတ်မထိန်းနိုင်တော့ဘဲ ... ဝတ်ထားသည့် အင်္ကျီအိတ်ကပ်ထဲမှ လက်စွပ်လေးကို စားပွဲပေါ် ဆောင့်ခနဲ တင်ချပြလိုက်ကာ ...

"ဒီမှာပါ ကိုကိုရယ် ..."

"ဟာ ... ဘယ် ... ဘယ်လိုက ဘယ်လိုဖြစ်ပြီး ... မင်းဆီကို ပြန်ရောက် ..."

"ခုနက အဝတ်သွားလှမ်းရင်းနဲ့ ကားဂိုဒေါင်နားက ကောက်တွေ့တာ ..."

"ဪ ... အေး ... တော်သေးတာပေါ့ ..."

မတော်ပါဘူး ... ခု ပို အားလုံးကို သိလိုက်ရပြီ။ ဘယ့်နှယ့်လုပ်ကြမလဲ ... ဒါ တော်သေးတာပေါ့လို့ ဆိုနိုင်ပါ့မလား ...။ ပို့ဘဝကြီးက ပိုပြီး ဆိုးဝါးသွားတာပဲ မဟုတ်ဘူးလား ...။ ဒါကိုကော ... "မင်းရဲ့ ဆတ်ဆော့မှုနဲ့ မင်းပဲ ... မင်းကြောင့်ပဲ ..."လို့ ကိုကိုက လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆိုချင်နေဦးမှာပဲလား ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ပို့ဘက်က သင်တန်းဖျက်ပြန်သည် ... ဟု မြမဟာတို့ ပဲခူးအထိပင် ဟိုတယ်မှ လိုက်အကြောင်းကြားပေးခဲ့သော်လည်း ... ရန်ကုန်ဘက်မှာ ... ကွန်ပျူတာစာစီ၊ စာရိုက်နှင့် အော့ဖ်ဆက်ကိစ္စ တစ်ခုရယ် ...။ မစ္စတာကာဆိဂိုတို့ ဂျပန်တစ်သိုက်အတွက် ပဲခူးမှာ အလွယ်တကူ မရနိုင်သော ဝါဆာဘီ (Wasabi)ကို ရန်ကုန်က "ဂျမ်ဂို"ဆိုင်ကလေးမှာ ဝယ်ပေးဖို့ရယ် ...။ မြမဟာက ရန်ကုန်သို့ သွားကိုသွားရမည်ပဲ ဖြစ်ရာ ...၊ ဟိုတစ်နေ့ကလိုပင် ပို တစ်ယောက် သင်တန်းမရှိဘူး ပြောပြီးမှ ဟိုတယ်သို့ ရောက်လာတာမျိုးများ ဖြစ်နေဦးမလားလို့ ... ကိုယ့်ကိစ္စလေးတွေ အပြီးမှာ ဟိုတယ်ဘက်သို့ မြမဟာက ထွက်လာခဲ့ဖြစ်ပါသည်။

ပိုနှင့် မြမဟာက တွေ့ချင်၊ စကားပြောချင် နေမိပြန်သည်လေ ...။ ပို့အကြောင်းကို မေးမြန်းအကဲပေးချင်တာက နည်းနည်း ...။ ကိုယ့်ဖြစ်အင်ကို ရှင်ဖွင့်ဟိုင်တည်ချင်တာက များများ ...။

"ရှုံ့ချည် နပ်ချည် မလုပ်ချင်ပါဘူး မ,ရယ် ... ဒါပေမဲ့ ပိုတို့က မိန်းကလေးတွေ မဟုတ်လား ... မီးစင်ကြည့်က





တတ်ရမဲ့ သဘောကို နောင်တော့ မ,လည်း နားလည်လာမှာပါ ..." ဟု ဆိုလေတဲ့ ပို တစ်ယောက်ရဲ့ ... မီးစတစ်ဖက် ... ရေမှုတ်တစ်ဖက်နှင့် ... "လူလည်ကြီး"လို့ ဆိုလိုက် ...၊ "သူ့ဘက်က စလာတော့မှာပါ မ,ရဲ့"လို့ ပြန်နှစ်သိမ့်လိုက်နှင့် ... ပညာရှိစကား မဆန်သော်လည်း ... စိတ်သက်သာရာတော့ဖြင့် ရစေနိုင်တဲ့ ... စကားမျိုးတွေကို မြမဟာက ကြားချင်နေမိသေးသည်လေ ...။

သူ့ကိစ္စသူတောင် ဘာလုပ်ရမယ်မှန်းမသိ ဖြစ်နေတဲ့ မိန်းကလေးမျိုးကိုမှ ... ကိုယ့်ကိစ္စ ... လောလောလတ်လတ်တွေကို သွားဖွင့်ပြောချင်နေသေးသည်။ မြမဟာ တစ်ယောက် ဘာများလုပ်မိသည့် ထင်ပါသလဲ ...။ ပညာတတ် ဣန္ဒြေရှင်တစ်ယောက်ပဲ ဖြစ်ပစေ ... ပညာမဲ့ မထိန်းချုပ်စွမ်းတဲ့ မိန်းကလေးပဲ ဖြစ်စေ ..."ရေလာမြောင်းဖောက်"ဆိုတဲ့ ကိစ္စမျိုးကိုတော့ ...ပိပိရိရိ လုပ်တတ်သူကလုပ် ...၊ ပညာသားမပါစွာ လူသိသူသိ ဖြစ်သူက ဖြစ်ပစေ ...။ လုပ်တော့ လုပ်ကြည့်တတ်ကြတာမျိုးချည်း ပါပဲနော် ...။

စစပိုင်း အချိန်တုန်းတွေကလွဲလို့ ... သူ့လုပ်ငန်းခွင်နား တစ်ချက်မှ (ကိုယ်ကစ) မသိမိတော့တဲ့ မြမဟာက ရန်နိုင့်ရဲ့ ဆောက်လက်စတိုက်ကြီးသို့ လိုက်သွားလိုက်ပါသည်။ "ဆရာ ရန်ကုန်က ရောက်မလာသေးပါဘူး"တဲ့ ...။ တွေ့ပါလား ... တစ်ချိန်လုံး သူ့ကို ပဲခူးသားတော့ မဟုတ်နိုင်ပါဘူး ... လို့ညီး



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားခဲ့တာ ... ဒီစကားတစ်ခွန်းနဲ့တင် သူဟာ ရန်ကုန်သား
မှန်း အလွန်ပင် သေချာနေပါပေါ့ ...။ နေပေ့စေ ... ထိုင်ကိုစော
ပါမယ်ဆို ...။

သူလည်း ရောက်လာကော ... အလွန်တရာ အေ
ဆေးပြီး ... ဒါမျိုး စကားကိုများ ပြောဖို့နေနေသာသာ ... စိ
ဂျူးထဲတောင် ရှိရာမှာ မဟုတ်သည့် မစ္စတာကာဆီဂီရဲ့ နာမည်
ကိုပဲ အလွဲသုံးစား လုပ်ရတော့ကာ ...

"မစ္စတာကာဆီဂီက ... သူ့အလုပ်ကို ထိခိုက်မှာတော
တော်တော့ကို စိုးရိမ်တတ်တာ ကိုရန်နိုင်ရဲ့ ... မြမဟာ
နယ်တွေဆင်းကြရင် ကြုံကြရတဲ့ တောသူတောင်သား
တာတွေကလည်း ... ဒီအဖွဲ့ကြီးထဲမှာ တစ်ဦးတည်းသော
မိန်းကလေးလည်းဖြစ် ... သူတို့နဲ့စကားပေါက်တဲ့ မြန်မာ
ကလေးလည်းဖြစ်တဲ့ မြမဟာကို ... တစ်ခါတလေကျ
တော့ နတ်သမီးလောက်နီးနီးကို ယုံကြည်ချစ်ခင်နေကြ
တာ ...

အဲဒီထုံးစံလေးကို ပျက်သွားမှာ မစ္စတာကာဆီဂီက
စိုးရိမ်နေတယ် ... နယ်သူနယ်သားတွေရဲ့ အမြင်အတွေ
ဆိုတာကလည်း ရိုးရိုးစင်းစင်းနဲ့ တကယ့်ကို ရှေးရိုးဆ
ဆန်ကြီးတွေ မဟုတ်လား ... အမြင်ရိုင်းပြီး အကြည်
အယုံကြည် လျော့မှာစိုးတယ်နဲ့ တူပါရဲ့ ...





ကျွန်မနဲ့ ကိုရန်နိုင်နဲ့ ... အကယ်၍ ဘာမှမဟုတ်
ခဲ့ကြရင်တော့ ... မြို့ပေါ်မှာရော ... နယ်ဆင်းတဲ့အခါတွေ
မှာပါ ... အသွားအလာ အနေအထိုင် ဆင်ခြင်လိုက်စေ
ချင်တယ် ဆိုတဲ့ သဘောပေါ့ ကိုရန်နိုင်ရယ် ... တကယ်
တော့လည်း ဟုတ်ပါတယ် ... ဒါ နိုင်ငံခြားသားတစ်ယောက်
ရဲ့ အမြင်နဲ့ဆိုရင် သူ ဒီလိုဘယ်တော့မှ ပြောမှာမဟုတ်
ဘူး ... ဒါပေမဲ့ သူလည်း ဒီမှာအနေကြာတော့ မြန်မာဆန်
လာတဲ့စိတ်နဲ့ ... ကျွန်မကို သူ့တူမလေး ... သမီးလေး
လို သဘောထားပြီး ပြောတာပါ ...

ဘယ်လိုမှတော့ မထင်နဲ့နော် ... ကိုရန်နိုင် ... သူ
ပြောတာ မှန်တယ် ... လက်ခံသင့်တယ်လို့ ကျွန်မလည်း
ချက်ချင်းပဲ သဘောပေါက်ပြီး ခေါင်းညိတ်လိုက်တယ်
လေ ..."

ကဲ ... အဲဒီလို ဆိုပစ်လိုက်တော့ ... "လာကား
လာ၏ ... ထိုင်ကြည့်ပြီးရင် ... လှည့်ပြန်၏ ...။" လုပ်နေတဲ့ ရွှေ
ကိုယ်တော်တစ်ယောက် ဘယ့်နှယ့်ရှိစ ...။ ဒီကလည်း စကားစ
ကတည်းက ... "အကယ်၍ ဘာမှမဟုတ်ခဲ့ကြရင်တော့ ..." လို့
ကို အတိအလင်း စကားခံထားခဲ့တာနော်။ ဟုတ်ပါတယ် ဆိုရင်
တော့ ... "အိုကေ ... ဆက်လုပ်" ဆိုတဲ့ သဘောပေါ့ ...။ မရှင်း
လား ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပြောလိုက်လို့မှ နောက်လှည့် ... လှည့်ပြန်ကာ ... ဒီမျက်နှာကို တစ်သက်တာ ထပ်မတွေ့ရတော့ဘူးဆိုရင်တောင်လည်း ကိုယ့်ကံပဲပေါ့ကွယ် ...။ ကိုယ်ရည်ရွယ်မိတာကတော့ ... ဘယ်လိုမှ ကိုယ့်ဆီ ပေါ်မလာဘဲ မနေနိုင်စွာ ... "ကျွန်တော်ကတော့ ဒီလိုရည်ရွယ်မိတာပါ"ဆိုတဲ့ ဖွင့်ဟဝန်ခံစကား တစ်ခုကိုသာပေါ့ ...။

ပြောလည်းပြီးရော ... သူ့မျက်နှာကြီး ... မည်းခဲ့လား ရဲခဲ့လား ဆိုတာလည်း ကိုယ်က ဂရုမစိုက်နိုင် ...။ ချက်ချင်းကို ကိုယ့်ဘီး ကိုယ်နင်းပြီး ပြန်ပြေးချလာခဲ့တာ ... နှစ်ရက်မြောက်တဲ့နေ့အထိ မျှော်သူက ပေါ်မလာပြီဆိုတော့ကာ ... မီးစတစ်ဖက် ... ရေမှုတ်တစ်ဖက်နှင့် ... အစောင်းတုပ် ရှုတ်ချလိုက် ... နှစ်သိမ့်လိုက် လုပ်ဦးမဲ့ ကလေးမမျိုးကို ... အမြန်ပြေးတွေ့ ရင်ဖွင့်ချင်စိတ်တွေ ကိုယ့်မှာ ထိန်းမရနိုင်အောင်ပဲ ရှိလာရပြီပေါ့ ...။

ဒီအချိန်မျိုးမှာ ပညာရှိဆန်ဆန်ကြီး တားမြစ်လိုက်မည့်သူမျိုးကိုလည်း မလို ...။ "လာမှာပါ ... လာမှာပါ"နှင့် ဟုတ်မဟုတ် မသိ ... ရမ်းသန်းပြီး အာမခံနေတော့မည့်သူမျိုးကိုလည်း မလို ...။ "ရှက်မနေနိုင်တော့ရင် ... လိုက်သာချသွားပေါ့" ဆိုတာလောက်ကြီးအထိ မိုက်မဲစွာ အားပေးမည့်သူမျိုးကိုလည်း မလို ...။ ကိုယ့်ရဲ့ မီးစတစ်ဖက် ... ရေမှုတ်တစ်ဖက် ကလေးမကလေးဆိုရင်တော့ ဘာစကားတွေ ထွက်လာနိုင်မလဲ မသိချေ ...။





"ဒီနေ့ သင်တန်းမရှိဘူးလေ ဒေါ်မြမဟာ ... ကျွန်တော် ပဲခူးအထိ ဖုန်းလိုက်ဆက်ပေးထားပါတယ် ..."

"ကျွန်မ သိပါတယ် ... ဒါပေမဲ့ ဆရာမကလေးများ လာလိုလာငြားလို့ ..."

"သူက ဖျက်တာပဲ ... သူလာမယ် မထင်ပါဘူး ..."

ဟုတ်ပါရဲ့ ...။ မြမဟာတို့များ (သူများတကာကတော့ အသိဉာဏ်ရှင်ကြီးအဖြစ် အထင်ကြီးနေသည်။)ဘယ်လောက်ကြောင်တောင်တောင် နိုင်ရှာလိုက်ပါသလဲ ...။ ဟိုတစ်ခါက နိုင်ငံခြားသားများဘက်က လှမ်းဖျက်သည့်ကိစ္စကို ပို့ဘက်က မသိလို့ ... ရောက်ချလာတာ။ ဒီတစ်ခါတော့ဖြင့် ပိုက စဖျက်သည့်ကိစ္စပဲ ... သူဖျက်တာကို သူရောက်လာပါ့မလား ...။ အဲဒီလောက် အူကြောင်ကြောင်ဆန်သည့် အတွေးမျိုးတော့ ဒီကမ္ဘာပေါ်မှာ ... စိတ်နဲ့ ကိုယ်နဲ့ သိပ်မကပ်လှသည့် ဒီသူငယ်မတစ်ယောက်ကလွဲရင် ဘယ်သူတစ်ဦးတစ်ယောက်မှာမှ ထပ်မတွေ့နိုင်တော့ဘူးပဲ ထင်ပါရဲ့ ...။

မြမဟာက ဟိုတယ်ကြီးထဲမှ ပြန်ထွက်လာခဲ့လိုက်ပါသည်။ ကလေးမကလေးဘက်က သိပ်ပေးချင်ပုံမရတဲ့ သူ့လိပ်စာကို ခင်မင်မှုကို အကြောင်းပြပြီး အတင်းအကျပ် တောင်းယူမထားမိတာ မှားတာပါပဲ ...။ Mr. Lewis တို့ ဇနီးမောင်နှံနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပို့ကို ကားအကူအညီ ပေးနေကျ ... သင်တန်းအကြီး အပို့ လုပ်နေကျဆိုတော့ သူတို့ မသိရင်တောင် ... သူတို့ရဲ့ဒရိုင် ဘာကြီးကတော့ ပို့လိပ်စာကို သိနေနိုင်တာ ... မြမဟာ တွက်ဆ မိပါသည်။

နေပါစေတော့လေ ...။ အဲဒီလောက်ကြီး အထိတော့လည်း လိုက်လံဖွေရှာပြီး ဒုက္ခပေးမနေချင်တော့ပါဘူး ...။ သူက လေး နေသာထိုင်သာ ရှိရအောင် နဂိုတည်းကိုက ဟိုတယ်ကို ပေးထားရသော Swimming Club Trainer ရဲ့ လိပ်စာကိုပင် မြမဟာက ကိုယ့်လိပ်စာကိုပဲ ထည့်ပေးထားမိတဲ့အထိ လုပ်ပေးထားမိပြီးသားကို ...။ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးနှင့်ကိုယ် _ ရတ်တရက်ကြီး ရင်ဖွင့်မရဘဲ ... နောက်တစ်နေ့ သင်တန်းရှိတဲ့ အထိ ... ကျိတ်မှိတ်ပြီးသာ စောင့်ပေရော ...။

ဒီကြားထဲမှာလည်း ပို့နှင့် ပြန်မတွေ့ခင် ... ကိုရန်နိုင်က အရင်ဦးအောင် ပြန်ပေါ်လာတာမျိုးလည်း ဖြစ်နိုင်တာပဲ _ ဟူသည့် အတွေးကိုတော့ အစမှအဆုံးတိုင် ... တွေးလိုက်မိပြီးကာမှ ..."မတွေးဘူး ... မတွေးဘူး"ဟု အတင်းကြီး ပြန်လည်ငြင်းဆန်ပစ်လိုက်ပါသည်။ မြမဟာတစ်ယောက် ... ကိုယ့်ကားနားဆီသို့ အရောက် ...

"ဟင် ... ညည်း ... ညည်း ... ဒီကို ဘာလာလုပ်တာလဲ ..."





မိန်းမခပ်ရွယ်ရွယ် တစ်ယောက်က မြမဟာကို ရုတ်တရက် လှမ်းမြင်လိုက်သည်နှင့် လက်ညှိုးငေါက်ငေါက်ကြီး ထိုးကာ ရန်တွေ့ပစ်လိုက်ပါသည်။ နဂိုတည်းက အူကြောင်ကြောင်နှင့် မြမဟာမှာ ထိုမိန်းမရဲ့ ပုံစံကြောင့် ပို၍ပင် ကြောင်အ, အံ့ဩရကာ ... ဘယ်သူ့ကို ဆိုလိုချင်နေမှန်းမသိ ... ဟိုကြည့် ဒီကြည့် ရှိမိစဉ် ...

"ဘာမသိချင်ယောင် ဆောင်နေတာလဲ ... ညည်းကိုပြောနေတာလေ ... ညည်း ... ငါ့သမီးကို မနှောင့်ယှက်ပါနဲ့ ..."

"ဒီမှာအစ်မ ... ကျွန်မ ဘာမှ နားမလည်ဘူး ..."

"ညည်း"တစ်လုံး "ငါ"တစ်လုံး ရိုက်ကာ ပြောနေသော်လည်း အရွယ်အားဖြင့် "လေးဆယ်"တောင် ဘယ်နည်းနဲ့မှ ပြည့်မှာမဟုတ်သေးသည့် ထိုမိန်းမကို မြမဟာက "အစ်မ"တွေ ဘာတွေ ခေါ်ကာ ယဉ်ကျေးစွာ စကားပြန်ပါသော်လည်း ... မြမဟာ၏ စကားမှာ ထိုမိန်းမက ဆတ်ဆတ်ခါမျှပင် ဖြစ်ကာ ...

"ဘာ ... ဘာမှ နားမလည်ရမှာလဲ ... ညည်း ငါ့သမီးဆီ လာတာမဟုတ်ဘူးလား ... ငါ့သမီးက ... ဒီဟိုတယ်ကြီးမှာ အလုပ်လုပ်နေတာလေ ..."

လေသံကလည်း ရန်ထောင်အော်ဟစ်နေတာတောင် ... သူ့သမီးက ဒီလိုဟိုတယ်ကြီးမှာမှ အလုပ်လုပ်တာပါ ... ဟု ကြွားတော်ယူချင်လှသော အသံမျိုးကြီးက ထိန်းမရ ...။ ဖြစ်ရလေ ...။



www.burmeseclassic.com

www.burmeseclassic.com



"သူများယောကျ်ားနဲ့ တွဲတုန်းကတွဲပြီး ခုမှ ဘာနားမလည် ဘူးလဲ ... ညည်းကို နာမည်သာ မသိတာ ... ဘယ်ကဘယ်သူမှန်းသာ မသိတာ ... ရုပ်ကိုတော့ အတိအကျ သိတယ်ဟဲ့"

"ရှင် ဘာတွေပြောနေတာလဲ ... လွန်ပြီထင်တယ်နော် ..."

ဟိုတယ်၏ ယာဉ်ရပ်နားစခန်းမှာ ဟိုတယ်မြေအောက်ခန်းတွင် ရှိပြီး ... ဒီလိုအချိန်မျိုးမှာ လူရှင်းလင်းလှသဖြင့်သာ တော်ပါတော့သည်။ နို့မဟုတ်ရင်တော့ ... ကြမ်းတမ်းသလောက် ရှက်စရာ အမိပ္ပာယ်ကြီးနှင့် သူ့စကားများအတွက် ... မြမဟာမှာ လဲသေလိုက်ဖို့ပင် ကောင်းနေပြီ ...။

"ရန်နိုင်လေ ... ညည်းနဲ့ ရန်ကုန်မှာလည်း တတွဲတွဲ ... ပဲခူးမှာလည်း တပူးပူး ဖြစ်နေတဲ့ ရန်နိုင်ပေါ့ ..."

မြမဟာမှာ ခေါင်းကို သံတူနှင့် အနက်ခံလိုက်ရသကဲ့သို့ကို ဖြစ်သွားခဲ့ရပါတော့သည်။ မျက်လုံးထဲမှာ မီးပွင့်တွေ ကြယ်တွေကိုပါ မြင်လိုက်ရသလားပင် ...။ မိုက်ခနဲ ဖြစ်သွားရတာကို ...ကိုယ့်ကားပြတင်းပေါက်ဘောင်ကို ကိုယ် အမြန်ဆုံး လှမ်းကိုင်လိုက်ရရင်း ...

"ရှင် ... ရှင့်ယောကျ်ား ... သူက ရှင့်ယောကျ်ား ..."

အို ... ကိုရန်နိုင် ...။ ကိုရန်နိုင့်မှာ ... ဒီလိုစိတ်ပျက်စရာကောင်းလှတဲ့ မိန်းမကြီးတစ်ယောက် ရှိနေပြီး... ဒီဟိုတယ်





မှာ အလုပ်လာလုပ်နိုင်တဲ့အရွယ် ... သမီးကြီး ... ကြီးကောင့်ကြီးမားကြီးနဲ့တဲ့လား ...။ မယုံနိုင်စရာ ...။

အိုး ... ဖြစ်နိုင်လို့လား ...။ ဒီလောက်အောက်တန်းကျနေတဲ့ မိန်းမကြီးတစ်ယောက်က လာလိမ်နေတာရော မဖြစ်နိုင်ဘူးလား။

"ဘာ ... ညည်း ဘာပြောတာလဲ ... ပေါက်ကရမပြောနဲ့ဟဲ့ ... ညည်းနဲ့ တွဲနေတဲ့ အကောင်က ငါ့သမက် ... ငါ့သမီးရဲ့ ယောကျ်ား"

မြမဟာ တစ်ယောက် တကယ့်ကို ရှော့(ခ်)ရသွားရပါတော့သည်။ သူ့သမီးရဲ့ ယောကျ်ားတဲ့ ...။ ဒီလိုဆိုရင်တော့ ဒီဟိုတယ်မျိုးမှာ အလုပ်လုပ်နေတဲ့ ကောင်မလေးမျိုးနဲ့ ဆိုရင်တော့ ဒီမိန်းမရဲ့ယောကျ်ား ဆိုတာထက်တော့ ဟုတ်နိုင်ချေ ... ဖြစ်နိုင်ချေ ရှိနေပြီပဲ ...။

အို ... ဟုတ်မှာပါ ... ဟုတ်ကို ဟုတ်မှာပါ ...။ ဒီမိန်းမဟာ မြမဟာနဲ့ ကိုရန်နိုင်တို့ကို အတူပူးတွဲ တွေ့ဖူးပြီးသားသူမို့သာ ဒီလိုအတိအကျ လာစွပ်စွဲ ရန်ထောင်ဝံ့တာ ဖြစ်မှာပါ ...။ ရန်ကုန်မှာလည်း တတွဲတွဲတဲ့ ...။ တကယ်ဆိုရင် မြမဟာ အဖို့ ပဲခူးမှ ရန်ကုန်သို့ ကားကြုံလိုက်စီးရင်း ... သူ့ဘက်က ထမင်းစားဖိတ်တာကို လက်ခံခဲ့မိတဲ့ နှစ်ကြိမ်မျှသာ ရန်ကုန်မှာ သူနှင့်တွဲမိသလို ဖြစ်ခဲ့ရတာပါ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မသိဘူး ..."

ထိုမိန်းမက မြမဟာရဲ့ သေခါနီးလုလု စကားသံကြီးကို အနည်းငယ် လန့်သွားပုံရသည်။ အော်ဟစ်နေသော အသံဗလံတွေ ချက်ချင်းပင် လျော့ကျသွားကာ ...

"ကဲ ... ဒါဖြင့် ... ခုသိပြီလား ..."

မိုက်မဲချင်ဆဲ မြမဟာကား ... ကိုရန်နိုင်ရဲ့ နှုတ်များမှ "ကျွန်တော့်မှာ အိမ်ထောင်ရှိပါတယ်"ဆိုသော စကားကို နားနဲ့ ဆတ်ဆတ်ကြားရမှပင် ... နင့်ခနဲ ယုံကြည် ... စိတ်ပိုင်းဖြတ်ချင်သူတည်း။

တစ်ကြိမ်တစ်ခါမှကို ခေါင်းထဲထည့်မစဉ်းစားခဲ့မိတဲ့ ကိစ္စမျိုးကြီးပဲကိုး။ ဘယ်မိန်းကလေးတစ်ယောက်ကကော ... ကိုယ့်အပါး ရစ်ဝဲချဉ်းကပ်ချင်လာသူ တစ်ယောက် ရှိလျှင် ... "မိန်းမကြီးနဲ့လား ... အိမ်ထောင်သည်ကြီးများလား ..."ဟု ပထမဆုံး စတင်စဉ်းစားမိကြတာမျိုး ရှိကော ရှိနိုင်ပါရဲ့လား ...။

ဒါ ... မြမဟာ တစ်ယောက်တည်းရဲ့ ... အဆင်အခြင်နည်း မိုက်မှားမှုလို့ ဆိုနိုင်ပါ့မလား။ ဒါမျိုးအတွေးကိုတော့ ခေါင်းထဲမပြောပါနဲ့ ... ဘယ်နေရာမှာမှကို မရှိခဲ့ဘူးပဲ မှတ်ပါ ...။

"အေး ... သိပြီးလို့ ဆင်ခြင်မယ်ဆိုလည်း ပြီးတာပါပဲ ..."

ထိုမိန်းမက မြမဟာရဲ့ နှုတ်ဖျားက ဝန်မခံရသေးသော အဖြေစကားကို သူ့ဘာသာပင် ထုတ်ပြော အတည်ယူကာ ...





မြမဟာရဲ့ ရှေ့မှောက်မှ ခပ်မြန်မြန်ပင် ထွက်ခွာသွားပါတော့သည်။

မြမဟာ ခမျာတော့ လူသူကင်းရှင်းလှသည့် မြေအောက်ကားရပ်စခန်းတစ်ခုအထွင်းမှာ ... ညမိုးစုပ်စုပ်ချုပ်သွားခဲ့တဲ့အထိ ... ကားထဲ ငုတ်တုတ်ကြီးကို ဆက်ထိုင်နေခဲ့မိပါသည်။

ကြည်လင်အေးမြသော ရေကလေး တစ်ပေါက် ဘလေလောက်များ စီးဆင်းလာမလားရယ်လို့ ... ရေလာမြောင်းဆောက် ... လုပ်ကြည့်မိလိုက်ကာမှပင် ... ကိုယ်အလိုရှိသော ထိုရေဟာ ... ဘောင်ခတ်ကန့်သတ်ထားပြီးသား ပိုင်ရှင်ရှိ ရေကန်တစ်ခုအတွင်းမှ ရေမျိုးပဲ ဖြစ်နေခဲ့သတဲ့ ...။

ဟုတ်ကော ဟုတ်ရဲ့လားကွယ် ... ဟုတ်ရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

မြမဟာက ကိုယ့်ကိုယ်ကိုယ် "နယ်ဆင်းအလှည့်" ဟု ဘယ်လိုပင်လုလု ... ဒီအုပ်စုထဲက တစ်ဦးတည်းသော မိန်းကလေးတစ်ယောက်ကို ငဲ့ညှာသက်သာစေဖို့ပဲ အမြဲကြံစည်နေကြသည့် မစ္စတာကာဆိဂိတို့ တစ်သိုက်က ... အားလုံး တက်ညီလက်ညီနှင့် ... "ရုံးထိုင်အလှည့် ... ပါ"ဟု ဝိုင်းအော်ကြကာ ... မြမဟာကို တစ်ယောက်တည်း ထားပစ်ခဲ့ကြလေပြီ။

မြမဟာက ရုံးထိုင် လုံး၀(လုံး၀)ကို မလုပ်ချင်ပါ။ ရေလာမြောင်းဖောက် စကားမျိုးတွေကို ပြောလိုက်ပြီးကာမှ ... တစ်ရက်လည်း ပေါ်မလာ ... နှစ်ရက်လည်း ပေါ်မလာ ... ထိုင်မျှော်နေရသလို ဖြစ်နေသော ဖြစ်အင်ကြီးကို မနှစ်သက်နိုင်တော့ကတည်းက မြမဟာက ရုံးမှာ ထိုင်မနေလိုတော့တာ။





ခုဆို ပိုဆိုးတော့တာပေါ့ ...။ "ငါ့သမီးရဲ့ယောက်ျား ... ငါ့သမက်"တဲ့ ...။ အမယ်လေး ... ပြန်တွေးကြည့်လိုက်မိလျှင်ပင် ... ငရဲအိုးထဲ ဇောက်ထိုးကြီးပဲ ကျသွားသလိုလို ...။ နားထဲပဲ သံရည်ပူအိုးကြီးကို လောင်းထည့်ခံလိုက်ရသလိုလို ...။

"ပေါ်မလာပါစေနဲ့တော့ ... လုံး၀ကို ပြန်လည်ပေါ်မလာပါစေနဲ့တော့ ..."ဟု အထပ်ထပ် အခါခါပင် ဆုတောင်းရမလို ဖြစ်နေသောအခါ ... မြမဟာသည် ... ကိုယ်တိုင်က အင်မတန် နှစ်ခြိုက်မိခဲ့သော ဤအလုပ်၌ ပျော်ကို မပျော်နိုင်တော့ပြီ...။

ပဲခူးမြို့ဟာ ဘယ်လောက်များ ကြီးနေလို့လဲ ...။ လူတစ်ဦးတစ်ယောက်ကို တမင်သက်သက် လိုက်ရှာနေရင်သာ ကံကြမ္မာအရ ကပ်လွဲရင် လွဲနေဦးမှာ ...။ မတွေ့ဖြစ်အောင် ရှောင်ဖို့ကျတော့ ပဲခူး မပြောပါနဲ့ ...။ ရန်ကုန်မြို့သည်ပင်လျှင် ... ရှောင်ဖို့ဆိုရင်တော့ ကောင်းကောင်းလွတ်နိုင်တာမျိုးမှ မဟုတ်တာ ...။

စိတ်နဲ့လူနဲ့ လုံး၀မကပ် ...။ လုပ်နေရတဲ့ အလုပ်ထဲလည်း တစ်စက်ကလေးမှ စိတ်မပါနိုင်တော့ဘဲ မြမဟာ တစ်ယောက် ကိုယ့်ကိုယ်ကိုယ် အလကားလူကြီး တစ်ယောက်လို ထင်မိလှဆဲဆဲ တစ်နေ့မှာ ... နေ့တိုင်း ရုံးထိုင်ချည်း ဆက်တိုက်ကျနေရသည့် မြမဟာရဲ့ ရုံးခန်းတံခါး၀ရှေ့မှာ ... ရုတ်တရက်ဘွားခနဲ ... ဆိုသလို ...။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်တာလဲ ...။ ဘာလာလုပ်တာလဲ ...တောက် ...။

သူ့မျက်နှာကို မြင်လိုက်ရတာနဲ့ အကြီးအကျယ်ကို ဒေါ်ပွ ...စိတ်တွေ ဗလောင်ဆူဝေသွားရသော်လည်း ..."လူလိမ္မာ အမျက် အပြင်မထွက်စေနဲ့"ဆိုသလို ... မြမဟာက ကိုယ့်ဒေါသ ကိုယ် အတင်းကြီးပင် ပြန်လည်ထိန်းချုပ်ထားလိုက်ပါသည်။

မြမဟာက ရှင့်ကို "ဘာမှမဟုတ်ရင်တော့ ပြန်ကို မလာနဲ့တော့"လို့ အတိအလင်းကြီးကို ပြောထားလိုက်ပြီးသားလေ ရှင်ရဲ့ ...။ ဘာကိစ္စနဲ့ ပြန်ပေါ်လာရတာလဲ ...။ ပြန်ပေါ်လာပြီ ဆိုမှတော့ ... ဒါ ရှင့်အနေနဲ့ ... "ရိုးရိုး မဟုတ်တော့ဘူး"ဆိုတဲ့ အကြောင်းကို ခပ်ရှင်းရှင်းပဲ သိစေလိုက်တာလား ...။ ရှင့်မှာ အဲဒီလို ခပ်ရှင်းရှင်းနဲ့ ကြေညာပိုင်ခွင့် ... လွတ်လပ်စွာ ကိုယ့်စိတ်ကြိုက် လှုပ်ရှားပြုမူခွင့် ဆိုတာတွေ ရှိကောရှိနေသေးလို့လား ...။ ပြောစမ်းပါဦး ...။

ဟိုတယ်ကြီးတစ်ခုရဲ့ ယာဉ်ရပ်နားစခန်း အတွင်းမှာ အင်မတန်မှ အောက်တန်းကျလှသော မိန်းမရွယ်တစ်ယောက်နှင့် သာ မဆုံစည်းခဲ့ဖူးဘူး ဆိုရင်တော့ ... ဒီနေ့ ဒီအချိန်မှာ မြမဟာတို့ ... မရပ်နားနိုင်တော့သော ရင်ခုန်သံပြင်းပြင်းတို့နဲ့ ... လူကလည်း အပျော်လုံးပိကာ ... ရက်စနိုးပီတိတို့နဲ့ အသက်ထွက်မတတ်ပင် ဖြစ်နေလောက်ပါပြီ။





ခုလည်းပဲ ပြောရရင်တော့ အသက်ထွက်မတတ်ပါပဲလေ ...။ ဒေါသကလည်းထွက် ...။ ကြားရတဲ့ သတင်းက ဟုတ်နေခဲ့ရင် အဲဒီလို ဒေါသတကြီး,ကြီး ဖြစ်နေရတာက သေလုအောင် ရှက်ဖို့လည်းကောင်း ...။ အဲဒီသတင်းက တကယ်၍များ မဟုတ်ခဲ့ရင် ... ကိုယ့်ဆီကို ပိုင်နိုင်တိကျမှုတို့နှင့် အတိအလင်း လာရောက်မျက်နှာပြတဲ့သူ အပေါ် ဒေါသကြီးနဲ့ ဆီးကြိုနေဖို့လည်း မကောင်း ...။

ကြည့်စမ်း ...။ မြမဟာတို့ မိုက်မဲလိုက်ပုံများ ... ဖြစ်နိုင်ချေကိုက (၉၈ ရာခိုင်နှုန်း)လောက် ရှိပြီးသား သတင်းတစ်ခုကို "အကယ်၍များ မဟုတ်ခဲ့ရင်"ဆိုတဲ့ အတွေးမျိုး လိုက်တွေးပေးနေမိရသေးတယ်လို့ ...။

"မြမဟာ ... နေမကောင်းဘူးလား ..."

လှုနဲ့လှုအလေး တစ်ယောက်တော့ဖြင့် မဟုတ်သောရန်နိုင်က မြမဟာရဲ့ မျက်နှာထားကို ဖတ်နိုင်သိရှိ သွားခဲ့ပါပြီ။

"ကောင်းပါတယ် ... ထိုင်ဦးလေ ..."

"တစ်မျိုးကြီး ဖြစ်နေသလားလို့ ..."

"ဟုတ်ကဲ့ ... ဖြစ်နေတယ်ရှင့် ..."

"ဘာများလဲ ... ဒါဆို ကျွန်တော် ရောက်လာတဲ့အတွက် အနှောင့်အယှက်များ ဖြစ်နေမလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါလေ ... ရှင့်ကိုလည်း ပြောပြမှာပါ ... ရန်ကုန်က ကျွန်မသိခဲ့ရတဲ့ ဓာတ်လမ်းလေးတစ်ခု အကြောင်းလေ ..."

မြမဟာရဲ့ မျက်နှာထားကို ကြည့်ပြီး ရန်နိုင် တစ်ယောက် တစ်မျိုးဖြစ်သွားသလား ထင်လိုက်ပါသည်။ သို့သော် ချက်ချင်းပင် ထိုတစ်မျိုးသော အရိပ်အယောင်ကို ရန်နိုင်က သူ့မျက်နှာပေါ်မှ ဖယ်ထုတ်လိုက်ကာ ...

"မစ္စတာကာဆိဂိတို့ နယ်ဆင်းသွားကြပြီလား ... အေးဗျာ ... ကျွန်တော်လည်း အဘိုးကြီးကို နေရင်းထိုင်ရင်းနဲ့ကို ကြောက်ရတော့မလို ဖြစ်နေတာ ... သူ့အလစ်ကို ချောင်းပြီးမှ လာရဲတော့တဲ့ သဘောပဲ ဆိုပါတော့"

ကြည့်စမ်း ...။ လူလည်ကိုကျတာ ...။ "မစ္စတာကာဆိဂိက ... ဘာမှ မပတ်သက်ရင် မလာပါနဲ့တော့ ...လို့ ဆိုတယ် ..."ဟု ပြောထားသော စကားကို ..."သူ့အလစ်ချောင်းပြီးမှ လာရဲတယ် ..."ဟု ပြန်ပြောလိုက်ခြင်းဟာ ... "တစ်ခုခုဟုတ်နေလို့ ပြန်ပေါ်လာခဲ့တာမျိုးတော့ မဟုတ်ပါဘူး ... အဘိုးကြီး မကြိုက်နိုင်သော ... တားမြစ်ထားသော အခြေအနေပဲ ဖြစ်နေဆဲကပင် ... ထိုအခြေအနေကနေ တစ်စက်ကလေးမှ ပြောင်းလဲဖို့လည်း မစဉ်းစားဘဲ ... အဘိုးကြီးမသိအောင်သာ ခိုးလုပ်တာပါ ..." ဟု ဆိုလိုလိုက်ချင်တဲ့ သဘော ...။





သက်သက်ကို ... သက်သက်ကြီးကို လူပါးဝလူလည်ကျတာပေါ့ ...။ ဟိုမိန်းမတစ်ယောက် လာအော်ဟစ်ထားသော သတင်းအကြောင်းအရာကို ကြိုသိမထားရသေးရင်တောင်မှ "... ဒီလို လာလုပ်တာမျိုးကတော့ ဘယ်နည်းနဲ့မှကို လက်ခံကျေနပ်နိုင်စရာ အကြောင်းမရှိပါ။

နို့မို့ဆိုရင်တော့ ..."ဘာဖြစ်လဲဗျာ ... ဘာမှမှ မဟုတ်ကြလည်းပဲ ... ခိုးလာနေမှာပဲ ..."ဟု ဆိုချင်သူ တစ်ယောက်ကို ... ဒီက "ဟုတ်ကဲ့ ... လာပါ ... ကျွန်မကလည်း ရှင် ဆန္ဒရှိသလို ခိုးဝှက်တွေ့ဆုံပေးနေပါ့မယ် ..."လို့ အရှက်မရှိ ပြန်ပြောရမဲ့ အပေါက်မျိုး ဖြစ်မနေပေဘူးလား။

"မစ္စတာကာဆိဂိ ကိစ္စက ထားစမ်းပါဦး ... ရှင့်ကို ကျွန်မ ပြောပြစရာရှိတယ် ... တချို့မိန်းမတွေကလေ ... ယေင်ယယ် ရွယ်ရွယ်နဲ့ အိမ်ထောင်ကျ,ကျသွားတတ်တာမျိုး ... ရှင် ကြားဖူးသလား ... အဲဒီလိုကိစ္စမျိုးကလေ ... မျိုးရိုးလိုက်တတ်သလိုကို ဖြစ်နေတာ ... အမေလုပ်သူက ငယ်ငယ်လေးနဲ့ အိမ်ထောင်ကျရင် ... သူကမွေးတဲ့ သူ့သမီးမှာလည်း အမေ့အရွယ်လောက် ပြန်ရောက်တာနဲ့ တစ်ခါတည်း အိမ်ထောင်ပြုပစ်ရော ...

အဲဒီတော့ ဘာမှ အသက်မကြီးသေးတဲ့ မိန်းမတစ်ယောက်မှာ သူနဲ့ ရွယ်ရင့်တတ္တ သမက်ကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိနေနိုင်တယ်နော် ... သိပ်ဆန်းတာပဲလို့ ကျွန်မ တော့ ထင်တာပဲ ...”

လာရောက်အော်ဟစ်သွားသော မိန်းမရဲ့ အသက်အရွယ်ကို ခန့်မှန်းကြည့်ရခြင်းနဲ့ ... ဒီလိုဓာတ်လမ်းမျိုးပဲ ဖြစ်နေမှာပါ ဆိုတာကို အတပ်သိစွာ မြမဟာက ဒိုးဒိုးဒေါက်ဒေါက် ပင် ပြောချလိုက်ပါသည်။ ခုနက ... “မစ္စတာကာဆိဂိ မရှိမှ နိုး ပြီး လာရဲတော့တယ်”ဟူသော စကားမျိုးကို “ဘာမှမဖြစ်ပါဘူး ... အရေးမကြီးလှပါဘူး”ဟူသည့် မျက်နှာပေးနှင့် ... သွက်သွက်လက် လက် ... ရယ်ရွှမ်းပတ်ရွှမ်းပြောဖို့ ကြိုးစားခဲ့သော ရန်နိုင် တစ် ယောက် ... မြမဟာရဲ့ ဒိုးဒိုးဒေါက်ဒေါက် အပြောမှာ ... ခပ်အမ်း အမ်းကြီး ဖြစ်သွားခဲ့ပါသည်။

ခုထက်ထိ သေချာ ဝင်မထိုင်ဖြစ်သေးသည့် ကုလား ထိုင်တစ်လုံးကို ရန်နိုင်က သူ့ဘက်သို့ အသာဆွဲယူကာ ခပ်တည် တည်ပဲ ထိုင်ချလိုက်သည်။ “ဟန်မပျက်ပါဘူး” ဆိုတာမျိုးကို အတင်းကြီး ဖမ်းယူထားမည် ဖြစ်သော်လည်း ... သူ တစ်မျိုးကြီး တော့ ဖြစ်နေတာ မြမဟာက သိသည်။

မြမဟာ တစ်ယောက်တော့ဖြင့် သူ့ကို တစ်စိုက် မတ်မတ် ... တရစပ် စိုက်ကြည့်နေမှာပဲ ... ဆိုတာကို အတပ်သိ နေဟန်ရှိသည့် ရန်နိုင်က ... ကုလားထိုင်ခြေထောက်များ ပေါ် ချက်ညီမညီကိုပဲ အတော်ကြီး ဂရုဆက်စိုက်နေပြန်ကာ ... စကား





လည်းမပြန် ...။ မြမဟာ ဘက်သို့လည်း ချက်ချင်းကြီး ပြန်လှည့် မကြည့်။

ကဲ ... ရေလာ မြှောင်းဖောက်သလို လုပ်ခဲ့မိတဲ့ မိန်းမတစ်ယောက်ကို ... ရေတော့ဖြင့် တစ်စက်မှ မစီးဆင်းမိစေ ဘဲ ... သက်သက် လှူလည်ဆက်ကျဖို့ပဲ ဆုံးဖြတ်ခဲ့နိုင်တဲ့ ယောက်ျား တစ်ယောက် ...။ ရှင် အခုကော ဘယ်လိုလှည့်ထွက်လိုက်မှာလဲ ...။ စိတ်ဝင်စားဖို့ကောင်းလိုက်တာ ...။ ခုလိုပုံမျိုးနဲ့ ဆိုရင်တော့ ... ဟိုမိန်းမရဲ့ စကားတွေဟာ ... “ဟုတ်မှဟုတ်ပါ့မလား ...”လို့ သံသယ ဆက်ရှိနေစရာလည်း မလိုတော့ပြီပေါ့ ...။ ဟုတ်ကိုဟုတ် နေခဲ့တာဟာ ... သူ့ပုံစံကို ကြည့်လိုက်ရုံနဲ့တင်ကို သေချာသွား ခဲ့ရပြီပေါ့ ...။

မြမဟာက တမင် တိတ်တိတ်ကြီး လုပ်နေပြီး ...၊ ခုနကတော့ စကားရော ဖောရောနှင့် သွက်လက်ပြဖို့ ကြိုးစားခဲ့ သည့် ရန်နိုင်ကလည်း ငြိမ်ကျတိတ်ဆိတ်လို့ သွားခဲ့သောအခါ ... နှစ်ယောက်သားကြားမှာ ခြောက်ကပ်ကပ်ကြီးနှင့် ...။ နံရံပေါ်မှ ဆိုင်ကပ်နာရီကြီးရဲ့ “တချောက်ချောက်” စက်သံကသာ အမြင် ထတ်ချင်စဖွယ်ရာကြီး ခပ်ကျယ်ကျယ် ထွက်ပေါ်လို့ နေပါ သည်။

တိတ်ဆိတ်မှုကြီးက ကြာမြင့်လေ ... အခြေအနေက ဆိုးလေ ... ဆိုတာကို ရန်နိုင်က တွက်ဆလိုက်မိဟန် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဆုံးဖြတ်ချက် တစ်ခုကို အတင်းချလိုက်ပြီးဟန် နှင့် ... ရုပ်ကတော့ ခပ်တည်တည် ... မျက်ခုံးတွေ ခပ်ပင့်ပင့် နှင့် ...

"ပြောစရာရှိတယ် ..."

"ပြော ..."

"ခင်ဗျားကို ကျွန်တော် သဘောကျတယ်ဆိုတာ အဲဒါတွေ ပဲ ..."

မြမဟာကား ... ကိုယ့်ရှေ့စားပွဲပေါ်က စက္ကူဖြတ် သည့် ကတ်ကြေးတစ်လက်နှင့် ဒီလူ့ကို ထပေါက်ထည့်လိုက်ရရင် များ ကောင်းမလား ... ဟုပင် စိတ်ထဲ ရုတ်တရက် ပေါ်လိုက်မိ သေးသည်။

"သိပ်အသက်မကြီးသေးတဲ့ မိန်းမတစ်ယောက်ရဲ့ ရွယ်ရင်း တတူ သမက်ကြီး ဆိုတာ ... မြမဟာက ကျွန်တော့်ကို ပြောချင်နေတာပဲ မဟုတ်လား ... ဟင်း ဟင်း ဟင်း ... သိပ်တော့ မဆန်းပါဘူးဗျာ ... မျိုးရိုးလိုက်တာလား ဆိုရင် တော့ ဒါ ဟုတ်ချင်လည်း ဟုတ်နေနိုင်တာပဲ ... သူ့အမေ လည်း ဆယ့်ရှစ်နှစ်လောက်နဲ့ အိမ်ထောင်ကျ ... သူ့သမီး လည်း ဆယ့်ရှစ်နှစ်မှာပဲ အိမ်ထောင်ပြု ..."

နှစ်ယောက်သားတို့ရဲ့ ရင်ဆိုင်ယှဉ်ပြိုင်မှုမှာ အောက် စည်းသို့ ရောက်လုဆဲဆဲ ... အနေအထား တစ်ခုမှ ... နေရာ





ခိုင် ... မှန်မှန်တစ်ခုကို သူက ပြန်ယူနိုင်သွားခဲ့လေပြီ ...။ ပုံစံ ကတော့ဖြင့် တကယ့်ကို အေးအေးဆေးဆေး ခပ်ပြုံးပြုံးနှင့် သူ့ မှာပဲ ဘာမှ အပြစ်ရယ်လို့ မရှိသလိုလို ...။

"ကျွန်တော့်မှာ မိန်းမနဲ့ ... ကျွန်တော်က အိမ်ထောင် သည်တစ်ယောက်ပါ ..."ဆိုတဲ့ စကားကို ပွင့်ပွင့်လင်းလင်းနှင့် ထုတ်ဖော်မပြောကြားခဲ့တဲ့ ... မိန်းကလေးတစ်ယောက်ဆီ ... ဂဒီး ... ဂဒီးနှင့် ချောင်းပေါက်လု လာနေခဲ့တာ ...၊ အဖော်တစ်ယောက်လို တတွဲတွဲကြီး ရှိနေခဲ့တာတွေဟာလည်း ... သာမန် ... ပုံမှန် ... လုပ်ပိုင်ခွင့်ရှိ ... လုပ်လို့ရတဲ့ အလုပ်မျိုးလိုလို ...။

သူ့အနေနဲ့ကတော့ ... အပြစ်တင် ဝေဖန်လာခဲ့သူ ရှိရင်လည်း ... "ငါ ဘာမှားလို့လဲ ... ဒီမိန်းကလေးနဲ့ ငါနဲ့တကယ့် မိတ်ဆွေကောင်းတွေလိုပဲ ဆက်ဆံခဲ့ကြတာပဲ ... ကာယကံ၊ ဝစီကံ နဲ့ ငါ ဘာများမှားခဲ့မိလို့လဲ ..."ဆိုတဲ့ စကားမျိုးကို ခပ်တည်တည် ခပ်တင်းတင်းနှင့်ပဲ ပြန်ပြောနိုင်လောက်တဲ့ အဖြစ်မျိုးမှာ ရှိခဲ့တာ ပင် ...။

အဲဒါကြောင့်မို့လို့သာ ... သူတစ်ပါးရဲ့ နံဘေးနား တစ်ချိန်လုံး ရောက်နေခဲ့ပေမဲ့ ... နေ့စဉ်နေ့တိုင်း "သဘောကျ" နေတာကလွဲလို့ ... (ချစ်ခင်မြတ်နိုး နေမိပါတယ် ဆိုတဲ့ သမီး ရည်းစား စကားမျိုးဝေးလို့) သရီးသရီ ချိတ်တိတ်တိတ် ဆိုတာ မျိုးတောင် ဘာတစ်ခွန်းမှ ထွက်မလာခဲ့တာပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ကွာလိုက်တာနော် ... ကွာလိုက်တာ ...။ လူလိမ္မာနဲ့ လူမိုက်တို့ အထင်းသားကြီး ကွာနေတယ် ဆိုတာ ... ဒီလိုမျိုးကို ခေါ်တာနေမှာပေါ့ ...။ လူလိမ္မာတို့ကျတော့ ... အပြစ်ရှိတာတောင်မှ မရှိသလိုလို ...။ မိုက်မဲလှတဲ့ မြမဟာလို လူမိုက်ခများမှာတော့ ... ကိုယ့်နားရောက်လာခဲ့တဲ့ သူကို ... "အိမ်ထောင်သည်ကြီးများလား"လို့ တစ်ခါမှကို ခေါင်းထဲ ထည့်မစဉ်းစားမိခဲ့တဲ့အတွက် ...၊ ဒီလိုလူမျိုးကိုမှ တစ်တွဲတွဲ လက်ခံတွဲခဲ့မိခြင်းအတွက် ...၊ လူသိရှင်ကြား ရေလာမြောင်းဖောက် လုပ်ခဲ့မိခြင်းအတွက် ...၊ ချက်ချင်းပင် ငရဲသို့ပဲ ဆင်းရတော့မလိုလို ...။ အပြစ်တွေကြီးနေလိုက်တာ။

"ကျွန်တော့်မိန်းမက ခုမှ ... ဆယ့်ကိုးနှစ်သမီးပဲ ရှိသေးတာ ... ဘာမှ မသိနားမလည်လေးပေါ့ ... မြမဟာတို့နဲ့တော့ အကွာကြီး ကွာပါတယ် ... ထက်ထက်မြက်မြက်နဲ့ အရာရာကို စွမ်းဆောင်နိုင်ဖို့ ဝေးလို့ ... ကိုယ့်ခြေဖဝါးပေါ်တောင် ကိုယ် သေချာမရပ်နိုင်လို့ ... ထိုင်လို့ချည်းသာနေမဲ့ မိန်းကလေးမျိုးဗျ ..."

"ရှင့်ကို ရှင့်မိဘက သူနဲ့ ရိုက်ပြီးပေးစားခဲ့တာများလား ..."

မြမဟာလည်း ဒီနေ့ စတွေ့ကြစကထက်တော့ အများကြီးပိုပြီး တည်ငြိမ်မှု ရသွားခဲ့ပါပြီ။ ကိုယ့်အနေအထားကြီးက "အောက်"ထွက်မနေအောင် ...၊ ဒေါသတွေလည်း သိပ်ပါမနေ





အောင် ...၊ သို့သော် ... မကျေနပ်လှဘူး ဆိုတာကိုလည်း ... ဒီလူ တစ်ယောက် သိကိုသိနေရအောင် ...။ အမယ်လေး ... ခက်လိုက်တာ ...။ ရုပ်ရှင်မင်းသား၊ မင်းသမီး အနုပညာသည်တွေ ရုပ်ရှင်ရိုက်ကြတဲ့အခါ ... ဘယ်လိုများ လွယ်လွယ်ကူကူနှင့် သရုပ်ဆောင်နေနိုင်ကြပါလိမ့် ...။

"ဟား ဟား ... ကျွန်တော့်စိတ်နဲ့ပဲ ဆုံးဖြတ်ခဲ့တာပါ ..."

"ဒါဖြင့်" ... သူ ဘာမှ မသိနားမလည်ဘူး ဆိုတာ ... အရင်ကတော့ တော်နေ ထက်နေပြီး ... ရှင်နဲ့ရမှ ရုတ်တရက် ပြောင်းလဲပြီး ညံ့သွားတဲ့ သဘောများလား ..."

"မြမဟာကတော့ ပြောတတ်တယ်ဗျာ ... ထိတယ် ... အဲဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ ..."

"အဲဒါဆို ပြီးရောပေါ့ ... ကိုယ့်စိတ်ကြိုက်နဲ့ကိုယ် ... ဒါမျိုးလေးကိုပဲ ရွေးယူခဲ့ပြီး ... ခုမှ ဘာလို့ အတင်းတုပ်ညည်းတွားချင်နေတာလဲ ..."

"ကြာလာတော့လည်း တော်နေ ထက်နေတဲ့ တခြားတစ်ယောက်ယောက်နဲ့ သွားယှဉ်ကြည့်မိတဲ့ အခါမှာ ..."

"ရှင်က ကျွန်မနဲ့ ယှဉ်ကြည့်နေတာလား ..."

မြမဟာက သူ့စကားကို ဖြတ်ကာ ပိတ်အော်ထည့်လိုက်သည်။ ဒီလိုတော့လည်း ရန်နိုင်က ပျာပျာသလဲ ... လက်ဝါးကာကာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့လည်း မဟုတ်ပါဘူး ... မြမဟာရဲ့ ထက်မြက်ပုံတွေ ... စွမ်းဆောင်နိုင်တာတွေ ... အရည်အချင်းရှိတာတွေကို ကျွန်တော် မြင်နေရတာက သပ်သပ်ပါ ..."

"ဒီမှာ ကိုရန်နိုင်ရဲ့ ... ရှင့်ထက်ပိုပြီး ... လေးငါးရှစ်မိုင်လောက် စက်ဘီးပိုနင်းနိုင်လိုက်ရုံနဲ့ ... အရည်အချင်းရှိတဲ့ စွမ်းဆောင်ရှင်ကြီးလို့ ရှင်က သတ်မှတ်ချင်လိုက်တာ ... ဘာမှ မဆိုင်ဘူး ..."

"ဟာ ... အဲဒီတစ်ချက်တည်းနဲ့တော့ ဘယ်ဟုတ်ပါ့မလဲ ..."

"တခြားအချက်အလက် တိတိကျကျ စစ်စစ်ပေါက်ပေါက်လည်း ရှင် ဘာမှလိုက်သိမထားပါဘူး ... ရှင်လည်း ကျွန်မအကြောင်း ဘာမှမသိဘူး ... ကျွန်မလည်း ရှင့်အကြောင်းကို ဘာတစ်ခုမှ မသိခဲ့ဘူး ... ခုမှစသိကြမလိုလိုပဲ ရှိတာပါ ... ကျွန်မ ပြောမယ် ... ရှင့်မိန်းမဆိုတဲ့ မိန်းကလေးရဲ့အကြောင်းကိုလည်း ဒီပုံအတိုင်းဆို ရှင် ဘာတစ်ခုမှ ရေရေရာရာ မသိသေးမဲ့ သဘောပါပဲ ...

သိအောင် ကြိုးစားကြည့်လိုက်ပါလား ... လူတစ်ယောက်မှာ ဘာမှ သုံးမရလို့ ... ထိုင်လို့ပဲ နေရမဲ့သူမျိုး ကျွန်မတော့ မတွေ့ဖူးသေးပါဘူး ... ရှင် မမြင်တတ်တာပဲ နေမယ် ... ခုမှ သိကျွမ်းကြတာ ခြောက်လမပြည့်သေး





တဲ့ ... တစ်ယောက်အကြောင်း တစ်ယောက် ဘာမှမသိကြတဲ့ သူစိမ်းမိန်းမတစ်ယောက်ရဲ့ အရည်အချင်းတွေကိုတောင် ရှင် မြင်နေနိုင်ရင် ... ရှင်နဲ့ အရင်းနှီးဆုံး အပတ်သက်ဆုံး မိန်းကလေးကို မြင်အောင်မကြည့်တတ်တာ ... ရှင့်အလွန်လို သွားဖြစ်နေလိမ့်မယ်နော် ..."

သူက ဖြူးနိုင်လွန်းအားကြီးသည့် ပုံစံကို ချိုးထားလျှင် ... မြမဟာသည်လည်း ဘာကြောင့် ခပ်ပြုံးပြုံးလေး လိုက်လုပ်မထားတတ်ရမည်နည်း ...။ (နောက်နှောင်သော အခါကျမှဘာ ... ဖြစ်ဖြစ်ပေါ့နော် ...။) မြမဟာက ... သူ ဘာမှ စကားပြန်ဖို့ စကားစ ရှာမရနိုင်သေးခင် ... ခပ်ပြုံးပြုံးနှင့်ပင် ... "ကဲ ... ကျွန်မရဲ့ ဂျူတီချိန် ဒီမှာကုန်ပြီ ... ရုံးခန်းတံခါးပိတ်မယ် ..." ဟု အေးအေးသက်သာပဲ ကြေညာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက သင်တန်းပြီးပြီးချင်းပင် ... "မ,ရဲ့ကားနဲ့ ပြန်လိုက်ခဲ့လို့ ရမလား ..."ဟု တိုးတိုးကလေး လာကပ်ပြောလေသည်။ မြမဟာ ခဏမျှမှာလည်း ပိုနှင့် စကားတွေ ပြောချင်နေမိပေမဲ့ အလုပ်တစ်ဖက်က ရှိနေသေးတာမို့ ..."ဘာပြန်ပြောရကောင်းမလဲ" စဉ်းစားနေစဉ်မှာ ... အခြေအနေကို ရိပ်မိသွားတာလား ... တကယ်ပဲ တိုက်ဆိုင်စွာ ကံကောင်းသွားတာလား မသိဘဲ ... အဘိုးကြီး ကာဆီဂီက ... "ဒီနေ့အဖို့ ပဲခူးကို ပြန်မသွားတော့ရင် ပိုကောင်းမယ်နဲ့ တူတယ် ..."ဟု ကြေညာလိုက်လေသည်။

မြမဟာက ပို့ကို ကိုယ့်အိမ်သို့ပဲ ဖိတ်ခေါ်လာလိုက်သည်။ ကိုယ့်အဖြစ်ကို ဘယ်နည်းနဲ့ ကြားသာအောင် လှည့်ပတ်ပြောရပါ့ ... ဟု စကားလုံးရွေး ချိန်ဆနေဆဲမှာပင် ... ပိုက စတင်ကာ ...

"သေချာသွားပြီ ... သိလား ... မ,ရယ်"

"ဟင် ... ဘာကိုလဲ"

"ကိုကိုလေ ... မ,ရဲ့ လက်စွပ်တစ်ကွင်းနဲ့ စမ်းသပ်ချက်က သိပ်အရာရောက်သွားတာပဲ ... ကိုကိုနဲ့ တခြားမိန်းမတစ်ယောက်နဲ့ဆိုတဲ့ ဓာတ်လမ်းကလေ ... တကယ်ပဲ မ,ရဲ့ ...





မ,ကတော့ တော်ပါတယ် ... အမှန်ကို ဖော်ထုတ်နိုင်တယ် ... ဒါပေမဲ့ အတိအကျ သိလိုက်ရပြီးကာမှ ... မသိရသေးရင်များ ပိုကောင်းမလားလို့ ပိုက ရှောင်လွှဲချင်နေမိပြန်ရော ... သိလား ..."

"မ,ကတော့ တော်ပါတယ်"တဲ့ ...။ ထိုတော်လှပါသည်ဆိုသော မိန်းမဟာ ကိုယ့်အလှည့်ကျတော့ ... သူများတကာရဲ့ အအော်အငေါက်နဲ့ အရှက်လာခွဲမှုကို လှိမ့်ပိမ့်ခံလိုက်ရပြီးမှသာ ကိုယ့်ဓာတ်လမ်းအမှန်ကို သိခွင့်ရခဲ့တာပင် ...။

ယောကျ်ားတွေဆိုတာ ဘယ်လိုဟာတွေပါလိမ့် ...။ ကိုယ့်ကိုယ်ကိုယ် ကြည့်ကောင်းရှုပျော်ရုံထက် ပိုမလှမှန်း သိနေပြီးသော မြမဟာက ... မိန်းကလေးချင်းတောင် ငေးကြည့်ရကာ ... "လှလိုက်တာ"ဟု သက်မှတ်ရနိုင်လောက်သည့် ပို့ကို ခပ်ငေးငေးပဲ ကြည့်လိုက်မိကာ ... "ပို့ရဲ့ယောကျ်ားဟာ ဘယ်လိုပါလိမ့် ..." ဟု နားမလည်နိုင်တော့ပြီ။

ဒီလောက်လှပကာ အသက်အရွယ်ကလည်း နုငယ်နေသေးသော မိန်းကလေးတစ်ယောက်ကိုကျတော့ အိမ်ထဲထည့်သော့ခတ်ကာ အပြင်မှာ အသစ်ထပ်ရှာကြည့်ချင်သော စိတ်သဘောထားဟာ ဘယ်ဆိုကြီးမျိုးလဲ ... ။ ပို့ယောကျ်ားရဲ့ နောက်ထပ်အသစ်ဆိုတာဟာ ... ဒီမိန်းကလေးလောက်များ လှပနုနယ်နိုင်ဦးမှာလား ...။ နားကိုမလည်နိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ပို ကိုယ်တိုင် မြင်လိုက်ရတာ သိလား ... ဘောင်းဘီနဲ့ ကျောပိုးအိတ်နဲ့ ... မျက်မှန်နဲ့ ... ပုံစံကတော့ ခေတ်မီပြီး ဟော့ရှော့ပေါ့နော် ... မ ...။ ယောက်ျားဆိုတာ ပါးစပ်ကတော့ ... မြန်မာအင်္ကျီခါးတိုလေး ...၊ ဆံပင်ရှည်ရှည်လေးနဲ့မှလို့ တွင်တွင်ထုတ်ပြောပြီး ... တကယ်တမ်းကျတော့ ဘောင်းဘီမချွတ်တမ်းဝတ်လို့ သူတို့နဲ့ ရင်ဘောင်တန်းလိုက်ပါနိုင်မဲ့ ... ဟော့ရှော့ပုံစံတွေကိုပဲ သဘောကျကြတော့မှာလားဟင် ..."

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ ပိုရယ် ... ပိုက ဒီလောက်လှတာ ..."

"လှတာနဲ့ ဆိုင်လို့လား ... ပိုဖြင့် အဲဒီလို လှနေတာကြီးကိုပဲ အသုံးမကျတဲ့ အဖြစ်တစ်ခုလို့ မြင်ချင်လာပြီ ..."

ပို့ရဲ့ မျက်နှာကလေးမှာ မှိုင်းမှုန်လျက် ရှိပါသည်။ သူပြောသလို သူ့ကိုကိုအကြိုက် ... လိုက်ဖက်စွာ ဆင်မြန်းထားရဟန်ရှိသော မြန်မာဆန်ဆန်အင်္ကျီ ... လုံချည်ကလေးတို့နှင့် ... ကိုယ်လုံးကိုယ်ပေါက်ကလည်း သွယ်ပျောင်းစွာ အင်မတန်မှလှပလှသော ကလေးမလေးမှာ ... ဆံပင်ရှည်ရှည်ကြီး တစ်ထွေးသားနှင့်ဆိုတော့ ... မြင်မြင်သမျှ ပုရိသတို့ဟာ နှစ်ခါပြန်လောက်တော့ လှည့်ကိုကြည့်ကြရတာမျိုးပါ။





အဲဒါကြောင့်ပဲ သူ့ကိုကိုက အိမ်ထဲထည့် သော့ခပ်ထားချင်တာ နေမှာ ...။ ဒါဆိုရင်လည်းပဲ ဘာ့ကြောင့်များ (ပိုပြောသလို) ဟော့ရှော့မကလေး တစ်ယောက်နဲ့ ဓာတ်အသစ်စချင်ရသလဲ ... ပို့ ခင်ပွန်းရယ် ...။

"အဲဒါကြောင့် ပြီးခဲ့တဲ့အပတ်က သင်တန်းတွေကို ပိုဖျက်ပစ်လိုက်တာ ... စိတ်တွေကလည်း ထွေနေ ... မ,နဲ့လည်း မတွေ့နိုင်တော့ ... နောက်ဆုံး မခံစားနိုင်တော့တော့ ... မေမေနဲ့တောင် သွားတွေ့သေးတယ် ... မေမေက ... နိုင်အကောင်ရဲ့ကိစ္စက ဟကယ်အစစ်ပဲတဲ့ ... ဒီတစ်ခါတော့ ပို့အကြောင်းကို စိတ်လိုလက်ရ ဆွေးနွေးလို့ သိလား ...

ပိုက ပို သိပါတယ်လို့ ပြောလိုက်တယ် ... မေမေက ... အေး ... သတိထားနေတဲ့ ... အဲဒီမိန်းမက နင့်ပတ်ဝန်းကျင်မှာပဲ တရစ်ဝဲဝဲနဲ့ ... တစ်နေ့ကျ ... ဝုန်းခနဲတိုက်ခိုက်မလာဘူးလို့ မပြောနိုင်ဘူးတဲ့ ... ပိုလေ ... တွေ့လည်း တွေ့ဖူးချင်ပါတယ် ... မ,တို့လိုများ နားလည်စာနာတတ်မလားလို့ ... ပို့ ဖြစ်ကြောင်းကုန်စင်ကိုပါ ရင်ဖွင့်ပစ်လိုက်ချင်သေးတယ် ...

ဒါပေမဲ့ ကြောက်လည်း ကြောက်တယ် ... နားမလည်တတ်တော့ ဘယ်လိုလုပ်မလဲနော် ... ပိုက သူ့ကို အရှက်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ချင်တာ မဟုတ်ပါဘူး ... ပို့ကို နားလည်စာနာစေချင်တာ တစ်ခုပါပဲ ... ပို ဘယ်လိုလုပ်ရင် ကောင်းမလဲ မသိဘူးနော် ... ကိုကိုနဲ့ရော ... ရှေ့လျှောက် ဘယ်လိုဆက်ဆံရမှာလဲဟင် ... ပိုက ဟန်ဆောင်နိုင်ပါ့မလား ...”

“ဇော”တွေနှင့် မိန်းကလေးတစ်ယောက်ကို ကြည့်နေရတာ ကိုယ့်အဖြစ်ထက်ပင် ဆိုးပြီး ... ကိုယ့်ခံစားချက်တို့ကတောင် သာမန်အရေးမပါချင်စရာလောက်ပဲ ဖြစ်သွားသလိုလို ...။

ပိုက မြမဟာကို “ပို့ကိုကိုလည်း ပဲခူးမှာပဲလေ ...” ဟူသည့် စကားမျိုးကိုတော့ ဖွင့်မပြောတော့ဘဲ မျိုသိပ်ထားလိုက်ပါသည်။ ပို့အနေနဲ့ ကိုယ်ဘယ်လောက် နောက်ကောက်ကျ ... ကျရှုံးနေတော့သလဲ ဆိုတာကို ... ကိုယ့်နှုတ်က ကိုယ်တိုင်ဖွင့်ပြောမှ ... သူများတကာက သိခွင့်ရတာမျိုးပဲ ဖြစ်စေချင်နေသည်။

ကိုကိုကလည်း ပဲခူးမှာပဲဆိုရင် ... ပို့အပေါ် စိတ်ဝင်တစားနဲ့ ဒီလောက်ကြီး ကူညီနေသော မမမြမဟာက ... အရောက်သွားပြီး မကြည့်ဘဲ နေပါ့မလား ...။ အဲဒီအခါကျတော့ ပို မသိရသေးတာတွေကို ကြိုသိ ...။ ပို မြင်ခွင့်မရနိုင်တာမျိုးတွေကို ကြိုမြင် ...။ တကယ်တမ်း လိုအပ်လာရင်တော့ ဒီမမမြမဟာကိုပဲ ဖွင့်ပြောစောင့်ကြည့်ခိုင်းထားရမှာ ဖြစ်သော်လည်း ... တတ်နိုင်သရွေ့ကတော့ ကိုယ့်ထက် သူကတောင် ပိုသိ ပိုမြင်နေတာမျိုး မဖြစ်စေချင်သေးပါ။





မြမဟာဆီက ပြတ်သားလျင်မြန်သော အဖြေတစ်ခု ရုတ်တရက် ပြန်ထွက်မလာနိုင်လျှင် ပိုက ခုမှပင် စ,အကဲခတ်ကြည့်ရကောင်းမှန်း သိကာ ... အံ့ဩတကြီးလေး လှည့်ကြည့်လိုက်မိပါသည်။ ပို့လို ဇောတွေကပ်နေခဲ့သူပင် ... ချက်ချင်း ပြန်လည်ရိပ်မိသွားခဲ့ရအောင် ... မြမဟာရဲ့ မျက်နှာပေါ်က အုံ့မှိုင်းမှိုင်းအနေအထားတွေကို မြင်လိုက်ရတော့မှ ...

“ပိုက ပိုပြောချင်တာတွေကိုချည်း စွတ်ပြောနေတယ် ... မ, ... မ,ကော တစ်ခုခု ဖြစ်နေသလားဟင် ... မရဲ့ပဲခူးသားကလေးဟာ ...”

“သူ့အကြောင်း မပြောကြတော့ကြေး ... ပိုရယ် ...”

“ဟင် ... မ, ... ဘယ်လိုဖြစ်တာလဲ ...”

သူ့ယောက်ျားက ... နောက်ထပ် မိန်းကလေးတစ်ယောက်နှင့် ထပ်တွဲတာကို မျက်ဝါးထင်ထင် မြင်လိုက်ရ၍ ချောက်ချား သွေးပျက်နေသည့် ဤမိန်းကလေးကို ... “တို့ရဲ့ပဲခူးသားက မိန်းမရှိတယ် ... အိမ်ထောင်နဲ့တဲ့ ပိုရယ် ...” ဟူသောစကားမျိုး ... မြမဟာက လုံးဝဥဿုံကို ထုတ်ဖော် မပြောဥပါ။

သူ့ယောက်ျားရဲ့ ဖောက်ပြန်မှုကို ... သနားစရာ ... နိုးမယား တစ်ယောက်အဖြစ် ရင်ဆိုင်နေရသူထံ၌ ... ကိုယ့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အနေအထားက ... အတော့်ကို သိမ်ငယ်အောက်တန်းကျလို့ပဲ နေရမလိုလို ...။ ကိုယ့်ကို ဆရာမကြီးတစ်ယောက်လို ...၊ အစ်မ့ရင်းလို၊ အမေလိုကို ယုံကြည်အားထားနေသော ဤမိန်းကလေးရဲ့ စိတ်ထဲ ... ကိုယ့်ကို သူ့ယောကျ်ားရဲ့ နောက်တစ်ယောက်နဲ့ ယှဉ်မြင်ပြီး အထင်သေး စက်ဆုပ်စိတ် ဝင်သွားမှာမျိုး မဖြစ်နိုင်ဘူးဟု ပြောလို့မရဘူး မဟုတ်လား ...။ အဖြစ်အပျက်က ထပ်တူကျမနေဘူး ဆိုရင်တောင် ... မတိမ်းမယိမ်းကလေးလိုလို ဖြစ်နေတဲ့အထဲမှာ ... ပိုက မှန်ကန်သောဘက်၌ ...။ ကိုယ်ကတော့ (ကိုယ်ကိုယ်တိုင်က အပြစ်ပဲ ရှိသလိုလို ...) နောက်တစ်ယောက်ဟူသော အမြင်ဘက်၌ ...။

ဘယ်သူမှန်း မသိသော ...၊ သိဖို့လည်း မလို ... သိအောင်လည်း ကြိုးစားမည် မဟုတ်သော ... ကိုရန်နိုင့်ရဲ့မိန်းမဆိုသူကို မှန်းရော်တွေးဆကြည့်လိုက်မိပါသည်။ မြမဟာနှင့် ကိုရန်နိုင်တို့ဟာ ဘာမှ(ဘာဆိုဘာမှ) မဟုတ်ကြရသေးဘူးဆိုပေမဲ့ ... သူ့ယောကျ်ားရဲ့ လုပ်ပုံကိုင်ပုံတွေက မှုမမှန် ... ဟန်မကျလှတော့တာကိုများ သိခွင့်ရလိုက်ရင် ... (ခပ်နုံနုံဟု သူ့ယောကျ်ားကိုယ်တိုင်က အဆိုရှိသော) ထိုမိန်းကလေးဟာ ... အခု ပို့လိုပဲ "ဘာလုပ်ရမှန်းမသိ" ဟူသော အနေအထားတစ်ခုမှာပဲ ... အသောကြီး စိတ်ညစ်နေရရှာတော့မည်။





"မတို့ပြဿနာဖြစ်ပြီး ... ပြီးသွားကြပြီလားဟင် ..."

"ပြီးတယ့် မဟုတ်ပါဘူးကွယ် ... ဓာတ်လမ်းက စမှမစဖြစ်လိုက်ကြတာပဲ ... စ,ဇရာကို မလိုတော့တဲ့ အနေအထားမျိုး ဆိုပါတော့ ..."

"ဟင် .. ပို စိတ်မကောင်းပါဘူး မ,ရယ် ... ပို့ကိုဆိုရင် ... ဘာဆို ... ဘာလုပ်ဆိုတဲ့ အဖြေမျိုးတွေ မ,အများကြီးပေးနိုင်ပါရက်နဲ့ ... မ,အလှည့်ကျတော့ အဲဒီလို ... တစ်ခုခု လုပ်ကြည့်လို့ကို မရနိုင်တော့တာမျိုးလား ... ဟုတ်လား ... မ ..."

မြမဟာက ခေါင်းပဲညိတ်ပြလိုက်သည်။ ပိုက ကားမောင်းနေသည့် မြမဟာရဲ့ ပခုံးလေးတစ်ဖက်ကို ခပ်ညှစ်ညှစ်ကလေး လာရောက်ဆုပ်ကိုင်လေသည်။ နှစ်ဦးသားတို့ဟာ ဘဝတူတွေချင်းလို ... ပိုပြီးစည်းလုံးရင်းနှီး စေးကပ်သွားကြသလိုလို ...။

"သိလား မ ... ပို သိသလောက်ကတော့ ... ပိုတို့နှစ်ယောက်သာ ခုချိန်မှာ ယောကျ်ားချင်းတွေသာဆို ... အရက်ဆိုင် သွားထိုင်ပြီး ... မိန်းမ မကောင်းကြောင်းတွေချည်းမှုးမှုးနဲ့ အော်ပြောနေကြလောက်ပြီ ... ဟိဟိ ..."

ဒီလောက် စိတ်ညစ်နေသည့် ကြားမှာတောင်မှ ... ကလေးဆိုတော့ "ဟိဟိ" က ပါဖြစ်အောင် ပါလိုက်သေးသည်။ ကလေးဆိုတော့ ... ကလေးဆိုတော့ ...။ မြမဟာရဲ့ ရင်ထဲ "ဒိုး"



www.burmeseclassic.com

www.burmeseclassic.com



ခနဲပင် ဖြစ်သွားပါသည်။ ပိုသည်လည်း ဆယ့်ရှစ်၊ ဆယ့်ကိုး၊ နှစ်ဆယ် အရွယ်ကလေး ...။ ကိုရန်နိုင့် မိန်းမသည်လည်း ခုမှ ဆယ့်ကိုးနှစ်တဲ့ ... တိုက်တိုက်ဆိုင်ဆိုင် ...။ ဒီလောက်ကလေးပဲ နေမှာပေါ့ ...။

ပို့လိုပဲ ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ စိတ်ဒုက္ခခံစားနေရရှာပြီလား ...။ ပို့လိုပဲ ... သိသိကြီးနဲ့ "ဟီဟိ"ရယ်နိုင်တာမျိုး မပျော်တောင် ... ဘာမှမသိရသေးသူကလေးပီပီ ... အပြစ်ကင်းသော "တဟီဟိ"တို့နှင့် ... ဖောက်ပြန်ချင်နေသော ယောကျ်ား လုပ်သူကိုပဲ အားကိုးယုံကြည်နေရှာလေသလား ...။

ကိုယ်ကိုယ်တိုင်က ဘာမှ မသိခဲ့ပါဘဲနှင့် ... ကိုယ်တို့ချင်း ဘာမှလဲ မဖြစ်ခဲ့ရပါပဲနှင့် ... အပြစ်မကင်းသလို ဖြစ်နေမိသော မြမဟာက ... တစ်ဖက်က ဆယ့်ကိုးနှစ်သမီးကလေးထံ အာပတ်တွေ ဖြေချင်တိုင်း ... ပို့ကိစ္စကိုပဲ အားတက်သရော ... စိတ်ရောကိုယ်ပါ ဝင်ရောက်ကူညီကြည့်ဖို့ ဆုံးဖြတ်လိုက်မိပါတော့သည်။

"တို့ကိစ္စက သိပ်အရေးမကြီးပါဘူး ပိုရယ် ... ဘာမှတောင် ဖြစ်ခဲ့ကြရသေးတာမှ မဟုတ်တာ ... အရေးကြီးတာက ပိုနဲ့ ပို့ကိုကိုနော် ... တို့ ပြောမယ် ... ပို့အနေနဲ့ ပထမဆုံး လုပ်နိုင်တာ ... လုပ်သင့်တာက တစ်ဖက်က တစ်ယောက်ကို သွားတွေ့ အကူအညီတောင်းဖို့တို့ ... ရန်ဖြစ်အရှက်ခွဲ





ဖို့ကို မဟုတ်ဘူး ပို ... သူ့အနေနဲ့ကလည်း ပို့ကိုကိုမှာ မိန်းမရှိနေမှန်း သိချင်မှ သိရှာမှာပါကွယ် ..."

ကိုယ့်အဖြစ်နှင့် နှိုင်းယှဉ်ပြီးတော့ပဲ ပြောလိုက်ပါသည်။ ပိုကား မျက်လုံးပြူးကလေးနှင့် ခေါင်းလေး တညိတ်ညိတ် ...။

"ပို့ကိုကိုရဲ့ စိတ်ဝင်စားမှု ... ချစ်ခင်မြတ်နိုးမှုတို့ကိုပဲ ပို့အနေနဲ့ အရင်ကအတိုင်း ပြန်ရအောင် ... အရင်ဆုံး ကြိုးစားယူစမ်းပါ ... ပိုတို့ချင်းက ချစ်လို့ယူထားကြတာလေ ... မိဘက ရိုက်ပေးစားထားတာမှ မဟုတ်ဘဲ ..."

ပြောနေရင်းက "မတွေးတော့ပါဘူး"ဟု စိတ်ဆုံးဖြတ်ပြီးတာတောင်မှ ... "ကိုရန်နိုင်တို့လည်း အဲဒီလိုပါပဲ ..." ဆိုတာကိုတော့ တွေးဖြစ်အောင် တွေးလိုက်မိသေးသည်သာ ...။

"ပို ဘာလုပ်ရမလဲ ..."

"ဒီလောက်တော့ သိပေါ့ ကလေးမရယ် ... ကျွန်မက ရှင့်လောက် အတွေ့အကြုံရှိတဲ့ မိန်းမမှ မဟုတ်တာ ... ရှင့်လောက် မတတ်လို့ကို ခုချိန်ထိ အပျိုကြီး ဖြစ်နေတာပဲ ကြည့်တော့ ... ကိုယ့်အကြောင်း ကိုယ်သိပေါ့ ... ဥပမာ ရှင့်ကိုကို ဘာကြိုက်တတ်သလဲ ... ဘယ်လိုမျိုး ဆိုရင် သဘောကျတတ်သလဲ ...အဲဒါမျိုးတွေကိုပဲ ... သူနဲ့ဆုံရချိန်ကလေးဟာ ဘယ်လောက်ပဲ နည်းနည်း ... သူ ကြိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



တာတွေ တရစပ်လုပ်ပေါ့ ... သူ့စိတ်ထဲ အနှောင့်အယှက် ဖြစ်စေမဲ့ဟာမျိုးများ ယောင်လို့တောင်မှ မလုပ်မိစေနဲ့ ပေါ့"

ကိုယ်သာဆိုရင်တော့ အဲဒီလိုကြီး ပြန်လည်ဆွဲဆောင်ယူဖို့ နည်းလမ်းကို သုံးချင်မှ သုံးမိမည်ဖြစ်သော (ကိုယ့်မာနနဲ့ကိုယ် ...မခံနိုင်ဖြစ်တတ်ဖို့ကသာ ပိုများနေသော) မြမဟာက ... ပို့ကိုတော့ ဒီနည်းကိုသာ ဦးဆုံး စမ်းသုံးစေရပါမည်။ အခြေအနေချင်းမှ မတူလေပဲနော် ...။ ကိုရန်နိုင်ရဲ့ မိန်းကလေးရေ ... မင်းလည်း မင်းယောက်ျားရဲ့ စိတ်မမှန်ပုံကို တစ်စွန်းတစ်စလောက်များ သိခွင့်ရခဲ့ရင် ... ဒီနည်းကိုပဲ စ,သုံးသင့်တယ်နော် ...။

"ပြီးရင်ကော ... မ"

"ဒါကိုပဲ လုပ်ကြည့်ပါဦး ... တစ်ပတ်ဆယ်ရက်လောက် ကြိုးစားကြည့်ပြီးမှ ... အကြောင်းထူးလား ... မထူးဘူးလား ဆိုတာ ကို့ကို ပြန်ပြော ... ဟုတ်ပြီလား ..."

ပို့ရဲ့ မျက်နှာကလေးကား ... မြမဟာကသာ ဝင်ကူရင် ... သူ့အခက်အခဲ မှန်သမျှတို့ဟာ လုံးဝကျေပျက် ... မြမှန်မှုပင် မကျန်စေတော့မလောက်အထိ ... ဟု စိတ်ချလက်ချကြီးကို ယုံကြည်နေပြီးပုံပင် ...။ စတွေ့စကနှင့်တောင် မတူ ... အမှန်အမှိုင်း ကင်းစင်ကာ အတော်ကြီး ကြည်လင်လာသော မျက်နှာကလေးကို ကြည့်ရင်း မြမဟာက ...





"ကဲ ... ဒါဖြင့် ပို့အိမ်ကိုပဲ တို့ တစ်ခါတည်း တိုက်ရိုက်လိုက်ပို့ပေးလိုက်တော့မယ် ... လိပ်စာပြော ..."

"ဟင် ... ရတယ် ... ဟိုဈေးလေးရှေ့မှာပဲ ချပေးခဲ့တော့..."

"ဖြစ်ရပြန်ပြီ ... ဘာဖြစ်တာလဲ ..."

ပို့က ဘာပြန်ဆင်ခြေတက်ရင် အကောင်းဆုံး ဖြစ်နိုင်မလဲ ဆိုတာကို ခပ်မြန်မြန်ပင် စဉ်းစားပါသည်။ ပဲခူးတစ်မြို့လုံးကို စက်ဘီးတစ်စီးနှင့် ခြေရာထပ်မျှ ပတ်နေတတ်ပါသည် ဆိုသော မမြမဟာ ... ဟာ ... ပဲခူးမြို့ရဲ့ အထင်ကရလမ်းမကြီးပေါ်မှာရှိတဲ့ ... အင်မတန်ကြီးမားသော Yan Naing Group ရဲ့ အဆောက်အအုံကြီးကို မသိဘဲ နေမှာကို မဟုတ် ...။ ကိုကို့ကိုလည်း ခရီးသွားဟန်လွှဲ တွေ့ဖူးထားဖြစ်ဖို့က ပိုများသည်ပဲ မဟုတ်လား ...။ မမြင်မတွေ့စေချင်သေးပါဘူး ... မ,ရယ်။ အကြံဉာဏ်တော့ဖြင့်ယူပြီး ကိုယ့်ဘက်က လုံးဝဥဿုံ ပွင့်ပွင့်လင်းလင်း ရှိသားဖြစ်သေးတာကိုတော့ ခွင့်လွှတ်ပါ။

"ပို့ကိုကို ... အိမ်ပြန်ရောက်နေမှာ စိုးလို့ပါ ..."

"ဘာဖြစ်လို့လဲ ... တို့နဲ့ ဘာလို့ မတွေ့စေချင်ရတာလဲ ..."

"မ,ပုံစံက ကြည့်လိုက်တာနဲ့ ထက်မြက်ပြီး တော်နေတာ အသိသာကြီး ... တော်တော်ကြာကျ ... အထုံကို စိတ်ကုန်ပြီး အထက်ကိုမှ သဘောကျနေတဲ့ ပို့ကိုကိုက မ,ကိုလည်း ကြိုက်သွားပါဦးမယ် ... ဟီ"



www.burmeseclassic.com

www.burmeseclassic.com



ပိုက မြမဟာကို ပြောင်လိုက်တာ ဖြစ်သော်လည်း … ချက်ကောင်းကိုမှ တည့်တည့်ကြီး ထိမှန်သွားရှာတဲ့ မြမဟာမှာတော့ မျက်နှာတွေ ဘာတွေ ပျက်ထွက်ကာ … ချက်ချင်းကို ညိုမည်းမှိုင်းမှုန်သွားပါတော့သည် …။

"စတာနော်, မ … စတာနော် … စိတ်မဆိုးပါနဲ့ … ပိုနဲ့ မ,နဲ့ ခင်နေကြတာ ကိုကိုမှ မသိသေးတဲ့ဟာ … တော်ကြာ ဘယ်ကကားနဲ့ ပြန်လာတာလဲလို့ စိတ်တိုနေမှာ စိုးလို့ပါ မ,ရယ် … နော် … စိတ်မဆိုးပါနဲ့နော် …"

မြမဟာက ခေါင်းကိုပဲ ဆတ်ခနဲ ညိတ်ပြလိုက်သည်။ ပို့မှာတော့ လွှတ်ခနဲ … မစဉ်းစား မဆင်ချင် စ,လိုက်မိသည့် ပါးစပ်ကလေးကိုပဲ လက်နှင့်ပိတ်အုပ်ကိုင်ကာ … စိတ်မကောင်းတွေ ဖြစ်နေမိတော့သည်။





မြမဟာရဲ့ ရှေ့မှာ ရုတ်တရက် ဘွားခနဲကြီး ပေါ်လာသော မိန်းမကြီးက … "ညည်း ငါ့သမက်နဲ့ ပြတ်ပြီလား" ဟု အကျယ်ကြီးပဲ အော်ဟစ်လိုက်သည်။ ရုတ်သွေးတို့ဖြင့် နီရဲသွားရသော မြမဟာသည် နောက်သို့ လှည့်ကြည့်လိုက်သော် … အုတ်နံရံကြီးတစ်ခုက ပိတ်ကာလျက် …။ ဘေးဘီတစ်ဖက်တစ်ချက်စီမှာလည်း နှစ်ဖက်စလုံးပင် ရှောင်ကွေ့ထွက်ပြေးစရာ လမ်းမမြင်။ မိန်းမကြီးကိုပဲ ကျော်ဖြတ်ပြီး ရှေ့သို့ အားကုန်သုတ်ပြေးတော့ဖို့သာ ကြံလိုက်တော့ … ကိုယ့်အကြံကို ရိပ်မိနေတဲ့ … ထိုမိန်းမက လက်နှစ်ဖက်ကို ဖြန့်ကာထားပစ်လိုက်ကာ …

"ညည်း … ငါ့သမက်နဲ့ ပြတ်ပါပြီလို့ ငါ့ကို တိတိကျကျ ပြောစမ်း … ညည်း ပြောရဲသလား … ကာယကံ၊ ဝစီကံ တင်မက … မနောကံကိုပါ ငါက ဆိုလိုတာနော် …"

"ရှင့်မှာ ကျွန်မကို အဲဒီလို လာအော်နေဖို့ အခွင့်အရေး မရှိဘူး"

"ရှိတယ် … ရန်နိုင်ဟာ ငါ့သမက် … ငါ့သမီးရဲ့ ယောက်ျား"

"အဲဒီတော့ ဘာဖြစ်သလဲ … ကျွန်မနဲ့ ဘာမှမဆိုင်ဘူး …"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဆိုင်ရမှာလဲ ... ညည်းနဲ့ သူနဲ့ တွဲနေခဲ့တယ်လေ ..."

"ဒါပေမဲ့ ... သူက ကျွန်မကို ချစ်တယ်လို့ တစ်ခါမှကို မပြောခဲ့ဖူးဘူး ..."

မြမဟာရဲ့ရှေ့မှ မိန်းမက ... "တဟားဟား" နှင့် အော်ကြီးဟစ်ကျယ်ကြီး ရယ်ချပစ်လိုက်သည်။

"အဲဒီစကားပါမှ အပြစ်ရှိတာပါလို့ ညည်းက ယူဆတာလား ... ဒါမှမဟုတ် ... ညည်း မကြားလိုက်ရသေးတဲ့ အဲဒီစကားကို ကြားကို ကြားချင်နေတာမျိုးလား ..."

"ရှင် လွန်ပြီနော် ... ကျွန်မကို အဲဒီလို မဟုတ်တရုတ်တွေ မစွပ်စွဲနဲ့ ..."

မြမဟာနှင့် ထိုမိန်းမတို့ အချီအချတွေ ဖြစ်နေကြဆဲမှာပင် ... ဘယ်အချိန်ကတည်းက တိတ်တဆိတ် ရောက်နှင့် နေခဲ့သည် မသိသော ရန်နိုင်က မြမဟာရဲ့ နောက်ပါးမှ ...

"မြမဟာ ..."

ထိတ်လန့်တကြား လှည့်ကြည့်လိုက်မိသော မြမဟာသည် ... ကိုယ့်နောက်မှာ ကပ်လျက်ရပ်နေခဲ့သော ရန်နိုင့်ကို မြင်လျှင် ... ရှေ့မှ မိန်းမထံသို့ အလန့်တကြားပင် ပြန်ကြည့်လိုက်မိပါသည်။ ထိုမိန်းမက ... "ကဲ ... ညည်း အခုတော့ ဘာပြော





ချင်သေးလဲ ... လက်ပူးလက်ကျပ်ကြီး ဆိုတာ ဒါမျိုးကို ပြောတာပေါ့ ..." ဟု ခပ်ဆောင့်ဆောင့် အော်ဟစ်လိုက်လေသည်။ ထိုမိန်းမရဲ့ အော်သံကြီးမှာ မြမဟာ တစ်ယောက် နားတွေပင်ပွင့်ထွက်မတတ် ထူပူသွားခဲ့ရသော်လည်း ... ရန်နိုင်ကတော့ ထိုမိန်းမကို ရှိသည်ဟုပင် သဘောမထားသည့် ပုံစံနှင့် ...

"မြမဟာကို ပြောစရာရှိတယ် ..."

သူ့ပုံကို ကြည့်လိုက်ရုံနှင့် "ပြောစရာရှိတယ်" ဟူသော သူ့စကားဟာ ဘာဖြစ်တော့မလဲ ဆိုတာကို မြမဟာက ကြိုပြီး အတပ်သိလိုက်ရပါပြီ ...။ အိုး ... ဘယ်ဖြစ်မှာလဲ ... မပြောနဲ့ ... မပြောနဲ့ ...။ သူ့ယောက္ခမကြီးကို ရှေ့တင်ထားပြီး ... ပေါ်တင်ကြီး ...။ ရှင် ဒီလောက်ပဲ အရှက်နည်းရသလား ...။ ဒီလောက်ပဲ ယုတ်မာရိုင်းစိုင်းတော့မှာလား။

မြမဟာက "မပြောနဲ့ ... မပြောနဲ့" ဟု အားကုန်အော်ထည့်ကာ ခုနက အတိုင်းပင် ပြေးပေါက်ရှာပါသည်။ ခုနက အတိုင်းပင် ပြေးပေါက်ကမရှိ ...။ မြမဟာက ရှေ့မှ မိန်းမကြီးကို လက်နှစ်ဖက်နှင့် စုံတွန်းဖယ်ကာ ... တအားကြီး ပြေးထွက်လိုက်မိဆဲမှာပင် ...

"မြမဟာကို ကျွန်တော် ချစ်တယ် ..."

"အား ... မကြားချင်ဘူး ... ခုတိတ် ... မပြောနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မြမဟာကို ကျွန်တော် ချစ်တယ် ..."

မြမဟာက "အား"ဟု အစွမ်းကုန် တတ်နိုင်သရွေ့ အော်ဟစ်လိုက်ချိန်မှာ မြမဟာရဲ့ရှေ့မှာ ပေါ်လာပြန်သည့် နောက်တစ်ယောက်ကား ... "အပို"ပင် ...။

"ပို ... တို့ ... တို့ ... သူတို့နဲ့ ..."

အေးစက်စိမ်းကားသော မျက်လုံးနှင့် တိတ်ဆိတ်စွာ စိုက်ကြည့်နေခဲ့သော ပိုက မြမဟာထံမှ စကားသံ စထွက်လာသည်နှင့် ချက်ချင်းကြီးပင် ကျောခိုင်းပစ်လိုက်ပါတော့သည်။

"ပို ... ပို ..."

ပြေးလိုက်ဖို့ ကြံရွယ်ပေမဲ့ ခြေဖဝါးတို့နဲ့ မြေကြီးဟာ စေးကပ်ကာ ခွာမရ ...။ နောက်မှ နှစ်ယောက်က တဖြည်းဖြည်း နီးကပ်လာချိန်မှာ ... ပိုနှင့်ကတော့ ပို၍ပို၍ ဝေးကွာသွားပြီဆိုသည့် အသိနှင့် ...။

"အား ..."

အိပ်မက်က လန့်နိုးလာချိန်မှာ မြမဟာရဲ့ တစ်ကိုယ်လုံး ချွေးစေးတွေပြန် ... နှလုံးခုန်သံတွေပြင်းကာ ... အာခေါင်တွေက ခြောက်သွေ့ ရေငတ်လျက် ...။ မြမဟာက မောကြီးပန်းကြီးနှင့် ငုတ်တုတ်ထထိုင်ပစ်လိုက်ကာ ... အိပ်ရာဘေးစားပွဲပေါ်မှ ရေပုလင်းကို အလျင်မြန်ဆုံး ဆွဲယူမော့ချပစ်လိုက်သည်။





ပြီးလျှင်တော့ ... ခုတင်ထက်မှာ ငုတ်တုတ်ထိုင် ပုံစံနှင့်ပင် ... မြမဟာ တစ်ယောက် ရှိုက်ကြီးတငင်နှင့် ငိုနေမိပါတော့သည်။

ကိုယ့်ကိုယ်ကိုယ် Guilty ဖြစ် (အပြစ်မကင်းသလို ခံစား)လိုက်ရတာ ...။ အိပ်မက်ထဲမှာ မြမဟာ ဟာ ..."သူက ကျွန်မကို ချစ်တယ်လို့ တစ်ခါမှကို မပြောခဲ့ဖူးဘူး ..."ဟူသော ကာကွယ်စကားတစ်ခုနှင့် ... အဲဒီစကား မပါခဲ့တဲ့အတွက်ပဲ ... သူများတကာရဲ့ ယောကျ်ားနဲ့ မြမဟာတို့ဟာ ... တစ်ဦးနဲ့တစ်ဦး "မနောကံ"ကိုယ်စီနဲ့ မပြစ်မှားခဲ့ဖူးကြသလိုလို ...။ အပြစ်ပဲမရှိရတော့မလိုလို ...။

အဲဒီစကားကို မကြားလိုက်ရတဲ့အတွက် ... တသသ တနုံ့နုံ့ဖြစ် ... ပြောစေချင်စိတ်ကြီးတွေ ... ကြားလိုက်ချင်စိတ်တွေ စိတ်စွဲနေလို့များ ... ရန်နိုင်က မြမဟာကို အိပ်မက်ထဲမှာ နောက်ကနေ တရစပ် လိုက်အော်ပြောနေခဲ့တာမျိုးကြီးကို မြင်မက်ခဲ့ရတာလား ...။ စိတ်ကုန်, စိတ်ပျက်ဖို့ ကောင်းလိုက်တာ ...။

ဝမ်းနည်းစရာ အကောင်းဆုံးကတော့ ရန်နိုင်နဲ့ ဟိုမိန်းမတို့နှင့်အတူ မြမဟာကို ဝရုန်းသုန်းကား ... ရှုပ်တီးရှုပ်ယှက် ပုံစံကြီးနှင့် ... ပိုကလေးက တွေ့မြင်သွားခဲ့တဲ့ ဖြစ်ရပ်ပင် ...။ အိပ်မက်မှန်း သိပြီးတာတောင်မှ ... မြမဟာ အတွက် ထိုအဖြစ်က အတော်ကြီးကို ထိခိုက်နာကျင်စေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ နိမိတ်ပဲလား ...။ တကယ်တမ်း အပြင်မှာလည်း အဲဒီလိုမျိုးကြီး သိရှိသွားခဲ့ရင် ခံစားလွယ်သော နှလုံးသားနုနုကလေးနှင့် "ပို"ဟာ ... သူ့အဖြစ်နဲ့ နှိုင်းယှဉ်ပြီး မြမဟာကို ... အတော်ချဉ်စုတ် မုန်းမျက်သွားနိုင်တာပဲ ... ဟု မြမဟာက အလိုလို သိနေရသလိုပင် ...။ ပိုနဲ့ ဘာမှမဆိုင်ပေမဲ့ ပိုကတော့ အဲဒီလိုပဲ ခံစားရမှာပါ ...။ သေချာပါတယ် ...။

ပို့ကို အဲဒီလိုကြီး အိပ်မက် မက်လိုက်ရတဲ့ အဖြစ်ကို မြမဟာက မကြိုက် ...။ ကိုယ့်ကိုယ်ကိုယ် Guilty ဖြစ်နေရတဲ့ အဖြစ်ကြီးကိုတော့ ပိုလို့တောင်မှပင် မကြိုက်နိုင်ပေ ...။

"မြမဟာ ... သမီး ... နေ့ခင်းကြီး ကြောင်တောင်အိပ်ပျော်နေတာလား ... ဖုန်းလာတယ် သမီး ... ပြောမှာလား ... မြမဟာ ..."

အိပ်ခန်းတံခါးကို တဒေါက်ဒေါက် ခေါက်သံနှင့် မေမေ့အသံကိုပါ ကြားလိုက်ရသော ... မြမဟာရဲ့ စိတ်ထဲမှာ ... တစ်ခုခုကို ကြိုသိနေတော့သလိုကို ... "ဒိတ်"ခနဲ ဖြစ်သွားခဲ့ပါသည်။ တနင်္ဂနွေနေ့ ... နေ့လယ်ကြီး ... မြမဟာထံ ဖုန်းဆက်လာသူမှာ ... ပိုကလေး ကိုယ်တိုင်ပဲလား။

ခုလေးတင် မက်လိုက်ရတဲ့ အိပ်မက်ကြောင့် ... ပိုနဲ့ စကားပြောရမှာကိုပင် မြမဟာက ထိတ်လန့်နေမိတော့သလိုလို...။ သို့သော် ခုမပြောလည်းပဲ ... တစ်သက်လုံးကော





ရှောင်လွှဲနေနိုင် မှာမို့လို့လား ...။ ရှောင်ကော ရှောင်နေရက်လို့လား ...။

"သမီး နိုးပါပြီ ... အခန်းထဲက ဖုန်းကိုပဲ ကိုင်လိုက်ပါ့မယ် မေမေ ..."

အိပ်ကာနီးမှာ အခန်းထဲက လိုင်းခွဲဖုန်းကို ... ဖုန်းပလပ်ပေါက်မှ ကြိုးဆွဲဖြုတ်ထားခဲ့မိတာကို သတိရသည်။ အဲဒါကြောင့် ဖုန်းလာတော့ မြမဟာရဲ့ အခန်းထဲကဖုန်းက မမြည်လေတာ ...။ မြမဟာက မျက်ရည်တွေကို တတ်နိုင်သမျှသုတ်ပြီး ... ခုတင်ပေါ်မှဆင်းကာ ... ဖုန်းကို ပလပ်ပြန်တပ် ... အသာကလေးမ,ယူကောက်ကိုင်လိုက်ကာ ...

"ဟလို ..."

"နေမကောင်းဘူးလား မြမဟာ ..."

"တောက်"တစ်ချက်ကို စိတ်ထဲမှာပဲ ပြင်းထန်စွာ ခေါက်လိုက်မိပါသည်။ ဘာကိစ္စနဲ့ မြမဟာရဲ့ ရန်ကုန်က ဖုန်းနံပါတ်ကို သင်း သိသွားခဲ့ရသလဲ ...။

"ဖုန်းနံပါတ် ဘယ်ကရသလဲ ..."

"မစ္စတာကာဆိဂီ ဆီကပါ ... မြမဟာက ပဲခူးကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့ အစောကတည်းက ကျွန်တော် သိနှင့်ပြီးသားပဲ ... မစ္စတာကာဆိဂီကို ရန်ကုန်ဖုန်းနံပါတ်လေး တစ်ဆိတ်လောက်လို့ပဲ မေးကြည့်လိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



လေ ... သူ့ရုံးကို လာ,လာနေတာကို မကျေနပ်တဲ့ အဘိုးကြီးက ဒီလိုတော့လည်း ရှောရှာရှူရှူပါပဲ ...”

“ဘာကိစ္စလဲ ...”

“အား ... ဘာကိစ္စမှတော့ အထူးအထွေ ရှိလှတယ် မဟုတ်ပါဘူး ... ပဲရှူးမှာလည်း မဆုံဖြစ်ကြတာ နည်းနည်းကြာပြီဆိုရှတော့လေ ... ဟိုအရင်တစ်ခါက မေးခဲ့ဖူးသလို ပြန်မေးကြည့်ရမယ် ဆိုရင်တော့ ... ခင်ဗျားစက်ဘီးကလေး ... အနားယူထားပြန်ပြီလား မြမဟာ ...”

စိတ်ပျက်ခြင်း ကြီးစွာနှင့် စကားပြန်ဖို့ကိုတောင်မှ စိတ်ကုန်စက်ဆုပ်နေတော့သောအခါ မြမဟာက ခပ်တိတ်တိတ်ပဲ နေလိုက်ပါသည်။ သူ့သဘောကို မြမဟာက မသိဘဲ နေမလား ...။ သူဟာ အိမ်ထောင်သည် ယောက်ျားတစ်ယောက် ဖြစ်နေမှန်း ... သူ မပြောပါဘဲ မြမဟာကသာ ကိုယ့်ဘာသာ အရင်သိသွားခဲ့သောအခါ ... “ဒါ ဘာဖြစ်လဲ မဆန်းပါဘူး ...”ဟူသော အချိုးကို သူ ချိုးတာ ...။

အင်မတန်မှ အတ္တကြီးလှသော ယောက်ျားတစ်ယောက်ရဲ့ လုပ်ရပ်ပင် ...။ သူ့မှာ ဘာအပြစ်မှ ရှိမနေပါဘူး ဆိုတာကို ... မြမဟာ တစ်ယောက် မသိ,သိအောင် ... ကိုယ်တိုင် ခံစားယုံကြည်လာအောင် ...။ အိမ်ထောင်သည်လို့ သိလိုက်ပြီးကာမှ ... အဆက်အဆံတွေ ရုတ်တရက် ဖြတ်ပစ်လိုက်ရင် ...





အရင်က အပြုအမူတွေအတွက် အပြစ်ရှိရာ ... မရိုးသားခဲ့ရာ ကျမှာစိုးလို့ ... တမင်ကြီးကို ... ဆက်ပြီး လိုက်ဆက်သွယ်နေသေးတာ။

ဘယ်တုန်းကမှ မစုံစမ်း၊ မဆက်သွယ်ခဲ့ဖူးသော ရန်ကုန်အိမ်ရဲ့ ဖုန်းနံပါတ်ကိုပင် မျက်နှာပြောင်တိုက် တောင်းယူပြီး ... သူ့အဖြစ်ကို သူ ကာကွယ်တာ သက်သက်ပင် ...။ “ရိုးသားလို့ ဆက်ပတ်သက်နေတာပေါ့ ... ဘာဖြစ်သလဲ” ဟု ... ပြချင်တာ ...။

ဒါမှမဟုတ်ရင်တော့ ... သူ့ကို အိမ်ထောင်သည်ကြီးမှန်း သိသိကြီးနှင့်ကို မြမဟာ ဆီက ဘယ်လိုဆက်ဆံမှုမျိုးတွေကို ဆက်မျှော်လင့်ကြည့်ချင်နေသေးတာလဲ ...။ အဲဒီလိုသာ ဆိုရင်တော့ သူဟာ မြမဟာကိုလည်း အစွမ်းကုန် အထင်အမြင်သေး ...၊ သူ ကိုယ်တိုင်ကလည်း အင်မတန်မှ စိတ်ဓာတ်ပျက်ပြား ပဲ့ပယ်ခါလွန်း သူ တစ်ယောက်ပဲ ဖြစ်ရတော့မည်။

“အိမ်ထောင်သည် ယောက်ျားတစ်ယောက်မှာ မိန်းကလေး သူငယ်ချင်းမိတ်ဆွေ မရှိရဘူးလား ... မြမဟာ ...”

မြမဟာဘက်က ငြိမ်တိတ်နေခဲ့သောအခါ ... ဆက်ပြီး ဘယ်လိုမှ ငြိမ်ငြိမ်မနေနိုင်လောက်အောင် “ဆွ”လိုက်သည့် စကားတစ်ခွန်း သူ့ထံမှ ထွက်လာခဲ့ပါသည်။ ခုလေးတင်လည်း ... အင်မတန်မှ အမြင်ကတ်စရာ ကောင်းလှသည့် အိပ်မက်ဆိုးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မြင်မက်ထားခဲ့ရသည်ဆိုတော့ မြမဟာက သူ ဘာထင်ထင် ... ရင်ဆိုင်ပွင့်လင်းပစ်ဖို့ပဲ ဆုံးဖြတ်လိုက်တော့သည်။

နို့မို့ဆိုရင့်တော့ သူက လာရောက်ရိုးသားနေခဲ့တာကိုပဲ ... မြမဟာဘက်က ဆန်းပြားမိလို့ ... ခုလိုသိလိုက်ရတာနဲ့ ... စိတ်ဆိုးမာန်ဆိုးကြီး ရှေ့ဆက်မဆက်ဆံနိုင်တော့သလိုလို အဖြစ်မျိုး ရောက်ရဦးမည်။

"ဒါပေမဲ့ ရှင် မရိုးသားခဲ့ဘူး ... ကျွန်မသာဆိုရင်တော့ ဒီခြောက်လဆိုတဲ့ ကာလအတွင်းမှာ ... ကိုယ့်အိမ်ထောင်ဘက် အကြောင်း တစ်ကြိမ်တစ်ခါလောက်ပဲ ဖြစ်ဖြစ်တော့ စကားစမ်ပြီး ပြောကိုပြောမိခဲ့မှာပဲ ... ရှင် ဘာ့ကြောင့်မပြောခဲ့သလဲ ... အဲဒါကို ကျွန်မ စိတ်ဆိုးတယ် ... ရှင်ပြောတဲ့ သူငယ်ချင်းမိတ်ဆွေ ဆိုတဲ့ ဆက်ဆံမှုမှာ ... ရိုးသားမှုတစ်ခုတော့ မဖြစ်မနေ လိုအပ်လိမ့်မယ်လို့ ရှင် မထင်ဘူးလား ..."

"ကျွန်တော်က တစ်ဦးတည်းသောသား မဟုတ်ဘူး ... ညီအစ်ကိုအရင်းတစ်ယောက် ရှိခဲ့ဖူးတယ် ... ကျွန်တော့်ညီဟာ သာမန်မဟုတ်တဲ့ ရောဂါပေါ့ ... ရှူးပြီး ဆုံးသွားခဲ့တာ ... အဲဒါ မြမဟာကို ကျွန်တော် ဖွင့်ပြောမိလို့လား ... ဒါ တမင်ဖုံးထားတာလည်း မဟုတ်ပါဘူး ...

အဲဒီအကြောင်းကို မြမဟာ သိလည်း ဘာမှမဖြစ်ဘူး ... မသိလည်း ဘာမှမဖြစ်နိုင်ပါဘူး ... ကိုယ့်အကြောင်း





တွေကို စစ်စစ်ပေါက်ပေါက် အသေးစိတ် အကုန်လုံးလိုက်ဖွင့်နေပြောမနေတတ်တဲ့ အကျင့်တော့ ကျွန်တော့်မှာ ရှိတာပဲ"

"ရှင်ဟာ အင်မတန်မှ အတ္တကြီးတဲ့သူတစ်ယောက်ပဲ ..."

မြမဟာက ကြိတ်မနိုင် ခဲမရ အသံနှင့် ပြောလိုက်သည်။ တောက်ခေါက်သံ၊ အံကြိတ်သံ ...။ တစ်ခုခု တစ်ဆုံးတစ်စ လုပ်ပစ်လိုက်ချင်သံများ ဖုန်းထဲ ပါမသွားရအောင် အတော်ကြီးပင် ထိန်းချုပ်လိုက်ရပါသည်။ တကယ်တမ်းကတော့ ရှေ့တင်မျက်နှာချင်းဆိုင်ကြီးတွေသာ ပြောနေဖြစ်ကြလျှင် ... မြမဟာရဲ့ စိတ်ကို ခုလောက်ထိ အတတ်နိုင်ဆုံး ထိန်းချုပ်ထားဖြစ်ပါ့မလားဆိုတာ ... သိပ်တောင် မသေချာ။

"ကျွန်တော့်ကို လူတွေက အဲဒီလိုပဲ စွပ်စွဲတတ်ကြတယ် ... ဒါပေမဲ့ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် ... သူများထက်ထူးတဲ့ ... အင်မတန် ... အဆမတန် ကြီးထွားနေတဲ့ အတ္တတွေနဲ့လို့ သိပ်တော့မထင်မိပါဘူးဗျာ ... ဆက်မေးကြည့်ပါရစေဦး ... အတ္တမရှိတဲ့လူကော ... လူ့ပြည်မှာ ရှိကောရှိလို့လား ... ခင်ဗျား မြင်ဖူးသလား ... ဒါမှမဟုတ် ခင်ဗျားကိုယ်တိုင်လား ..."

"ဒါဖြင့်ရင် ကျွန်မပြောမယ် ... အိမ်ထောင်သည်ယောကျ်ားတစ်ယောက်မှာ မိန်းကလေးသူငယ်ချင်းမိတ်ဆွေ မရှိရဘူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ... ရှိလို့ရတယ် ... ရှိလည်း ရှိနေကြတာပဲ ... ဒါပေမဲ့ ကိုယ့်မိန်းမကိုယ် အထင်ပြန်သေးပြီး အားမလို အားမရ ဖြစ်နေတဲ့ ရှင့်လိုလူနဲ့ကျတော့ ဒီကိစ္စက တစ်မျိုး ဖြစ်သွားတယ် ...

ကိုယ့်မိန်းမကိုယ် အထင်သေးနေတဲ့ အိမ်ထောင်သည် ယောကျ်ားတစ်ယောက်မှာ သူကိုယ်တိုင် အထင်ကြီးပြီး အဟုတ်ကြီး မှတ်နေတဲ့ မိန်းကလေး သူငယ်ချင်းမျိုး ရှိနေတာ မကောင်းဘူး ... ဒါ လက်ခံနိုင်လောက်စရာ မဟုတ်ဘူး ...

ကျွန်မမှာလည်း အတွေ့တွေ ရှိဘာ သံယောဇဉ် ... အဲဒီလို လက်မခံချင်စရာ အဖြစ်တစ်ခုနဲ့ ယောကျ်ားလေးသူငယ် ချင်းမိတ်ဆွေမျိုး ... ကျွန်မရဲ့ အပေါင်းအသင်းထဲမှာ ရှိမနေ စေချင်ဘာ ... ကျွန်မရဲ့ အတွက်လို့ပဲ ထားလိုက်ပါ ... ရှင် သဘောပေါက်ပါတယ်နော် ...”

“အိုကေ ... ခင်ဗျားကို ကျွန်တော် သဘောကျတယ်ဆိုတာ အဲဒါမျိုးတွေပါပဲ မြမဟာ ... ခင်ဗျားရဲ့ မိတ်ဆွေဖြစ်ခွင့် မရတာ စိတ်မကောင်းစရာပါပဲ ...”

လုပ်သွားပြန်ပြီ ...။ နောက်ဆုံး နှုတ်ဆက်စကားမျိုး ဖြစ်နိုင်သော စကားထဲမှာပင် ... အဲဒီလို “သဘောကျတယ်” ဆို တာကြီးကို ခုထက်ထိ ရေလဲဆက်သုံးနေလည်းပဲ ... သူ့ဘက်က





တော့ ရိုးရိုးသားသားပါပဲ ... အပြစ်မရှိ ... ဟူသည့် အဓိပ္ပာယ်မျိုး ကို လုပ်ချသွားခဲ့ပြန်ပါပြီ။

နှစ်ဦးသား ဖုန်းအဆက်အသွယ် ပြတ်တောက် ပြီးသွားကြလျှင် မြမဟာသည် ရုတ်တရက်ကြီး ဆိုသလို ... ရေချိုး ခန်းထဲ ပြေးဝင်ကာ ... တစ်ကိုယ်လုံးကို ဆပ်ပြာတွေ အထပ်ထပ် ပွတ်တိုက်ရင်း ရေချိုးနေမိပါတော့သည်။

တကယ်တော့ ဘာမှ အဓိပ္ပာယ်မရှိပါဘူး ...။ သူ့ အသံကို ကြားလိုက်ရသော ဒီနားရွက် ...၊ သူ့ဖုန်းကိုကိုင်ပြော လိုက်မိသော ဒီလက် ...၊ သူနှင့် ခွန်းတုံ့လှယ်လိုက်မိသော ဒီ ပါးစပ် ... ဒီနှုတ်ခမ်းတို့ကို ဆပ်ပြာနှင့် ဆေးကြောပစ်တော့ကော ... ဒီအဖြစ်ကြီးဟာ ပျောက်ပြယ်သန့်စင် ... အသစ်တစ်ဖန် ဖြစ်လို့ သွားရောတဲ့လား ...။

သူ့အကြောင်းတွေကို ဆက်တွေးနေမိဦးမှာပဲဖြစ် သော ... ကိုယ့်ခေါင်းထဲက ဒီဦးနှောက်တစ်ခုကိုကော ... ဘယ် လိုလုပ်များ ဆပ်ပြာတိုက်ပြီး ရေဆေးပစ်လို့ ရမလဲ ...။

ကိုယ့်ရင်ထဲက အသည်းနှလုံး တစ်စုံကိုရော ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ကိုယ့်ကို ... ကိုယ့်ရဲ့ ခင်ပွန်းလင် ... ကိုကိုတစ်ယောက် သတိထားမိနိုင်လောက်စရာ ... အရေးတယူ ချော့မြူတာလေးတွေ ...၊ သူ ကြိုက်တတ်မယ် ထင်ရတဲ့ အပြောအဆို အပြုအမူလေးတွေ ...၊ သူနှစ်သက်မယ် ထင်ရတဲ့ ထမင်းဟင်း မုန့်ပဲသရေစာတွေ ချက်ပြုတ်ကျွေးတာမျိုး၊ သူ အပြင်ထွက်ကာနီး တိုင်း ... ကော့ပြောင်နေအောင် မီးပူတိုက်ထားပေးသည့် အကျီ အဝတ်အစားတို့ ရှိနေစေတာမျိုး ...။

ပို့ဘက်က ဘယ်လောက်ကြီးပင် ကြိုးစားကာ ... တကယ့်စိတ်ရင်း စေတနာကောင်းတွေကိုပါ နှစ်ထားခဲ့ပါသော်လည်း ... ကိုကိုကတော့ တစ်ခုခုကို အမြဲမကျေနပ်နေပုံနှင့် ... မျက်နှာဟာမှုန်ကုပ်ကုပ် ဖြစ်လိုဖြစ် ...၊ ခပ်တည်တည်နေလိုနေ ...။





ပို့ ကြိုးစားမှုလေးတွေဟာ တစ်စက်မှ အရာမထင် ... အသိအမှတ်ကို အပြုမခံရပေ ...။

ပို့မှာ ဉာဏ်ကြီးရှင် မမမြမဟာထံသို့သာ ...အောက်ကျကျ လေသံကလေးနဲ့ သတင်းပို့ အကြောင်းကြားလိုက်ရပါသည်။

"ဒါမြင့် နည်းတစ်မျိုး ပြောင်းကြည့်ရအောင်လေ ... ပို့ ရေကူးသင်တန်းအကြောင်း ဖွင့်ပြောလိုက် ..."

"ဟာ ... ဖြစ်ပါ့မလား မ,ရယ် ... ကြောက်စရာကြီး ..."

"ဘာလို့ ကြောက်ရမှာလဲ ... ကြောက်စိတ်ကို တစ်စက်မှ မမွေးစမ်းပါနဲ့ ... ပို့ဘက်က မဟုတ်တာတွေ လုပ်နေခဲ့တာမှ မဟုတ်တာ ... ကြောက်စိတ်ဝင်သွားရင် ပို့ရှုံးမှာပဲ ... ကိုယ် မှန်တယ်ထင်လို့ ကိုယ်လုပ်ရှားတာကို ရဲရဲသာ ဖွင့်ပြော ... သူ့ဘက်က ဘာမှလုပ်လို့မရတဲ့အပြင် ... သူ့မိန်းမဟာ နယ်ပယ်တစ်ခုမှာ အတော်ကြီး ဟုတ်နေခဲ့တဲ့ သူ တစ်ယောက်မှန်း သိလိုက်ရရင် ... သူ့ဘက်က စိတ်ထားပြောင်းရင်လည်း ပြောင်းလာခဲ့မှာပါ ..."

"ဘယ်လို ပြောင်းလာမှာလဲဟင် ..."

"ဒီလောက် ငယ်နုချောနေတဲ့ မိန်းကလေးတစ်ယောက်ဟာ ...အောင်လည်း အောင်မြင်လာပြီဆိုရင် ... ပြိုင်ဘက် မနည်းနိုင်တော့ဘူး ဆိုတာ သူ သဘောပေါက်ရမယ် ...



www.burmeseclassic.com

www.burmeseclassic.com



လက်လွှတ်ဆုံးရှုံးရတော့မလား ... လို့ သူ့ဘက်ကတောင် ပို့ကို အကြောက်ကြီး ပြန်ကြောက်လာရလိမ့်ဦးမယ် ..."

"ဟုတ်ပါ့မလား မ,ရယ် ... ငါ မကြိုက်တာကိုမှ လုပ်ရ သလားလို့ ရိုက်ပုတ်ပြီး အိမ်ပေါ်က နှင်ချရင်ကော ..."

"ပို့ဘက်ကသာ မလျော့မိစေနဲ့ ... သူ အဲဒီလိုဘယ်တော့မှ လုပ်မှာမဟုတ်ဘူး ... ပို့ကို ပို့ကိုကိုက ချစ်လို့ယူထားခဲ့ တာပဲ ..."

အားပေးတိုက်တွန်း စကားတွေကို အတန်တန် လက်ခံရပြီးလျှင် ... ပို့က ဆိုးဆိုးကောင်းကောင်း ... ခုလက်ရှိ ဇာတ်မျောကြီးထက်တော့ ဘယ်အရာကမဆို ပိုသာနေမှာပဲ ... ဟူသည့် ဆုံးဖြတ်ချက်နှင့် ကိုကို အိမ်မှာရှိနေသည့် တစ်ရက်၌ ...

"ကျွတ် ... ဒီဖုန်းဘီလ် (Phone Bill)က အိမ်ရောက်နေ တာ ဘယ်နှရက် ရှိပြီလဲ ... ခါတိုင်း မင်းပဲ ဖုန်းဘီလ်တွေ ဈေးသွားရင်း ဝင်ဆောင်နေကျ မဟုတ်လား ... ဒါကဘာ ဖြစ်လို့ ခုထိမဆောင်ရသေးတာလဲ ..."

"ဒါ မနေ့ကမှ ရောက်လာတာပါ ..."

"ကြည့်စမ်း ... နိုင်ငံခြားဖုန်းကော(လ်)တွေ ပါနေတယ် ... FEC ဆောင်ရမှာ ... ကိုးဆယ်ကျော်တောင်မှ ... အဲဒါ ဘယ်လိုဖြစ် ... ဩော် ... ဩော် ... အင်း ... သိပြီ ... ငါပဲ ခေါ်ထားတာပဲ ... ကျွတ် ... FEC လိုက်ရှာရဦးမယ် ...





ပြီးရော ... ပြီးရော ... အလုပ်ထဲက တစ်ယောက်ယောက် ကိုပဲ ... ခိုင်းလိုက်တော့မယ် ..."

ဒီမှာတင် ... ဘယ်က ဘယ်လို စပြောရမည်မှန်း မသိ ... အကွက်ချောင်းနေခဲ့ရတဲ့ ပို့အဖို့ ... ကွက်တိပင် အကွက် ကောင်း ဝင်သွားတော့ကာ ... ဖျတ်ခနဲ ထပြီး ... သိမ်းထားသည့် FEC ငွေများထဲမှ ကိုးဆယ်ကျော်ကို ထယူပေးလိုက်ပါသည်။

"ဟင် ... မင်း ... ဒါတွေ ဘယ်ကရ ..."

ကိုကို့ရဲ့ အကြည့်တွေက ဒေါသတွေ ... မသင်္ကာမှု တွေနှင့် ပို့ထံ ဒိုင်းခနဲ ရောက်ရှိလာပါသည်။

"ပို့ပိုက်ဆံတွေပါ ... ကိုကို သုံးလို့ရပါတယ် ... ယူလိုက် ပါ ..."

"အောင်မာ ... မင်း ပိုက်ဆံဖြစ်ရအောင် ... မင်းက ..."

"ပို အခုလုပ်နေတဲ့ အလုပ်က FEC နဲ့ ဝင်ငွေရတယ် ..."

ကိုကို ပါးစပ်ကြီး အဟောင်းသား ဖြစ်သွားသည်။

"ပိုက အခု(---)ဟိုတယ်ရဲ့ အချိန်ပိုင်း ရေကူးနည်းပြ ဝင်လုပ်နေတယ် ... အရင်က Working Hour ကိုလိုက် ပြီး သင်တန်းကြေးရတယ် ... ခုတော့ လခစား ..."

"အပို ..."

ကိုကိုက ကျူးအော်ပစ်လိုက်ပါသည်။ ပို့မှာ "တုန်" ခနဲ တစ်ချက်ဖြစ်သွားခဲ့ရပေမဲ့ ... မမမြမဟာ ပြောဖူးသလိုပင် ...



www.burmeseclassic.com

www.burmeseclassic.com



ခုနေ ပိုကြောက်ပြီး ခြေတစ်လှမ်း နောက်ဆုတ်လိုက်တာနဲ့ ... ဆက်,ဆက်သာ ဆုတ်ရတော့ပြီး ... ပိုဟာ ဘယ်တော့မှ ရှေ့တန်းကို ပြန်တက်မလာနိုင်တော့မှာကို ... အလိုလိုနေရင်း ပို သဘောပေါက်လာသည်။

လျှော့ပေးလိုက်လို့ကတော့ အဲဒီ ကိုဒေါသဟာ ပို့ကိုနားရင်းတစ်ချက်လောက်ပင် ပိတ်တီးပြီး ... နောင်သောအခါတွေမှာ သူအပြင်ထွက်တိုင်း ပို့ကို အခန်းထဲသွင်းပြီး သော့ခပ် ... အိမ်တံခါး၊ ခြံတံခါးတို့ကိုပါ အပြင်ကနေ သော့ခပ်သွားခဲ့မလား မသိပေ ...။

"ငါ မင်းကို ရေမကူးရဘူးလို့ ပြောထားတယ် မဟုတ်လား ..."

"ခုဟာက အပျော်ကူးနေတာမှ မဟုတ်ဘဲ ကိုကို ... အလုပ်လုပ်တာ"

"မင်းက အလုပ်လုပ်နေရအောင် ... ငတ်နေလို့လား ..."

"လူဆိုတာ ငတ်မှ အလုပ်ထလုပ်ရတော့မှာလား ကိုကိုရဲ့ ... လူရယ်လို့ ဖြစ်လာရင် ... ပညာရှာချိန်ရှာ ... ဒါမှမဟုတ် ... အလုပ်လုပ် ... ဥစ္စာရှာ ... ဒါမှ လူပီသတော့မှာပေါ့ ..."

"တိတ်စမ်း ... မင်း ဘယ်တုန်းက ဒါမျိုးတွေ ပြောတတ်လို့လဲ"





"လူပဲ ကိုကိုရယ် ..."

"တလူလူနဲ့ ကြွေးကြော်မနေစမ်းနဲ့ ... အဲဒီလောက် လူဖြစ်ကြောင်း ပြနေရအောင် ... မင်းကို ငါက တိရစ္ဆာန်တစ်ကောင်လို ထားနေလို့လား ..."

"ဟုတ်တယ် ကိုကို ... ကိုကိုက ပို့ကို ကြက်တူရွေးတစ်ကောင်လို ... ခွေးတစ်ကောင်လို သဘောထားနေတယ် ... ပိုက ခွေးလောက် ကြောင်လောက်မှ တာဝန်မကျေရ ... အရေးမပါရ ဖြစ်နေတယ် ..."

ကိုကို တော်တော်တော့ အံ့သြနေပုံပင် ...။ ပို့ကိုယ် ပိုလည်း အရမ်းအံ့သြရပါသည်။ ပိုလည်း တကယ်တော့ ရဲရင့်နိုင်စွမ်းရှိသားပဲ ...။ ပိုလည်း ချက်ကျလက်ကျနှင့် ကိုယ်မှန်တယ် ထင်သော ခံယူချက်အတွက် အလျှော့မပေးသော စကားမျိုးတွေကို ပြောတတ်သားပဲ ...။ ကိုယ့်ကိုယ်ကိုယ် ညံ့မကြီးတစ်ယောက်လို့ ထင်ပြီး ငုံ့ခံမျိုသိပ်ခဲ့ရသော အချိန်တွေကိုတောင် ပြန်လည်နမြောလာမိသလို ဖြစ်လာပြီ။

"မင်း လုံးဝဆက်မလုပ်ရဘူး ..."

"ကိုကို့ရဲ့ တားမြစ်ချက်ဟာ ဘာအဓိပ္ပာယ်မှ မရှိဘဲ တမင်သက်သက် ချုပ်ချယ်အနိုင်ကျင့်တာမျိုးပဲ ဆိုရင် ပို လက်မခံဘူး ... ပို ဆုံးဖြတ်ချက်ကိုပဲ အမှန်ထားပြီး ... ပိုတော့ လုပ်ကို ဆက်လုပ်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း ... ဘယ်လိုဖြစ်နေတာလဲ ... မင်း လုပ်ရဲ လုပ်ကြည့်စမ်း ... မင်းကိုယ်မင်း ဘာမှတ်နေလဲ ... အဲဒီလို ရဲရဲတောက် အမူအရာတွေကို ငါ မကြိုက်ဘူး မိပို ... မင်းကို မင်းအမေ ဘာတွေ လာမြှောက်ပေးထားပြီလဲ ..."

"မေမေနဲ့ ဘာမှမဆိုင်ပါဘူး ... လာမြှောက်ပေးဖို့ နေနေသာသာ ... အကူအညီ တောင်းမိတာကိုတောင်မှ မေမေက လွှဲဖယ်ရှောင်ထွက်ခဲ့သေးတာပါ ... ဒါပေမဲ့ မရတော့ဘူး ကိုကို ... ကိုကို့မှာ လင်ယောကျ်ားတို့ရဲ့ အခွင့်အရေး အပြည့်အဝ ရှိရင် ... ပို့မှာလည်း ဇနီးမယားတို့ရဲ့ အခွင့်အရေးတွေ ပြန်ရကို ရရမယ် ... ပို့ဘက်က ဘာတစ်ခုမှ အမှားအယွင်း မရှိရင် ... ကိုကိုလည်း ပို့ကို တစ်ဖက်သတ် တားမြစ်ချုပ်ချယ်ခွင့် ... လုံးဝမရှိဘူး ..."

ကိုကို့ မျက်နှာပေါ်မှာ ဇဝေဇဝါဟန်တွေပင် ပေါ်လာကာ... အခုလက်ငင်း ဖြစ်ပျက်နေသော အဖြစ်အပျက် အခြေအနေကိုပင် မယုံကြည်နိုင်ဟန်တွေပါ ထပ်မြင်လာရပါသည်။ သို့သော်... ကိုကိုဆိုတာ ကိုကိုပဲလေ...။ သူများတကာရဲ့ အထက်စီးနေရာမှာ ကာလကြာမြင့်စွာ နေတတ်ခဲ့သူတစ်ယောက်ပီပီ ... "ခုနေ လျှော့လိုက်ရင် ... နောင်တစ်သက်လုံး ပြန်နိုင်ဖို့ခက်တော့မှာ မဟုတ် ..." ဆိုတဲ့ သိအိုရီကို ... ကိုကိုလည်း ကောင်းကောင်း သဘောပေါက်ထားပုံ ရှိသည်။





"ဘာလဲ ... မင်းက ယောကျ်ားတကာရဲ့ ရှေ့မှာပြရမှ ... ကျေနပ်နိုင်မဲ့ အစားထဲကလား ... အရှက်မရှိတဲ့ ဟာမ ..."

"ကိုကို ..."

ပိုက ခပ်အေးအေးပဲ ခေါ်လိုက်သည်။ အထိနာစေသော ကိုကို့ရဲ့ စကားတွေမှာ ဒေါသတွေ တလူလူနှင့် ဗလောင်ဆူပြလိုက်မိရင် ပိုပဲ ရှုံးရမှာဆိုတာ ပို သိသည်။ "အပို" ဆိုတဲ့ မိန်းကလေးဟာ အဲဒီလို ဒေါသတလျှံလျှံနှင့် ပြိုင်အော်ရန်ဖြစ်ရတာမျိုး ဘဝတစ်သက်တာမှာ တစ်ခါမှ မရှိခဲ့ဘူးတဲ့ ... ခပ်အေးအေးသမားကလေးပဲ။

ပြိုင်အေးကြရမည် ဆိုရင် ... အအေးစက်ဆုံး အနေအထားနှင့် တစ်ကိုယ်လုံးက သွေးတွေ ရေခဲတုံး ဖြစ်သွားလောက်တဲ့အထိ အေးပြပြီး ... အေးစက်စက်နှင့်သာ အနိုင်ယူတော့ဖို့ ပိုက ဆုံးဖြတ်လိုက်သည်။ အပူသမားထက် အအေးသမားက အနည်းဆုံးတော့ ... လေကုန်၊ လည်ချောင်းနာ သက်သာနိုင်တာပေါ့။ မီးဆိုတာ ရေနဲ့ငြိမ်းသတ်ရတဲ့ သဘောလည်း ရှိနေတာပဲလေ ...။

"ကိုကို ... ကိုကို သတ်မှတ်သလို ... အဲဒီအရှက်မရှိတဲ့ ဟာမကမှ ... အရှက်မရှိပေမဲ့ စာရိတ္တတော့ ကောင်းသေးတယ် ... ကိုယ့်သိက္ခာကိုယ် လုံသေးတယ် ... ရေကူးဝတ်စုံဝတ်ပြီး ကိုယ့်ကိုလေးစားနေကြတဲ့ ကိုယ့်သင်တန်းသူ



www.burmeseclassic.com

www.burmeseclassic.com



တွေရှေ့မှာ ရိုးရိုးသားသား အလုပ်လုပ်တာမျိုးက ... ဘောင်းဘီရှည်ဝတ်ပြီး သူများယောက်ျားရဲ့ Construction site (ဆောက်လုပ်ရေးလုပ်ငန်းခွင်)ထဲ လာရောက်နေတာထက် စာရင်တော့ ... အပုံကြီး တော်ပါသေးတယ် ..."

အဲဒီလိုမျိုး စကားတွေကို အေးအေးလူလူ မတွန့်မဆုတ်နှင့်ပင် ပြောထွက်ဖို့ အင်အားရှိနေခဲ့သည့် ကိုယ့်ကိုယ်ကိုယ်ပင် ပိုက အံ့သြနေရပါသည်။ ကိုကို ဆိုရင်တော့ ဆိုဖွယ်ကို မရှိ။ သူ အိမ်မှာ သော့ခပ်မတတ် ချန်ထားရစ်သည့် သူ့မိန်းမဖြစ်သူ "နလပိန်းတုံး"မက ဒီလို ချက်နဲ့လက်နဲ့ ... ပြောနိုင် ဆိုနိုင် ... အားလုံးကို လိုက်သိနိုင်နေတဲ့အတွက် ... သူ့မှာ ရှော့(ခ်)ရ,ရ တော့မလိုပင် ဖြစ်နေသည်။

"မင်း ဘာပြောတာလဲ ..."

"ကိုကို့ Construction Site ထဲ ရောက်နေတဲ့ တစ်ကိုယ်လုံး ဖြူနေတဲ့ မိန်းမတစ်ယောက်ကို ပြောတာပါ ... သူဝတ်စားထားတာကတော့ ရေကူးဝတ်စုံထက် ပိုလုံခြုံတာပေါ့နော် ... ဒါပေမဲ့ Swimming Club ရဲ့ Trainer တစ်ယောက် ရေကူးဝတ်စုံ ဝတ်ပြီး ရေကူးကန်ထဲ ရောက်နေတာကို ဘယ်သူမှ အထင်အမြင် မသေးရဲကြပါဘူး ကိုကို ...





Construction Site ထဲက ကိုကို့ အလုပ်သမားတွေ အနေနဲ့ကတော့ ... ကိုကို့မှာ အိမ်ထောင်နဲ့ ဆိုတာကိုသာ သိထားကြပြီးရင် အဲဒီမိန်းမ Site ထဲ လာနေတဲ့အတွက် သူရော ... ကိုကိုပါ အထင်သေးခံရလိမ့်မယ် ... အဲဒီအခါ ကျတော့ ပို ရေကူးဝတ်စုံ ဝတ်တာထက် ပိုပြီး ကိုကို့မှာ သိက္ခာကျရလိမ့်မယ် ... အဲဒါကမှ ပိုဆိုးတာ ...

ဒါပေမဲ့ အဲဒီမိန်းမတစ်ယောက်ကို ပိုက 'အရှက်မရှိတဲ့ဟာမ'လို့ မပြောချင်ပါဘူး ... အပြစ်မှန်ကို သူ သိချင်မှသိရှာမယ် ဆိုတာ ... ပို ကိုယ်ချင်းစာပေးနိုင်တယ် ..."

ကိုကို့ရဲ့ လက်တစ်ဖက် လေထဲမှာ မြောက်တက်လာသလိုလို ... ပို ထင်လိုက်သည်။ ခုနေခါမှာ အဲဒီလက်တစ်ဖက်ဟာ ပို့ရဲ့ ကိုယ်ခန္ဓာပေါ် ... ဒါမှမဟုတ် မျက်နှာပေါ် ... တစ်နေရာရာကို ကျရောက်လာရင်လည်း ပိုကတော့ မှုတော့မည် မဟုတ် ...။ သို့သော် လေထဲသို့ မြောက်တက်လာခဲ့တဲ့ လက်က လေထဲမှာပဲ အရှိန်သေ ရပ်တန့်ကာ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီးမှ အောက်သို့ ပြန်ကျသွားပါသည်။

ပို နိုင်လိုက်ပြီဟု ပို ထင်နေသည်။ ဒါပေမဲ့ ပိုက နိုင်ချင်နေသူတစ်ယောက် မဟုတ်ပါ။ ပို့ကို ချစ်ခင်မြတ်နိုးသော ... တန်းတူရည်တူ သဘောထားသော ...လင်ယောက်ျားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အလိုရှိမိခြင်း ဖြစ်ပါသည်။ မိန်းကလေးတစ်ယောက်ရဲ့ အားကိုးခံရမှုကိုမှ မရရှိရင် ယောကျ်ားမပီသ ... ဟု ထင်နေသူ အတွက်လည်း ... ပိုဟာ ရှေ့ကပြေးဖို့ထက် ... နောက်နားမကျ တကျကလေးကသာ အားကိုးမှီတွယ်ပြီး လိုက်ချင်သူပါ ... ဟု အတိအလင်းပင် ကြေညာဝံ့ပါသည်။

ကိုယ့်ဝင်ငွေတစ်ခုနှင့် ကိုယ့်ကိုယ်ကိုယ် ပိုင်နိုင်ယုံကြည်လိုသော်လည်း ... အိမ်ထောင်ဦးစီးဟူသည့် ဝေါဟာရကို ဆွဲနှဲ့နုတ်ယူချင်သူ တစ်ယောက်လည်း မဟုတ်ရပါပေ ...။

"မင်းက မင်းစိတ် မင်းသဘောအတိုင်း ... ဒီအလုပ်ကို ဆက်ပြီးတော့ လုပ်ဦးမယ်ပေါ့ ..."

"ကိုကိုက ဘာနဲ့များ အလျော်အစား ... အလဲအထပ် လုပ်ချင်လို့လဲ ..."

ကိုကို့မှာ ပြန်ဖြေစရာ စကားမရှိ ...။ မကျေနပ်ပါဘူး ဆိုတာကို အသိအသာကြီး ပြထားလျက်ကပင် ... ပို့ရဲ့ထိမိတဲ့ စကားတွေကို အပြိုင်အနိုင် ပြန်မပြောနိုင်တာကိုပဲ ... သူ့မှာ တန့်နုံ့ကို ဖြစ်နေဟန်ရှိသည်။ Construction Site ထဲက တစ်ကိုယ်လုံး ဖြူနေသော မိန်းမတစ်ယောက်ရဲ့ အကြောင်းကိုတော့ ကိုကိုက မှန်သည် ... မှားသည် ... မပြောကြား၊ အကြောင်းမပြန်ပါ ...။





အနည်းဆုံး ... "မဟုတ်ဘူးကွ ... မင်း အထင်မှားနေတာ ... ငါ့ကို ဒီလိုမဟုတ်တမ်းတရားတွေနဲ့ လျှောက်မစွပ်စွဲစမ်းနဲ့ ..." ဆိုတဲ့ စကားမျိုးကိုပင် ... ကိုကို့မှာ ပြန်ပြောနိုင်စွမ်း မရှိတာလား ... ဘာလား ...။ "ဟုတ်မှုမဟုတ်တာ ... အရေးအရာလုပ်ပြီး စကားထဲ ထည့်နေစရာ မလိုပါဘူး ..."ဟုများ ဆိုလိုချင်တာလား ...။

"ဒါဖြင့် ... ငါမကြိုက်တာကို မင်း မလုပ်ရရင် ... မင်းမကြိုက်နိုင်တာတွေလည်း ငါ့ဘက်က ဆင်ခြင်လိုက်ဖို့ အသင့်ပဲ ..." ဆိုတဲ့ အလဲအထပ် စကားမျိုးကိုတောင် မပြောနိုင်တော့ဘူးလား ကိုကိုရယ် ...။

ဝမ်းနည်းမိသလိုလို ဖြစ်လာမိသော်လည်း ... ခုချိန်မှာများ ..."ဒါဆိုရင် မင်း ထွက်သွားပေတော့"လို့ ကိုကို့နှုတ်ဖျားကများ ထွက်လာခဲ့ရင် ... ပို့အနေနဲ့ ... အေးအေးသက်သာ ထွက်ခွာခဲ့ဖို့လည်း ဝန်မလေး ... ဆိုတာမျိုး အထိပါ ... ပို့ရင်ထဲ ခံစားမိနေရပြီ ...။ ဒီနေ့ တ[illegible]ဘာအတွင်း ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ ... ပြောဖြစ်ခဲ့တဲ့ စကားတွေအတွက်လည်း ပိုက ဘယ်လိုမှ နောင်တရချင်နေတော့မှာ မဟုတ် ...။

"ကောင်းပြီလေ ... ဒါဆိုရင်လည်း တစ်နေ့လောက်တော့ မင်းရဲ့သင်တန်းဆိုတာကို ကိုယ် လိုက်ကြည့်ခွင့် မရှိဘူးလား ... ကိုယ့်ကို ဖိတ်ခေါ်ဖို့ မိပိုမှာ ဆန္ဒရှိမယ် ဆိုရင်ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ တကယ့်ကို အငိုက်မိလိုက်ရသူက ပိုပဲ ဖြစ်ပါသည်။ သူဘာလို့ အဲဒီလို ရုတ်ချည်း ပြောင်းလဲရပ်တည်ပစ်လိုက်ပါလိမ့် ...။ "တင်းမရသူမို့ ကိုယ့်ဘက်ကပဲ လျှော့ချဆက်ဆံပါတော့မည်"ဆိုတာ ကိုကို့ရဲ့ ပင်ကိုယ်စိတ်ရင်း သဘောထားတော့ မဟုတ်ဘူးလေ ...။

"ပြတ်ပြတ် ... ကွဲကွဲ မလျှော့ဘူးကွာ ..."ဟု မောင်းတင်ထားချင်သူအတွက် ... တစ်ဖက်က ရုတ်တရက် သဘောထားပြောင်းသွားသောအခါ ... ကိုယ်လည်း ဘယ်လိုမှ တင်းတင်းကြီးဆက်လုပ်ထားလို့ မရနိုင်တော့ဘူးပေါ့ ...။ ဒုက္ခပဲ ... ဒါဟာ ကိုကို့ရဲ့ နည်းပရိယာယ်သစ်များလား ...။ ပိုတော့ လိုက်မမီချင်တော့ပါဘူး မမမြမဟာ ...။

ကိုယ့်ကိုယ်ကိုယ် နိုင်ပြီထင်နေတဲ့လူကို ဖရိုဖရဲကြီးဖြစ်သွားအောင် လုပ်ယူလိုက်သည့်အကွက် ဆိုရင်တော့ ဒီတစ်ခါကိုကို နိုင်သည်ပဲ ထားတော့ ...။ မိပို ခုများ ... ဘာပြန်ပြောရမလဲမသိနိုင်အောင် တကယ့်ကို ဖရိုဖရဲကြီးပါပဲ ...။

"ဟန်ကိုယ့်ဖို့ဆိုတဲ့ စကားတော့ ရှိပေမဲ့ ကိုယ့်ဘက်က ပိုင်ပိုင်နိုင်နိုင် ဟန်ဆောင်ထားနိုင်မယ် မထင်ရင်တော့ ... မတတ်ဘဲ ဖွတ်လုပ်နေတာထက်စာရင် အရှိခံအခြေအနေကို အမှန်အတိုင်း ဖွင့်ပြလိုက်တာကမှ တော်ဦးမယ် ..."တဲ့။ မမမြမဟာပဲ ပြောခဲ့ဖူးတာပါ ...။





ဖရိုဖရဲနှင့် ဘာဆက်လုပ်ရမှန်း မသိတော့သောအခါမှာ ... ပိုကလည်း ရုတ်တရက်ပင် လျှော့ချလိုက်မိတော့ကာ ...

"တကယ်လား ကိုကို ... အဲဒီလိုဆိုရင် ပိုတော့ သိပ်ပျော်မှာပဲ ..."

ကိုကိုက ပို့ရဲ့ခေါင်းကလေးကို ဖတ်ခနဲ ပုတ်လိုက်သည်။

"တကယ်ပေါ့ မိပို့ရဲ့ ... မိပိုကို ... ကိုကိုက ဘာမှမသိတဲ့ ကလေးလေးပဲမှတ်နေတာ ... ခုတော့ မိပိုက တကယ့်လူလည်မလေး ဖြစ်နေပြီပဲ ... မိပို့ရဲ့အလုပ်ထဲလည်း ကိုကိုလိုက်ကြည့်မယ် ... ပြီးတော့ ကိုကို့ အလုပ်ထဲလည်း မိပိုကို ခေါ်ပြထားလို့ ရလောက်ပါပြီ ... တစ်ကိုယ်လုံး ဖြူနေတယ်ဆိုတဲ့ တစ်ယောက်နဲ့လည်း မိတ်ဆက်ပေးရင်းနဲ့လေ"

ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်နေသည့် ငထုံမကလေးဟာ တကယ့် တကယ်ကျတော့ ... ငထုံမကလေးပဲ ဖြစ်နေဆဲပါပင် ...။ ဟိုတစ်ယောက်နှင့်ပါ မိတ်ဆက်ပေးဦးမည်ဆိုတော့ ပို့ တစ်ကိုယ်လုံး ထုံကျင်ဖြီး လန့်ဖျပ်သွားလိုက်ရတာ ...။ ဒါ ကိုကိုက သူ့မှာ လုံးဝအပြစ်မရှိ ... သူ့ဘက်ကတော့ ရိုးသားလှပါသည် ဆိုတာကို ပြချင်တာလား ...။ ဒါမှမဟုတ် ... ဇနီးမယားတစ်ယောက် အနေနှင့် ငြင်းဆန်လို့ မရတော့သည့် အခြေအနေတစ်ခုကို ခပ်ရှင်းရှင်းပဲ သတိပေးလိုက်တော့ မလို့လား ...။



www.burmeseclassic.com

www.burmeseclassic.com



မမြမဟာရေ … ဘယ်လိုလုပ်ရတော့မှာလဲ …။

ပိုက မြမဟာကို … "ကိုကိုက သူနဲ့တွဲတွေ့တဲ့ တစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့တဲ့ …"ဟု ထိတ်လန့်တကြား ဖုန်းဆက်လျှင် မြမဟာက … "တွေ့လိုက်လေ … ရတာပဲ …" တဲ့ …။

"ခုဆို သူ မကျေနပ်ဘူးလို့ အတိအလင်း ပြောထားတဲ့ အလုပ်တစ်ခုကို သူ ကိုယ်တိုင်ပဲ ခွင့်ပြုပေးလိုက်ရပြီ … ဒါ ပို တော်လို့ပေါ့ ပိုရယ် … ဟိုမိန်းကလေးနဲ့ တွေ့ဖြစ်ကြရင်လည်း … ပို ဒီလိုပဲ တော်နေမှာပဲဆိုတာ … တို ယုံကြည်ပါတယ် … အဆင်ပြေမှာပါ …"တဲ့။

ပို့မှာ … "မ,ကသာ တော်တာပါ … ဒါ မ,ပြောသလိုလုပ်လို့ ဖြစ်လာတာတွေပဲ"ဟု ရှက်အမ်းအမ်းလေး ပြန်ပြောမိရင်းက … ကျေးဇူးတင်စကားကိုတောင် သေချာ မပြောလိုက်ဖြစ် …။





ကိုကိုပါ သင်တန်းသို့ ပါလာသဖြင့် ပို တစ်ယောက် မြောက်ကြွကြွကလေး ဖြစ်နေပါသည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလိုပင် … ဤမျှ သားနားဝင့်ကြွားကာ ရှုမငြီးချင်စဖွယ်ရာ ယောကျ်ားတစ်ယောက်ဟာ ပို့ရဲ့ ခင်ပွန်းလင်ပါပဲ … ဟု လက်ချိုးတ်တွဲ … ကြွေးကြော်ခွင့်ရှိလို့ ဂုဏ်တက်ရတာကတစ်မျိုး …။ ကိုကို တကယ်ပဲ အလေးမထားခဲ့မိတဲ့ ငချွတ်မကလေးဟာ ကိုယ့်နယ်ပယ်မှာတော့ တကယ့်ကို လူဟုတ်တစ်ယောက်ပါလား လို့ … ကိုကို့ကို ကောင်းကောင်းလေး ပြလိုက်နိုင်၍ ကျေနပ်စရာကောင်းလှတာက တစ်မျိုး …။

"မိပို … မင်းတော့ ဒီလိုပုံနဲ့ … လူကြီးအရာ မဝင်နိုင်သေးပါဘူးကွာ … မင်းပုံစံက မြောက်ကြွ မြောက်ကြွနဲ့ … ဂနာမငြိမ်နိုင်သေးတဲ့ … ကလေးတစ်ယောက်ပုံစံပဲပေါက်နေတယ် …"

"အမယ် … ကိုကိုက … ပို့သင်တန်းသားတွေ ပို့ကိုဘယ်လို ဆက်ဆံကြသလဲ ဆိုတာ ကြည့်ဦး … သူတို့က ပို့ကို သိပ်ချစ်ကြတာ …"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... အဲဒါကိုပဲ ပြောတာပဲ ... အမှန်တကယ်ဆိုရင် ဆရာနဲ့ တပည့်တွေ ဆိုတာ လေးစားရိုသေနေရင်သာ ကောင်းတာမဟုတ်လား ... ချစ်နေဖို့ မလိုပါဘူး ... သူတို့ဘာသာသူတို့ မင်းပုံစံကြောင့် မလေးစားနိုင်ကြတာကို မင်းဘာသာ ... ငါတော့ ဝိုင်းချစ်နေကြတာပဲလို့ အဓိပ္ပာယ်တစ်လွဲကောက်ထားမိတာလည်း ဖြစ်နေဦးမယ်"

ပိုက ကိုကို့ကို မျက်စောင်းထိုးပစ်လိုက်သည်။ ပိုကဖြင့် Mr.Lewis တို့အိမ်ကို ... "ဒီနေ့ ကျွန်မခင်ပွန်းကိုယ်တိုင် လိုက်ပို့ကြိုပေးမှာမို့လို့ ... ကားလွှတ်ကြိုစရာ မလိုပါဘူး ..."လို့ ဖုန်းလှမ်းဆက်ရတာကစလို့ ကိုယ့်အခြေအနေကို ကိုယ့်ဘာသာ အတက်ကြွကြီး တက်ကြွ ... အကျေနပ်ကြီး ကျေနပ်နေခဲ့ရတာ ...။

ဟိုတယ်မှ မန်နေဂျာကြီးနှင့် တွေ့ကြတော့လည်း ...

"ဒါ ကျွန်မခင်ပွန်း ဦးရန်နိုင်ပါ အန်ကယ် ... Yan Naing Group Construction က ကန်ထရိုက်တာပါ ..."

မန်နေဂျာကြီးမှာလည်း လိုက်ဖက်ညီလှသော စုံတွဲပုံစံကြောင့်ရယ် ...၊ ဒါဖြင့် ယောကျ်ားမသိအောင် ခိုးပြီးလာသင်ပေးနေရတဲ့အဖြစ်က လွတ်ပြီပေါ့ ... ဟု ဘဝင်ကျသွားရတဲ့အချက်ရယ်ကြောင့် ကိုကို့ကို လှိုက်လှိုက်လှဲလှဲပင် နှုတ်ဆက်ရှာပါသည်။ ကိုကိုကသာ ဝတ်ကျေတမ်းကျေ ... ဘာသိဘာသာနှင့် ...။ အဘိုးကြီး ထွက်သွားတော့မှ ...





"ဟင်း ... Yan Naing Group က ကန်ထရိုက်တာရယ်လို့ပဲ ... ရာထူးကလည်း မနိပ်လိုက်တာ ... တကယ်ဆို ... ကိုယ့်ကုမ္ပဏီနာမည်ပြောပြီး ... Managing Director တွေ ဘာတွေ ခေါ်ပြီး မိတ်ဆက်ပေးပါလား ..."

"သိတောင် မသိဘူး ... ကိုကိုမှ ပြောမပြထားပဲဟာ ..."

သူ့အပြစ်နဲ့သူ ...ဘာမှ စောဒက ပြန်တက်လို့မရတော့သောအခါ ကျေနပ်လှပုံတော့ မရသေးတဲ့ ကိုကို့ရဲ့ မျက်နှာထားက အိမ်မှ ထွက်လာကာစကလောက် မလန်းဆန်းတော့ဘဲ ...

"မင်းသင်တန်းသား ဆိုတာတွေက ဘယ်လိုလဲကွ ... ဆရာတစ်ယောက်လုံးက အရင်ရောက်ပြီး ငုတ်တုတ်ထိုင်စောင့်နေရတာတောင်မှ ... မင်းဟာတွေက တစ်ယောက်မှ ပေါ်မလာကြပါလား ... ဘယ်လိုဟာတွေလဲ ..."

"ဟင်း ဟင်း ဟင်း ... သင်တန်းချိန်က သုံးနာရီမှစမဲ့ဟာကို ..."

"ဟာ ... ဒါဆို မင်းက ဘာကြောင့် နှစ်နာရီဆယ့်ငါးလောက်ကတည်းက ဒီရောက်အောင် လာထားရတာလဲ ..."

ပိုက "တဟင်းဟင်း"သာ ရယ်နေသည်။ ဘာလို့လဲဆိုတော့ ကိုကိုနဲ့ ဒီလို ဂုဏ်ယူချင်စရာကြီး တွဲသွားတွဲလာ ... လင်စုံမယားဖက် လမ်းမထွက်ရတာ ဘယ်လောက် ကြာနေပြီလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြာကြာလေး တဘွဲ့တွဲ လုပ်နေချင်တာပေါ့ ...။ ပြီးကျတော့ ကိုယ့်အတွက် ဂုဏ်ယူလောက်စရာ နေရာဝန်းကျင်တစ်ခုမှာ ကိုကို တစ်ယောက် အချိန်ကြာကြာကြီး ရှိနေလေ ... "အပို ဆိုတာ ဒီလိုပဲကွ"ဟု ပိုက ပိုပြီး ဝင့်ကြွားနိုင်လေလေ မဟုတ်ဘူးလား ...။ အဲဒါကြောင့် တမင်သက်သက်ကို လာထိုင်နေတာ ... ဟင်းဟင်း ဟင်း ...။

"ကျွတ် ... မင်းနဲ့တော့ ခက်သေးတယ် ... အဲဒါတွေပေါ့ လူလေးစားအောင် မနေတတ်တဲ့ အကျင့်အကြံတွေဆိုတာ ... မင်းတပည့်တွေ ရှေ့မှာကော မင်း ... ဟင်းဟင်းတို့ ... ဟီဟိတို့များ လုပ်နေသေးလား"

လုပ်တာပေါ့ ...။ ပိုက "ဟင်းဟင်း"ဆိုရင် သင်တန်းသား အားလုံးသည်လည်း "တဟင်းဟင်း" ...။ ပိုက"ဟီဟိ" ဆိုရင် အားလုံးတို့သည် "တဟားဟား"။ အတိုင်အဖောက်ညီညီ ... စိုပြည်လို့ ...။ ကိုကိုပြောတဲ့ အထင်သေးတာတွေ ဘာတွေ ပိုတော့ မခံစားရပါဘူး ...။

"အခု ငါတို့က ငုတ်တုတ်ကြီး ဘာလုပ်နေရမှာလဲ ... မင်းက ခဏကြာကျ ရေထဲဆင်းသွားရင် ... ကိုယ့်မှာ နောက်ထပ် တစ်နာရီခွဲလုံးလုံး အဲဒီ ငုတ်တုတ်ဘဝနဲ့ပဲ နေရဦးမဲ့ဟာ ... ကျွတ် ... မင်းကတော့လေ"





"ကိုကို ပျင်းရင် Coffee Bar မှာ သွားထိုင်လို့ ရတယ်လေ ... ပို လိုက်ပို့ပေးခဲ့မှာပေါ့ ... ပြီးရင် ပိုက်ဆံပေးစရာတောင် မလိုဘူး ... ပို့နာမည်ပြောပြီး ... လက်မှတ်ထိုးပေးခဲ့ရုံပဲ ... ဟင်း ဟင်း ..."

သိပ်ဝင့်ကြွားချင်နေသည့် ပို့ပုံစံကို ... ကိုကိုက အမြင်ကတ်လာဟန်နှင့် ...

"မင်းဟာတွေ တစ်ယောက်ရောက်လာတိုင်း ... ငါ့ကိုတစ်ခါခေါ်,ခေါ်ပြီး မိတ်ဆက်ပေးဖို့ မကြိုးစားနဲ့နော် မိပို ..."

"ဟင် ... ဘာလို့လဲ ... အဲလိုလုပ်မလို့ကို ခေါ်လာတာပဲဟာ ..."

"ဒါပေမဲ့ မင်းကြိုက်သလို အလုပ်ခံဖို့ လိုက်လာတာမှ မဟုတ်တာ ... ကိုယ့်ဘာသာ ... မင်းရဲ့သင်တန်းနဲ့သင်တန်းသားတွေရဲ့ အနေအထားကို အကဲခတ်ချင်လို့ရယ် ... ကိုယ့်အလုပ်ထဲ မင်းကို ခေါ်သွားချင်ရင် ... မင်းအလုပ်ထဲကိုလည်း အရင်လိုက်လာပေးသင့်တယ် ထင်လို့ရယ် ... ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လိုက်လာတာ ..."

ခုနက မန်နေဂျာကြီး မိတ်ဆက်ပေးတာကိုပဲ မဖော်မရွှေဟန်ကြီးနှင့် တုံ့ပြန်လိုက်တာကို ပြန်တွေးမိလိုက်တော့ ... ပို့မှာ မျက်နှာလေးငယ်ငယ်နှင့် ဖြစ်သွားခဲ့ရပါသည်။ မန်နေဂျာကြီးကတော့ ပို ကိုယ့်တိုင်လည်း တစ်ခါတလေကျ ... မနှစ်မြို့လှတော



www.burmeseclassic.com

www.burmeseclassic.com



မို့ ... ထားလိုက်ပါတော့ ...။ ပို့ကိုခင်သော ချစ်သော သင်တန်းသားများကိုပါ အဲဒီလိုကြီး လုပ်ချလိုက်ရင် ... ပိုတော့ မျက်နှာတွေပျက် ... အရှက်ပါ ကွဲရတော့မှာပဲ ...။

မမြမဟာ တစ်ယောက် ခပ်မြန်မြန်လေး ရောက်လာပြီး ပို့ အဖြစ်ကို အကြံထုတ်၊ ဝိုင်းကူညီပေးနိုင်ရင်တော့ ပို ကောင်းမည်။ ဒါပေမဲ့ သူကလည်း မစ္စတာကာဆိဂိတို့နဲ့မှ အတူ လာမှာပေါ့ ...။

"ဒါဖြင့် ဘယ်သူနဲ့မှ မိတ်မဆက်ပေးရတော့ဘူးလား ..."

"သင်တန်းပြီးတဲ့အချိန်ကျမှ ... ကိုယ်မင်းတို့ Swimming Poolထဲ ပြန်ဝင်လာခဲ့ရင် ... အားလုံးကို တစ်စုတစ်စည်းတည်း စုထားပြီး တစ်ခါတည်း အပြီး မိတ်ဆက်ပေးရင် ပေး ..."

ပိုက ခပ်မြန်မြန်ပဲ ခေါင်းညိတ်ပြလိုက်သည်။ စိတ်ထဲကတော့ ... အမယ်လေး ... ကြီးကျယ်တော် မူလိုက်တာ ... ဒါတောင် သူများရဲ့ ပရဝုဏ်မှာမို့ ... သူ့အဝန်းအဝိုင်းမှာသာဆိုရင် ဘယ်လောက် ပိုကြီးကျယ်ပြီး ... သူပဲ အထက်စီးကြီးရနေအောင် လုပ်ယူထားမလဲ မပြောနိုင်ပါဘူး ...ဟု ကျိတ်တွေးလိုက်မိသည်။

"အဲလိုဆို ပြီးရောလေ ... အဲဒီအခါကျရင် ခုနကလို မှုန်တေတေ အထက်စီးရုပ်ကြီးနဲ့တော့ လုပ်မထားနဲ့နော် ..."





"အောင်မာ ... မင်းကလည်း ကိုယ့်ယောက်ျားရဲ့ ရာထူးဂုဏ်သိမ်ကို နှိမ့်ပြီး ... အလုပ်အကိုင်ကိုမှ မှန်မှန်မပြောနိုင်တာမျိုး မဖြစ်စေနဲ့ပေါ့ကွ ..."

"သင်ပေးထား"

ဘယ်လိုပဲဖြစ်ဖြစ် ပိုကတော့ ပျော်ရွှင်နေမိပါသည်။

ထိုအချိန်မှာပင် ... မစ္စတာကာဆိဂိတို့နှင့် ... နောက်ထပ်ရုံးမှ ဂျပန်နှစ်ယောက်နှင့်အတူ ရောက်ချလာခဲ့သူကတော့ မြမဟာပင် ဖြစ်ပါသည်။ မစ္စတာကာဆိဂိနှင့် ဂျပန်နှစ်ယောက်တို့က ... သူတို့နိုင်ငံမှ (တခြား မြမဟာနှင့် မကျွမ်းဝင်သည့်) သူတစ်ယောက်အကြောင်းကို လေကန်လာကြတာမို့ ... မြမဟာက အလိုက်တသိ ... လူမှုရေးကျေကျေနှင့် မလှမ်းမကမ်း ခပ်ခွာခွာ နောက်ဘက် အနည်းငယ် ချန်ရစ်ကာ လိုက်ပါလာပါသည်။

မြမဟာတို့ အုပ်စု ဟိုတယ်ထဲ ဝင်လာကြသည်နှင့် ... ရင်းနီးနေပြီဖြစ်သော ... တံခါးစောင့်က ... "Good Evening"ဟု လှမ်းနှုတ်ဆက်လိုက်ပြီးတာနဲ့ တစ်လက်စတည်း ဆိုသလို ...

"အစ်မတို့ ဆရာမကလေးတော့ ... ဒီနေ့ သူ့ယောကျ်ားပါ၊ ပါလာလို့ထင်တယ် ... အရမ်းကို တက်ကြွနေတော့တာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



မြမဟာက ဝမ်းပန်းတသာနှင့် ..."ဟုတ်လား" ဟု ပြန်မေးလိုက်ပါသည်။ တံခါးစောင့်က မြမဟာရဲ့ မျက်နှာထားကို အနည်းငယ် အကဲခတ်ကာ ...အတင်းတုပ်ချင်စိတ်တွေ ကုန်ခမ်းသေးဟန် မတူဘဲ ...

"ဒါပေမဲ့ ... ယောကျ်ားက ဘဝင်လေဟပ်နဲ့ တူပါတယ်ဗျာ ... ကြည့်ရတာကြီးက ... တစ်မျိုးပဲ ..."

မြမဟာက မျက်ခုံးလေး ပင့်တက်သွားမိကာ ... တံခါးစောင့်ကို ခပ်ပြုံးပြုံးကလေး နှုတ်ဆက်ကျော်ခိုင်းလိုက်ပါသည်။ ပို့ဆိက ကြားထားရတဲ့ သတင်းစကားများအရ ဆိုရင်တော့ ပို့ကိုကို ဆိုသူဟာ တံခါးစောင့်ကလေး ပြောလိုက်တာထက်တော့ ဘယ်နည်းနဲ့မှ လျော့နိုင်မည့်သူမျိုး မဟုတ်မှန်း မြမဟာက ကြိုတွေး မျှော်လင့်ထားပြီးသားပါပင် ...။

သူ့မိန်းမကို နောက်ကနေ သင်ပြည့်နှုန်ကြားပြီး သူ့ကို တိုက်ခိုက်ရင်ဆိုင်စေရန် မြှောက်,မြှောက်ပေးတတ်သူမှာ မြမဟာ ဟုတော့ ကြိုသိမနေတန်ကောင်းပါရဲ့ ...။ အေးလေ ... ကြိုသိတော့လည်း မှုစရာလား ...။ ပိုကလေးကို စိတ်ချမ်းသာစေချင်လျှင်တော့ ဒီလိုလူမျိုးကို ကိုယ့်ဘက်ကသာ အတတ်နိုင်ဆုံး စတင်ပြီး ဇလိုက်ဇလျော ဆက်ဆံပေးရမည် ဆိုတာကို ... မြမဟာက ကြိုသိ ဆုံးဖြတ်နိုင်ပြီးသားပဲ။





Swimming Pool ရှိရာ အကွေ့ချိုးဘက်သို့ မရောက်ခင် ... ဖြတ်သွားရသော မန်နေဂျာရုံးခန်းရှေ့မှ အဖြတ်တွင်လည်း ... မှန်တံခါးကြီးကို ဖွင့်ဟထားသော မန်နေဂျာကြီးက ... လက်လှမ်းပြသဖြင့် မြမဟာမှာ ရပ်တန့် ... ပြန်နှုတ်ဆက်ရ ပြန်ပါသေးသည်။

မြမဟာက ပြန်လည်၍ နှုတ်ဆက်လိုက်လျှင် ...တစ်ခုခု ပြောချင်ဟန်နှင့် တမင် တံခါးဖွင့်ပြီး စောင့်နေခဲ့သလားတောင် မဆိုနိုင်သည့် မန်နေဂျာကြီးက ချက်ချင်းပင် ... သူ့အခန်းထဲမှ ထွက်လာခဲ့ကာ ...

"ဒေါ်ပိုပို့ ယောကျ်ားပါ ပါလာတယ် ..."

မန်နေဂျာကြီးကတော့ တံခါးစောင့်ကောင်လေးလို ကြိုတုန်း ဖမ်းအတင်းတုပ်လိုက်တဲ့အထိတော့ လုပ်မည်မဟုတ်ပါ။ သို့သော် အဲဒီလောက် ပြောလိုက်ရုံနှင့်ပင် ... မန်နေဂျာကြီးလည်း မျက်စိစပါးမွေး စူးပြီးလောက်ပြီ ဆိုတာ မြမဟာက အကဲခတ်နိုင်လိုက်ပြီ။

"ဦးရန်နိုင်တဲ့ ... ဆောက်လုပ်ရေးလုပ်ငန်းက ကန်ထရိုက်တာလို့ ပြောတာပဲ ... ဒါပေမဲ့ မင်းသားတစ်ယောက်နဲ့ ပိုတူနေတယ်ဗျ ..."

"ရှင် ... ဘယ် ... ဘယ်လို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒေါ်ပိုပို့ ယောက်ျားဟာ ... ဒေါ်ပိုပိုနဲ့လည်း လိုက်ဖက်ပါပေရဲ့ခင်ဗျာ ... လို့ ..."

"ဆောရီးပါ ... ခုန ... သူ့ရဲ့နာမည်က တစ်ဆိတ်လောက် ..."

"ဦးရန်နိုင်တဲ့ ခင်ဗျ ... Yan Naing Group Construction က ကန်ထရိုက်တာ ..."

မြမဟာမှာ မိုက်ခနဲ လဲကျမသွားအောင် ... နံဘေးမှ ပန်းအိုးအလှတင် စင်ကလေးကို အချိန်မီ ဆုပ်ကိုင်ထားလိုက်ရပါသည်။ ဦးရန်နိုင် ... Yan Naing Group Construction ...။ အိုး ... ရက်စက်နိုင်လိုက်တဲ့ ကံကြမ္မာရယ် ...။

"ဒေါ်မြမဟာ ... နေကောင်းပါတယ်နော် ..."

"ရပါတယ် အန်ကယ် ... ကိစ္စမရှိပါဘူး ..."

Swimming Pool ဘက်သို့ ချိုးကွေ့ဝင်ရမည့် လမ်းချိုးကလေးကို ခေါင်းလေး အသာသွင်းကာ ချောင်းကြည့်လိုက်မိပါသည်။ တကယ့်ကိုပဲကိုး ...။ နိုင်ငံခြားသား သုံးယောက် ရောက်ရှိလာကြပြီ ဖြစ်သဖြင့် ... Coffee Bar မှာပဲ သွားထိုင်နေတော့ဖို့ ခပ်မြန်မြန် ထထွက်လိုက်သည့် ရန်နိုင့်ကိုမြင်လျှင် ... မြမဟာသည် ... ခေါင်းလေးထိုးပြီး ချောင်းနေမိသည့် အနေအထားမှ ... လမ်းချိုးကွေ့ရဲ့ထိပ်မှာ ... နံရံကို ပြားနေအောင် ကျောကပ်မိရင်း ခပ်တောင့်တောင့်ကြီး ဖြစ်သွားရပါသည်။





ဘာလုပ်ရမလဲ ...။ ဘယ်လိုရှောင်ပြေးရင် လွတ်နိုင်မလဲ ...။ ရှောင်ပြေးခဲ့လို့ ရရင်လည်း ဤတခဏမျှသာဆိုတာကို မြမဟာ ကြိုတင်ရိပ်မိလိုက်ပါသည်။ မြမဟာနှင့် လွဲသွားခဲ့ရင်တောင် မစ္စတာကာဆိုဂိုတို့နှင့်တော့ ဆုံကိုဆုံတော့မည် ဖြစ်သော ရန်နိုင့်ရဲ့ နှုတ်ဖျားက ထွက်ကျလာမည့် ... "မြမဟာ"ဆိုသော နာမည်တစ်ခုကို ပိုကလေး ကြားလိုက်ရလျှင် ...။

မြမဟာမှာ ကိုယ့်ရဲ့ နေ့လယ်ခင်းမက်သော အိပ်မက်ကြီးတစ်ခုကို ပြန်သတိရလိုက်မိလျှင် ... ကျောထဲ၌ပင် စိမ့်ခနဲ ဖြစ်သွားရပါသည်။ အေးစက်စိမ်းကားလို့နေသော ပို့မျက်လုံးများကို ကိုယ် တကယ်ပဲ လက်ခံရရှိတော့မည်လား ...။ စင်းလိုက်တဲ့ အိပ်မက် ...။ တကယ်ဆို အဲဒီနေ့လယ်ခင်း အိပ်မက်က ကိုယ့်အတွက်တော့ ... နိမိတ်ပြ အရိပ်အယောင်တစ်ခု ဖြစ်ခဲ့ပြီ။

ကိုယ့်ဘက်က ဘာအပြစ်တစ်ခုကိုမှ ဟုတ်တိပတ်တိ မကျူးလွန်ရသေးပါဘဲနှင့် ... ဒီလို အပြစ်ဆိုးမျိုးကြီးနဲ့မှ လာကြုံနေရတာကို မြမဟာရဲ့ စိတ်ထဲမှာ ခါးသက်စက်ဆုပ်လို့ လာရသည်။ ဝဋ် ... အဲဒါဟာ တကယ်တော့ ဝဋ်ကြွေးသက်သက်ပါပဲ ...။ ဒီဘဝရဲ့ ပြစ်မှုမဟုတ်ခဲ့ရင်တောင် ... ရှေးရှေးဘဝထဲက ပါလာခဲ့သော ... ဝဋ်ကြွေးမျိုးပင် ဖြစ်ရမည်။ ပြေးလို့မလွတ်နိုင်ကောင်းဟုလည်း ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုယ့်ကို အားကိုးတကြီး ယုံယုံကြည်ကြည် ဆက်ဆံအကူအညီတောင်းနေခဲ့တဲ့ မိန်းကလေးကို ... ကိုယ်ဘယ်လိုလုပ် ရင်ဆိုင်ရမလဲ။

ရန်နိုင် တစ်ယောက် Swimming Pool အခန်းထဲမှ ပြန်ထွက်လာတာကို မြင်လျှင် ... မန်နေဂျာ အခန်းထဲပဲ ပြေးဝင်ပုန်းနေရမလား ... ကိုယ့်ကားရှိရာဆီထိ တောက်လျှောက်ပြန်ပြေးချသွားရမလား ... ဇဝေဇဝါနှင့် ဂယောက်ဂယက်ကြီး ဖြစ်သွားမိသေးသော မြမဟာသည် နောက်ဆုံးမှာတော့ ... လိုယောကျ်ားကို လမ်းချိုး၏ထိပ်၌ ခပ်တည်တည်ပင် ရပ်စောင့်နေလိုက်ပါတော့သည်။

"ကိုရန်နိုင် ..."

"ဟာ ... မြမဟာ ..."

သူလည်း ပထမတော့ တစ်မျိုးကြီး ဖြစ်သွားသေးသား ...။ သို့သော် ချက်ချင်းပင် ဟန်ပန်က ပြောင်းသွားခဲ့ကာ ... ပြုံးမြမြ မျက်နှာနှင့် ...

"အတော်ပဲ မြမဟာ ... ကျွန်တော့်မစ္စစ်နဲ့ ခင်ဗျားကို မိတ်ဆက်ပေးချင်လိုက်တာ ..."

"ကျွန်မနဲ့ အပိုနဲ့ ရင်းနှီးပါတယ် ..."

ဖြုန်းခနဲ ဖွင့်ချလိုက်သော စကားရေကာတာကြီး





တစ်ခုမှာ ရန်နိုင်က ဒလိမ့်ခေါက်ကွေး မျောပါမသွားရလေအောင် သူ့ကိုယ်သူ အမြန်ဆုံး ပြန်လည်ဟန်ဆည်လိုက်ရင်း ...

"ဩော် ... ခင်ဗျားတို့က ဒီလိုလား ..."

"ဘာကို ဒီလိုလားလို့ မေးတာလဲ ..."

"ဒါ ကျွန်တော့်ကို တမင်သက်သက် ..."

"မဟုတ်ဘူး ... ကျွန်မလည်း ခုလေးတင်ကမှ သိလိုက်ရတာ ..."

ရန်နိုင့် မျက်နှာက အတော်ကြီး ပြန်ပြုံးလာပြန်သည်။

"သဘောပေါက်ပြီ ... ခင်ဗျားတို့ ရေကူးသင်နေကြတယ်ဆိုတာ ... မိပို ဆီမှာကိုး ... ဟင်း ဟင်း ... ခင်ဗျားတို့ချင်းက ဘယ်သူက ဆရာ ... ဘယ်သူက တပည့် ဆိုတာတောင် ပြောလို့မရတော့ပါဘူး ... မိပို တစ်ယောက် အတော်ဟုတ်လာပါတယ် မှတ်တာ ... လက်စသတ်တော့ နောက်ကွယ်ကလူဟာ ခင်ဗျားကိုး ..."

"ရှင်မှန်း မသိပါဘူး ... မတရားတာကြီး တစ်ခုကိုသာ ကြည့်မနေနိုင်တာပါ ..."

"ဒါပေါ့ ... ဒီလောက် လူမှုရေးစိတ်ဓာတ်တွေ အပြည့်နဲ့ဟာ ..."

www.burmeseclassic.com



“ရှင့်ကို ကျွန်မ တစ်ခုတော့ တောင်းပန်ချင်တယ် ... ပို့ အနေနဲ့က သူ့ဘဝလေးကို ခုမှ ပြန်ပျော်လာကာစပဲ ရှိသေးတာပါ ... သူ စိတ်မချမ်းမသာ ဖြစ်သွားမှာ ကျွန်မ မမြင်ချင်ဘူး ... သူဟာ ကျွန်မရဲ့ အသက်သခင် ကျေးဇူးရှင်တစ်ယောက် ဖြစ်ခဲ့ဖူးလို့ ... သူ့ကို ကျွန်မ တကယ့် ညီမအရင်း တစ်ယောက်လို ... ကိုယ့်သမီးလေးလို ... တွယ်တာပြီး သံယောဇဉ် ဖြစ်မိတယ် ...”

“ဟုတ်ပါပြီ ... အဲဒီတော့ ...”

“သူ့ယောကျ်ားရဲ့ ပုံစံကို သူ သိပ်မကြိုက်နိုင်တော့တဲ့ အခါမှာ ... နောက်တစ်ယောက် ရှိနေပြီ ... လို့ ကျွန်မကို ငိုကြီးချက်မနဲ့ ဖွင့်တိုင်ပင်ခဲ့တယ် ...”

“ဟာ ... အဲဒါကတော့ ဘာဆိုင်သလဲ ... ဒါကတော့ ခင်ဗျားလည်း အသိဆုံးပဲလေ ...”

“ဟုတ်ပါတယ် ... ရှင့်အနေနဲ့ကတော့ ဘယ်လိုပြောပြော ရနိုင်တဲ့ အနေအထား တစ်ခုမှာပဲ ... ဒါပေမဲ့ ကိုရန်နိုင် ... ရှင့်ကို ကျွန်မက တောင်းပန်ချင်တယ်လို့ ဆိုနေတာပါ ... ပို့ရဲ့စိတ်ထဲမှာ သူ ကြောက်ရွံ့မုန်းတီးရတော့မယ်လို့ သတ်မှတ်ထားပြီးသား မိန်းမတစ်ယောက်ဟာ ... သူကိုယ်တိုင်က အမေလို အစ်မလို အင်မတန် ခင်တွယ်တဲ့ ကျွန်မပါပဲလို့တော့ သူ မသိစေချင်ဘူး ... အဲဒါပါပဲ ...”





ရန်နိုင်က မျက်ခုံးကြီးနှစ်ဖက်ကို မြှင့်ပြီး ... နှုတ်ခမ်းကိုလည်း ခပ်ရွဲ့ရွဲ့နှင့် အတော်ကြာကြာ တိတ်ဆိတ်နေပြီးမှ ...

“သူက ဘာဖြစ်လို့ အဲဒီလို ထင်ရမှာလဲ ... ဟုတ်မှမဟုတ်ဘဲ ...”

“ရှင် ဘာကိုဆိုလိုတာလဲ ... ကျွန်မ ရည်ရွယ်တာက ... သူ ... ရှင်နဲ့ ကျွန်မ ... ဒီသုံးယောက်ကြားမှာ ပတ်သက်မှုဆိုတာ တစ်ခုကို အပြီးအပြတ် ပြည်ဖုံးကားချကြပါစို့ ...”

“ဒါ ... ခင်ဗျားက ခင်ဗျား ကြိုးဆွဲတိုင်း နာခံနေတဲ့ ... လိုက်,လိုက် လျှောက်လုပ်နေတဲ့ ခင်ဗျားရဲ့ ချစ်ညီမလေးကို ဒီတိုင်း ကျောခိုင်းထားရစ်ခဲ့တော့မယ်ပေါ့ ... အဲဒီလိုဆိုရင် သူ စိတ်ချမ်းသာပါ့မလား မြမဟာ ...”

“ရှင် ပြောလေ ... အဲဒါလည်း ကျွန်မရဲ့အတွက်ပါပဲလို့ ရှင် ဆက်ပြော ...”

“မပြောတော့ပါဘူး”

“ရှင် ကျွန်မကို ကတိပေးတယ်လို့ပဲ ကျွန်မ ဖွတ်ယူဆလိုက်ပြီ ...”

မြမဟာက ရန်နိုင့်ကို ကျောခိုင်းချန်ထားရစ်ခဲ့ပါတော့သည်။ အပြစ်ရှိကြတာချင်းက အတူတူပါပဲ ဆိုရင်တောင် ... သူ့ထက်တော့ ဘယ်နည်းနဲ့မဆို အပြစ်ရာခိုင်နှုန်း လျော့နည်းနိုင်သေးတဲ့ မြမဟာက လိမ့်ပိမ့်ကျဆုံးတော့မတတ် အခြေအနေမှာ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမဆို ရာခိုင်နှုန်း ခပ်များများနဲ့ မှားကိုမှားခဲ့တဲ့သူက တော့ ... သူတစ်ပါးရဲ့ ထိပ်နားက ... အထက်စီးကျကျ အနေ အထားမှာပင် ...။

မတတ်နိုင်ဘူးလေ ... ဝဋ်ဆိုတာ ... အပြစ်အနည်း အများပေါ်မှာ မူတည်ရဲ့လားမှ မသိတာ ...။ ဘာမှမတတ်နိုင် တော့တဲ့အဆုံး ဆိုရင် မြမဟာက ခုချိန်ကစပြီး ... လုပ်သင့်လုပ် ထိုက်တာတွေကိုသာ တောက်လျှောက် ဆက်လုပ်ရတော့မည်ပေါ့။

ပိုတို့ သင်တန်းပြီးဆုံးချိန်ကျမှ ... ကိုကိုက ... ပို ရှိရာသို့ ပြန်ရောက်လာခဲ့ပါသည်။ ရေစိုဆံပင်ကြီးကိုမှ သေချာ ပြန်မသုတ်နိုင် ... အဝတ်အစား လဲပြီးတာနဲ့ ချက်ချင်းပြန်ထွက် လာခဲ့သော ပိုက ... ကြိုတင်စကားခံထားခဲ့တဲ့အတိုင်း ... ပို့သင် တန်းသားများနှင့် ကိုကို့ကို မိတ်ဆက်ပေးလိုက်ပါသည်။

ကိုကိုကား ... ခုနကနှင့်တောင် မတူ ... အင်မတန် သဘောကောင်း ဖော်ရွေတတ်သူတစ်ယောက်ရဲ့ ဟန်ပန်နှင့် ... အားလုံးကို တညီတညာတည်း ... တပြုံးပြုံး ...။ မစ္စတာကာဆိဂိ တို့ သုံးယောက်နှင့် ကိုကိုက ကြိုသိနေကြသဖြင့် ပို့မှာ အံ့အား သင့်ရသေးသည်။ နောက်မှ ပဲခူးမှာ အလုပ်လုပ်နေကြသူချင်းပဲ ... ဟု ပြန်တွေးမိလျှင်တော့ ... သိပ်အံ့သြစရာ မရှိတော့သလိုလို ...။ မစ္စတာကာဆိဂိကြီးရဲ့ မျက်နှာထားကတော့ တစ်မျိုးများ ဖြစ်နေ ခဲ့သလား ... လို့ ပိုက ထင်နေမိသေးသည်။





အဘိုးကြီးနှင့် မမမြမဟာတို့များ မပြေမလည် တစ်စုံတစ်ရ ဖြစ်ထားကြလို့များလား ...။ မမမြမဟာကလည်း ဒီနေ့မှ ဘာ့ကြောင့် မပြောမဆို ... အကြောင်းမကြား ဘာမကြား ပျက်ကွက်ရသည် မသိ ...။ အဲ ... နေပါဦး ...။ ပဲခူးတစ်မြို့တည်း အချင်းချင်းမို့ ကိုကိုနှင့် မစ္စတာကာဆိဂိကြီးတို့ ကြိုသိနေနှင့်ကြ သည်ဆိုလျှင် ... သူတို့ ရုံးမှာပဲ အလုပ်လုပ်သော မမမြမဟာနှင့် ကျတော့ ကိုကိုက မသိဘူးလား ...။

အေးအေးဆေးဆေးမှ မေးကြည့်ရဦးမည်။

ညဖုန်းမြည်သံဟာ ... ညရုံးခန်းမှာ မြမဟာအတွက် နောက်ဆုံး ကောက်ကိုင်လိုက်ရသောဖုန်းလည်း ဖြစ်ချင်ဖြစ်မည် ဟု မြမဟာက ထင်နေသည်။ မြမဟာက သက်ပြင်းတစ်ချက်နှင့် ဖုန်းကို ကောက်ကိုင်လိုက်လေသည်။

"ဟလို ..."

"မြမဟာ ... ကျွန်တော်ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ပျစ်ပျစ်နှစ်နှစ် ပက်ပက်စက်စက် ပြောချထည့်လိုက်ဖို့ ပါးစပ်ကို ဟလိုက်မိပြီးကာမှ မြမဟာက ချက်ချင်းနှုတ်ခမ်းပြန်စေ့ ... နှုတ်ခမ်းကို သွားနှင့်ပါ ခပ်နာနာ ဖိကိုက်လိုက်ပါသည်။

"မိပို ပဲရူးပါလာလို့ ... အဲဒါ မြမဟာကို တွေ့မယ်ချည်းပြောနေတယ် ... ကျွန်တော် ဘယ်လိုစီစဉ်ပေးနိုင်မလဲ ..."

"ရှင် ... ရှင် ..."

ဒီတစ်ခါကတော့ ... ကိုယ့်ဘာသာ ထိန်းချုပ်လိုက်ရတာထက် ဘာပြောလို့ ပြောရမှန်း မသိနိုင်တော့လောက်အောင်ဖြစ်သွားရတဲ့အတွက် ... "တရှင် ... ရှင်"နှင့် စကားက ဆက်မရ ...။ အတန်ကြာမှသာ "တောက်"ခေါက်သံ ခပ်တိုးတိုးတစ်ချက်နှင့် ...

"ရှင် ... ကျွန်မအပေါ်မှာ ဘာအငြိုးများ ရှိနေသလဲ ... အဲဒီလောက်အထိ လိုက်ဖြစ်နေရအောင် ကျွန်မ ရှင့်အပေါ် တစ်ခုခု နစ်နစ်နာနာ ဘာများလုပ်မိခဲ့သလဲ ..."

"ခင်ဗျာ ..."

"ပြီးရင် အဲဒါ ရှင့်ဘက်က အတွက်တွေ မဟုတ်ပါဘူး ... သာမန်ပုံမှန် ရိုးသားသော ဖြစ်ရိုးဖြစ်စဉ်ပါလို့ ရှင် ပြောဦးမယ်"

"မြမဟာ ..."





"ကျွန်မ အမှန်အတိုင်း ထုတ်ပြောပြီး တောင်းပန်ခဲ့ပြီးပါပြီ ... ပို့ကို ကျွန်မ မတွေ့ပါရစေနဲ့တော့လို့ ... အဲဒါ ဘာကိစ္စ ရှင့်ဘက်က လိုက်လျောပေးဖို့ မဖြစ်နိုင်ရတာလဲ ... ရှင့်မိန်းမကို ... 'မိပို အထင်တွေ မှားယွင်းနေတာ အဲဒီတစ်ယောက်ပါပဲ ... ကဲ ... ကိုယ့်ရိုးသားမှုကို မိပို ယုံကြည်နိုင်ပြီ မဟုတ်လား ... မိပို အထင်မှားနေတဲ့ တစ်ယောက်ဟာ မိပို ချစ်ခင်ယုံကြည်တဲ့ တစ်ယောက်ပဲ ဖြစ်နေတာလောက် ... ကိုယ်တို့ဘက်က ရိုးသားမှုကို သက်သေထူချင်စရာ အကောင်းဆုံးအချက် ရှိနိုင်တော့မလားကွယ် ...'ဘာဘာညာညာတွေ ပြောချင်တာလေး တစ်ခုတည်းသက်သက်နဲ့ ..."

ရန်နိုင့်ဘက်က "မြမဟာ"ဟု ခေါ်လိုက်ပြန်သောလေသံမှာ ခါတိုင်း သူ့ထံမှ လက်ခံရနေကျ ... ကြွားဝင့်ဝင့် ... အထက်စီးကျကျ ... "ငါချည်းအကောင်း ... အမှန်"ဆိုတဲ့ လေသံမျိုး ပေါက်မနေတော့ဘဲ ... အတော်ကြီး စိတ်မကောင်းဟန် စွက်နေတာမို့ ... မြမဟာက ကိုယ့်ရဲ့ စိတ်လိုက်မာန်ပါ အပြောတို့ကို ... တန်းလန်းကြီး (ခေတ္တ)ရပ်နားလိုက်ပါသည်။

"မြမဟာ ... အဲဒီလို မဟုတ်ပါဘူး ... ဒါပေမဲ့ ခင်ဗျားဘက်က အဲဒီလို ယူဆလိုက်မိတာလည်း ခင်ဗျားအမှားလို့



www.burmeseclassic.com

www.burmeseclassic.com



မဆိုနိုင်ပါဘူး ... ကျွန်တော် ပြောပါရစေ ... ကျွန်တော် သိပ်မှားသွားခဲ့တာပဲ နေမှာပါ ...”

မြမဟာပင် အူကြောင်ကြောင် ဖြစ်သွားသည်။

“အခု ... မိပို ပဲခူးကို ပါလာခဲ့တာ ... ကျွန်တော် သူ့ကို ပေးထားလိုက်မိတဲ့ ကတိတစ်ခုကြောင့် မပါမဖြစ် ပါလာခဲ့တာပါ ... ကျွန်တော် သူ့ကို ကတိပေးမိတုန်းကတော့ ... ခင်ဗျားစွပ်စွဲသလိုပဲ ... ‘ငါ့ဘက်က မှန်ခဲ့တယ်လေ ... ရှင်းရဲ့လား ...’လို့ ခင်ဗျားကိုရော ... မိပိုကိုပါ ... ပြချင်တဲ့စိတ် တစ်ခုတည်းနဲ့ ပေးလိုက်မိတာမျိုးပါပဲ ... ဒါပေမဲ့ ... မိပိုရဲ့သင်တန်းမှာ ခင်ဗျားနဲ့ ဆုံလိုက်ရတော့ ကိုယ့်အမှားတွေ ... ကိုယ့်အတ္တတွေကို ကျွန်တော် ပြန်မြင်နိုင်သွားသလိုပဲ ... ခါတိုင်းလို ဆိုရင်တော့ မိပိုကို ကတိပေးမိမိ မပေးမိမိ ... အဲဒီကတိစကားကို တည်ဖြစ်အောင်ကို လိုက်နာပေးမယ်ဆိုတဲ့ စိတ်ထား ကျွန်တော့်ဆီမှာ ရှိချင်မှ ရှိမှာပါ ... ဒါပေမဲ့ ... အိမ်ထောင်ဦးစီး လင်ယောကျ်ားတစ်ယောက်ဟာ ကိုယ့်ကို ယုံကြည် အားကိုးနေရတဲ့ ဇနီးအပေါ် တတ်နိုင်သမျှ ကတိမဖောက်သင့်ဘူး ဆိုတာ ကျွန်တော် မြင်တတ်လာခဲ့ပြီ ... ကျွန်တော် ဘယ်လိုလုပ် နိုင်မလဲ မြမဟာ ...”





သြော် ...။ အမြင်မှန်တွေ ရလာပါပြီ ... ဟု ဝန်ခံချင်လာသည့် သဘောပေါ့နော် ...။ သြော် ... ဖြစ်ရလေ ...။ ကိုယ်ချည်းအမှန် ... ကိုယ်စိတ်ထင်ရာ လုပ်သမျှသာ အကောင်းဆုံးလို့ ယူဆတတ်တဲ့ ...၊ ဘာပြဿနာပဲ ဖြစ်လာလာ ... “အစကတည်းက ငါ့ဘက်က မှားမှမမှားခဲ့ဘဲ ...”လို့သာ ပြောချင်တတ်တဲ့ ...၊ အတ္တကြီးကြီး ယောကျ်ားတစ်ယောက်ရဲ့ အမြင်မှန်အတွက် ... ပြေးပေါက်မရှိနိုင်တော့သလို ... ချောင်ပိတ်ပြီး စတေးခံလိုက်ရသူကတော့ ... ဟောဒီက ... မြမဟာပဲပေါ့နော် ...။

“သူ အခု တွေ့ချင်နေတာ ... သူပြောခဲ့တဲ့ ကျွန်တော့် Construction Site ထဲက တစ်ကိုယ်လုံးဖြူနေခဲ့တဲ့ မိန်းမကလေး တစ်ယောက်ကို မဟုတ်ပါဘူး မြမဟာ ... သူယုံကြည်တဲ့ ... သူ ချစ်ခင်တဲ့ ... သူ့ဘဝအကွေ့အချိုးကို လမ်းကောင်းတစ်ခုပေါ် ရောက်အောင် ပို့ပေးလိုက်နိုင်တဲ့ သူ့အစ်မမြမဟာကိုပါ ...

လိပ်စာကို သူပဲပေးတာ ... ပဲခူးရောက်ရင် အဲဒီကိုပါ လိုက်ပို့ပေးလို့ သူပဲ ပြောတာ ... သူ အခု Site ထဲမှာပဲ ကျွန်တော့်လက်ထောက်တစ်ယောက်နဲ့ ရှိနေခဲ့ပါတယ် ... သူက မြမဟာဆီ လိုက်ပို့ပေးဆိုတာကို ... ခေါ်လာခွင့်ရှိမရှိ ... လိုက်ပို့ပေးလိုက်လို့ ရ,မရ ... အဲဒါ မြမဟာကို

www.burmeseclassic.com



ကျွန်တော်က အရင်လာ အကြောင်းကြား ခွင့်တောင်းတာပါ ...”

ဘာထူးမှာလဲ ...။ ဘာထူးတော့မှာလဲ ...၊ မိပိုကလေးဟာ ဘယ်လို မြမဟာကိုပဲ တွေ့ချင်တွေ့ချင် ... နောက်ဆုံးမှာတော့ ထိုနှစ်ယောက်ဟာ တစ်ယောက်တည်းသာပဲဟာ ...။ ယောကျ်ားနဲ့ မိန်းမ ... လူနှစ်ယောက် စိတ်အလိုလိုက် ... တွဲမိကြတာချင်း အတူတူ ...၊ သူ့ဘက်က စိတ်အလိုလိုက်ခဲ့မှုဟာ (သူ့နောက်ကွယ်မှာက အိမ်ထောင်ရှင် မိန်းမကြီးတစ်ယောက် တန်းလန်းနဲ့မို့) ပိုလို့တောင်မှ အပြစ်ကြီးခဲ့တယ်လို့ ဆိုနိုင်ပေမဲ့ တကယ်တမ်း ခံရတော့ ... မိန်းမသားဖြစ်တဲ့ ကိုယ့်မှာသာ ...။

သူ့ကို လူလွတ်တစ်ယောက် ဟုတ်မဟုတ် မစူးစမ်း မဆင်ခြင်ခဲ့မိတာကလွဲလို့ ... ဘာမှကို ကြိုမသိခဲ့ရတဲ့ ကိုယ့်မှာတော့ ... ကိုယ့်နားရောက်လာခဲ့တဲ့ သူကို လွယ်ကူ ယုံကြည်စွာ လက်ခံတွဲခဲ့မိခြင်းအတွက် ပြန်ခံရမှာက လုပ်မိတဲ့ လုပ်ရပ်နဲ့မမျှ ...။ သူကတော့ သူ့ဇနီးမယားလေး ကျေနပ်လောက်အောင် ပြန်ငဲ့ကြည့် ... ကိုယ့်ကိုယ်ကိုယ် ပြုပြင်လိုက်လျှင်ပင် ...ဘာအပြစ်မှ မရှိတော့သည့် ... ဘာမှ ထပ်မံခံစား ဒုက္ခရောက်နေဖို့ မလိုတော့သည့် ယောကျ်ားတစ်ယောက် ဖြစ်သွားခဲ့ပြီ ...။

အေးလေ ...။ ကိုယ့်အမှားကိုယ်သိ ... ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြီး ... တစ်ချက်မှ မသိတတ်ပေးခဲ့တဲ့ ကိုယ့်မိန်းကလေးအပေါ် ... ဒီလောက် ပြန်ငဲ့ကြည့် သိတတ်ပေးလာပြီဆိုရင်ပဲ ... (ကိုယ့်အနေနဲ့ မဟုတ်ဘဲ) ကိုယ်ခင်တွယ်ရတဲ့ ညီမလေးတစ်ယောက်ဘက်က ကြည့်ရင်တော့ အတော်ကြီးကို ဟုတ်လှပြီလို့ ပြောရတော့မလိုပေါ့နော် ...။

အဲဒါဟာ ... ယောကျ်ားနဲ့ မိန်းမဆိုတဲ့ မတူညီတဲ့ ကွာခြားချက်ကြောင့်ပါပဲ ...။ ယောကျ်ားဆိုသည့် အမျိုးအစားကို မိန်းကလေးတွေ အနေနဲ့ ဘယ်လိုမှ လိုက်ယှဉ်ပြီး ... ပြိုင်တူမိုက်ကြည့်လို့ မရနိုင်ပါဘူး ဆိုတာကို ... အကောင်းဆုံး ပြသနိုင်လိုက်တဲ့ ဥပမာပါပဲ ...။ ယောကျ်ားတစ်ယောက်သည် ချက်ချင်း အမှားပြင်လိုက်နိုင်လျှင်' ... အတိတ်မကျန်လှ ...။ မိန်းကလေးအနေနဲ့ကတော့ ... တစ်ချက် မှားမိပြီ ဆိုတာနဲ့ အချိန်ခပ်ကြာကြာကြီး ပြန်လည်ပေးဆပ် အထိနာရဦးမည်ဆိုတဲ့ သဘောပေါ့။

မြမဟာရဲ့ အလုပ်ပုံစံကိုက စက်ဘီးကလေးတစ်စီးနဲ့ တစ်နယ်လုံး ပတ်နေခဲ့ရတာဆိုတော့ ... ကိုယ်ကိုယ်တိုင် သဘောတူခွင့်ပြုခဲ့မိသူတစ်ယောက် ကိုယ့်နံဘေးမှာ အမြဲတကပ်ကပ်ကြီး ပါနေခဲ့တဲ့ ကိစ္စကို ... ချက်ချင်းကြီး ... ခဲဖျက်နဲ့ ဖျက်သလို ... ကတ်ကြေးနဲ့ ညှပ်ချလိုက်သလို အကွက်လိုက် ဖျောက်ထုတ်ပစ်ချင်လို့ ရနိုင်ပါ့မလားကွယ် ...။







www.burmeseclassic.com

www.burmeseclassic.com



မြမဟာက ခပ်တိုးတိုးကလေးနှင့် ...

"ရှင့်မှာ ဘာအပြစ်မှ မရှိပါဘူး ကိုရန်နိုင် ... ဒါ ကျွန်မ တကယ့်စိတ်ရင်းနဲ့ ပြောလာတဲ့ စကားလို့ ယူဆလိုက်ပါ ..."

"မဟုတ်ဘူး ... လူဆိုတာ ကိုယ့်အကြောင်းတော့ ကိုယ် အသိဆုံးပဲ မြမဟာ ..."

"ကျွန်မ အနေနဲ့ ..."

မြမဟာက စကားကို ရပ်ပစ်လိုက်သည်။ တော်ပြီ။ မှားပြီးရင်းမှား ဖြစ်ရအောင် ... တစ်ဖက်က ကိုယ့်ကိုယ်ကိုယ် ဝန်ခံနေချိန်မှာ ကိုယ်ကလည်း အတင်းဇွတ်ဝန်ခံနေပြန်ရင် ... ကိုယ့်ရင်ထဲက အကြောင်းကို တစ်ဖက်လူ မသိ,သိအောင်လုပ်နေရာပဲ ကျဦးမည်။

"ပို့ကို ဒီကိုလိုက်ပို့ပေးလိုက်ပါ ..."

"ရှိနေမှာလား ..."

"ဘယ်တော့မှ မရှိတော့ဘူး ကိုရန်နိုင် ... နှုတ်ဆက်ပါတယ် ... ကံကြမ္မာအရ ပြန်ဆုံဖြစ်ကြဦးမယ် ဆိုရင်တော့ ပို့ရဲ့ အစ်မတစ်ယောက် အနေနဲ့ ... ရှင့်ကို ကျွန်မပြန်မိတ်ဆက်ဖြစ်ရလိမ့်မယ်နဲ့ တူပါရဲ့ ..."

မြမဟာက ဖုန်းကို ချက်ချင်းချပစ်လိုက်ပါသည်။ ပြေးရတော့မည်ပေါ့။





ပို့နှင့် ရန်နိုင်တို့ ... ရုံးခန်းလေးသို့ ရောက်လာကြတော့ မြမဟာ တစ်ယောက် တကယ်ပဲ ရှိမနေတော့ပါ ...။ ပို့ကတော့ မဲ့မဲ့ရွဲ့ရွဲ့ကလေးနှင့် ...

"ပို့ ဒီရောက်လာတိုင်း မမမြမဟာက ဘယ်တော့မှလဲ ရှိမနေဘူး ..."

"သူ့မှာ အလုပ်တစ်ဖက်က ရှိနေသေးတယ် မဟုတ်လား မိပို့ ... ကိုယ် ဖြစ်စေချင်တာချည်းပဲ တွက်လို့တော့ ဘယ်ရနိုင်ပါ့မလဲ ..."

"ပို့က သူ့ကို ပြောပြစရာတွေ အများကြီး ရှိနေသေးတာ ... မတွေ့ကြရတာ ကြာပြီ ... သိပ်တွေ့ချင်တာပဲ"

"မင်း ဇွတ်ကြီးတော့ လိုက်လုပ်မနေနဲ့လေ ..."

"ကိုကိုက ဘာသိလို့လဲ ... ပို့ဘဝမှာ သူ့လောက် ပို့အပေါ် နားလည်ပြီး လိုက်ကောင်းပေးနိုင်တဲ့လူ ... နောက်တစ်ယောက် ရှိကိုမရှိနိုင်တော့ဘူး ... သူ့ကို ပို့က စိတ်ညစ်စရာတွေ ... နားပူနားဆာတွေ၊ အငိုတွေ၊ အဆွေးတွေနဲ့ချည်း အမြဲဒုက္ခပေးနေခဲ့မိတာ ... ခု ပို့ ပျော်တတ်လာပြီဆိုတာ ... သူ့ကို ပေးမသိချင်ရဘူးလား ...

ပို့ ငယ်ငယ်ကလေး ရှိသေးတယ်တဲ့ ... ဘဝတစ်ခုဟာ အမြဲတမ်းတော့ အမှောင်ချည်းပဲလည်း မဖြစ်နိုင်ပါဘူးတဲ့ ... ပို့ အနေနဲ့ ကိုယ့်ဘာသာကိုယ် လင်းလက်စ ပြုလာပြီလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်ရင် ... အရင်ဆုံး ပြေးပြောလိုက်ချင်တာကတော့ ... ပို့ရဲ့အစ်မ ... မမမြမဟာကိုပဲ ...”

ရန်နိုင်က မျက်လွှာပဲ ချထားကာ အသာလေး ငြိမ်သက်နေသည်။ အဲဒီလို စကားမျိုးတွေကို ... “တောက်”တွေ ... “ကျွတ်”တွေ ...၊ “မင်းအခုချက်ချင်း ပါးစပ်ပိတ်ပြီး ... မင်းစကားတွေကို ရပ်မစ်စမ်း” ... ဆိုတာတွေ ပေါ်မလာဘဲ ... ငြိမ်ငြိမ်သက်သက်ကလေး နားထောင်ပေးနေကတည်းက ... မ,ပြောခဲ့သလို ... “အမှောင်ချည်းပဲလည်း ဖြစ်မနေနိုင်ပါဘူး ပို့ရယ် ...” ဆိုတာ သိပ်ကို မှန်ကန်နေတာပေါ့ ...။

ခု ပို့ကိုကို ပြောင်းလဲလာပြီ ... မ ...။

ချက်ချင်းကြီးကို ရုတ်တရက် ပြန်ကောင်းသွားသလိုလိုမို့ ... ပို့မှာ အဲဒီအဖြစ်နဲ့ အထာမကျနိုင်ဘဲ ... ခပ်ကြောင်ကြောင်နဲ့ ဆက်ရှိနေရမလိုလို ...။ မ,ပဲပြောတယ် ...။ “လူတစ်ယောက်ဟာ တောင်အမြင့်ကြီး တစ်ခုကို ... ငါ ဖြစ်နိုင်မယ်မထင်ပါဘူးလို့ ... အောက်ခြေကနေ မော့ပဲကြည့်နေပြီး စိတ်လျှော့နေရင် ... သူဟာ အောက်ခြေကပဲ တစ်သက်လုံး မော့နေရလိမ့်မယ်”တဲ့ ...။ “တက်ကြည့်လိုက်ပေါ့ ... ပြန်ပြုတ်ကျလည်း ထပ်တက်ပေါ့ ...”တဲ့။ “ကြိုးစားကြည့်လို့ မရနိုင်ရင်လည်း ... မကြိုးစားဘဲ ထိုင်မော့ကြည့်နေတာနဲ့ ရလဒ်ကတော့ တူတူပါပဲ ... ရှုံးသွားတာ မဟုတ်ပါဘူး ...”တဲ့ ...။





ခု ပို့ကြိုးစားကြည့်လိုက်တော့ ... တောင်လည်းလောက်လား ... ဒါမှမဟုတ် ... တောင်ထိပ်နားလောက်နီးနီးလား ... ရောက်နေခဲ့ပြီ ထင်တာပဲ ... မ ...။ မ,ဆက်ပြီး လာတွန်းပေးရင်တော့ ... ပို ဘယ်တော့မှ ပြန်ပြုတ်မကျနိုင်တော့ဘူးလို့ ... ယုံကြည်လာသလိုပဲ ...။

ပို့က တောင်ထိပ်ပေါ်မှာပဲ ခိုင်ခိုင်မြဲမြဲကြီး ရပ်နေချင်တာ ...။ တောင်အောက်ကနေ မော့ကြည့်နေရတာ ဇက်ညောင်းတယ် ...။ အပေါ်ကို ရောက်လာလေလေ ... ပြန်ငုံ့ကြည့်ရတဲ့ အရသာက သာယာစရာ ကောင်းလေလေပဲ ...။

မ,လာဆက်ကူဦး ...။ ပျောက်မနေပါနဲ့ ...။ စိတ်ချရလောက်ပြီလို့ အတင်းကြီး ... ဖွတ်ယူဆမနေနဲ့ဦး ...။

www.burmeseclassic.com



## အခန်း(၇)

ပို့ တစ်ယောက်တည်း မမမြမဟာရဲ့ အိမ်သို့ပေါ် လာလိမ့်မည်ဟု မမမြမဟာက ဘယ်တုန်းကမှ ထင်ထားခဲ့မည် မဟုတ်ပေ ...။ သူပြောမှ လိုက်လုပ်တတ်တဲ့ ပို့ကလေးဟာ သူနဲ့ မတွေ့ရရင် ဘယ်လိုမှ နေနိုင်မည်မဟုတ် ဆိုတာကိုလည်း သူ အတိအကျ သိချင်မှ သိပေလိမ့်မည်။

"ပို့ သင်တန်းကို သူ လိုက်ခဲ့မယ်တဲ့ ... မ ..." ဆိုတော့ ...

"ခေါ်ခဲ့လိုက်ပေါ့ ... သူ မကြိုက်ဘူးလို့ အတိအလင်း ဆိုထား ပြီးသား တစ်ခုကို သူကိုယ်တိုင်က ခွင့်ပြုပေးသလို ဖြစ် ရမှာ ... ကိုယ့်ဘက်က အောင်မြင်မှုပဲပေါ့ ..."တဲ့။





"ဟိုတစ်ယောက်နဲ့လည်း မိတ်ဆက်ပေးမလို့တဲ့ ..." ဆိုတော့ ...

"တွေ့လိုက်ပေါ့ ... "တဲ့ ...။ "အဆင်ပြေမှာပါ ..." တဲ့ ...။

အဲ့ဒီကတည်းက မ,နဲ့ ပို့နဲ့ မတွေ့ကြရတော့တာ ...။ ပို့ ဆက်ပြီး အောင်မြင်နေဆဲလား ...။ ဒါမှမဟုတ် ကူကယ်မဲ့သူ ဝေးကာ လှိမ့်ပိမ့်ဒုက္ခရောက်လို့ နေပြီလား ... မ,ဆက်မသိချင်ဘူး လား ...။

ကိုကို့ဘက်က "ဟို ... တစ်ကိုယ်လုံး ဖြူနေတယ် ဆိုတဲ့ တစ်ယောက်နဲ့လည်း မိတ်ဆက်ပေးရင်းနဲ့လေ ..."လို့ ပြောလိုက်စဉ်ကတော့ ..."ဖြစ်ပါ့မလား ... ဘယ်လိုရင်ဆိုင်ရပါ့ မလဲ"လို့ အပူကြီး ပူခဲ့ရတဲ့ ပို့က ... ကိုကိုက ထိုစကားကို ပြန် လို့ကို မ,စတော့တဲ့အခါမှာတော့ ... "မတွေ့ရသေးဘူးလား ... တွေ့မယ်လေ ..."နဲ့ တကျိကျိ လုပ်ချင်လာပြီ ...။ ကိုကိုက တော့ သူ ပြောခဲ့မိတာတောင်မှ ခေါင်းထဲမှာ ရှိသေးရဲ့လား မသိပါ ...။

ပဲခူးက အလုပ်ထဲကို လိုက်သွားခဲ့ရတော့လည်း ... ကိုကို့ရဲ့ဇနီးမယားတစ်ယောက် အဖြစ် ... အားလုံးရှေ့မှာ မျက်နှာ ပွင့် ဂုဏ်တင့်ရတာကလွဲရင် ... "အဖြူရောင်"နဲ့လည်း မတွေ့ခဲ့ ရ ...။ မ,နဲ့လည်း မဆုံခဲ့ရ ...။ ပို့စိတ် ပို့သဘော ... (အသိဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



သိပ်မရှိလှတဲ့ ထုံမကလေးရဲ့ ဆန္ဒနဲ့) ဆိုရင်တော့ ... "ခဏနေခဲ့ဦး ... ကိုယ် ကိစ္စတစ်ခု ရှိသေးလို့"ဆိုပြီး ကိုကို ခဏပျောက်သွားတုန်းက ... ကိုကို့မန်နေဂျာပါ ... ဆိုတဲ့လူကို ... "ကိုကိုက ဒီမှာ ဘယ်လိုနေထိုင်သလဲဟင် ... အဲဒီအဖြူရောင်တစ်ယောက်ကိုရော ... သိမလားဟင် ... မြင်ဖူးသလားဟင် ... ကိုကိုနဲ့ ဘယ်လိုအခြေအနေမှာ ရှိကြသလဲဟင် ..."လို့ ချက်ချင်းကို တန်းမေးပစ်မိမှာပေါ့ ...။

ဒါပေမဲ့ မ,သာဆိုရင်တော့ ... အဲဒီလိုမျိုးကြီး လုပ်ချမပစ်ဖို့ တားကိုတားမှာပဲဟု ပိုသိနေသည်။ "အသိဉာဏ်ရှိတဲ့ မိန်းကလေးဟာ ... ကိုယ့်ယောကျ်ားကို ... လူပုံအလယ်မှာ ... သူ့တပည့်သားချင်းတွေရဲ့ ရှေ့ကြီးမှာ ... မျက်နှာပျက် ... နာမည်ကျရအောင် လုပ်သိမ့်မှာ မဟုတ်ဘူး ..."ဟု မ,သာ ပို့အနားမှာ အဲဒီအချိန်က ရှိနေမယ် ... ဆိုရင်တော့ ... ပြောကို ပြောမှာပဲ မဟုတ်လား။

ပို ထိန်းခဲ့ပါတယ် ...။ မ,သာဆိုရင်တော့ ဘယ်လို လုပ်ရှားမလဲ ...။ မ,ရှိနေရင်တော့ ဘယ်လိုပြောမလဲ ...။ ပိုက ပြန်,ပြန်တွေးပြီး ...(ကိုယ်စိတ်ထင်ရာ ကိုယ်လျှောက်လုပ်ပစ်ချင်တာတွေကို) အသိဉာဏ်လေး ထုတ်,ထုတ်သိမ်းပြီး လှုပ်ရှားခဲ့ရတယ် ...။ မ,ကမှ မရှိတာကိုး။ ခု ပို သိပ်အောင်မြင်နေတာ ...။ ကိုကိုတစ်ယောက် အရမ်းကို သိပ်ကို လိမ္မာပြောင်းလဲလာတာ





မ, မသိချင်ဘူးလား ...။ မ,ရဲ့ အလုပ်တွေက အဲဒီလောက်တောင်ပဲ များနေလို့လား ...။

ရေကူးသင်တန်းသို့လည်း ပေါ်မလာ ...။ တကယ်ဆို မ,တို့ အသုတ် သင်တန်းကို သင်တန်းဆင်း ... အပြီးသတ်ပေးလိုက်မယ်ဆိုရင်လည်း အမှန်မှန်က ရတောင်ရလောက်နေပါပြီ။ သင်တန်းပျက်ရက်များတတ်သော ... တစ်ခါတစ်ရံ ဂျစ်ပေပေနှင့် အခွင့်အရေးယူကာ ... "ကြောက်သည် ... ပျင်းသည် ..."နှင့် ... သင်တန်းသို့ ရောက်တော့လာပြီး ရေထဲမဆင်းတတ်သော ... မ,ကလွဲရင် ... ကျန် နိုင်ငံခြားသား တစ်သိုက်လုံးလိုလို ... သူတို့ဆန္ဒရှိရင် သင်တန်းဆင်းပေးလိုက်လို့တောင် ရနေပြီ ...။

ဟိုတယ်မန်နေဂျာကြီးကလည်း ... မ,တို့နောက်နားလောက်ကမှ လိုက်ကပ်စ,ပြီး ... မ,တို့နဲ့ တစ်ချိန်တည်း ပူးသင်ဖြစ်နေသော ... ကလေးတစ်အုပ်ကို အချိန်ပြန်လွှဲပြီး ... နောက်ထပ် ... သင်တန်းအပတ်စဉ် အသစ်တစ်ခုကို ထပ်စ,ဖို့ ... သူ့ဘက်က အဆင်သင့် လူစုပြီး အချိန်တောင် ထပ်တောင်းနေပြီ ...။

"ဒီအသုတ်ထဲကပဲ ... နောက်သင်တန်းမှာ ထပ်တက်ဦးမယ်ဆိုတဲ့သူ ရှိရင် ... ဆက်ယူပေးလိုက်ပြီး ... ဒီအသုတ်ကိုတော့ ဆင်းပေးရင် ပေးလိုက်တော့လေ ... သမီး ... ဖြတ်လိုက်လို့ ဖြစ်နိုင်နေကြပြီ မဟုတ်လား ..."တဲ့။ ပိုကတော့ ..."မနဲ့ တိုင်ပင်ကြည့်လိုက်ဦးမယ် ..."လို့ပဲ ပြောလိုက်သည်။ သူ့စကားကို အတည်ယူ



www.burmeseclassic.com

www.burmeseclassic.com



ရကောင်းလား … ကိုယ့်သဘောနဲ့ကိုယ် မဆုံးဖြတ်နိုင်ရကောင်းလား … လို့ အဘိုးကြီး ကြည့်ရတာ … တယ်ကြည်လင်လှဟန်မရှိ …။

တကယ်ဆို သူ့ရဲ့ Swimming Club ဟာ ခုဆိုနာမည်အတော်ထွက်လာပြီမို့ … ပိုမဟုတ်တဲ့ တခြား Trainer တစ်ယောက်ကို ခေါ်ငှားကာ အသစ်စ,မယ်ဆိုလည်း သူ့အနေနဲ့ကတော့ လုပ်မယ်ဆိုရနိုင်တာမျိုးပါပဲ …။ ဒါပေမဲ့ ပို့ ကြောင့် ဒီလိုနာမည်ထွက်လာရတာ …၊ ပို့ကိုမှ နိုင်ငံခြားသား အများစုက လိုလားနှစ်ခြိုက်နေကြတာ … ဟု … ပို့ကိုပဲ ဦးစားပေးပြီးပြန်ခန့် … ပိုနဲ့ပဲ စီစဉ်ချင်တာမျိုးမို့ … ပို့ဘက်ကလည်း အလိုက်တသိနဲ့ သူ့အစီအစဉ်ကို ခေါင်းညိတ်လိုက်ရင်တော့ နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်တာပေါ့ …။

ဒါပေမဲ့ ပို့အနေနဲ့က မ,နဲ့တိုင်ပင်မှကို ဖြစ်မည်။ မှကို မေးကိုမေးမှ ဖြစ်ပါမည် …။ အဲဒီအသုတ်ကို သင်တန်းဆင်းချလိုက်ရင် မ,အနေနဲ့က မပြီးမစီး … မပြည့်မစုံကြီးနှင့် … တကယ်လည်း ကျွမ်းကျင်ပိုင်နိုင်သေးတာမှ မဟုတ်ဘဲ …။ သူ့အဖော်တွေ မရှိတော့တာမို့ … ကလေးအုပ်စုနဲ့ပဲ သွားပေါင်းရမှာလား … မတတ်ဘဲနဲ့ ပြီးလိုက်ရမှာလား … မ,အတွက် ကိုးလိုးကန့်လန့်ကြီး ဖြစ်သွားရှာမှာပေါ့ …။ မ, စိတ်ကြိုက် ဆုံးဖြတ်မှဖြစ်ကိုဖြစ်မဲ့ကိစ္စပါ …။





သို့သော် … ပိုကပဲ ကံကဆိုးလွန်းနေတာလား …။ မ,ကပဲ ခြေဗွေပါနေတာလား မသိဘဲ … မ,အိမ်သို့ ပိုရောက်သွားသောအခါ … မ,ကမ,ရဲ့ အိမ်မှာပါ ရှိမနေခဲ့ပါပေ …။

"အဲဒီ မ,ဟာ ပဲခူးမှာလည်း မရှိ … ရန်ကုန်မှာလည်း မရှိ … ကြားထဲက တောက်ကြဲလောက် … လှည်းကူးလောက်မှာများ ပျောက်နေသလား မသိပါဘူး … အတော် ခြေဗွေပါတယ်တော့ …"

ပိုက သူမျှားအိမ်ရာမှာပင် မကျေမနပ်နှင့် ဗျစ်တောက်တောက်တွေ လုပ်နေလိုက်သေးသည်။ ပို့ကို … "သမီး မရှိပါဘူးကွယ် …"ဟု ထွက်ပြောသော အန်တီကြီးက … ပို့ရဲ့သတိလက်လွတ် တဗျစ်တောက်တောက် အပြောကို သဘောကျသလို ရှိနေရင်း … ပိုက … "ဒါဖြင့်ရင် သမီး ပြန်လိုက်ပါဦးမယ် … အန်တီ" ဟု နှုတ်ဆက်သောအခါ …

"အန်တီက မြမဟာရဲ့ မေမေပါကွယ် … သမီးမြမဟာ မရှိပေမဲ့ … ဒ်ကသမီးလေးနဲ့ အန်တီနဲ့ စကားနည်းနည်းလောက် ပြောလို့မရဘူးလား …"

မ,ရဲ့မေမေ ဆိုသူ အန်တီကြီးကို ပိုက မြင်မြင်ချင်းပင် သဘောတကျ နှစ်လိုခဲ့ရတာမို့ … "ဟုတ်ကဲ့ပါ …"ဟု ချက်ချင်းပင် ခေါင်းညိတ်လိုက်ကာ … မပြန်ဖြစ်တော့ဘဲ … မ,တို့အိမ် ဧည့်ခန်းထဲသို့ ရောက်ရှိခဲ့ရပါသည်။ မမြမဟာရဲ့ ပုံကြ



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုနေရင်းနဲ့ကို တော်သော ထက်သော ... အဖိုးတန်မိန်းမပျိုတစ်ယောက်ပုံ ပေါက်နေခဲ့တာသည် ... မ,ရဲ့မေမေ အန်တီကြီးကိုပါ မြင်လိုက်ရလျှင်တော့ ... တစ်စက်မှ အံ့သြနေစရာမလိုတော့ပါပြီ ...။

ပြည့်ဝသော ... တည်ငြိမ်သော ... အေးဆေးသော သွင်ပြင်ဟန်တွေ အပြည့်နှင့် မ,ရဲ့မေမေဟာ အသိဉာဏ်ပညာကြီးမားသော ရုပ်မျိုးလည်း သိသိသာသာကြီးပင် ထွက်ပေါ်နေကာ ... သူ့အသက်အရွယ်နှင့်သူ အင်မတန် ကြည့်ကောင်းလှသော မိန်းမကြီးပါပေ ...။

ပိုက ကိုယ့်မိခင်ကို ပြေးသတိရမိပါသည်။ ပို့ရဲ့မေမေဟာတော့ အိမ်ထောင်ရှင် သမီးတစ်ယောက်ရဲ့မိခင် ... အဖြစ် ဘယ်လိုမှ မပီပြင်နိုင်သေးဘဲ အရွယ်တင် နုနယ်လှသော မိန်းမတစ်ယောက်လိုလို ...၊ အရွယ်နှင့် အသိဉာဏ် အခြေအနေ ထပ်တူကျရတော့မည့် အချိန်မှာ မကျနိုင်သေးသည့်သူတစ်ယောက်လိုလို ...။ သမီးနဲ့ အမေဖြစ်သူတို့ တစ်ရွယ်တည်း တစ်သိဉာဏ်တည်း ဖြစ်နေတော့ကာ ဇကောဇကနှင့် အလွန်တရာ ကိုးလိုးကန့်လန့်နိုင်သော အဖြစ်မျိုးမှာပဲ ရှိနေခဲ့တာပါ ...။

အဲဒါမျိုးတွေကို ... (မ,ရဲ့ တစ်စစ ပြုပြင်ပြောကြားမှုတွေအရ) စဉ်းစားတွေးခေါ်နိုင်လာပြီးတဲ့ အခါမှာ ... ပိုဟာ မ,ရဲ့မေမေလို မိခင်ကြီးမျိုးတွေကို တောင့်တလိုလားခဲ့မိသော်





လည်း ... "နှင့်ကြောင့် ... နင့်ကြောင့် ..."နှင့် လက်ညှိုးထိုးတတ်သည့် ကိုယ့်မေမေကိုယ်လည်း အပြစ်မမြင် ... စိတ်မသက်မသာ မဖြစ်ချင်လှတော့ပါပေ။

"အန်တီနာမည်က ဒေါ်မြနွယ်လို့ ခေါ်ပါတယ် ..."

"သမီးကတော့ ... အပိုပါ အန်တီ ..."

"ခုနက အိမ်က ကလေးမလေး ... အန်တီ့ကို လာပြောတုန်းက သမီးနာမည်ကို အန်တီ သိပြီးပါပြီကွယ် ... ပဲခူးကပဲလား ..."

"ရန်ကုန်ကပါ အန်တီ ..."

"ဪ ... မြမဟာရဲ့ သူငယ်ချင်းတွေထဲမှာ သမီးကို အန်တီက သိပ်မသိတော့ ... ခုနောက်ပိုင်း ... ပဲခူးရောက်မှ ခင်ကြတာများလားလို့"

"ခင်ကြတာ မကြာသေးပါဘူး အန်တီရယ် ... မ,ကသမီးအပေါ် သိပ်ကောင်းတာ ... သူက သမီးရဲ့အစ်မလည်း ဟုတ် ... အမေလည်း ဟုတ်တယ် ... နည်းပေးလမ်းပြတဲ့ ဆရာဆိုလည်း ဟုတ်တာပဲ ... မ,နဲ့ ခင်ကြပြီးမှ ... မ,ကြောင့် သမီးဘဝကြီးမှာ တိုးတက်အောင်မြင်လာရတာတွေလည်း အများကြီးပဲ ... အဲဒါကြောင့် သမီးက မ,ကိုဆို သိပ်ချစ်တာ ... သူကလည်း ခင်ကြတာ မကြာသေးပေမဲ့ သမီးကို သူလည်း ချစ်တယ်ဆိုတာ သမီး သိပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



မ,မေမေ အန်တီကြီးရဲ့ မျက်နှာက တစ်မျိုးလေး ဖြစ်သွားပါသည်။

"ခုနောက်ပိုင်းမှာလေ အန်တီ … သမီးက ဘာလုပ်လုပ် … မ,ကို မေးပြီးမှ … မ,အကြံပေးတဲ့အတိုင်း ညွှန်ကြားတဲ့ အတိုင်းချည်းပဲ လိုက်လိုက်လုပ်တတ်တော့ … မ,မရှိရင်ကို သမီးမှာ မဖြစ်တော့မလောက် ဖြစ်နေရတာ အန်တီရယ် … မ, ပြောသလို လုပ်လိုက်ရင် အောင်မြင်တာချည်းပဲ … အကောင်းချည်းပဲ … သမီးဟာ သမီး စဉ်းစားရရင် … ဘာမှ အသုံးကျတာ မဟုတ်ဘူး …"

"အဲဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲကွယ် …"

"ဟုတ်တယ် အန်တီရဲ့ … တကယ် … ခုကြည့် … သမီးမှာ သမီးဟာနဲ့သမီး မလုပ်တတ်တော့တဲ့ တိုင်ပင်စရာတွေ တစ်ပုံကြီးနဲ့ ဖြစ်နေပြီ … အဲဒါ မ,က ဘယ်ပျောက်နေမှန်းကို မသိဘူး … ပဲခူးမှာလည်း မရှိ … ရန်ကုန်မှာလည်း မရှိနဲ့ … မသိတဲ့သူ ဆိုရင် … မ,များ ငါ့ကို ရှောင်ပြေးနေပြီလားတောင် ထင်လောက်တယ် … အဲဒီလောက် ကြာနေပြီ … မတွေ့ရတာ အန်တီရဲ့ …"

တည်ငြိမ်သော အန်တီကြီး တစ်မျိုးဖြစ်သွားပြန်သည်။





"သူ့မှာလည်း သူ့ကိစ္စနဲ့သူ ရှိပါလိမ့်မယ်ကွယ် …"

"အဲဒါပေါ့ မ,က … သမီးကိစ္စတွေဆိုရင် သူ့ကိုအားလုံး တိုင်ပင်ပြီး … သူပြောတဲ့အတိုင်းချည်း လုပ်တာ … သူ့ကိစ္စကျတော့ သူက သိပ်ဖုံးထားချင်တာ အန်တီရဲ့ … သမီးကလည်း ကိုယ်က တတ်တတ် မတတ်တတ် … ကိုယ့်အစ်မကိစ္စတော့ ကိုယ်ကူညီချင်တာပေါ့နော် … တစ်ခါလားပဲ သူ ပြောဖူးပါတယ် … သမီးက သိပ်ခေါင်းကောင်းတာမှ မဟုတ်တာ … ထင်ရာမြင်ရာတွေ လျှောက်ပြောတော့ … ရှေ့စကားနဲ့ နောက်စကားနဲ့က မညီဖြစ်နေရော … သူ စိတ်ပျက်သွားတယ်နဲ့ တူပါတယ် … ဘာမှမပြောတော့ဘူး … သမီးက ပြန်စ,ရင်တောင် … သူက ပိတ်သွားရော"

မ,ရဲ့မေမေက မျက်ခုံးလေး နှစ်ဖက်ကို အသာပင့် တာ …

"သူပြောဖူးတာ ယောကျ်ားလေးကိစ္စများလား သမီး…"

ဒီတော့မှ ပိုက ပါးစပ်ကလေးကိုပင် လက်ဝါးလေး ［…］င့် ယောင်ပြီး ပိတ်အုပ်လိုက်မိကာ … "ဟိုက်"ခနဲ ဖြစ်သွားရပါ သည်။ ပိုတော့ နှုတ်ဖွာဖွာနှင့် ဘာတွေ လျှောက်ပြောမိပြီလဲ…။ ［…］ာက်တော်ကြာ မ,ရဲ့မေမေက ပို့ဆီက အစ်ယူထားနိုင်လိုက်ပြီး … ［…］,ကို ပြန်ဆူနေရင် နေရင်းထိုင်ရင်း … ဖော်ကောင်လုပ်မိတဲ့ ပို့ ［…］ကြောင့် မ,မှာ သက်သက် ဒုက္ခရောက်ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး အန်တီ ..."

မြန်မြန် ပြန်ဖုံးဖိပုံက မပိရိ မသေသပ်လှတာမို့ မ, မေမေက ပြုံးပါသည်။ ပြီးမှ သက်ပြင်းလေးတစ်ချက်နှင့် ...

"သမီး မြမဟာ စိတ်ညစ်ပြီး တစ်ခုခု ဖြစ်နေတယ်လို့ အန်တီ ထင်တယ် ... မြမဟာက အန်တီ့ကို အမြဲဖွင့်ပြော ပြ တိုင်ပင်လေ့ရှိတတ်ပါတယ် ... ဒီတစ်ခါတော့ ဘာမှကို ထုတ်မပြောလို့ အန်တီက အံ့သြနေတာ ... သူ့ကို သူ့ စိတ်ကြိုက်ဆုံးဖြတ်ခွင့် ပေးပြီး အုပ်ထိန်းထားတာမို့ ... အတင်းအကျပ်ကြီးလည်း အန်တီက ဖွင့်မမေးချင်ပါဘူး ... သူ ဘယ်လောက်အထိ စိတ်ညစ်နေသလဲဆိုရင် ... သမီး ကိုတောင်မှ သူ မတွေ့ချင်ဘူး ..."

"ရှင် ... အန်တီ ..."

"ဒါ အန်တီ အမှန်အတိုင်း ပြောတာ ... ပြောပြီးရင်တော့ မေတ္တာရပ်ခံတာမျိုးပါ တစ်ခါတည်း လုပ်ရမယ်နဲ့တူတယ် ... သမီး သူ့ကို ဒီလောက် လိုက်ဖမ်းနေတာတောင် မတွေ့ရ တာဟာ ... သူ့ဘက်က တကယ်ပဲ ရှောင်နေခဲ့လို့ပါ ..."

ပိုက ပါးစပ်လေး အဟောင်းသားဟကာ ... "ပို ... ပို ... ဘာလုပ်မိလို့လဲ ..."ဟု ဝမ်းပန်းတနည်း ဆိုလိုက်မိ လျှင် ...





"အပို ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို သူ မတွေ့ချင် ဘူး ... အဲဒီမိန်းကလေး ရောက်လာရင် သူ ဘယ်တော့မှ မရှိဘူးပဲလို့ ဆိုခဲ့တုန်းက အန်တီလည်း ... ဒီမိန်းကလေး ဟာ ဘာများ လုပ်ထားလို့ပါလိမ့်လို့ ထင်ခဲ့သေးတာပါ ... ဒါပေမဲ့ ခု သမီးပြောပုံဆိုပုံအရ ဆိုရင် ... သမီးကိုပါ သူ မတွေ့ချင်တော့တာ သမီးနဲ့ တိုက်ရိုက်ဖြစ်တဲ့ ပြဿနာ တော့ ဟုတ်နိုင်မယ် မထင်ပါဘူး ... သူ့ဘာသာ စိတ် ညစ်စိတ်ရှုပ်ရလွန်းလို့ ... သမီးအပါအဝင် ... သူနဲ့သိကျွမ်း တဲ့ ဘယ်သူ့ကိုမှ မတွေ့ချင်တော့တဲ့ သဘောထင်ပါရဲ့ ... သူ့ရုံးက လိုက်လာကြတာတောင် ... ထွက်မတွေ့ဘူး ကွယ် ... မရှိဘူးလို့ပဲ ပြောပေးရတယ် ..."

"ဒါဆို ဒါဖြင့် ..."

"ခုတော့ တကယ် အိမ်မှာ ရှိမနေတာပါ ... အန်တီ မလိမ်ပါဘူး ... ခရီးထွက်သွားတယ် သမီးရဲ့ ... ဒီတော့ သမီးကိုလည်း အန်တီက မေတ္တာရပ်ချင်တာက ... သူ့ကို လိုက်ရှာတာတို့ ... ဆက်သွယ်တာတို့ ... မတွေ့တွေ့အောင် လိုက်ကြိုးစားနေတာတို့ကို သမီးဘက်က ခဏလောက် ရပ်ထားပေးပါလား ... အန်တီ ထင်ပါတယ် ... သမီးတို့ ပြဿနာ ဖြစ်လိုက်ကြတာမှ မဟုတ်တာဘဲ ... သမီးတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်နဲ့ တွယ်တာချစ်ခင်ပုံတွေအရဆိုရင် ... သူ့စိတ်တွေ ပြန်ကြည်လာတဲ့အခါ ... ပတ်ဝန်းကျင်နဲ့ အဆက်အဆံ အပတ်အသက် ပြန်လုပ်ချင်လာတဲ့ အခါမှာ ... သမီးကို သူ့ဘက်ကစပြီးတော့တောင်မှ ဆက်သွယ်လာမှာပါ ... အဲဒီ တစ်ချိန်လေးကို ငါ့သမီးက ခဏလောက် စောင့်ပေးပါလား ..."

ပိုသည် ထိုင်နေသော ကုလားထိုင်ထက်၌ ပုံခွေခွေလေးဖြစ်သွားခဲ့ရအောင်ပင် စိတ်လက်မကောင်းနိုင် ဖြစ်လိုက်မိရပါသည်။ ဘယ်လိုဖြစ်ရတာလဲ ... မ,ရယ် ...။ မ,ရဲ့ ပဲခူးသားဟာ ဒီလောက်ပဲ ဆိုးရွားနေတဲ့ လူတစ်ယောက်လား ...။ သူ့ရဲ့ ထိုးနှက် တိုက်ခိုက်ချက် ... ဒါမှမဟုတ် ပေယျာလကံပြု လျှစ်လျူရှုချက်က မ,ကို ဒီလောက်ကြီးအထိ ဖြစ်သွားစေနိုင်သတဲ့လား ...။

ပိုက သူ့သမီးအတွက် မျက်နှာညှိုးနေရှာသော အန်တီကြီးကို တစ်ခုခုတော့ ပြောပြဖို့ ဆုံးဖြတ်လိုက်သည်။

"ပဲခူးသားတစ်ယောက်တော့ ရှိတယ် အန်တီ"

အန်တီကြီးက မျက်ခုံးလေး အသာပင့်ကာ ...

"အဲဒါကြောင့် ထင်ပါရဲ့ ... အဲဒီအလုပ်က သူ ထွက်လိုက်မယ် ..."





"အဲဒီနယ်က လူတွေက သူ့ကို အရမ်းချစ်ပြီး အားကိုးကြတာ ... သနားပါတယ် အန်တီ ... သူတို့တော့ ကံဆိုးတာပဲနော် ... မ,ကို သူတို့ ဘယ်တော့မှ ပြန်မတွေ့ကြရတော့ဘူးပေါ့ ..."

ပြောရင်းက တစ်စုံတစ်ခုကိုပါ ဆက်စပ်တွေးလိုက်မိကာ လန့်ထိတ်သွားမိသော ပိုသည် ... အလန့်တကြား ခပ်မြန်မြန်နှင့် ...

"သမီးရော မ,ကို ပြန်မတွေ့ရပါ့မလား ..."

"ဒီအိမ်က အန်တီယယ်ကလေးတည်းက နေလာခဲ့ပြီး ... ဒီအိမ်မှာပဲ အန်တီက ခေါင်းချသွားဖို့ ရည်ရွယ်ထားပြီးသားပါ သမီးရယ် ... ဒီအိမ်ကတော့ သူ ပြောင်းထွက်မသွားနိုင်လောက်ပါဘူး ... သမီးလည်း ဒီအိမ်ကို သိနေပြီးသားပဲဟာ ... အချိန်ကလေး တစ်ခုသာ စောင့်ပါ ...

အန်တို့သမီး မြမဟာ အကြောင်းလည်း အန်တီ အမှန်အတိုင်း သိခွင့်ရလိုက်တဲ့အတွက် သမီးကို အန်တီက ကျေးဇူးတင်ပါတယ် ... မြမဟာရဲ့ ပြဿနာက အဲဒါပဲ ဆိုရင်တော့ ... သူ အချိန်သိပ်ယူမယ် မထင်ပါဘူး ... ပုံမှန် ပြန်ရောက်ဖို့ မြန်ပါလိမ့်မယ်လို့ အန်တီ အာမခံရဲပါတယ်... အချစ်ရေးကိစ္စ ဆိုတာနဲ့တော့ သူ့ကိုယ်သူ ဖျက်ပစ်မဲ့ လူမျိုးလို့ မြမဟာကို အန်တီက မထင်ဘူးကွယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ပိုလည်း ခုမှပင် ရင်ဘတ်လေးဖိ … သက်ပြင်းလေး အသာချနိုင်ကာ …

"သမီး အချိန်စောင့်ပေးနေပေမဲ့ … အန့်တို့ဆီတော့ ဖုန်း
ခိုးဆက်ကြည့်နေလို့ ရနိုင်မလား အန့်တိ …"

မ,ရဲ့မေမေက ပြုံးပြီး ခေါင်းညိတ်ပြပါသည်။ ပိုက "ပြန်တော့မည်"ဟု နှုတ်ဆက်လျှင် ဒီတစ်ခါမှာတော့ မ,ရဲ့မေမေက တားမြစ်မထားတော့ဘဲ ခေါင်းညိတ်ခွင့်ပြု နှုတ်ဆက်ပါသည်။ မ,တို့အိမ်ထဲမှ ထွက်ခွာလာခဲ့သော ပိုသည် အတွေးစလေးပေါင်း မျိုးစုံနှင့် ခြေလှမ်းတို့က နှေးကွေးကာ ဦးခေါင်းလေးကလည်း ငုံ့စိုက်ကျလျက် …။

မ,ရယ် … ဘယ်လိုဖြစ်ရတာလဲ …။ ပို အားကိုးတဲ့ မ,ဟာ အဲဒီလောက်ကြီး ပျော့ညံ့လိမ့်မယ်လို့ ပို ဘယ်လိုလုပ် ယုံကြည်ကြည့်ရမလဲ …။ ဇာတ်လမ်းကစတောင်မှ မစလိုက်ကြရဘဲ ပြီးသွားကြတာဆို …။ အဲဒါကို မ,ကိုယ်တိုင် ပို့ကို ပြောပြခဲ့စဉ် ကတော့ မ,ဟာ ဒီလောက်ကြီး ခံစားထိခိုက်၊ ပတ်ဝန်းကျင်က တောင် ထွက်ပြေးနေရလောက်အောင် အထိလည်း မဟုတ်ခဲ့ပါ လား။ "မ,တို့ဇာတ်လမ်းက မစလိုက်ဘဲ ပြီးသွားပါပြီ …"လို့ မှုန်မှုန်မှိုင်းမှိုင်း (သို့သော် ခပ်အေးအေးပင်) ပြောခဲ့တဲ့ မ,က ခုလို ပို့ကိုပါ မတွေ့ချင်တော့ပါဘူးလို့ ထုတ်ပြောတားမြစ်ထားဖို့ ဝေးလို့ … ပို့ရဲ့နောက်ဆုံးအခြေအနေတွေကိုပဲ စိတ်ဝင်တစားနဲ့ …





"ဘာလုပ် … ဘာလုပ်"လို့ တက်တက်ကြွကြွပဲ ကူညီနေခဲ့သေး တာပါ။

မ,က အဲဒီလောက် ပျော့ညံ့လို့လား။ ပြီးပြီးသား ဇာတ်လမ်းတစ်ခုက ဘယ်လိုများ အသစ်ပြန်စဖြစ်ပြီး … မ,ကို ဘယ်လောက်ထိ … ထိခိုက်သွားစေပါသလဲ …။ ပို့ကိုတောင် မတွေ့ ချင်ပါတဲ့ …။ မ,ရယ် … အဖြစ်ဆိုးလိုက်တာ …။

မ,တို့ခြံက အိမ်ရှေ့ပေါ်တီကိုအောက်ကနေ … ခြံဝ ခြံထိပ်ထိရောက်အောင် … အဝေးကြီး မဟုတ်လှသော်လည်း အတော်လေး ခပ်လှမ်းလှမ်းတော့ လျှောက်ရပါသည်။ ခေါင်းငိုက် စိုက်ချကာ လျှောက်လာခဲ့သော ပို့ကိုမြင်လျှင် ခြံထိပ် … ဟိုး တစ်ဖက်ထောင့်မှာ … သွပ်နန်းကြိုးတွေ သွယ်တန်းပြီး အဝတ် လျှော်ပြီးသားတွေကို ထွက်လှမ်းနေသည့် မိန်းကလေးတစ်ယောက် က … အဝတ်ဇလုံကြီးကို အသာချထားရစ်ပြီး … ခြံတံခါးဖွင့်ပေး ဖို့ ပြေးထွက်လာပါသည်။

သူ့နှစ်သက်လှပါသည် ဆိုသော အဲဒီအလုပ်ကနေ တကယ်ပဲ အပြီးအပိုင် ထွက်လာခဲ့ပြီးဟန်ဖြင့် … ကောင်မလေး … လျှော်ဖွပ်လှမ်းနေတဲ့ အဝတ်အစားများဟာ … အားလုံး မ,ရဲ့အဝတ် အစားတွေချည်း ဆိုတာ အသိသာကြီး …။ ဟိုမှာ ဘာမှမချန်ရစ် ဘဲ ရှိသမျှ အဝတ်အစားတွေပါမကျန် … ဒီပဲ ပြန်ပြောင်းချလာ ခဲ့ပြီးဟန် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မ,ကို တွေ့တွေ့ဆိုင်ဆိုင် ဆုံတွေ့ခွင့် မရပေမဲ့ ... မ,ရဲ့အဝတ်အစားတွေ ... ဟု ပိုမြင်ဖူး သိရှိပြီးသား အဝတ်အထည်တွေကို တစ်သီတစ်တန်းကြီး လှမ်းမြင်လိုက်ရတော့ ... ပို့မှာ အလွမ်းလေးပဲ ပြေရမယောင်ယောင် ...။ ပို့ခြေလှမ်းတွေက ပို၍ ပင် နှေးသွားပြီး ... ကောင်မလေးတစ်ယောက် ခြံတံခါးဖွင့်ပေးပြီး ... ပြန်ပိတ်ဖို့ ရပ်စောင့်နေတာလည်း သိသိကြီးနှင့် ... ပိုက နေရာတင် ခြေစုံရပ်ကာ ... မ,ရဲ့ အဝတ်အစားတွေကို ... အဓိပ္ပာယ်မရှိ ရပ်ငေးနေလိုက်မိသေးသည်။

ဟင် ...။

သုံးလေးတန်းစာမက သွယ်တန်းထားသော အဝတ်လှမ်းသည့် သွပ်နန်းကြိုးများထဲမှ တစ်ခုဆီမှာတော့ ...။ တခြားအဝတ်အစား ... အရောင်ပါသည့် အထည်များနှင့် မရောနှောမိစေရန် ... သီးခြားလျှော်ဖွပ်ပြီး သီးခြားပင် လှမ်းထားဟန်ရှိသော ... အဝတ်အစား၊ အသုံးအဆောင်တွေ တစ်တွဲလိုက်ကြီး ... တစ်တန်းကြီး ...။

အဖြူရောင်တီရှပ်။ အဖြူရောင် ဘောင်းဘီရှည်၊ အဖြူရောင် ခြေအိတ်တစ်စုံ၊ အဖြူရောင် ကင်းဗတ်(စ)ဖိနပ်တစ်ရံ၊ အဖြူရောင် ကျောပိုးအိတ်တစ်လုံးနှင့် ...။ သွပ်နန်းကြိုးသွယ်တန်းတွယ်ဆက်ထားရာ ... ဝါးလုံးတိုင်၏ထိပ်တွင်မတော့ ... Cap မပါသည့် အဖြူရောင်ဦးထုပ်ဝိုင်းကလေး တစ်လုံး ...။





မ,ရယ် ...။

ပို့ မျက်နှာပြင်ပေါ်မှာ မျက်ရည်တွေ ထိန်းမရနိုင်လောက်အောင်ပင် လျှံကျလာခဲ့ရပါတော့သည် ...။

မ,ရယ် ... ။ အဲဒါကြောင့်ကိုး ...။

လောကကြီးမှာ ဘယ်အရာမှ မမြဲဘူးဆိုတာ သိပ်ကိုမှန်ကန်ပါသည်။ ပို့နံဘေးမှာ တန်းစီပြီး ရှိနေကြသော မမြဲခြင်းတရားတွေထဲမှာ ပထမဦးဆုံး ဖြုန်းစားကြီး ပြောင်းလဲသူဟာ ကိုကို ဖြစ်လျက် ... ဒုတိယတစ်ခါ အံ့သြလောက်အောင် ပြောင်းလဲလို့ လာပြန်သူမှာ ... မေမေ ဖြစ်လေသည်။

ပို တစ်ယောက် ရုတ်တရက် အိပ်ရာထဲ လဲသွားခဲ့သောအခါ ... ကိုကိုနှင့်ဆိုလျှင် ... ဘယ်သောအခါကမှ မျက်နှာကြောမတည့် ... ဒီတစ်သက်တော့ ပြေလည်နိုင်ဖို့လည်း အကြောင်းမရှိတော့ပါဘူး ... ဟု ထင်ခဲ့ရသည့် ပို့မေမေဟာ ... "အပို့ကိုပြုစုရအောင် အန်တီ ဒီအိမ်မှာ လာနေမယ် ..."ဆိုသော စကား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းနှင့် ကိုကို့ကို ကြေကြေလည်လည် ... ပြေလည်ဖို့ ဝန်မလေးသော ပျော့ပျောင်းခြင်းတို့နှင့် ...။

ကိုကိုကလည်း ..."အန်တီရှိမှ ဖြစ်မှာ ... ကျွန်တော့်မှာလည်း အလုပ်တစ်ဖက်နဲ့ဆိုတော့ ... နေ့လယ်နေ့ခင်းတွေကျ ပို့ တစ်ယောက်တည်း အိမ်မှာဆိုရင် စိတ်မချစရာကြီး ..."တဲ့ ...။ ဘယ်တုန်းကမှ သူ့ဦးနှောက်ထဲ ရှိခဲ့ဟန်မတူသော ... အိမ်မှာ အလုပ်သမား ကောင်မလေးတွေ ခေါ်ယူဖို့ ကိစ္စကိုပင် ... မေမေ့ကို တိုက်တိုက်တွန်းတွန်းနှင့် စိစဉ်စေကာ ... "အန်တီက လုပ်ကိုင်ပေးနေရရင်လည်း ... ပိုက ငြိမ်ခံနေနိုင်မှာ မဟုတ်ဘူး ... သူ့ အနားရဖို့ဆိုရင် ... အလုပ်သမားက နှစ်ယောက်လောက်တော့ ရှိမှ ဖြစ်မှာပေါ့ ..."တဲ့ ...။

ပို့မှာ ... လူ့လောကကြီးထဲမှာ ... မရှိကြတော့သော သူများကိုမှ တ,တပြီး ငိုပြောတိုင်တည်တတ်ကြသည့် လူတကာတို့၏ ထုံးစံအတိုင်း ... "လာကြည့်လှည့်ပါဦး ..."ဟု အော်ငိုပြီးတော့ တောင့်တလိုက်ချင်မိသည်အထိ။ သို့သော် ... "လာကြည့်လှည့်ပါဦး"ဟူသော စကားရဲ့ထိပ်မှာ ... ဘယ်သူ့ကိုများ နာမည်ထိုးကာ တပ်ဆင်ရပါ့မလဲ ...။ ပိုလည်း မသိနိုင်ချေ ...။

ပို့နဲ့ မေမေဟာ ... ဘယ်တုန်းကမှ စကားပြောဖက် မဖြစ်ခဲ့ကြ ... ဟု ပိုက ထင်သည်။ ဒါပေမဲ့ ခုချိန်မှာတော့ မေမေဟာ ပို့ရဲ့နံဘေးနားက မခွာတော့ဘဲ ...





"မောင်ရန်နိုင်က သမီးအတွက် ... မရှိမဖြစ် လိုအပ်တဲ့ ခင်ပွန်းကောင်း တစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ် ... မိပို ဘာမှ သံသယမရှိပါနဲ့ ... အဲဒါတစ်ခုတော့ မေမေ ရဲရဲကြီး အာမခံရဲတယ် ..."

"ပိုကကော ဘာများ ပြောနေလို့လဲ မေမေ ..."

"အိမ်ထောင်သည် ယောကျ်ားဆိုတာ ... တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ စိတ်နဲ့ကိုယ်နဲ့လွတ်ပြီး ... တစ်ခုခုကို ကျူးလွန်မိကြတတ်တာမျိုးချည်းပါပဲ ... အများကြီးနဲ့ ... အများကလေးပဲ ကွာမယ် ... ကာယကံမြောက်သလား ... ဒါမှမဟုတ် ... ဝစီကံ,မနောကံလောက်ကလေးနဲ့ပဲ ပြီးသွားတတ်ကြတာမျိုးလား ... ဒါကတော့ မိန်းမတစ်ယောက်ရဲ့ ကုသိုလ်ကံနဲ့ပဲ ဆိုင်လိမ့်မယ် ..."

မေမေ့ရဲ့ ပြောင်းလဲမှုတွေထဲမှာ ... ပို့ကို အော်ဟစ်မောင်းမဲနေတာမျိုး မဟုတ်ဘဲ အေးအေးလူလူ ပညာပေးနေတတ်သည့် ဒါမျိုးကလေးတွေပါ, ပါလာသည့်အတွက် ... ပို့မှာ အံ့ဩလို့ပင် ယူရသည်။

"မိပို ကြုံတွေ့ရတယ် ဆိုတာမျိုးက တကယ့်ကို အပရိကပါ ... ကာယကံမြောက်မှု မပါခဲ့ဘဲ ... ဝစီကံ ... မနောကံ ဆိုတာကတော့ တစ်ချို့အိမ်ထောင်သည် လင်ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တွေများ နေ့စဉ်နဲ့အမျှတောင်မှ ကျူးလွန်ဖောက်ဖျက်နေကြလိမ့်ဦးမှာ ... သမီး အဖေများဆိုရင် ...”

“မရှိတော့တဲ့ သူ့အကြောင်းကိုပါ ထည့်ပြီး ... မယှဉ်ပြပါနဲ့တော့ မေမေရယ် ... ‘မိပို နားလည်’ဆိုရင် ပြီးတာပါပဲ ... ပို့အနေနဲ့ကလည်း နားလည်မပေးမဲ့ သူတစ်ယောက်မှ မဟုတ်တာ ...”

မေမေ ဘာပြောပြော ပို့ဘက်က ယုံစားလက်ခံနိုင်စရာတွေချည်း ဖြစ်နေပြီး ... ပို ဘာပြောပြော ... မေမေက မယုံစားနိုင်သလို ဖြစ်နေတာကတော့ ခက်လှသည်။ မေမေ့ရဲ့စိတ်ထဲမှာ ပိုက ကိုကို့ကို တော်ရုံနဲ့ ပြန်ခွင့်မလွှတ်နိုင်မှာမျိုးကိုပဲ စိတ်ပူ စိုးရိမ်နေပုံရသည်။

“ပို့အနေနဲ့ ခွင့်လွှတ်ဖို့ ကြိုးစားဖို့တောင်မှ မလိုပါဘူး ... ကိုကို့မှာ ကြီးကြီးကျယ်ကျယ် အပြစ်ကြီးမျိုး ရှိတယ်လို့ ပို ကိုယ်တိုင်က မသတ်မှတ်ပါဘူး ... ပို သိပါတယ် ...” ဆိုတာကိုပဲ ... မေမေက လူကြားကောင်းအောင် ... သူ့ စိတ်ချမ်းသာအောင် ... ပိုက စိတ်ထဲကမပါဘဲ လုပ်ကြံပြောဆိုနေသည်ဟု ချည်း ထင်နေသည်။

“ပိုကိုယ်တိုင်ကမှ အပြစ်မကင်းခဲ့တာ ... သူများတကာကိုချည်း အပြစ်တင်ချင်လို့ မရနိုင်ပါဘူး”ဟုပါ ဖွင့်ပြောမိ





လိုက်လျှင် ... ကိုယ့်ယုံကြည်ချက်နှင့်ကိုယ်မို့ တကူယ့်ကို လိုက်လိုက်လုံလုံ ပြောမိတာကိုပင် ... ရွဲ့သည်ဟု ထင်ကြဦးမည်။

“ချစ်မြတ်နိုးတာရယ် ... အဟုတ်ကြီးမှတ်သွားမိတာရယ်ဟာ တူကို မတူဘူး မိပိုရဲ့ ... ဒါပေမဲ့ မိပိုပဲ စဉ်းစားကြည့်လေ ... ဘယ်အရာက ပိုခိုင်မြဲနိုင်မလဲ ဆိုတာ ...”

မေမေနှင့် ကိုကိုတို့ ညှိပြီး ပွင့်ပွင့်လင်းလင်း ထိုင်တိုင်ပင်ထားကြသလားတောင်မှ မှတ်ရသည်။ မေမေ့ထံမှာ ဘယ်တုန်းကမှ ထွက်ပေါ်မလာတတ်တဲ့ ဒီလိုတဆွေးတငွေး ဆုံးမတတ်ခြင်းတို့ဟာ ... ကိုကိုများ ကျိတ်သင် ...၊ စကားလုံးတွေပါ ရွေးထားပေးသလားပင် ...။ ဒါပေမဲ့ “နေ့ရာတစ်ခု”ကိုတော့ အလွယ်တကူ အစားထိုး ဝင်လာနိုင်ကြဖို့ မလွယ်ဖူးပေါ့ကွမ်္မ ...။

“ဒါ မိပိုကို သူ မချစ်လို့မှ မဟုတ်ဘဲ ... ချစ်လွန်းလို့ကို ချုပ်ချယ်တာတွေ ... အတ္တကြီးမိတာတွေ ဖြစ်လာတာပေါ့ ... ယောကျ်ားဆိုတာ အဲဒီလိုပဲ မိမိုရဲ့ ... တစ်ဖက်မှာတော့ ချစ်လွန်းတဲ့စိတ်နဲ့ ... သူတို့ကိုယ်တိုင် မစိုးတက်စေဘဲ ဖိနှိပ်ထားတာမျိုး ရှိမယ် ... ဒါပေမဲ့ တစ်ဖက်မှာတော့ အဲဒီလို ပိပြားနေတဲ့ အဖြစ်နဲ့ လုံးဆန့်ကျင်ဘက်တစ်ယောက်ယောက်ကို တွေ့ရင် ... သူတို့ပဲ စိတ်ဝင်တစားတွေ ရှိချင်ကြမယ် ... အဲဒါ ယောကျ်ားပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူတို့ကိုယ်သူတို့ လိမ်နေကြတာ ... တကယ်စင်စစ်ဆိုရင်တော့ သူတို့ကိုယ်တိုင်က ချစ်မြတ်နိုးပြီးသားလူတစ်ယောက်ကိုပဲ ... သူတို့ရဲ့ လက်အောက်ခံ ကလေးဘဝကိုတော့ မတော်လှန် ... မဆန့်ကျင်ဘဲနဲ့ သူတို့သဘောကျ အထင်ကြီးသလို ကောင်းကောင်းမွန်မွန် တော်တော်ထက်ထက်လေးတွေ ဖြစ်နေစေချင်ကြတာ ... တစ်ချက်ခုတ် ... သုံးချက်ပြတ်လောက် ဖြစ်စေချင်ကြတာပေါ့ ... ဒီခေတ်စကားနဲ့ ပြောရရင်တော့ '3 in 1'ပေါ့ ... အဲဒါ ယောကျ်ား သမီးရဲ့ ...

ကိုယ့်ချစ်လို့ ကိုယ့်ကိုသာ ယူထားတဲ့ ယောကျ်ားတစ်ယောက်က ကိုယ့်ကိုတော့ ဘယ်တော့မှ ပစ်လိမ့်မှာမဟုတ်ဘူး ... မိပို တကယ် ယုံစမ်းပါ ... ခုနေ မိပိုကို ပစ်ပြီး ... ဟိုတစ်ဖက်ကို သွားယူချေပါလားလို့ ပြောကြည့်စမ်း ... ယူပါလိမ့်မယ် အားကြီးကြီး ... ဘယ်တော့မှ မယူဘူး ... ဟိုတစ်ဖက်ကို ချစ်နေတာမှ မဟုတ်တာ ... ဘယ်ယူလိမ့်မလဲ ... အဝေးကြီး ..."

အဲဒါကပဲ ပို့ အတွက် ... အခံရ အခက်ရဆုံးနှင့် ... ရင်အနင့်ရဆုံး ဖြစ်ရပ်တစ်ခုပင် ...။ "တစ်ဖက်ကို ချစ်နေတာ မဟုတ်တာ ..."တဲ့။ "ဘယ်ယူပါလိမ့်မလဲ ... အဝေးကြီး"တဲ့ ... မေမေနှင့် ကိုကိုတို့ကတော့ ... ကိုကို ဘယ်တော့မှ ခေါ်ပြမီး





ဆက်ပေးခြင်း ပြုနိုင်တော့မည် မဟုတ်သော ... "အဖြူရောင်တစ်ယောက်"အတွက် ... ကိုကို့ဘက်ကလည်း စကားထဲ လုံးလုံးကို ထည့်မစပ်တော့တာကိုပဲ ... ပိုက စိတ်လုပ် အမျက်ပွားနေသည်ဟု ... ထင်နေကြသည်။

တကယ်တော့ ... "သူ ဘာတွေ အချိန်ဆွဲနေမှန်း မသိပါဘူး ပိုရယ် ..."လို့ ဆိုခဲ့တာကိုပဲ ... ပိုကိုယ်တိုင်က ... ဟုတ်နိုးနိုးကြီးနဲ့ ... "မကြာခင်မှာပဲ စတော့မှာပါ ... မ,ရဲ့ ... သူ့ဘက်က စလာတော့မှာပါ ..."လို့ အတိအကျကြီးတွေကို ဝင်သေချာပေးနေလိုက်တာ ...။ ခုတော့ဖြင့် ထို"မျှော်လင့်မှု"တို့နဲ့ "သေချာမှု"တို့ရဲ့ အဖြေက ... "ယူပါလိမ့်မယ် အားကြီးကြီး ... ချစ်နေတာမှ မဟုတ်တာ ..."တဲ့ ...။

ပို ဘာကို ယူကျုံးမရ ဖြစ်နေမှန်း အဖြစ်မှန်အတိုင်း သိသွားကြလျှင် မေမေနှင့် ကိုကိုတို့ကတော့ ... "မိပို တစ်ယောက်တော့ ရူးသွားပြီ"ဟု ကောက်ချက်ချချင်ကြပေလိမ့်မည်။ "အဖြူရောင်တစ်ယောက် အပေါ် ကိုကို တကယ်မချစ်ခဲ့လို့ ပို အိပ်ရာထဲလဲရတာပါ ..."ဆိုတာကြီးကတော့ ... ကြားရတဲ့သူတိုင်းအတွက် ရယ်စရာကြီးလိုကို ဖြစ်မနေပေဘူးလား ...။

နေ့ဗက်ဆုံးမှာတော့ မေမေက ... (ကိုကို့ဆန္ဒလည်း အများကြီး ဖြစ်နိုင်သည်။)

"စိတ်ပြေလက်ပျောက် ... ခရီးတစ်နေရာရာလောက်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြပါလား ... မိပို နေမကောင်းဘူး ဆိုတာ ... အိမ်ထဲ ... အိပ်ရာထဲချည်းပဲ ကုပ်နေလို့ ဖြစ်တာလားမှမသိတာ ... စိတ်ပျော်ရင် ကိုယ်လည်း အလိုလို ကျန်းမာတာပဲ ... မေမေ အိမ်စောင့်ပေးမယ် ... ငယ်တုန်းရွယ်တုန်း ... ပျော်ပျော်ကြီး သွားကြ ... လက်ထပ်ပြီးကြတုန်းကလည်း ဟန်းနီးမွန်း (Honey Moon)သဘောမျိုး မထွက်ဖြစ်လိုက်ကြရဘူး မဟုတ်လား ..."တဲ့ ...။

အမြဲ ခေါင်းထဲရောက်နေတာကြီး တစ်ခုကို ... ခရီးသွား အတွေ့အကြုံ အသစ်အဆန်းတို့နှင့်များ အစားထိုး စိတ်ပြေစေနိုင်မလား ... ဟု ပိုကိုယ်တိုင်က လိုလိုချင်ချင် ... ဝမ်းဖန်းတသာ သဘောတူလိုက်သည်။





ပိုတို့ နှစ်ယောက်ကို ခရီးထွက်ဖြစ်ဖို့ သူပဲ တွန်းလွှတ်သော မေမေက တကယ်တမ်း ထွက်ဖြစ်သောအခါမှာတော့ "မိုးမကုန်ချင်သေးဘဲ 'ချောင်းသာ'ကိုမှ ရွေးချယ်ရသလား ..."လို့ သူပဲ တဖျစ်တောက်တောက်နှင့် ပူပူပင်ပင် ဖြစ်နေပါသည်။ ကိုကိုက ခပ်ပြုံးပြုံးနှင့် ဘာမှဝင်မပြောပါ ...။ သို့သော် ... 'ချောင်းသာ'ဆိုတဲ့ နေရာဌာနကို ရွေးချယ်သူက ကိုကို မဟုတ်ဘဲ ပိုသာ ဖြစ်သည်။

ခရီးထွက်မည် ... ဟု ဆုံးဖြတ်လိုက်ကြပြီးသော အခါ ... ကိုကို့ထံမှ အကြံဉာဏ်များစွာ ထွက်လာပေမဲ့ ... ပို့ခေါင်းထဲ ဦးနှောက်ထဲ စွဲနေပြီး ... "အဲဒီနေရာပဲ သွားမယ်"ရယ်လို့ ဆုံးဖြတ်ပြီးသား ဖြစ်နေခဲ့တာသည် ... "ချောင်းသာ ..."။

"မင်းကတော့ ကိုယ့်ကို နှိပ်စက်ပြီ ... ကိုယ်မှ ရေမကူးတတ်ဘဲ မိပိုရဲ့ ..."

"ချောင်းသာ သွားတဲ့လူတိုင်း ရေကူးတတ်တာလိုက်လို့"

"ဒါပေမဲ့ မင်းကတော့ 'ရေ'ရှိတဲ့ နေရာမို့လို့ကို ချောင်းသာကို ရွေးချယ်တာပါကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ... ချောင်းသာက ပြန်လာရင် ... ပေလီသွားမယ် ... ပြီးရင် ငွေဆောင် ..."

"ကောင်းတယ် ... အဆင်ပြေရင် ... ဖူးခက်ကျွန်း အထိပါ လိုက်ပို့ပေးလိုက်မယ် ..."

နေရာရွေးချယ်မှုကို မကြိုက်လှသော မေမေလည်း ... ပိုနှင့် ကိုကိုတို့ (ခရီးမထွက်ဖြစ်ကြခင်မှာပင်) စကားစမြည် ပြေပြေလည်လည် ပြန်လည်ပြောဆို သင့်မြတ်ပြီး ... စစနောက်နောက်တွေ ရှိနေကြသည့်အတွက်ကိုတော့ စိတ်တိုင်းကျ ကျေနပ်နေပုံရပါသည်။

ပိုတို့ ချောင်းသာသို့ ရောက်ရှိသွားကြသော အချိန်သည် ... (မနက်ခင်းစောစော အိပ်ရာထရမှာ ပျင်းသည့် ကိုကိုကြောင့်) နေ့လယ် နေပူပူကျစ်ကျစ် အချိန်ကြီး ...။

"ချက်ချင်း ရေထဲမဆင်းနဲ့ ... သေသွားလိမ့်မယ် ..."

ကိုကိုက သတိပေးသည်။ ပိုကတော့ ရေပြင်ကျယ်ကြီးကို မြင်နေရသည်မို့ စိတ်လက်ကြည်လင် ရွှင်ပျလာကာ ... အကြံကောင်းတွေ ပေးနိုင်လာသည့် မေမေ့ကိုပဲ လှမ်းကျေးဇူးတင်နေမိသည်။

"ဟိုး ခပ်လှမ်းလှမ်းမှာ အလံနီကလေးတွေ တန်းစီနေတာ ဘာလုပ်တာလဲ မသိဘူးနော် ... လိုင်းတစ်ခုခု ဆွဲထားသလိုပဲ ..."





ပို့ရဲ့ စပ်စုမှုကို ဟိုတယ်မှ သန့်ရှင်းရေး ဝန်ထမ်းကလေးက ... "အဲဒီအလံတိုင်တွေထက် ကျော်မကူးဖို့ သတ်မှတ်ထားတာပါ ... စက်တပ်ထားတဲ့ စပိဘုတ်လိုမျိုး ရေပေါ်ဆိုင်ကယ်လေးတွေ ငှားစီးတတ်ကြတဲ့သူတွေလည်း ရှိနေတော့ ... ရေကူးတဲ့လူ ... လှိုင်းစီးတဲ့သူတွေနဲ့ အဲဒီဆိုင်ကယ်လေးတွေ မတိုက်မိအောင် သတ်မှတ်ပေးထားတဲ့ သဘောလည်း ပါတယ် ... ဒီနေရာလောက်ဆို ရေနက်ပြီ ဆိုတာကို သိစေတဲ့သဘောပေါ့ ..." ဟု အတိအကျ အဖြေပေးပါသည်။

"အရူးတွေမှပဲ အဲဒီနားအထိ သွားမှာပဲနော် မိပို ... ရေကူးကန်နဲ့ ပင်လယ်ပြင်နဲ့ကတော့ ဘာမှမဆိုင်ဘူး ... ရေကူးကျွမ်းကျင်တာတို့ နိုင်ငံ့လက်ရွေးစင်တို့ ... ဟိုတယ်ကြီးတစ်ခုက Trainerတို့ ဘာတို့နဲ့လဲ ဘာမှမဆိုင်ဘူး ..."

"ဪ ... သိပါတယ် ...ကိုကိုကလည်းပဲ ..."

"ကိုကိုနဲ့မှ တူတူဆင်း"ဟု ... သူကပဲ ပို့ကိုစောင့်ရှောက်နိုင်မလိုလိုနှင့် ခပ်တင်းတင်း အမိန့်ချမှတ်သော ကိုကိုသည် ခဏကလေး ... တဖြုတ်ကလေးလောက် ... ပို အိပ်ပျော်သွားမိသော အချိန်၌ ပို့တစ်ယောက်တည်း ချန်ရစ်ကာ ... ဘယ်နားရောက်သွားခဲ့သည် မသိ ...။

ကိုကိုတော့ ဘန်ဂလိုရဲ့ ဝရန်တာမှာ ရှိနေမှာပဲဟု အခန်းတံခါးကြီး အနည်းငယ်ဟပြီး အိပ်မိသော ပို့မှာ နိုးလာတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောက်များတောင် ကြောက်ရပါသည်။ ချောင်းသာမှာ ရန်ကုန်လိုမဟုတ်သေးဘဲ တံခါးဖွင့်အိပ်မိလည်းပဲ လုံခြုံဆဲမို့သာ တော်ပါတော့သည်။ "သူနဲ့မှ တူတူဆင်း"ဆိုပြီး သူက မရှိတော့ ပို့မှာ ရေထဲဆင်းချင်ပြီ ဖြစ်ရက် အောင့်အီး ကြိတ်မှိတ်နေရကာ … စိတ်များပင် တိုချင်လာရပြီ …။

လူတစ်ယောက်ရဲ့ ဗီဇစရိုက် ဆိုတာဟာ … အဖြစ်အပျက် တစ်ခုကြောင့် ခေတ္တခဏ ပြုပြင်ပြောင်းလဲလိုက်ရတယ် ဆိုရင်လည်း … ခဏလောက်ပဲ ကြာမြင့်တတ်မဲ့သဘောလား …။ ပို့အပေါ် … လိုက်လျော်ယုယစွာ ဆက်ဆံလာပြီဖြစ်တဲ့ ကိုကိုဟာ … (ခပ်ရိုင်းရိုင်း နှိုင်းပစ်ရရင်တော့) "ခွေးမြီးကောက် ကျည်တောက်စွပ်"ဆိုသလို … ထိုဝါးကျည်တောက်လို … အဖြစ်အပျက်တစ်ခု ပြီးဆုံးဖယ်ရှားသွားတာနဲ့ သူ့အမြီးဟာ မူလပြန်ပြီး ကောက်မြဲ ကောက်ဆဲပဲ ဖြစ်တော့မှာလား။

မပြောမဆို၊ အသိမပေးကြီး ထထွက်သွားတတ်တဲ့ စရိုက်ကတော့ ဟိုးအရင်က ကိုကို့ရဲ့ စရိုက်မှန်တစ်ခုပါပေ …။ ဒီလိုမျိုး မပြောင်းမလဲ … ပြန်တည်မြဲနေမည် ဆိုရင်တော့ … ပို့ရဲ့ "အစားထိုးမရတဲ့ ဆုံးရှုံး လက်လွှတ်လိုက်ရမှု တစ်ခု" ဟာ အလကားကြီးကို ဖြစ်ခဲ့ရပါပေါ့ …။

"အစားထိုး … ပြန်မရနိုင်တော့တဲ့ ဆုံးရှုံးလက်လွှတ်လိုက်ရမှု …"





ဟင် … စိတ်ထဲက ထင်လိုက်လို့လား …။ တကယ်ပဲလား …။ တွေးလိုက်တာနဲ့ ကိုယ့်ရှေ့ ဘွားခနဲ ရောက်လာသည် ဆိုရင်တော့ … နတ်ဖန်ဆင်းသလား … ထင်မှားစရာပင် …။ ပို့က ဘန်ဂလိုရဲ့ ဝရန်တာပေါ်မှ ခုန်ချလိုက်မိမတတ်ပင် ပြေးဆင်းလာခဲ့ပါတော့သည်။ ပို့ သိပြီ …။ "ခရီးထွက်ကြစို့" ဟူသော ဆုံးဖြတ်စကား မဆုံးခင် … "ချောင်းသာ"ဟု ချက်ချင်းနေရာရွေးချယ်နိုင်လိုက်ခြင်းမှာ … ဒါကြောင့်ပင် …။ ပို့ကို ဒီနေရာသို့ မရောက်,ရောက်လာအောင် … တစ်စုံတစ်ရာသော တွန်းအားက ပို့ကို ပို့ဆောင်ပေးလိုက်တာ …။

"မ,ရေ … မ,ရေ … မ …"

အကျယ်ကြီး အော်ခေါ်လိုက်မိခြင်းနှင့်အတူ … ကိုယ့်ရဲ့ဦးခေါင်းက ဘောဘီဝဲယာရှေ့နောက် … ပတ်ချာလည်ပြီး … တစ်မျှော်တစ်ခေါ်ကြီးအထိ လိုက်ရှာဖွေ စူးစမ်းလိုက်မိလျှင် … ပို့က ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ခွင့်မလွှတ်ချင်အောင် ရှုံ့ရှာသွားမိရပါသည်။ ပို့ဟာ ပို့ရဲ့မ,ကို တွေ့လိုက်ရလို့ ဝမ်းပန်းတသာနဲ့ ပြေးလာခဲ့တာလေ …။ ပျောက်ဆုံးနေတဲ့ ရတနာတစ်ပါး ဆီမှာသာ စိတ်ထည့် အာရုံစိုက်ထားရမှာလေ …။

ပို့ ဘာတွေကို လိုက်ရှာမိသလဲ …။ တစ်ချိန်လုံး… "မ,နဲ့သာ ပြန်တွေ့ရင် … ဘာကိုမှ ခေါင်းထဲမှာ အမှတ်မထားဘဲ … နေမြဲတိုင်း နေနိုင်မှာပါ မ, …။ ပြန်လာခဲ့ပါ …"ရယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ တိတ်တခိုး ကတိပေး ... ကျိတ်ဆုတောင်းထားမိတာတွေ ...။ အလကား ... ကတိ ...။ တိုက်တိုက်ဆိုင်ဆိုင်ကြီး လာတွေ့နေတဲ့ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုကိုမှ အားမနာ ...။ ကိုယ့်တိတ်တခိုး ကတိကို ကိုယ်ကိုယ်တိုင် ချိုးဖျက်ပြီး ... ဘာတွေလိုက်ဖွေရှာနေတာလဲ ...။

ပို အိပ်ပျော်နေတုန်း အပြင်ထွက်သွားခဲ့တဲ့ ကိုကို့ကိုသာပဲပေါ့။ မ,ကို တွေ့လိုက်ရလို့ ... ဘယ်သွားမှန်းမသိလိုက်တဲ့ ကိုကို့ကိုပါ အနီးပတ်ဝန်းကျင်မှာ (တစ်လက်စတည်း) စိတ်မထိန်းနိုင်စွာ မသိစိတ်က ဖွေရှာလိုက်မိခြင်းဟာ ... ပို့စိတ်ထဲ ပို ထင်နေသလို ... အဖြူစင်ဆုံး ... အရိုးသားဆုံးနဲ့ မနေနိုင်သေးလို့ပေါ့ ...။ ဒါနဲ့များ ... အဖြူရောင်တစ်ယောက် အတွက် ... စိတ်မကောင်းခြင်းကြီးစွာနဲ့ အိပ်ရာထဲ လဲရတာပါ ... လို့ ကိုယ့်ကိုယ်ကိုယ် ကျိတ်ကြေညာချင်နေသေး ... မိပိုရယ်။

ပိုက အော်ဟစ်နေခြင်းနှင့် ပြေးလွှားနေခြင်းတို့ကို ... ကိုယ့်အပြစ်မကင်းနိုင်မှုနှင့်ကိုယ် ... ဖြုန်းစားကြီး ရပ်တန့်လိုက်မိပါသည်။ ပို့ဘက်က ရပ်တန့်လိုက်လျှင် ... ပို့အော်သံနှင့် ... ပြေးလွှားချဉ်းကပ်လာမှုတို့မှာ ... (ဘယ်လိုမှ မယုံကြည် ... မမျှော်လင့်ထားမိစွာ) ခပ်ကြောင်ကြောင်ကြီး အငိုက်မိသွားခဲ့သည့် မြမဟာက ချက်ချင်းပင် ဆတ်ခနဲ နောက်ကြောင်း ပြန်လှည့်ပစ်လိုက်ကာ ...။





"မ,ရေ ... ပို့ကို ဘာလို့ ထားခဲ့ရမှာလဲ ..."

ပိုက ငိုသံပါကြီးနှင့် အော်ပစ်လိုက်သည်။

"ပို့ကို ဘာလို့ အဲဒီလောက် လျှော့တွက်တာလဲ ... မ,ကို ... မ,ကို ... ပိုက ..."

ပိုလည်း ခပ်ကြာကြာတော့ ရပ်အော်မနေနိုင်တော့ပါ ...။ ဆတ်ခနဲ ပြန်ထွက်ပြေးသွားသော မြမဟာ့ကို မျက်ခြည်လည်း အပြတ်မခံနိုင်ပါ ...။ ဒီလိုအချိန်မျိုးပေမဲ့ ... 'ချောင်းသာ' ဆိုတာကတော့ ဘယ်လိုမဆို ညှို့သည်စည်ကားထူထပ်မြဲ ...။

"ပို ... မိပို ..."

ကိုယ့်နောက်မှ အော်သံတစ်ခု ကြားလိုက်လျှင် ... ပိုက အရူးတစ်ယောက်လို ... "ကိုကို လိုက်မလာနဲ့ ..."ဟု ခေါင်းလည်ရုံနှင့် ပြန်အော်ဟစ်လိုက်သည်။ မမမြမဟာကို မျက်ခြည်ပြတ်မခံနိုင်ဇောနှင့် ပို့ အော်သံက ကျယ်လောင်စူးရှလို့ နေလေသည်။ ကမ်းခြေတစ်ခုလုံးမှာ ပိုတို့ရဲ့ ဖြစ်ပျက်နေမှုတွေကို ကြည့်ပြီး ... အားလုံးလိုလိုပင် ခြေလှမ်းတွေ ရပ်တန့်ကုန်ကြပါသည်။ သုံးယောက်သား တစ်သီတစ်တန်းကြီး ပြေးနေကြသည့် ပုံစံမို့ အရူးတွေဟုတော့ ထင်ကြမည် မဟုတ် ...။ ဘာဇာတ်လမ်းပါလိမ့်ဟု သာ သိချင်နေကြလိမ့်မည်။

"မ ..."

"မိပို ..."

www.burmeseclassic.com



ပိုနှင့် ကိုကိုတို့ထံမှသာ အသံတွေ ထွက်လာပြီး ... မြမဟာထံမှတော့ တစ်စက်မှ ... ဘာသံမှ မထွက်ပါ။ တစ်ချိန်မှာတော့ မြမဟာက ရုတ်တရက် ခြေလှမ်းတွေကို ရပ်တန့်ကာ လမ်းကြောင်းကို ချက်ချင်းကြီး ပြောင်းပစ်လိုက်ပါသည်။ ဒီတစ်ခါ ဦးတည်ရာကတော့ ... ကမ်းခြေကြီးတောက်လျှောက် ... အလျားလိုက်ကြီး မဟုတ်တော့ဘဲ ... ရေထဲဆီသို့ ...။

မမမြမဟာထံမှာ ... ပို့ကို အမြဲအကူညီ အကြံဉာဏ်ပေးနိုင်ခဲ့သော ဦးနှောက် အရည်အသွေးတွေ ပျောက်ပျက်ခမ်းခြောက်လို့များ သွားကြပြီလား ... ဟု ပို ထင်သည်။ ကမ်းခြေကို အလျားလိုက် တောက်လျှောက်ပြေးနေဖို့ထက် လမ်းကြောင်းပြောင်း ရွေးချယ်လိုလျှင် ... ဘန်ဂလိုများရှိရာဘက်သို့သာ ... မဖြစ်မနေ ဦးတည်ရမည်ပဲ မဟုတ်ဘူးလား ...။ ရေထဲဆင်းပြေးချင်တော့ ... ပို့လို လူတစ်ယောက်ဆီမှာ ဘယ်လိုများ လွတ်နိုင်မယ်လို့ ... မ,က ထင်နေသေးလို့လဲ ...။

သို့သော် ... မ,ရဲ့ သွားနှုန်းဟာ ... ရေထဲမှာလည်း ... တစ်စက်ကလေးမှကို မလျော့ ... မရပ်သောအခါ ...။

"မ, မ ... အဲဒီလို မလုပ်ပါနဲ့ ... မ ... ရပ်ပါ ... ရပ်နေပါ ... မ,ဘယ်လိုမှ ဆက်သွားလို့ မရတော့ဘူး ... ပို ပြောနေတယ်နော်"





အဲဒီလောက်ပဲ ရှက်သွားခဲ့တာလား မ,ရယ် ...။ အဲဒီလိုဆိုရင် ပို ဘာမှမသိရသေးဘူးပဲ ထားပါ။ မ,လည်း ဘာကိုမှ မသိခဲ့ရဘူးပဲထားပါ ...။ မ, ပြောခဲ့ဖူးသလိုပဲ ...။ "အဲဒီစကားတွေအားလုံး တို့မပြောမိခဲ့ဘူးပဲ ထားလိုက် ..." ဆိုသလိုပဲ ...။ ဖြစ်ပြီးခဲ့တဲ့ အဖြစ်အပျက် အားလုံး ဘာမှ မဖြစ်ခဲ့ကြဖူးဘူး ... မ,အနေနဲ့လည်း (ဟိုးအရင်တည်းကနေ ခုချိန်ထိ) ပို့ကို ဘာမှ မပြောခဲ့မိဖူးဘူး ... လို့ပဲ ထားလိုက်မယ်လေ ...။ ပိုနဲ့ မ,ဟာ ဟိုးအရင်ကလိုပဲ ... ပိုနေ မြဲ ... မ,နေမြဲ ...။

"မ ..."

ပိုက ရေထဲမှာ ... သဲဆွဲ ... ရေဆွဲခံပြီး လေးလေးကြီး လျှောက်နေရရာက ... နည်းနည်းလောက် ကူးလို့ရနိုင်သည့်နေရာမှာ ... လမ်းဆက်မလျှောက်တော့ဘဲ ... တဝုန်းဝုန်းသာ ကူးသွားလိုက်ပါသည်။ ကိုကိုလည်း ရေထဲရောက်လာပြီ ...။ ပိုက ရေစကူးပြီ ဆိုသောအခါ ... ဘယ်လိုမှ မလွတ်နိုင်တော့မှာကို သိသွားပုံရတဲ့ မြမဟာကလည်း ဒိုက်ဗင်ထိုးချလိုက်သလို ဟန်ချက်ပြင်ကာ စတင် ကူးခပ်လိုက်ပါသည်။

မ, ... အဲဒီလောက် အဝေးကြီး ... မ,မကူးနိုင်ဘူး ... မကူးတတ်သေးဘူး။ အလံနီတွေက မသွားသင့်တဲ့ ရေပိုင်နက်ကို ပြထားတာနော် ...။ ပြီးတော့ ... မ,က ရေကြောက်တတ်တယ် ...။ ငယ်ငယ်က ရေနစ်ခဲ့ဖူးသူမို့ ... ရေထဲ စဆင်းလိုက်ရင် ... မှိန်းကျပ်



www.burmeseclassic.com

www.burmeseclassic.com



တက်သွားတတ်တဲ့ ခံစားချက်မျိုးလည်း တစ်ခါတလေ ရှိကတ်တယ် ...။ မိုးမကုန်ချင်သေးတဲ့ အချိန်မျိုးမှာ ... ချောင်းသာမှာရှိတတ်တဲ့ ရေအောက်ကြမ်းပြင်က သဲတွေက မငြိမ်ဘူးတဲ့ ...။ လှိုင်းဆွဲလို့ သဲပြိုဆင်းသွားရင် ... ရုတ်တရက် ခြေထောက်ထောက်စမ်းလို့ မမိတော့ဘဲ ... စောစောက ကိုယ်နဲ့ ခြေမိနေသေးတဲ့နေရာမျိုးမှာ ... နက်ရှိုင်းတဲ့ ကလိုဏ်ကြီးမျိုးလည်း ဖြစ်ရင်ဖြစ်သွားတတ်သတဲ့ ...။

အာ ... ကိုကိုကလည်း ... ဘာကြောင့် ဒီလောက်အကွာအဝေးထိ လိုက်ချလာ်ရတာလဲ ...။ ရှင်က ဘယ်တုန်းကများ ရေနဲ့ အကျွမ်းတဝင် ရှိဖူးလို့လဲ ...။ ရေကူးတတ်ဖို့ဝေးလို့ ... ခြေသလုံးတစ်ဝက်သာသာလောက်ရှိမဲ့ ရေအနက်မျိုးဆိုတာထဲတောင် ရှင် ရောက်ဖူးလို့လား ကိုကိုရဲ့ ...။ လမ်းခရီးမှာ ဖက်နဲ့ဖြတ်ရတုန်းကတောင် ... ဘေးတစ်ဖက်တစ်ချက်က ရေတလျှဥ်လျှဥ်ကိုမြင်ရုံနဲ့ ... "ကျွတ် ... ရေတွေကွာ ..." လို့ ညည်းညူခဲ့တဲ့ ကိုကိုဟာ ... ပို့ကို ရေနဲ့မပတ်သက်စေချင်ခဲ့တာဟာ သဝန်တို ချုပ်ချယ်ချင်စိတ်တို့ အပြင် ..., ကိုယ်ကိုယ်တိုင်လည်း ... ရေကြောက်တတ်သူမို့ပါဆို။

မ, အရမ်းဝေးနေပြီ ...။ အလံနီတွေက မ,နဲ့ လက်တစ်ကမ်းလောက်မှာတင် ဖြစ်နေပြီ ...။ ကိုကို့ကိုလည်း နောက်ဆံငင်နေရသေးတော့ ပို့မှာ ... မ,ဆီလည်း ချက်ချင်း ရောက်လာနိုင်





မှာမဟုတ် ...။ ကိုကို ... ရှင် ဘယ်လိုဆွဲဆောင်မှုတွေနဲ့ ခုလောက်မိုက်လုံးကြီးနိုင်ဖို့ ဆုံးဖြတ်လိုက်တာလဲ ...။

လှိုင်းတစ်လုံး ... ဝုန်းခနဲ မြောက်တက်လာစဥ်မှာ ကိုကို ပက်လက်လန်သွားသလိုလို ... ပို့ တွေ့လိုက်ရသည် ...။ မ,ကိုလည်း ရှေ့မှာ မျှော်ကြည့်လို့ မမြင်နိုင်တော့ ...။ ပို့ တစ်ကိုယ်လုံးထဲက ... စွမ်းဆောင်နိုင်မှု ခွန်အားတွေလည်း ... ရုတ်တရက် ... တစ်ယောက်ယောက်က စုတ်ထွတ်ဖျက်ဆီးပစ်လိုက်သလိုလို ... ပို့ ထင်လိုက်ရသည် ...။



www.burmeseclassic.com

www.burmeseclassic.com



"ချောင်းသာ"မှ ပြန်လာခဲ့ကြချိန်တွင် ... "ပြေလည်မှုများ" ... "ပြည်ဖုံးကား ချနိုင်မှုများ"နှင့် သုံးယောက်အတူ ... ဖြစ်နေသင့်သော်လည်း ... အရှက်၊ အပြစ်နှင့် မိုက်မဲမှုတို့ တွေ့ဆုံသွားကြလျှင် ... "မျက်ရည်များ"နှင့် ... နှစ်ယောက်တည်းသာ ဖြစ်နေခဲ့တော့သည်။

ပုဏ္ဏမီ



BURMESE CLASSIC .com

www.burmeseclassic.com